www.burmeseclassic.com

ရွှေသမင်စာပေ

# လရောင်ကျေးရင့်

## လှိုင်းပြောသော ပင်လယ်အကြောင်း




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် — ၅၀၀၁၄၅၀၂၀၈

မျက်နှာဖုံးခွင့်ပြုချက်— ၅၀၀၁၈၆၀၂၀၈

အကြိမ် ပထမအကြိမ်

၂၀၀၈—ခုနှစ်၊ မတ်လ

အုပ်ရေ — ၅၀၀

တန်ဖိုး — ၁၅၀၀/–

ထုတ်ဝေသူ — ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)

ရွှေသမင်စာပေ

၃၇/၄၄လမ်း၊

ဗိုလ်တထောင်မြို့နယ်၊

ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ— ဦးဝင်းဖေ (မြ–၀၇၆၅၀)

စိုးထက်ကျော်ပုံနှိပ်တိုက်

တိုက် (၂၀၆)၊ အခန်း (အေ)

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

BURMESE CLASSIC .com

ရွှေသမင်

*စာပေမှ စီစဉ်တင်ဆက်သည်။*

# လရောင်ကျူးရင့်

## လှိုင်းပြောသော ပင်လယ်အကြောင်း

ရွှေသမင်စာပေ

အမှတ် (၃၇/၃၉)၊ ၄၄- လမ်း၊

ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com



ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄- လမ်း၊
ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

BURMESE CLASSIC .com

## အခန်း (၁)

နာရီကို နောက်ထပ် ငုံ့ကြည့်မိသည်။သွက်နေသော ခြေလှမ်းတွေက ပြေးခြင်းသို့ ရောက်လေသည်။

မော်လမြိုင်–ရန်ကုန် အမြန်ရထားကြီး၏ ဘီးတွေက စတင်ရွေ့လျားနေကြပြီ။ သူတို့နောက်ကနေ လက်ပြနှုတ်ဆက်ရင်း လှမ်းမြင်နေကြမည့်သူတွေလည်း ရင်မောနေကြလိမ့်မည်။

ခရီးထွက်ဖို့ကို တစ်ထိုင်တည်း ဆုံးဖြတ်၍ ချက်ချင်း ထထွက်လာခဲ့ပြီ ဆိုကတည်းက အားလုံးက ပြေးပြေးလွှားလွှား။

ရထားဘီးတွေထက် ပို၍မြန်အောင်ပြေးရင် ရထားပေါက်နားကို ရောက်တော့ ဘာမှစဉ်းစားမနေတော့ဘဲ သံတန်းကိုဆွဲ၍ ခုန်တက်ပစ်လိုက်သည်။

ပြီးတော့ စစ်ဆေးရေးမမြင်အောင် လူတွေ မငြိမ်မသက်ရှိနေဆဲကြားထဲကို တိုးဝင်လိုက်၏။

ဟူး...ခြေနှစ်ချောင်း ခိုင်ခိုင်ရပ်ပြီးသည်နှင့် တစ်ခါမှ မကြည့်ဖြစ်သေးသော လက်မှတ်ကို ပြန်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ထားသည့်ဂစ်တာကို ဘယ်လက်ကနေ ညာလက်သို့ ပြောင်းကိုင်၍ မိုးတိုးမတ်တတ်ရပ်နေဆဲ ရှိသူတွေကို ရှောင်ရှားရင်း နောက်ကို ဝင်လာခဲ့၏။

ထိုင်ခုံနေရာရောက်တော့ သူ့မျက်ခုံးတွေ တွန့်တက်သွား၏။ မိန်းကလေးတစ်ယောက်...။

ရထားထွက်ခါစ ခရီးသည်အားလုံး နေရာကျပြီးသူတွေကော၊ မကျသေးသည့်သူတွေကော တက်ကြွလှုပ်ရှားနေကြချိန်မှာ သူမက အိပ်ပျော်နေသည်။

ဗာဂိုဘောင်းဘီ ရှားရောင်ဖျော့ဖျော့နှင့် မိတ်ကပ်ရောင်အကွက်ပါသော ရှပ်အင်္ကျီလက်တိုပွပွလေးကို ဝတ်ထား၏။

ဆံပင်တွေက ပခုံးမထိတထိဘဲ ရှိသည်။ အသားလတ်လတ်၊ မျက်ခုံးထူထူနှစ်ဖက်နှင့် ပါးရိုးလေးတွေက သိသာအောင် မို့နေသည်။

သူ ဂစ်တာကို လွတ်နေသည့် ဆိုဖာနေရာလေးမှာ ထောက်၍ သေချာငုံ့ကြည့်သည်။

စင်းချထားသည့် ထူစိပ်စိပ်မျက်တောင်တို့လည်း ငြိမ်သက်နေသည်။ ညာဘက်ပခုံးသို့ စောင်းကျနေသည့် ခေါင်းကိုလည်း ပြန်မတင်။

အိပ်ပျော်နေသည်က သေချာပါပြီ။ ဘယ့်နှယ် စောစောစီးစီး ဘယ်နှစ်မိုင်လောက်ကနေ ပြေးလာရလို့လဲ။ ဘယ်နှစ်ညလောက် ငုတ်တုတ်ထိုင်လာခဲ့ရသလဲ။

ကိုယ်ကို ပြန်မတ်ကာ ရုတ်တရက် ထိုင်စရာမရှိသည့်အဖြစ်ကို ဘယ်လိုဖြေရှင်းရမှန်းမသိ ဖြစ်သွား၏။

ကိုယ့်ဟာကိုယ် ဘာအကြောင်းရှိလို့ပဲ အိပ်နေနေ အိပ်ပေါ့။ ဘာဖြစ်လို့ ကိုယ့်နေရာကိုယ် မနေတာလဲ။





ဘေးပြတင်းဘက်က သူ့နေရာမှာ မယ်မင်းကြီးမဏာ အခန့်သား။

'ဟေ့...'

ခေါ်တော့လည်း တုတ်တုတ်မျှမလှုပ်။

'ဒီမှာ ဟိတ်'

ဒေါသကဖြစ်လာသည်။ ယောကျ်ားလေးချင်းသာဆို ပခုံးကိုပေါ်ဆတ်ဆတ်လေး ထိုးကျွေးပစ်လိုက်မည်။

ဒါမှမဟုတ် အိပ်နေနေ၊ ဘာဖြစ်ဖြစ် ဂစ်တာချထားသည့်နေရာလပ်မှာ ပစ်စလက်ခတ် ထိုင်ချပစ်ရုံသာ။

ဒီလိုသာဆို ဘေးမကျ၊ အလယ်မကျ စံနေတော်မူသည့် ထိုကိုယ်လုံးကို တိုက်နှိုးလိုက်ပြီးသားဖြစ်သွားမည်။

ခုကျတော့ မိန်းမနှင့်ယောကျ်ား။

'ဒီမှာ မောင်ရင်ရယ် ခဏဖယ်ပေးစမ်းပါ။ ဟန်းဘက်က ကြီးနေလို့ ဝင်မရလို့ပါ'

'ဗျာ... ဟုတ်ကဲ့'

ရှေ့က ပြဿနာကို မရှင်းနိုင်သေး။ ကျောနောက်က ပခုံးတို့တဲ့လူက တို့နေသည်။

တကယ်ပါပဲ။ လူကြီးက ဝဝ၊ အိတ်ကြီးက ဖောင်းဖောင်းနှင့်တိုးကြိတ်နေတာ။ သူ့ကိုယ်ကို ကော့ပေးလည်းမရ၊ ကုန်းပေးလည်း မလွတ်။

ခြေထောက်တစ်ဖက်ကို ဘေးတိုက်ရွှေ့၍ တစ်ဖက်တိုးရပ်လိုက်တော့...

'အား... နင်းမိပြီ'

ဘေးကအမျိုးသမီး၏ခြေထောက်ကို နင်းမိသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် ခရီးဆောင်အိတ်ကို အပေါ်တန်းမှာ မမီတမီ လှမ်းတင်နေရင်းမို့ အိတ်ကလည်း ခေါင်းပေါ် ပြန်ပြုတ်ကျ၏။

ခြေထောက်တစ်ဖက် ဆတ်ခနဲ ရုပ်၍ ဇွေ့ဇွေ့ခုန် အော်လိုက်ပြီး…

'သေပါပြီ။ ဟဲ့ ဘယ်လိုဖြစ်နေတာလဲ။ အမယ်လေး နာလိုက်တာ'

'ဆောရီးပါဗျာ။ ကျွန်တော် တောင်းပန်ပါတယ်။ ဒီမှာလဲ နေရာ… ဟာ…'

သူ ဖြေရှင်းနေတာကို နောက်က အိတ်ကြီးနှင့်လူက စိတ်မရှည်နိုင်ဘဲ တိုးတိုက်ဝင်ချသွားရာ ရှေ့ကူရှင်နှင့် အထုပ်ကြားမှာ…

'အ…'

ဗိုက်ထဲမှာ အူအသည်းတွေပါ ညပ်မိကုန်ပြီလားမသိ။ သူ့ကိုယ်ကို ရှေ့နည်းနည်းထပ်ရွှေ့၍ လွတ်နေသည့်ခုံနေရာမှာပဲ ထိုင်ချပစ်လိုက်သည်။

'အမေ့…'

မယ်မင်းကြီးမ နိုးတော်မူလာသည်။ နေရာသေးသေးမှာ ဝင်ထိုင်ပစ်လိုက်တော့ သူမကိုယ်တစ်ခြမ်းလုံးကို ဆွဲခါပစ်လိုက်သလို ခံလိုက်ရပြီး ပခုံးတစ်ဖက်ကို ဖိနှိပ်ထား၏။

မျက်နှာလေး မဲ့လျက်နှင့် ပတ်ဝန်းကျင်ကို အရှင့်လိုက်ကြည့်၏။ ပြီးတော့ လက်ညှိုးလေးဆန့်ကာ မျက်လုံးနှစ်ဖက်ကို ဖြစ်သလို ပွတ်ဆွဲသည်။

နောက်ကျမှ သူ့မျက်နှာဘက်သို့ အကြည့်ရောက်လာကာ…

'အပွန်း…'





နာသွားသည့်ပခုံးကို ပြန်၍ဖိဆုပ်၍ မျက်နှာချိုသွေးသလို ပြုံးပြသည်။

သူ့မျက်နှာမှာ အပြုံးအရယ် ရှိမနေတာကို မြင်တော့ မျက်နှာပိုး ပြန်သပ်ပစ်ပြီး ပြတင်းပေါက်တက်ကို လှည့်ပြီး…

'ဟိတ်'

'ဟင်…'

သူမ ဖျတ်ခနဲ ပြန်လှည့်သည်။

အနောက်တိုင်းသူတွေလို သိသာစွာ ပြာလဲ့နေသော မျက်ဝန်းအိမ်ကို ပထမဆုံး သတိထားလိုက်မိသည်။

ပြီးတော့ ရှားရင့်ရောင်မျက်ဆန်ပြာနှင့်…

'ဘာလဲဟင်'

သူကြည့်ပြီး မေးဆတ်မေးတော့ မေးရိုးနားမှာရှိနေသော ဆံနွယ်ပျော့ပျော့လေးတွေက လှုပ်ခတ်သွားကြ၏။

'မင်းနေရာက ဒီမှာ၊ ဒီဘက်ကိုလာ'

'အယ်… အဲဒါ… အဲဒါက…'

သူမသည် လက်မောင်းကို ဖိဆုပ်ထားရာမှ တံတောင်ဆစ်ဆီ ရောက်၍ အမိပွာယ်မဲ့ ပွတ်တိုက်နေလျက်…

'အဲဒါကိုပြောတာ။ မျက်ဝန်း ပြတင်းဘက်က ထိုင်ချင်လို့ပါ နော်။ ဟိုဘက်နဲ့ဒီဘက်လေးပဲ ကွာတာပဲဥစ္စာ'

'ဟာ ဘယ်ရမလဲ'

'ရလိုက်ပါရှင်၊ မျက်ဝန်း အန်တတ်လို့ပါ'

'ဘာ…'



www.burmeseclassic.com

www.burmeseclassic.com



သူမကိုယ်သူမ "မျက်ဝန်း"ဟု ထည့်ပြောနေသဖြင့် အပြာရောင် မျက်ဝန်းတို့ဆီ အကြည့်တို့ ထပ်ရောက်သွားသည်။

'ရထားစီးတာ အန်စရာလား။ အမိပ္ပာယ်မရှိတာကို လာ လား မရဘူး'

'အို... ရှင်ကလဲ'

သူ နေရာလဲဖို့ ပြင်လိုက်တော့ မျက်ဝန်းက ပျာပျာသလဲ ဖြစ်သွားကာ...

'မိန်းကလေးတစ်ယောက်နဲ့ နေရာလုရတယ်လို့။ သူများတွေ ကြားရင် ကဲ့ရဲ့ကြဦးမယ်။ တကယ်ပဲ မထင်ရဘူး'

'ဘာကွ'

'တိုးတိုးပြော'

'ဘာလို့ပြောရမှာလဲ။ ဒါ နေရာလုနေတာ မဟုတ်ဘူး။ ဒီမှာ ကိုယ့်နံပါတ်နဲ့ကိုယ်'

'ဘာပဲဖြစ်ဖြစ် မျက်ဝန်း အန်တာတော်လို့ပါလို့ တောင်းပန်နေတာ ပဲ ဟွန်း'

'ကျွတ်'

သူမကလည်း မျက်စောင်းထိုး၍ တစ်ဖက်လှည့်၏။

သူ့မှာလည်း ဒေါသထွက်လွန်းပြီဆို ဘာမျှပြောမထွက်တတ် သည့် ပါရမီရှင်စစ်စစ်ကြီးမို့ မျက်လုံးမှိတ်၍ ကျွတ်ခနဲအသံထွက်ရုံ အပြင် မတတ်နိုင်။

စိတ်ပျက်လက်ပျက် ဆတ်ခနဲလှည့်ပစ်လိုက်သည့် မျက်နှာကို စက္ကန့်များစွာ ဒဏ်ခတ်ထားပြီးမှ ပြန်လှည့်သည်။





ပြီးတော့ သူမ သနားသဖြင့် တိုးရွှေ့ပေးလိုက်သော ဒီဘက်ခြမ်း လေးမှာပဲ ဆောင့်ခနဲ ပြန်ထိုင်ချ၏။

မိန်းကလေးတွေနှင့် ပတ်သက်မိတာနှင့် ဇယားက ရှုပ်ပြီ။ လျှော့ ပေးလိုက်ရပေမယ့် မကျေနပ်။ သူ မျက်နှာလွှဲသွားတော့ မျက်ဝန်း၏ မျက်တောင်လေးတွေ စင်းချထားရာကနေ လှုပ်ရှလာ၏။

သူ့ဘက်ကို ခိုးချောင်းခိုးဝှက်လေး မျက်လွှာပင့်ကြည့်သည်။ ဒါပဲ ပြီးပြီ။

မာနကြီးချင်တဲ့ယောကျ်ားတွေများ အရှုံးပေးရတာကိုပဲ ပါဝါကြီး တစ်ခွဲသားနှင့်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂)

တလှုပ်လှုပ်ပုတ်သိပ်နေသလိုနှင့် ငြိမ့်နေသဖြင့် သူလည်း အိပ်ပျော်သွားခဲ့၏။ ဆူညံသံတွေကြောင့် နိုးလာတော့ ဘီးလင်းမြို့ကို ရောက်လုပြီဖြစ်၏။

ဂစ်တာကို ပေါင်ကြားထဲမှာထည့်၍ အိတ်ကို ရင်ခွင်ထဲ ထည့်ထားခဲ့သောကြောင့် လျော့ရိလျော့ရဲကိုယ်ကို မတ်မတ်ပြင်ထိုင်ရင်း အိတ်ကို ပြန်ဆွဲတင်ရသည်။

ဂစ်တာကို နေရာကျအောင် ပြန်ထောင်၏။

ထမင်းသည်တွေက ထမင်းထုပ်တွေ လာရောင်းကြ၏။

'ဒီမှာ... ဒီမှာ...'

သူ့ထက် နောက်ကျမှ နိုးလာပြီး မျက်ဝန်းက ထမင်း လှမ်းဝယ်သည်။ မျက်နှာရှေ့မှာ ထမင်းဘူးက ကပ်ဝဲသွားပြီး သူမ၏လက်က ပိုက်ဆံကိုကိုင်၍ နောက်ထပ် ဆန့်ထွက်လာပြန်သည်။

မျက်နှာကို နောက်မီမှာ ကပ်မှီပစ်လိုက်ပြီး မကြိုက်မှန်းသိအောင် လုပ်ပြလည်း သူမက ဘာမှမသိသလိုလို။





'ဒီမှာ ငါးရာတန်ကြီးက အစုတ်ကြီး'

နောက်ထပ် ငါးရာတန် နွမ်းဖတ်ဖတ်လှုပ်လီလှုပ်လဲ့ကို ထောင့်စွန်းလေးကနေ အပြန့်လိုက်ကိုင်၍ ဖြတ်သန်းလာတော့ ပိုက်ဆံအောက်ဖျားက အငြိမ်မနေ။

သူ့နှာခေါင်းဖျားဆီ ထိလုထိခင် ဒန်းစီးလာရာ...

'မင်း...'

ကိုယ့်ဒေါသကို ထိန်းနေတာ ဘယ်လိုမှမရ။

သူမလက်ကောက်ဝတ်ကို ခပ်ဆတ်ဆတ် ပုတ်ထုတ်ပစ်လိုက်၏။

'ဘာဖြစ်တာလဲ'

'အံမာ မင်းကပဲ မေးရသေးတယ်။ ပေးတာယူတာတွေကို လွတ်လွတ်လပ်လပ် လုပ်ပါလား'

'ရှင့်ကို ထိသေးလို့လား'

'ဩော်... ဆောရီးပါ အစ်ကိုရာ။ ပေး အစ်မ ပေး'

ထမင်းသည်ကပဲ ကြားကနေ တောင်းပန်ပြီး ငါးရာတန်ကို ခပ်သုတ်သုတ် လဲပေး၏။ မျက်ဝန်း ဆိုသော သူမသည် စောစောက နေရာလဲဖို့ တောင်းပန်ခဲ့စဉ်တုန်းကနဲ့ ဘာမှမဆိုင်သော မျက်နှာလေးနှင့် စွေစောင်းကြည့်၏။

ပြီးတော့ ထမင်းဘူးကို ချက်ချင်းဖွင့်သည်။

သူကတော့ ရထားထွက်တော့မှ ထမင်းထုပ်ရလေသည်။

ဘယ်လိုကြီးလဲ။ ဒီဘူတာမှာ ထမင်းပေါင်း နာမည်ကြီးလွန်းလို့တဲ့။

ဘူးနှင့်လည်း မဟုတ်၊ ဖွန်းလည်းမပါ။



www.burmeseclassic.com

www.burmeseclassic.com



အဆီတဝင်းဝင်း၊ ရန့်တသင်းသင်းနှင့် အပြတ်အသတ် ဆွဲဆောင်နေသော်လည်း ပါးစပ်ထဲ ထည့်ဖို့က ခက်သွား၏။

ကြို့တင်စာရင်းနှင့်လက်မှတ်နှင့် အကျအန စားဖို့ဖြစ်သော်လည်း သူ့ ဒုက္ခရောက်သွားခဲ့သည်။

မယ်မင်းကြီးမလေးနှင့် စကားများရတာနှင့်၊ အိပ်ပျော်သွားတာနှင့် ရေဝယ်ဖို့ကို သတိမရ။ စိတ်ထဲမှ ဦးဖွမန်းကာ ကျောပိုးအိတ်ထဲက ရေသန့်ဘူးလေးကို ထုတ်ကြည့်လိုက်တော့ ရေက လက်နှစ်လုံးလောက်ပဲ ရှိတော့သည်။

စိတ်ပျက်ပျက်နှင့် ထမင်းထုပ်ကို ပြန်ချည်ထားလိုက်ရ၏။ ရေရှိတာတောင်မှ ထမင်းစားပြီး လက်ဆေးလိုက်တာနှင့် ဒီလက်က ဟင်းနံ့တွေ ပြောင်သွားမလား။

ဘယ်သွားသွား လက်ကိုင်ပဝါ၊ တစ်သျှူး ဘာမှ အိတ်ထဲ မထည့်တတ်သည့် အကျင့်ကြောင့် ဒီနေ့ ထမင်းငတ်ဖို့ သေချာသွားခဲ့သည်။

'ဒီမှာ...'

ကိုယ့်ကိုခေါ်မှန်း သိသည်မို့ ပါးစပ်ပိတ်လျက်နှင့် ခပ်စောင်းစောင်း လှည့်ကြည့်မိ၏။

သူမက ရေသန့်ဘူး ပြန်ပိတ်နေသည့် သူ့လက်တွေကို တစ်ချက်ကြည့်၍...

'ရှင် ဖွန်း ယူမလား'

'ရတယ်'

'ဘာရတာလည်း။ ထမင်းငတ်ခံပြီးတော့များ မာနကြီးနေသေးတယ်။ ခရီးသွားလမ်းသွားဆိုတာ ဒီလိုပဲ ဖြစ်တတ်တယ်'

ပြောနေရင်း သူမက ကျောပိုးအိတ်ဘေးထဲကို ဖွင့်၍ လက်နှိုက်၏။ လက်ထဲမှာ စတီးဇွန်းတစ်ချောင်း ပါလာသည်။





နောက်ထပ် တစ်သျှူးထုပ်ကလေး နှိုက်ယူပြီး ဇွန်းကို သူမက သေသေချာချာ ပွတ်တိုက်သန့်စင်၍...

'ရော့'

'မယူဘူးလို့ မင်းကိုပြောနေတယ်မဟုတ်လား။ မင်း ဘယ်လိုလဲ'

'ရှင့်ကို ရောချင်လွန်းလို့များ ထင်နေသလား။ ခရီးသွားချင်းမို့လို့ စာနာစိတ်နဲ့ ပေးတာ။ ပြီးတော့ ဒီနေရာလေးမှာ ထိုင်ခွင့်ပေးခဲ့တာ ကျေးဇူးတင်လို့။ ယူမှာလား၊ မယူဘူးလား'

မယူဘူးဆိုရင် ဘာများလုပ်ဦးမည်မသိ။

သူ မျက်မှောင်ကြုတ်ကြည့်တော့ ဇွန်းကိုလည်း သူ့ရှေ့ရောက်အောင် ထပ်ကမ်းသည်။ ခေါင်းညိတ်၍လည်း "ယူလေ"ဆိုတာမျိုး လုပ်ပြပြီး...

'သေချာ သန့်စင်ပြီးသား'

ဟု ထပ်ပြောတော့ သူ ယူလိုက်ရ၏။

ပြီးတော့ သူ့ရေဘူးလိုပဲ တစ်ဝက်သာသာ ရှိသေးသည့် ရေသန့်ဘူးငယ်လေးကို နှစ်ယောက်ကြားမှာ ချပေးလိုက်ကာ...

'မျက်ဝန်းက ပိုက်နဲ့စုပ်တာ။ အဲဒီပိုက် ဖယ်ပြီး ရှင် မော့သောက်လို့ရတယ်။ ပါးစပ်ကြီးနဲ့တော့ ထိလို့မရဘူးနော်'

'ဘယ်သူက သောက်မယ် ပြောလို့လဲ'

ထမင်းထုပ် ပြန်ဖွင့်၍ ဘုကျကျ ပြန်မေးတော့ သူမ မျက်ခုံးနှစ်ဖက် ဆတ်ခနဲ တွန့်သွားလိုက်၏။

'ရှင် တော်တော် သဘောသေးပါလား။ အကောင်းပြောလို့ ပြေမှန်းမသိ။ စေတနာကို အလွယ်တကူ စော်ကား၊ လူလိမ္မာအမျက်အပြင်မထွက်တဲ့။ မကြားဖူးဘူးလား။ ရှင့်ကျတော့ ဒေါသတွေချည်းပဲ'



www.burmeseclassic.com

www.burmeseclassic.com



သူ့နှုတ်ခမ်းမှာ မဲ့ခနဲ ဖြစ်သွား၏။

'လူဖြောင့်စိတ်ကို ဆိုတာကော မင်း ကြားဖူးရဲ့လား။ များများ ဖြုံးတဲ့လူ ဟန်ဆောင်ကောင်းတယ်ဆိုတာတွေကော မင်း သိလား'

'ရှင့်ကို ဘယ်သူမှ မဖြုံးနိုင်ဘူး။ လျှာပေါ်ရောက်နေတဲ့ ဒေါသတွေကိုပဲ အဲဒီထမင်းတွေနဲ့ လုံးထွေး မျိုချလိုက်ရင် ရပြီ'

သူမက ပြောချင်ရာပြောပြီး တမင်တကာကြီး စောင်းလှည့်ကာ သူ့ကို ကျောပေးလိုက်၏။

မကျေနပ်စိတ်တွေ ပါးစပ်ထဲ အလုံးလိုက်တက်လာပေမယ့် သူဘာမှ မပြောနိုင်တာဟာ ဒေါသတွေပဲ ဖြစ်လေသည်။

သို့သော် ထမင်းတစ်ဇွန်း ဝင်သွားသည်နှင့် သူ့အလိုလို မေ့လျော့သွားခဲ့သောအခါ စားသောက်ပြီးတော့ သတိရမိသည်။

ဒေါသတွေ ထမင်းတွေနှင့် လုံးထွေးပါသွားပြီလား။





## အခန်း (၃)

စားသောက်ပြီး ဘယ်လောက်မှ မကြာသေးဘဲ နှုတ်ခမ်းပေါ်တက်ဝါးကလေးကပ်၍သမ်းသည်။ ခဏလေးအတွင်းပဲ ဇိုတ်ကျိုးသည်။

သူ့ဆံပင်တွေကို ထိုးသပ်တင်လိုက်ရင်း သူမကို ငုံကြည့်မိကာ ...သည်းအုံ့ဩလာသည်။

လက်ပိုက်လေးမှီလျက် ခေါင်းစောင်းနေတော့ ဆံပင်တိုတိုလေး ...တွ တစ်ခြမ်းက ပါးပေါ်မှာအုပ်နေသည်။

တစ်ဖက်ခြမ်းကတော့ ပခုံးစွန်းလေးထက်မှာ ပျော့ကျဖေးတင် ...၏။

ပုံစံလေးက သန့်သန့်ပြန့်ပြန့်ပဲ ဖြစ်သည်။

နေထိုင်ပြောဆိုပုံကျတော့ ရိုင်းတာမျိုး မဟုတ်ဘဲနှင့် နူးညံ့ ...ညံ့ကျေးမှုမရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုအချိန်မျိုးမှာ အိပ်ပျော်နေဖြစ်လွန်းတာ ကောင်းသလား။

နှာခေါင်းတစ်ချက်ရှုံ့၍ မျက်လုံးတွေက အပြင်ရှုခင်းတွေဆီ ရောက်သွားမိ၏။

ကျိုက်ထိုဘူတာရောက်တော့ ဒူးရင်းယို၊ သရက်ယို မျိုးစုံ ရောင်းဝယ်နေကြသော အသံတွေဖြင့် ဆူညံနေ၏။

သူ့မှာ လက်ဆောင်ပေးကမ်းဖို့လည်း ဘယ်သူမှမရှိ။ စားဖို့လည်း မနှစ်သက်တာမို့ ဈေးသည်တွေကို စိတ်မဝင်စားပါ။

ရထားထွက်လာတော့ တဖြည်းဖြည်း ပြောင်းလဲလာသည့် မြင်ကွင်းတွေကိုပဲ စိတ်ဝင်တစား ဖြစ်လာခဲ့သည်။

စီးနေရင်းနှင့် ရထားစီးသလို မခံစားရဘဲ လေယာဉ်ပေါ် ရောက်နေရသလို မြင်ကွင်းအားလုံးက ကိုယ့်အောက်မှာ ဖြစ်လာသည်။

လေဟုန်စီးနေရသည်နှင့်တူ၏။

ထိုစဉ် ရထားက ငြိမ့်ခနဲ ဝိုက်သွား၏။

မသိမသာလေးပေမယ့် မျက်ဝန်း၏ကိုယ်လေး သူ့ဘက်ကို ယိမ်းကျလာသည်။

ပခုံးစွန်းနှင့် ထိတော့ဖို့ လက်တစ်ဝါးလောက်အလိုမှာ ရပ်တန့်သွား၏။

ဒီလောက်အထိ အိပ်လည်းအိပ်နိုင်ပါ၏။

သူမဆီ ကြည့်ဖြစ်လိုက်၊ အပြင်ကိုလှမ်းမျှော်မိလိုက်နှင့် ပြတင်းပေါက်နားမှာ မထိုင်နိုင်ခဲ့သည့် ကိုယ့်အဖြစ်ကို ကျိန်ဆဲနေမိပြန်သည်။

ဒီလောက် အအိပ်သန်နေတာကိုများ အန်မှာစိုးသည်ဟု ပြောသေးသည်။

မကြည့်နဲ့။





ဒီကောင်မလေးကို မြင်တာနှင့် မင်း အကုသိုလ်ပဲ ချဉ်းမတ်။

ယတိပြတ် ဆုံးဖြတ်ကာ သူမကို ကျော်လွန်ပြီးမှ မြင်ရမည့် ပတ်ဝန်းကျင် အလှအပအားလုံးတို့ပါ သံယောဇဉ်ဖြတ်လိုက်သည်။

ထိုအခါ မျက်လုံးတွေ မှိတ်ပစ်လိုက်ပြီး ခဏတော့ မှိန်းလိုက်ဖို့ စိတ်ကူးခဲ့၏။

ဒါပေမယ့် ဖြတ်လို့မရသော သံယောဇဉ်တွေက နားထဲ၊ နှာခေါင်းထဲမှ တိုးဝင်ကာ မျက်ဝန်းတွေရှေ့မှာ တိုးကြိတ်ဖြတ်သန်းလာကြ၏။

စိတ်အာရုံ အတွေးတွေထဲတွင်...



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၄)

‘ခြံကျယ်ကြီးပဲ မျဉ်းမတ်။ ညီအစ်ကိုနှစ်ယောက်တည်းရှိတဲ့ ကိစ္စမှာ မင်း ခွဲထွက်ဖို့ မလိုပါဘူးကွာ’

‘ခွဲထွက်တာ မဟုတ်ပါဘူး။ ကျွန်တော့်အလုပ်က ရန်ကုန်မှာမှ ဖြစ်မှာမို့လို့’

‘တော်ပါကွာ’

အောင်ရပ် မျက်နှာက တင်းလည်းတင်းနေသည်။ ဒေါသချည်းသက်သက် မဟုတ်ဘဲ တရားခံဖမ်းလိုသော မျက်လုံးတွေကလည်း ရူးရူးရဲရဲဖြစ်လျက်။

‘မျဉ်းမတ် မင်း မကျေနပ်တာက ဘာလဲ။ ရေလှိုင်းနဲ့ငါ လက်ထပ်တာကို မဟုတ်လား။ ရှင်းရှင်းပြောကွာ’

‘မဟုတ်ဘူး’

ပြတင်းပေါက်နားကနေ အစ်ကိုဖြစ်သူကို ခေါင်းခါစိတ်ပျက်စွာ ကြည့်မိရင်း မျဉ်းမတ် အနားကို လျှောက်သွားမိသည်။

အောင်ရပ်က ထိုင်လျက်ကနေ သူ့ခြေလှမ်းတွေကို စိုက်ကြည့်





နေ၏။ သူတို့မှာ ညီအစ်ကိုနှစ်ယောက်တည်းပဲ ကျန်ခဲ့သည်။ သူများတွေလို မိဘတွေ ငယ်ငယ်လေးကတည်းက ဆုံးပါးသွားကြတာမျိုး မဟုတ်ပါ။

ညီအစ်ကိုနှစ်ယောက်တည်း ကျန်ခဲ့သဖြင့် နှစ်ယောက်တစ်ဘဝလို ရိုင်းပင်းကြင်နာ၍ ကျားကုတ်ကျားခဲ ကြိုးစားရပ်တည်နေကြရတာမျိုးလည်း မဟုတ်။

မိဘတွေ ဆိုတာက ငယ်ငယ်ကတည်းက အမေ ဆုံးသွားတော့ အဖေပဲ ရှိသည်။ အဖေ ထပ်ဆုံးသွားတာ မကြာသေးသည်မို့ ညီအစ်ကိုနှစ်ယောက်လုံး ပညာတွေလည်း စုံကြပြီးပြီ။ တစ်ယောက်နှင့်တစ်ယောက် ပက်ပက်စက်စက် ကြင်နာခဲ့ဖူးတာလည်း မရှိတော့ တစ်ယောက်၏ လွတ်လပ်ခြင်းကို တစ်ယောက်က စိတ်မဝင်စားကြပါ။

အောင်ရပ်က အကြီး ဆိုပေမယ့် ညီဖြစ်သည့် မျဉ်းမတ်အပေါ်မှာ ကြည့်ရှုစောင့်ရှောက်တာ ဘာညာ မလုပ်သလို ချုပ်ချယ်တားဆီးတာလည်း မရှိ။ သူကိုယ်တိုင်လည်း လွတ်လပ်သလို နေသည်။

ကိုယ် ဝါသနာပါတာ ကိုယ်လုပ်။ မရှုပ်ကြေး။

‘ငါ တစ်ခုကော့ ပြောမယ်နော် မျဉ်းမတ်’

အဖေ ဆုံးပြီးခါစမှာ ဤသို့ အစချီလိုက်ပြီး...

‘ငါ့အမြင် ငါ့သဘောနဲ့ ဆုံးမတာ မဟုတ်ဘူး။ မမှားစေချင်လို့ ပြောမှာ။ ငါ့သဘောထက် မိဘကို ငဲ့ညှာဖို့။ အဖေအမေတို့ကြောင့် ငါတို့ ညီအစ်ကို မျက်နှာမငယ်ခဲ့ရဘူး။ အရှက်မရခဲ့ဖူးဘူး။ ငါတို့ကလဲ ငါတို့ကြောင့် မိဘကို မထိခိုက်အောင် စောင့်ထိန်းရမယ်။ ကျန်တာကကိုယ့်ဘဝ ကိုယ်ကျောင်းကြရမှာပါ။ ဒါက မင်းကော ငါကော နားလည်ပြီးသား’



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုမှတော့ စီကာပတ်ကုံး မပြောပါ။ ဖွံ့နွဲ့ဆွဲဆောင် မပြောတတ်တာကလည်း ဖွံ့နွဲ့ရလောက်အောင် ညီအစ်ကိုနှစ်ယောက်ကြားမှာ ဆွဲငင်ချည်နှောင်ခဲ့တာ သိပ်မရှိလို့ပဲ ဖြစ်သည်။

ထိုအဖြစ်တို့မှာလည်း ပြောစရာရှိသေးသည်။

အောင်ရပ်နှင့် မျိုးမတ် နှစ်ယောက်မှာ အောင်ရပ်ကို အဖေက သူ့သားဟု သတ်မှတ်ကာ မျိုးမတ်ကိုတော့ အမေက ကျွန်မသားဟု ခွဲခြားပြောဆိုတတ်ခဲ့ကြသည်။

ဒါဟာ ကြီးမားသော ပဋိပက္ခတစ်ခုတော့ မဟုတ်ခဲ့ပေ။ အဖေနှင့် အမေကလည်း ချစ်ချစ်ခင်ခင် ပေါင်းသင်းလာခဲ့ကြသည့် လင်မယားပါပဲ။ ဒါပေမယ့် ခဏခဏ စကားနိုင်လုသည်။ သူပြောတာက အမှန်၊ ငါပြောတာက အမှန် စသော အဆင်မပြေမှုလေးတွေမှ စတင်၍ ကလေးနှစ်ယောက်မှာ တစ်ယောက်စီကို ရင်ခွင်ထဲ ဆွဲသွင်း၍...

'လာသား ခုနက မင်းအဖေဆီမှာ ဘာသွားတောင်းတာလဲ'

မျိုးမတ်ကို ဖက်တွယ်ထားသည့် အမေက အဖေနှင့် မသင့်မြတ်ချိန်ဆို အဖေ့နားကို နည်းနည်းမှ သွားတာမကြိုက်။

'အဖေက အစ်ကို့ကို MP 4 ဝယ်ပေးတာ အမေရဲ့ သား လိုချင်လို့'

'အင်း နှဲဒါ မင်းက သွားဝယ်ခိုင်းတော့ ဘာတဲ့လဲ ဟိုပုဂ္ဂိုလ်က'

'နောက်တစ်ပတ် ဝယ်ပေးမယ်တဲ့'

'ဟွန်း'

အမေ ဒေါသဗရပွနှင့် တက်ခေါက်၍ ချက်ချင်း သွားဝယ်ပေး၏။

'အကျင့်ကိုက မကောင်းတာ။ တစ်ဖအေတည်း တစ်မအေတည်း မွေးထားတာတွေကို ခွဲခြားခွဲခြားနဲ့။ ငါ့သားလေးကိုများ သူ့သား မဟုတ်သလိုပဲ'





အမေက အော်ကြီးဟစ်ကျယ်ပြောတော့ အဖေ အခန်းထဲကနေ ထွက်လာ၏။

'ဘာလဲကွ၊ လက်ထဲမှာ တစ်ယောက်ပဲ ပါသွားလို့ တစ်ယောက်ကိုပဲ ဝယ်ပေးခဲ့တာ။ ဘာဖြစ်သွားနိုင်သလဲ။ မင်းသားငယ် MP4 လိုချင်၊ ချင် ငါက သိထားတာမှ မဟုတ်ဘဲ'

'ဘာဖြစ်ဖြစ် ကလေးဆိုတာ တစ်ယောက်ကိုင်တာမြင်ရင် ကိုင်ချင်မှာပဲ။ ရှင်ကိုက ခွဲခြားချင်တာ'

အဖေ့ကို ပြောလို့မပြီးနိုင်ဘဲ အမေက အဖေ့လက်ကိုဆွဲထားသည့် အောင်ရပ်ကိုပါ မျက်စောင်းထိုးကာ...

'ဟိုတစ်ယောက်ကလဲ ညီအစ်ကို အတူတူဆော့မယ်၊ အတူတူကိုင်မယ် ဆိုတာ မရှိဘူး။ အလကား ဖအေ့သွေး လုံးလုံးပါတာ။ အကြင်နာ နည်းနည်းမှ မရှိဘူး'

'ဟေ့ ဘာလဲကွ၊ ခွဲခြားနေတာ မင်းနော်။ အောင်ရပ်က ဖအေ့သွေး ပါတဲ့ဆိုတော့ မင်းသားက ဘယ်သူ့သွေးမို့လို့လဲ၊ ကြည့်ပြော'

'မပြောနိုင်ဘူး။ ဖြစ်နေတာက အဲဒီအတိုင်းပဲ။ လာသား အဲဒီနှစ်ယောက်နားကို မသွားနဲ့'

ကလေးတစ်ယောက်စီကို လက်ကိုဆွဲ၍ ကိုယ့်အခန်း၊ သူ့အခန်းဝင်နေကြပြီဆို တစ်ပတ်လောက်ကြာပါသည်။

ပြီးတော့လည်း ဘာမဟုတ်။ တစ်ရက်တလေမှာ မနက် အိပ်ရာကထတာနှင့် အမေ့နား အဖေ ရောက်နေပြီး ရယ်လို့မောလို့။

'ဒီမိန်းမဟာ တကယ်ပဲကွာ ကလေးတွေကိုတောင် ချန်မထားဘူး။ မှတ်ထားဦးနော်။ ခင်ဗျားကလေး မဟုတ်တော့ဘူး'

အမေ့ပါးကို ဖွဖွလေး လိမ်ဆွဲပြီး ပြုံးနေတဲ့ အဖေ့မျက်နှာကြီးမှာ ချိုအီနေလို့။



www.burmeseclassic.com

www.burmeseclassic.com



'ရှင်ကတော့ ကျွန်မသားလေးကို ခွဲခြားလို့ မတည့်တော့ဘူး အကြီးကောင်ကိုပဲ ရင်ခွင်ထဲ ဆွဲသွင်းပြီးတော့'

အမေက အဖေ့ရင်ဘတ်ကို ထု၍ နှဲ့နေသေးသည်။ အဖေနှင့် အမေ ဘယ်လိုသင့်မြတ်သွားသလဲ။ ဘယ်သူက ချော့လိုက်သလဲ။ ထို ပဟေဠိကိုလည်း ဘယ်အချိန်မှာဖြစ်ဖြစ် ဖော်လို့မရခဲ့ပါ။

စွဲနေခဲ့တာတာ အဖေနှင့်အမေ ခဏခဏ စကားများသည်။ စကား များတိုင်း ညီအစ်ကိုနှစ်ယောက်က အလိုလိုနေရင်း မသင့်မြတ် ဖြစ်ကုန်၏။ ပြီးတော့ သူတို့ မသိလိုက်ကြဘဲ အဖေနှင့်အမေ ပြန်တည့် ကြပြန်သည်။

ထိုအခါ သူတို့နှစ်ယောက်လည်း ပြန်ခေါ်၊ ပြန်တွဲ။ သို့သော် မိဘ တွေ ရင်ထဲမှာ ဘာမှန်းမသိပေမယ့် ညီအစ်ကိုနှစ်ယောက်၏ ရင်းနှီး ကြင်နာမှုတွေကတော့ ဘယ်သောအခါမှ ရောနှောစည်းလုံးမှု မရှိခဲ့ တော့ပေ။ အမေက အသက်ငယ်ငယ်မှာပဲ ဆုံးသွားခဲ့သည်။

နောက်ပိုင်း ကလေးများမှာ နုပျိုငယ်ရွယ်နေဆဲပေမယ့် အဖေက နောက်ထပ် အိမ်ထောင်သစ် မရှာခဲ့ဘဲ ရိုးသားကြိုးစားရင်းဖြင့် ဆုံးသွား ခဲ့သည်။

မချမ်းသာသော်လည်း ခြံကျယ်တစ်ခြံနှင့် တိုက်တစ်လုံးတော့ ကျန်ခဲ့သည်။ စီးပွားရေးလုပ်ငန်း ကြီးကြီးကျယ်ကျယ်လည်း ဘာမှမရှိ ခဲ့သောကြောင့် အဖေ ရှိစဉ်က ရှယ်ယာဝင်ထားခဲ့သော ပွဲရုံတစ်ခုမှာ အောင်ရပ်က ဆက်လက် ရပ်တည်ဖို့ ကြိုးစား၏။

'ဒီရှယ်ယာကို ငါ အပြုတ်မခံနိုင်ဘူး။ အဖေ့ဂုဏ်သိက္ခာကိုကော မိဘအမွေ မို့လို့ကော နှစ်ရပ်လုံးအတွက် ငါ ကြိုးစားမယ်'

နာမည်ကိုက "အောင်ရပ်"ဟု သူ့ကိုယ်သူ အမြဲပြောတတ်သော





အောင်ရပ်ဟာ "ဒီနာမည်ကို အဖေပေးတာ"ဟု ပြော၍လည်း ကျေနပ် နေတတ်သေးသည်။

ဘာပြောပြော အဖေ့ကိုသာ ဦးထိပ်တင်၍ ပြောတတ်သည့် အောင်ရပ် ရင်ထဲမှာ အဖေ့ကို နေရာပိုပေးထားခဲ့တာ အကဲခတ်ရ လွယ်သည်။

'ငါ့သားကို မြင့်မြတ်တည်ကြည်တဲ့ယောက်ျားဖြစ်အောင် မျိုးမတ် လို့ ပေးတာ'

ဟု အမေ ပြောဖူးပေမယ့် ဒီနာမည်နှင့် ပတ်သက်၍ မျိုးမတ် ကတော့ ဘယ်တုန်းကမှ ထည့်မပြောခဲ့ပေ။

အကျယ်တဝင့် ဂုဏ်ယူပြောခဲ့တာ မရှိသလို ကိုယ့်နာမည်အပေါ် ပြုံပြင်အားမရခဲ့တာမျိုးလည်း ဘယ်တော့မှ မဖြစ်။

လောလောဆယ်မှာတော့ မိဘလုပ်ငန်းကို ဆက်လက် ထိန်း သိမ်းနိုင်ခဲ့သည့် အောင်ရပ်က သားလိမ္မာဖြစ်ခဲ့ပြီး သူကတော့ အများ ပါးစပ်ထဲမှာ နာမည်ဆိုး မရှိသည့်တိုင် နာမည်ကောင်းလည်း မရခဲ့ သေးပါ။

သူ ရန်ကုန်ကို ခဏခဏ သွားသည်။ ဝါသနာပါသော သီချင်း ရေးခြင်း၊ သီဆိုခြင်းအတွက် လုံးပန်းသည်။ အထူးသဖြင့် သူ သီချင်း ရေးချင်တာပဲ ဖြစ်သည်။

အောင်ရပ်က သူ့အလုပ်နှင့်သူ ကားလေးတစ်စီး ဖြစ်မြောက်နေ ခဲ့ချိန်မှာ သူ ဂစ်တာကိုင်၍ ရန်ကုန်မှာ ခြေကျင်လည်နေတုန်း။

ဒုတိယတစ်ခေါက် ရန်ကုန်ရောက်ပြီး ပြန်လာတော့ အောင်ရပ် က လက်ထပ်ပြီးပြီ။

'မင်းကို အကြောင်းကြားရအောင် ရန်ကုန် ဘယ်မှာနေမှန်းမသိ၊



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်နေမှန်းမသိနဲ့ ဆိုတော့ မတတ်နိုင်ဘူးကွာ။ မင်္ဂလာပွဲလဲ တခမ်းတနားကြီးတော့ မဟုတ်ပါဘူး။ အကျွေးအမွေးလေး နည်းနည်း ပါးပါး ထည့်ရုံပါပဲ’

ဟု သူ ရောက်သွားတော့ ပြောပြသည်။

သိပ်မကြာခင်မှာ သူ ရန်ကုန် ပြန်ထွက်ချင်လာတာက အောင်ရပ် လက်ထပ်လိုက်သည့် ရေလှိုင်းဟာ သူနှင့် ချစ်ခဲ့ဖူးသော...

‘မျှဉ်းမတ်’

အောင်ရပ် ခေါ်သံက အတွေးအားလုံးကို ဆုပ်ကိုင်လှုပ်ပစ်လိုက်သလို မကျေနပ်ခြင်းကြောင့် မာထန်နေ၏။

မျက်နှာချင်းဆိုင် ထိုင်ဖြစ်ကြပြီးမှ ဘာမျှမပြောဘဲ မျက်နှာလွှဲ၍ ငေးနေသည့် မျှဉ်းမတ်ကို အောင်ရပ်က နောက်ထပ် မေးဆတ်လိုက်ကာ...

‘ပြတ်ပြတ်သားသား ပြော။ မင်းရင်ထဲမှာ ဘာတွေဖြစ်နေသလဲ။ ငါကတော့ ထင်တယ်၊ မင်းနဲ့ လှိုင်း ချစ်ခဲ့ဖူးတာ မှန်ပေမယ့် ကြာခဲ့ပြီး ပြီးတော့ ရေလှိုင်းက မင်းထက် အသက်ကြီးပါတယ်။ ငါနဲ့မှ မတိမ်းမယိမ်း’

‘ဘာတွေလာဖြစ်နေတာလဲ အစ်ကို။ အစ်ကို့ကို ဒါတွေနဲ့ ပတ်သက်ပြီး ကျွန်တော်က ဟိုတုန်းကကော၊ ခုကော ဘာတွေ ရင်ဖွင့်ခဲ့ဖူးသလဲ၊ လွမ်းဖျားလွမ်းနာကျသံနဲ့ သီချင်းတစ်ပုဒ်လောက် ဆိုခဲ့ဖူးသလား’

‘ဒါက မင်း ကွယ်ရာမှာ ဘယ်လောက် ခံစားရသလဲ ငါ မြင်ရတာမှ မဟုတ်တာ’

‘မမြင်ရင် မပြောနဲ့ပေါ့။ တကယ်တမ်း အဲဒီလို ကျွန်တော် ဖြစ်နေ





ရင်တောင် မျက်နှာကြည့်ပြီး မေးနေတာ အစ်ကို့ဘက်က တရားလွန်တာပဲ’

‘ဒါပဲလေ။ မင်း ရင်မဆိုင်ရဲဘူး ဖြစ်နေတာ လိပ်ပြာမသန့်လို့ပဲပေါ့’

‘သန့်ဖို့ မသန့်ဖို့ မလိုဘူး။ ရည်းစားထားဖူးတာ၊ ကွဲဖူးတာ ဆန်းလို့လား။ စတိတ်ကျောင်းသားအရွယ်မှာ ရည်းစားထားဖူးခဲ့တာ ဘာဖြစ်လဲ။ ကျွန်တော့်ရည်းစား ဖြစ်ဖူးလို့ မသင့်တော်ဘူးထင်ရင် မယူဘဲ နေလိုက်ရော့’

‘မင်းရင်ထဲမှာ ငါ့ကို အပြစ်တင်နေတာလား’

အောင်ရပ်က သူ့မျက်နှာပေါ်က ကောက်ကြောင်းများကို တစ်ချက်မှ အလွတ်မပေးဘဲ ချောင်းပိတ်ရိုက်ဖို့ ကြိုးစား၏။

သူဟာ သူ့ကိုယ်သူ ဉာဏ်သယ လွန်စွာကြီးမားတတ်သူ ဖြစ်နေမှန်းလည်း သိပုံမပေါ်။ မျှဉ်းမတ်က သဝန်ကြောင်နေတာ မဟုတ်ဘဲ သူ့ရင်ထဲက သဝန်တိုစိတ်တွေသာ ရှုပ်ယှက်ခတ် လူးလူးနေတာကိုလည်း သတိမထားနိုင်။

‘ရေလှိုင်းကိုယ်တိုင် ငါ့ကို ခေါင်းညိတ်ခဲ့တာ’

ဟု ထပ်ပြောတော့ မျှဉ်းမတ် ခေါင်းခါလိုက်မိသည်။ အောင်ရပ်ဟာ သူ့ကိုယ်သူတော့ လူတော်လူကောင်းကြီးပဲ ဖြစ်သည်။

ပညာရှိတို့ပြောသော ကိုယ့်လုပ်ရပ်အပေါ် အမြဲတမ်း ဆင်ခြင်သုံးသပ်ရတယ် ဆိုသည့် စကားကိုလည်း လိုရာကိုသာ ဆွဲတွေးခဲ့ပြီး “ငါလုပ်တာသာ အမှန်”ဆိုတာမျိုး။

သူ့ကိုယ်သူ နေ့စဉ် သုံးသပ်ပါသည်။ ဒါပေမယ့် မှားသလား၊ မှန်သလား ဆိုတာမျိုး မဟုတ်။

“ငါ တော်သည်၊ ငါ တတ်သည်” ဒါပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် မိဘအမွေအနှစ်ကို စောင့်ထိန်းပွားများနိုင်သော သားလိမ္မာ။ သူသည် မိဘဂုဏ်ကို မညှိုးနွမ်းစေသော တည်ကြည်ဖြောင့်မတ်စွာ နေထိုင်ခဲ့သည့် လူတော်လူကောင်း။ နောက်ထပ် ဘဝအတွက် တက်လမ်းတို့ကို ထွင်းဖောက်တတ်ရောက်သွားနိုင်သော ယောကျ်ားကောင်း တစ်ယောက်။

အစ်ကိုဖြစ်သူကို စေ့စေ့ကြည့်၍ မျဉ်းမတ် သက်ပြင်းချမိသည်။ စီးပွားရေး သိတတ်လွန်းပြီး စေးနှဲချွေတာလွန်းသော အစ်ကိုကြီးစားမှုကို သူ အားမကျခဲ့ဘူးပါ။

ဒီခြံဝန်းတိုက်တာ အဆောင်အယောင်တွေထဲမှာ အစ်ကို့ လုပ်အားများသာရှိ၍ သူ့ဘက်က စွမ်းဆောင်ချက် မရှိခဲ့သေးသည့်အဖြစ်ကို နားလည်နေခဲ့သည်။

ဒီအိမ်ဒီခြံဝန်းဟာ မိဘအမွေအနှစ် ခေါင်းချရာ မှန်သော်လည်း သူ ကျွမ်းကျင်သည့်စီးပွားရေး မရှိ။

ဒီမှာပဲ ခေါင်းချဖို့ စိတ်ကူးဆုံးဖြတ်ချက်ဖြင့် မိဘကျေးဇူးကို ဆပ်ရမည်ဆိုလျှင် သူသာ အမြဲတမ်း အလကားကောင် ဖြစ်သွားရမည်။ ဘာမှ တိုးတက်ပြောင်းလဲလာမှာ မဟုတ်။

'ဘာမှမဟုတ်ဘူး ဆိုရင် ဘာလဲ။ မင်းက ဒီဂစ်တာတစ်လက်ကို ကိုင်ပြီး ဘဝကို ထူထောင်ဖို့ စိတ်ကူးလိုက်လို့လား'

မျဉ်းမတ် မကြည်မလင် ငြိမ်သက်နေတာကိုပဲ အောင်ရပ်က လက်မခံနိုင်ဘဲ ဖြစ်နေသည်။

ဒါကြောင့်မဟုတ်ရင် ဘာလဲ။ သူ့အတွေးထဲက တစ်ကြောင်းကြောင်းနှင့် မငြိမချင်း လှည့်ပတ်မေးတော့မည့်နှယ်။

မျဉ်းမတ်ကလည်း မျဉ်းမတ်ပဲဖြစ်သည်။ ကိုယ့်စိတ်ကူးနှင့်ကိုယ်။





ကိုယ့်ဘဝ ဘယ်လိုပဲ မွေးမြူသွားရပါစေ တစ်စုံတစ်ယောက်နှင့် တိုင်ပင်ဖို့ ဘယ်တော့မှ စိတ်ကူးမည့်သူ မဟုတ်ပေ။

အထူးသဖြင့် သူ့ဂီတအပေါ် အမြဲတမ်း မဲ့ရွဲ့ကြည့်တတ်သော အောင်ရပ်လိုလူတစ်ယောက်နှင့် ဆွေးနွေးတိုင်ပင်မိဖို့က ပို၍မဖြစ်နိုင်။

ထို့နောက်တွင် 'ရန်ကုန်မှာ အခြေချဖို့ ကြိုးစားကြည့်မလို့။ နောက်ဆို ကျွန်တော် ဒီကို သိပ်ရောက်ဖြစ်မှာ မဟုတ်ဘူး'ဟု အစချီခဲ့သော မျဉ်းမတ်၏စကားသည် အဆုံးမသတ်ဖြစ်ဘဲ ပြီးသွားခဲ့သည်။

အောင်ရပ်ကလည်း 'မင်း သွားချင်သွားပေါ့'လို့ မပြောခဲ့သလို သူကလည်း ခွင့်ပြုဖို့ တောင်းပန်တာ မဟုတ်သောကြောင့် ဒီတိုင်းထွက်လာခဲ့သည်။

ဖော်ဝင်းထွဋ်၏ သီချင်းတစ်ပုဒ်ကို သတိရမိတော့ ပြုံးမိသေးသည်။

...ငါဟာ ရှက်လွင့်...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"ဝါး"ခနဲ သမ်းဝေလိုက်ခြင်းကို ကိုယ့်ဟာကိုယ် တည့်တည့်လှည့်၍ လုပ်လိုက်သဖြင့် လူကို ပုတ်နှိုးလိုက်သလို ဖြစ်သွားခဲ့၏။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတာ မဟုတ်ပေမယ့် အိပ်တော့ အိပ်နေတာပဲ ဖြစ်သည်။ သူ မျက်လုံးဖွင့်လိုက်တော့မှ ကမန်းကတန်း ရွှေ့ပစ်၍ သူမက ခါးလေးဆန့်ရင်း ဟိုကြည့် ဒီကြည့်။

'ဘယ်နှစ်နာရီ ထိုးသွားပြီလဲမသိဘူး'

ဟု ရေရွတ်ပြီး နာရီပတ်တဲ့သူကိုပဲ ရှာသလိုလို၊ တစ်ယောက်ယောက်ကိုပဲ လှမ်းမေးတော့မလိုနှင့် လိုက်ကြည့်ပြန်သည်။

မျက်ဝန်းလေးတွေက အနားတစ်ဝိုက်မှာ ဝေ့လည်နေပေမယ့် သူ့ဆီ ရောက်မလာပေ။ အဲဒီတစ်ယောက်ကို ဘယ်လိုဆုတောင်းပါလာပြီး ကြည့်မရဖြစ်နေမှန်းမသိပါ။

သူ မျက်နှာလည်း လွှဲသည်။ မျက်လုံးတွေကိုလည်း ပိတ်လိုက်၏။





'ဒီမှာ…'

သူမ မေးသည့်အတိုင်း ရောကောသောကော လိုက်ဖြေမည့်ပုံ မပေါ်တော့ ခေါ်ပါပြီ။

'ဘာလဲ'

မျဉ်းမတ် ပေါ်တင်ပဲ ဒေါသဖြစ်ပြလိုက်သည်။ သူမက ဂရုမစိုက်ပါ။

'ဘယ်နှစ်နာရီ ရှိပြီလဲ'

'မသိဘူး'

မျဉ်းမတ် မျက်လုံး ပြန်မှိတ်၏။

'ရှင့်လက်မှာ နာရီ ရှိနေသားနဲ့ ကြည့်လိုက်လေ'

တကယ့်ကို ဇွတ်ကြီး။ မျဉ်းမတ်က မလိုအပ်ဘဲ နေ့ဉာဉ်ပြင်ထိုင်ပြီး အစွန်းရောက်အောင် ထပ်ရွှေ့၏။

'နာရီပျက်နေတယ်'

'ဟင် တကယ်'

သူမ ဘယ်လိုဖြစ်သွားသည်မသိ။ မျဉ်းမတ် မျက်လုံးဖွင့်မကြည့်တော့ပါ။ သို့သော်…

'အံ့ဩစရာပဲနော်။ ကျားကျားလျားလျားပုံစံကြီးနဲ့ နာရီအပျက်ကို ပတ်ချင်နေရလောက်အောင် လှချင်ရှာတာ'

'ဘာ'

မျဉ်းမတ် မျက်လုံးပွင့်သွားရုံမကဘဲ လက်ပိုက်လည်း ပြေသွားသည်။ ကိုယ့်ဟာကိုယ် ရွဲ့ဖြေလိုက်တာ ဖြစ်သော်လည်း သူမ ပြောချလိုက်တာ အကျယ်ကြီး။ ဘေးလူတွေအားလုံး ကြားကုန်တော့ မျက်နှာမှာ နွေးခနဲ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ချက်ချင်း ငုတ်တုတ်မတ်မတ် ဖြစ်သွားတာကို သူမက ဘာမှ မသိနားမလည်သည့်ပုံလေးနှင့် ကြည့်နေသေးသည်။

'မင်း တော်တော် မျက်နှာပြောင်တတ်တဲ့ မိန်းမပါလားဟင်'

ကိုယ့်အလှည့်ကျတော့ ယောကျ်ားတန်မယ့် ရန်တွေ့သည်ဖြစ်မှာ စိုး၍ အံကြိတ်ရင်း တိတ်တိတ်ပြောရသည်။

'မပြောချင်လို့ မပြောတာ မင်း မသိဘူးလား။ ကိုယ့်ဇယားနဲ့ကိုယ် မနေဘူး'

'ကိုယ့်ဇယားနဲ့မနေလို့ ရှင့်ကို မျက်ဝန်းက ဘာလုပ်နေလို့လဲ'

သူမက ထပြောတော့ တိုးတိုးသက်သာမရှိ။

'ဒီက တစ်လမ်းလုံး ကောင်းကောင်းပဲ ပြောခဲ့တာ၊ ရှင့်အပြော အဆိုခံပြီး ထမင်းစားဖို့ ဖွန်းတောင် အတင်းပေးပြီး ကူညီခဲ့သေးတယ်။ ဟွန်း ကျေးဇူးမတင် ဖင်...'

'ဟော့...'

'ဥပမာ ပြောပြတာ'

သူမမျက်နှာလေးက ကလေးဆန်ဆန် မဲ့ရွဲ့သွားလိုက်၊ စူထော်သွားလိုက်နှင့်။

'မင်း အဲဒီလိုပြောခွင့်ရအောင် လုပ်ခဲ့တာပဲမဟုတ်လား'

'စော်ကားပြန်ပြီ'

သူမ မျက်လုံးပြူးလေးနှင့် လှည့်လာတော့ မျဉ်းမတ် လန့်သွားသည်။ တစ်ခုခု ကြားမကောင်းအောင် အော်ကြီးဟစ်ကျယ် ထလုပ်ဦးတော့မည်။

'သုံးနာရီ ဆယ်မိနစ်'

နာရီကို အလျင်အမြန်ပြော၍ မျက်နှာလွှဲပစ်လိုက်ရ၏။ တကယ် ပဲ သူမအာက်ဏ တိတ်ကျသွားခဲ့၏။





ပြီးတော့ ကျောပိုးအိတ်ဖွင့်၍ ကျိုးကျိုးကြွပ်ကြွပ်သံတွေ ထွက် လာပြီး ဘာတွေ စားသောက်နေမှန်းမသိ။ သူ့ပါးစပ်ထဲ သူသွင်းတာ တိစ္စမရှိ။ အဖြူရောင် အမှုန့်တွေက မျဉ်းမတ်ဆီသို့ တလွင့်လွင့် ပျံ့ခဲ့ နေလေသည်။

'ဟိတ်'

သူခေါ်တော့ မျက်နှာလေး လှည့်လာသည်။ 'ဘာလဲ'ဟု အသံ မထွက်ဘဲ မေးဆတ်မေးသည်။

'မင်း စားကာသောက်တာ သူများ အနှောင့်အယှက်ဖြစ်အောင် စားနဲ့လေ။ ဒီမှာ ဘာဖြစ်နေလဲ နည်းနည်းပါးပါး လှည့်ကြည့်...'

'ဪ...'

ပါးစပ်ကလည်း ဝါးနေသည်။ ကိုင်ထားလျက်ရှိသည့် မုန့်ကို ပါးစပ်ထဲ ထိုးကြိတ်ထည့်ပြီး မုန့်ထုပ်ကို မြှောက်ပြ၏။

'ထည့်လိုက်ပြီ'ဆိုသော အမူအရာလုပ်ပြကာ မုန့်ထုပ်ကို သေချာ ပိတ်သပ်ပြီးမှ အိတ်ထဲ ပြန်ထည့်သည်။

ဒါတင်မကသေးဘဲ 'ဒီမှာနော် မရှိတော့ဘူး'ဟု ပြောကာ လက် ဖဝါးနှစ်ဖက်ကို ပွတ်သပ်ခါနေသေး၏။

ပါးနှစ်ဖက်လုံး ဖောင်းနေအောင် ဝါးနေတာကတော့ မပြီးနိုင် သေးပါ။ ထို့နောက် ဟိုရှာဒီရှာ လုပ်ပြန်၏။

'ရှင့်မှာ ရေရှိသေးလား'ဟု မေးလေသည်။

ပလုတ်ပလောင်းနှင့် လည်ပင်းနင်နေပုံ ပေါက်နေသောကြောင့် နှစ်ယောက်ကြားမှာရှိနေသော ရေဘူးကို 'ဒီမှာ မမြင်ဘူးလား'ဟု မမေး ဖြစ်တော့ပါ။

'ရော့'



www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင်ပဲ ကောက်ယူပြီး လက်ထဲ ထည့်ပေးလိုက်၏။ မယ်မင်းကြီးမလေးက ဝါးလက်စနှင့် ပြုံး၍ ကျေးဇူးတင်ကြောင်း ခေါင်းညိတ်ပြသေးသည်။

ရေသောက်မျိုချ၍ ပြီးစီးမှ ရေဘူးကို ပြန်ပိတ်ရန် နေရာမှာ ပြန်ချသည်။

'ဒီမှာ ရေဆာရင် ယူသောက်နော်။ မျက်ဝန်းက ပါးစပ်ထဲ လောင်းချတာ။ လုံးဝ မထိဘူး'

မျဉ်းမတ် ဘာမှပြန်မပြောဘဲ နေလိုက်သည်။ ဒီရေဘူးကို အစကတည်းက ထိတောင်မထိခဲ့တာ သူမ မြင်တာပဲဟာ။ အပိုတွေ။

'ဒါနဲ့ ရှင်က ရန်ကုန်ကို သွားမှာလား။ ရန်ကုန်သားလား'

နောက်ထပ် စပ်စု၏။

'သွားမှာ'

မျဉ်းမတ်က လှည့်မကြည့်ဘဲ ဖြေလိုက်သည်။ မျက်ဝန်းပုံစံက မျဉ်းမတ်ထံမှ ရှောရှောရှူရှူ ဖြေသံကြားလိုက်သဖြင့် အားတက်သရော ဖြစ်သွားပုံရှိကာ...

'ဟုတ်လား'

ကိုယ်ကို မတ်မတ်ပြင်ထိုင်ရုံမကဘဲ ဒီဘက်ကို တမင်တကာ လှည့်ထိုင်၍...

'ဒါဆို ဟိုမှာ တည်းစရာ ရှိတယ်ပေါ့။ ဘယ်မှာလဲ'

ဟု မေးမြန်းစပ်စုပြီးမှ လက်ဝါးလေး ကာ၍...

'စပ်စုတာမဟုတ်ပါဘူး။ မျက်ဝန်းတို့နဲ့ နီးသလားလို့ပါ။ ဘယ်မြို့နယ်ထဲမှာလဲ'

'မြောက်ဥက္ကလာ'





'ကောင်းတာပေါ့'

'ဘာ'

မျဉ်းမတ် တကယ် လန့်သွားခြင်းဖြစ်သည်။ သူမနှင့်များ နီးနီးနေရလျှင်

'မျက်ဝန်းနဲ့ နီးတော့မနီးဘူး။ ဒါပေမယ့် ကောင်းတယ်'

သူမ ဘာကိုဆိုလိုမှန်းမသိပေမယ့် မျဉ်းမတ် မျက်မှောင်ကြုတ်ကြည့်ရင်း ဘာမှ ထပ်မမေးဘဲ ခနေလိုက်၏။

'ရှင့်ကိုကြည့်ရတာ ဒီခရီး အစကတည်းက မျက်ဝန်းကို မကျေနပ် ဖြစ်လာပုံရတယ်'

ဘာမှပြန်မပြောဘဲ သူ မဲ့လိုက်တာကို မျက်ဝန်းက ခေါင်းညိတ်၏။

'ရှင် အဲဒီလောက် အူတိုအပြုံးထားတတ်မှန်း မသိလို့ပါ။ အတူတူထိုင်နေရပြီးတော့ တစ်ချိန်လုံး ရန်သူလိုပဲ။ အဲဒီလောက်ဖြစ်နေရင်လာ နေရာပြန်လဲမယ်'

ပဲခူးက ထွက်လာတော့မှ...။

မျဉ်းမတ်သည် ဘယ်လိုသတိမှတ်၍ ဒေါသထွက်ရမှန်း မသိလောက်အောင် ကြောင်တောင်တောင် ဂေါက်တောက်တောက်တွေလာပြောနေသည့် မျက်ဝန်းကို နားရင်းပါးရင်း ထအုပ်ပစ်ချင်သောမျက်လုံးများဖြင့် ကြည့်မိလေသည်။

သက်သက်ကြီး မရမက ရအောင်ယူခဲ့တော့လည်း သူမ။ ရန်ကုန်ရောက်ခါနီးမှ ရော့ပါ ယူပါနှင့် ပြန်ပေးတော့လည်း သူမပဲ ဖြစ်သည်။ ပြောပုံက ကြည့်ဦး။

'ရှင့်လို အူတို အပြုံးထားတတ်တဲ့သူ'တဲ့။ သူများအကြောင်း မကောင်းပြောနေတာကိုလည်း မလုံမလဲ အားနာပါးနာဖြစ်ပုံမရှိ။



www.burmeseclassic.com

www.burmeseclassic.com



'လာ လဲမယ်လေ။ မျက်ဝန်းက စိတ်ချလက်ချ အိပ်ချင်လို့ ဒီဘက်
မှာ ကပ်နေချင်တာ။ အခု အိပ်ရေးဝပြီ'

ဟု ပြောပြန်၏။ အစကတော့ အန်တတ်လို့ပါဟု ပြောခဲ့တာ
မေ့ပြီထင်သည်။

'ခင်ဗျားပဲ နေပါ။ မလဲတော့ဘူး။ ကြိုက်သလိုနေ'

'ရှင် ကျေနပ်သွားပြီလား'

'မကျေနပ်တော့ ဘာလုပ်မလို့လဲ။ ပါးတစ်ဖက် ထိုးပေးမလား'

'ဘာ... ရှင် ဘာပြောလိုက်တယ်'

'မ...မဟုတ်ဘူး'

ကိုယ့်စကားတွေ ချွတ်ချော်ကုန်တာကို ကားတစ်စီးလို ဘရိတ်
အုပ်လိုက်ဖို့ မလွယ်။

'မင်းကို နားရင်းအုပ်ပစ်ချင်စိတ်တွေ ဖြစ်နေလို့ မှားသွားတာ
မင်း ထင်သလို မဟုတ်ဘူး'

'ဩော်... ရှင်က မျက်ဝန်းကို ပိတ်ထိုးချင်နေတာကိုး'

'ကျွတ်'

တစ်ခုက ပိုဆိုး၍ တစ်ခုကို ဝန်ခံလိုက်ရသည်။ မျက်ဝန်းက
ဝမ်းနည်းသွားလိုလေးဖြစ်သွားပြီး မျက်လွှာချ၏။

ဆောရီးဟု ပြော၍ တောင်းပန်မလို့ ပါးစပ်ပြင်မိသေးသည်
ဒါပေ မယ့် ဒီတိုင်းနေတာက ပိုကောင်းမည်မှန်း တွေးမိသောကြော
တိတ် တိတ်ပဲ နေလိုက်မိ၏။

ရန်ကုန်ဘူတာကြီးမှာ ရထားဆိုက်တော့ ည ခုနစ်နာရီ။ဘူတာ
ထဲမှာပဲ မျှဦးမတ်က လက်ဖက်ရည်ဆိုင်ထဲ ဝင်ခဲ့၏။

ကိုယ်လာခဲ့သည်က ဟိုအခေါက်တွေကလို ခဏတဖြုတ် မဟုတ





သော့။ တည်းခိုနေကျ သူငယ်ချင်းအိမ်ကလည်း သူ့မိသားစုနှင့်သူ။
လရောင် အပါအဝင် မောင်နှမတွေချည်းပဲ လေးယောက်။ အဲဒီထဲမှာ
လရောင်က ဒုတိယသားဖြစ်သည်။

အကြီးဆုံးနှင့် အငယ်ဆုံးက အိမ်ထောင်တွေ ကျကုန်ကြပြီ ဖြစ်
သမယ့် အိမ်မှာ အဝင်အထွက်မပျက်သလို လရောင်နှင့် သူ့ညီမက
သည်း အိမ်မှာ သင့်မြတ်ကြတာ သိပ်မရှိ။ ထိုအခါ အဖေနှင့်အမေက
ချပြီဆို လရောင်...။

လရောင်ကိုဆူလျှင် အိမ်မကပ်တာကော၊ အဆိုတော်ယောင်
ယောင်၊ သီချင်းဆရာယောင်ယောင် ဆိုသည့် စကားတွေက မပါမပြီး။

ဘာပဲဖြစ်ဖြစ် ပျဉ်ထောင်အိမ်မြင့်ကြီးမှာ လရောင်က နောက်ဖေး
တစ်ခြမ်းလုံး သူ့နေရာလုပ် ယူထားတာမို့ သူငယ်ချင်းနှစ်ယောက်
အခန်းထဲဝင် တံခါးပိတ်နေလိုက်ရင် ပြီးပြီ။

'ဘာမှမပူနဲ့ ဟိတ်ကောင်။ မေမေတို့က ငါ့ကိုဆူတာ၊ မင်း မပါ
ဘူး'ဟုလည်း အားပေးတတ်သေးသည်။ တကယ်ကျတော့လည်း
လရောင် မိဘတွေက သဘောထား မဆိုးလှပါ။

သိမ်းကျုံးပြောရင်း စောင်းမြောင်းပြောတာ မဟုတ်ပေ။ သားကို
ဆူချင်တိုင်းဆူပြီး သူ့ကို တစ်ဖက်က လာတောင်းပန်သည်။

'လွတ်လွတ်လပ်လပ်နေနော် မျှဦးမတ်။ မင်းနဲ့ မဆိုင်ဘူးကွ။
ငါ့တောင်က တကယ်လွန်တာ။ အခု မင်းရှိလို့ မဟုတ်ရင်လဲ အိမ်
ကပ်တာမဟုတ်ဘူး။ ပြီးတော့ မင်းတို့လို ဝါသနာကြီးပြီး တစ်နယ်
တစ်ကျေး ကနေ စွန့်စားလာတာမျိုးမဟုတ်ဘူး။ အဖော်ကောင်းရင်
ဘယ်ဖြစ်ဖြစ် လိုက်မယ့်ကောင်။ ရည်ရွယ်ချက် မရှိဘူး'

ဟု ရှင်းပြတတ်၏။ လရောင်ကလည်း ဝန်ခံသည်။



www.burmeseclassic.com

www.burmeseclassic.com



'စိတ်ဓာတ်ပြင်းထန်တဲ့လူတွေက ပါရမီကွ။ ငါမှ ပါရမီမရှိတာ။ ကိုယ့်ကိုယ်ကိုလည်း မေးကြည့်တာပဲ။ ဘာလုပ်မလည်းလို့လေ။ ဘာမှမဖြေ ဘူး။ မလုပ်ချင်တာကို ဘယ်လိုလုပ် ဖန်တီးမလဲ' တဲ့။

လရောင်အကြောင်း တွေးမိတော့ လက်ဖက်ရည်တောင် မျို မကျတော့ပေ။ ဝါသနာတူချင်းမို့ ဖွဲနုပဲနှင့် လက်တွဲကြိုးစားကြည့်ရရင် အကောင်းသား။

ခုတော့...

ဘယ်လိုပဲတွေးတွေး လရောင်နှင့် သွားမနေသင့်တော့ဘူး ဆိုသည့် အဖြေပဲ ထွက်၏။ သို့သော် လောလောဆယ် ကိုယ့်မှာလည်း တိုင်ပင်ဖို့၊ ဆွေးနွေးဖို့ သူပဲရှိသည်။

လက်ဖက်ရည်တစ်ဝက်ကို ကပျာကယာ မော့လိုက်ပြီး ပိုက်ဆံ ရှင်းခဲ့သည်။ လရောင်ဆီကို ဖုန်းဆက်လိုက်ပြီး ဒီဘက်လှည့်တော့...

'ဟင်...'

သူ အံ့သြသွား၏။ ဘူတာထဲမှာလည်း ဘယ်သူမှ မရှိတော့ဘဲ မျက်ဝန်းဆိုသည့် မိန်းကလေး ရှိနေတုန်း။

'ရှင့်ကို လာကြိုမှာလားဟင်'

သူ့ရှေ့မှာ လာရပ်ပြီး မေးတော့ ခေါင်းညိတ်လိုက်ပြီး...

'မင်းက ဘာလုပ်နေတာလဲ'

'ပြန်မှာလေ။ ဟို... ကားငှားဖို့ဟာ ကားခ ဈေးကြီးလွန်းလို့'

'အဲဒါ ဘာဖြစ်လဲ'

'ရှင်နဲ့စပ်တူ ငှားရင် ရှင်ကော မျက်ဝန်းကော သက်သာတာပေါ့။ မြောက်ဥက္ကလာဆို'

'မင်းက ဘယ်ကိုလဲ'





'မြောက်ဒဂုံလေ။ ဟိုဘက်ကို ဆက်ငှားရင် သိပ်မများတော့ဘူး'

မျဉ်းမတ်က တန်းလန်းဆွဲထားသည့် ကျောပိုးအိတ်ကြီးကို ပခုံး ပေါ် လွှဲမတင်လိုက်၍...

'တို့က ညသည် စောင့်ရဦးမှာ။ ပြန်ရင်လဲ လိုင်းကားနဲ့ပဲ။ ဘားမငှားဘူး'

'ရှင်ကလဲ ကပ်စေးနဲပြန်ပြီ။ ဒီအချိန် ကားက ကျပ်ကကျပ်နဲ့'

'အဲဒါ မင်းနဲ့ မဆိုင်ပါဘူး'

'ကားငှားရအောင်ပါရှင်။ သိပ်မကျူပါဘူး။ မသကာ နှစ်ထောင်စီ ပေါ့'

'နှစ်ရာပဲ ပါတယ်'

တမင် ရွှဲပြောလိုက်သည်။ မျက်ဝန်း 'ဟယ်'ခနဲ ဖြစ်သွား၏။

'မဟုတ်ဘဲနဲ့'

ဟု စေ့စေ့ကြည့်၍ ပြောတော့ နောက်ထပ် ရွှဲဖို့စကားက မထွက် တော့ဘဲ ဖြစ်သွားခဲ့၏။

မျဉ်းမတ် ဘာမှမပြောတော့ဘဲ အုတ်ခုံတွေရှိသည့်ဘက်ကို လှည့် ထွက်လာခဲ့သည်။ သူမက ပါလာတာပဲဖြစ်၏။

ထိုနေရာမှာ နည်းနည်းမှောင်ရိပ်ကျ၏။ သူ ထိုင်မလို့လုပ်ပြီးမှ မထိုင်ဖြစ်။

'ဘာလိုက်လုပ်တာလဲ'

'လိုင်းကားပဲ စီးတော့မယ်'

မျက်ဝန်းက သူနှင့် ခပ်လှမ်းလှမ်း အလင်းရောင်များသည့် နေရာ မှာ ရပ်လိုက်သည်။ လည်ပင်းလေးရှည်၍ ဟိုဒီ ကြည့်နေပုံကလည်း စိတ်စောနေသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



'မင်းက ရန်ကုန်က မဟုတ်ဘူးလား။ ရထားပေါ်မှာ ပြောတုန်းကတော့...'

'မျက်ဝန်းမှာ အကြောင်းရှိလို့ပါ။ ရှင် သိလဲ ဘာမှ မထူးနိုင်ဘူး။ ဒါနဲ့ လိုင်းကားတိုးစီးမှာ ဆိုပြီး ရှင်က ဘာကို စောင့်နေတာလဲ'

'တို့မှာလည်း အကြောင်းရှိလို့ပေါ့။ အကောင်းဆုံးက မင်းကိုယ့်အစီ အစဉ်နဲ့ကိုယ် သွားဖို့ပဲ'

'ဘာဖြစ်လို့လဲ၊ မျက်ဝန်းက ရှင့်ကို ထမ်းခေါ်ပါလို့ နိုင်းနေလို့လား'

မျဉ်းမတ် စိတ်တိုရပြန်ပြီ။ ဒါပေမယ့် ဘာမှ မပြောဖြစ်လိုက်ပါ။

'မျက်ဝန်းရေ...'

'ဟယ် ကြွေရုပ်'

အစိမ်းရောင်ဂျာကင်ပါးလေးနှင့် မိန်းကလေးက လှမ်းခေါ်ရင်း လက်ပြ၏။ မျက်ဝန်း ဝမ်းသာအားရ လက်နှစ်ဖက်စလုံး မြှောက်ယမ်းခုန်ပေါက်ကာ ပြေးသွားလေသည်။

သူ့ကို လှည့်ကြည့်ဖော်ပင်မရ။ မျဉ်းမတ် ပြုံးလိုက်မိသည်။ ကံကြီးပေလို့။





## အခန်း(၆)

'ဒီအိမ်ပဲ မျဉ်းမတ်'

မေးဆတ်ပြသည့်အိမ်ကို ကြည့်တော့ ပျဉ်ထောင်နှစ်ထပ်အိမ်လေးပဲ ဖြစ်ကာ တစ်ဆယ့်ငါးပေလောက်ပဲ ကျယ်လိမ့်မည်။ ပတ်ဝန်းကျင်အိမ်တွေထဲမှာ အကောင်းဆုံးဟု သတ်မှတ်လို့ရသည်။ ပျဉ်တိုင်တွေနှင့် ခြံခတ်ထားသဖြင့် မကျယ်ပေမယ့် လုံလုံခြုံခြုံရှိသည်။

အိမ်ရှေ့မှာ ကျောက်ကန်လေးတစ်ကန်နှင့် ရေငုတ်က လက်နှင့်နှိပ်ရမည်ဖြစ်သည်။ မကောင်းတာတစ်ခုက အိမ်ထဲကနေ အိမ်ပြင်ထွက်ဖို့အတွက် ခြေနင်းစရာမရှိခြင်းပင်။

မည်းမည်းအဖတ်တွေနှင့် ခပ်မို့မို့ကုန်းမြေလေးဟာ ရွှံ့ဗွက်တွေပတ်လည်ဝိုင်းနေသဖြင့် နင်းလိုက် တာနှင့် ခြေထောက်နစ်သွားမှာသေချာသည်။

သူ သေချာကြည့်နေတာကို လရောင်က ရယ်ကျဲကျဲနှင့် စောင့်ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပျက်သွားစေချင်လို့ မျှဉ်းမတ်ကို သူ တမင်တကာ ဒီလိုနေရာကို ခေါ်ပြတာဖြစ်သည်။

တကယ်ဆို ဒီလောက်ထိ ရှက်လွှင့် ဖို့ လိုသလား။

မော်လမြိုင်မှာလည်း ကိုယ့်စီးပွား ကိုယ့်အိမ်ရာနှင့်။ မိဘလုပ်ငန်းကို အစ်ကိုဖြစ်သည့်သူက ဦးစီးနေတာ မှန်ပေမယ့် ကိုယ်လည်း ပိုင်တာပဲ။ ညီအစ်ကိုနှစ်ယောက် ညီညီညွတ်ညွတ် ကြီးစားသွားလို့ရသည်။ ဒါမှမဟုတ် ရန်ကုန်မှာပဲ နေချင်တယ်ဆို သူ့ရှိတာပဲ မဟုတ်ဘူးလား။

‘ငါ့ကို အိမ်ရှင်နဲ့ ညှိပေးကွာ။ တစ်အိမ်လုံးတော့ မယူနိုင်ဘူး။ အပေါ်ထပ်ဖြစ်ဖြစ်၊ အောက်ထပ်ဖြစ်ဖြစ် လိုချင်တယ်။ သူခေါ်တဲ့ စပေါ်ကို တစ်ဝက်ပိုင်းမှာ မဟုတ်ဘူးလို့။ ငါ့မှာ ရှိသလောက် တင်ထားမှာလို့’

‘ဟ… မင်းက တကယ်လား’

မျှဉ်းမတ် ခေါင်းညိတ်လိုက်တော့ ပြပေးမိတာ မှားပြီဟု တွေးမိလေသည်။ ငါ့အိမ်မှာ နေပါပြောလည်း ဘယ်လိုမှမရ။

အရင်လိုပဲ မော်လမြိုင်နှင့်ရန်ကုန် သွားလာရင်း ကိုယ့်ဝါသနာကို မွေးမြူဖို့ ပြောတာလည်း နားမထောင်။

‘အားလုံး ကိုယ့်အသိုက်အမြုံနဲ့ကိုယ် ဖြစ်ကုန်ကြပြီကွာ။ ငါ့ကြောင့် ပြောစရာတွေ မဖြစ်စေချင်ဘူး’ ဆိုတာကိုပဲ ဖွတ်ပြောနေခဲ့သည်။

ကိုယ့်ဆီမှာ မနေချင်တာက သူ့စိမ်းတွေမျက်နှာကြောင့် ထားပါတော့။

မိဘအိမ်ကိုတောင် မနေချင်တာကတော့ သဘာဝမကျပါ။





အစ်ကို မိန်းမယူတာနှင့် ကိုယ်က လမ်းပေါ် ရောက်ရတာ တရားသလား။ ဘယ်လိုတွေးတွေး လရောင်ကတော့ မျှဉ်းမတ် တစ်ယူသန်နေတာလို့ပဲ ထင်သည်။

‘ပတ်ဝန်းကျင်ပတ်လည်မှာ ကန်စွန်းခင်းလေးတွေ ဖြစ်နေတာကို ငါ သဘောကျတယ်ကွ။ လမ်းတွေမကောင်းတာ၊ ဗွက်ဖြစ်တာက ပြဿနာမရှိပါဘူး’တဲ့။

မျှဉ်းမတ်က အိမ်ရှင်ဆီ ရောက်အောင် ဖွတ်သွားသည်။ တားမရသဖြင့် လရောင်ကိုယ်တိုင် လိုက်ပို့ရတော့သည်။

အိမ်ရှင်က ဒီမှာမဟုတ်ပါ။ လမ်းမကြီးဘက်မှာ တိုက်နှင့်ခြံနှင့် နေသော အမျိုးသမီးကြီး ဖြစ်၏။

‘ဘယ်နှစ်ယောက် နေမှာလဲ။ ကလေးတွေနဲ့လား’

စသဖြင့် ဒီကအဖြေကိုမစောင့်ဘဲ မေးချလိုက်တာ လရောင် မျက်နှာ ရှုံ့မဲ့သွားကာ မျှဉ်းမတ်က ရယ်သည်။

‘ဒီလိုပါ အန်တီ’

‘ငါ့နာမည် မမမျိုး’

‘သြော် ဟုတ်ကဲ့ မမမျိုး’

သူ့ကို အန်တီခေါ်တာ မကြိုက်သော မျက်နှာတ ပို၍တင်းသွားသည်။ ပုံစံက ကာစ်ကာစ်တို့လို ခပ်ဖိုင့်ဖိုင့် အသားညိုညို။

မျက်နှာပေါက်ကလည်း ဆိုးပါသည်။ ယောက်ျားတွေ ဝင်လာတာ မြင်ကတည်းက တင်းသွားသည့်မျက်နှာဟာ ပို၍သာဆိုးသည်။ နည်းနည်းမှ ပြုံးရယ်တာမရှိ။

ဒါကြောင့် ပြောကြတာ ဖြစ်မည်။ အိမ်ငှားမလို့ အိမ်ရှင် ဘယ်မှာလဲ စုံစမ်းတော့ ပတ်ဝန်းကျင် တစ်ယောက်စ၊ နှစ်ယောက်စက ပြုံးစိစိ။



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီမှာ နေမယ်ဆို အပျိုကြီးနဲ့ တည့်မှဖြစ်မယ်'

ဆိုတာလောက်ပဲ ပြောကြတာပေါ့။ ဒါပေမယ့် အခုတော့ သူတို့ သိသွားပါပြီ။ ပြောကြည့်လိုက်တော့ ချက်ချင်းပဲ ခေါင်းခါ၏။

'မဖြစ်နိုင်ဘူး။ နှစ်ထပ်ကို တစ်ဦးစီငှားတော့ နှစ်ဦးဖြစ်မယ်။ လူနှစ်ဦးက ပါလာမယ့် အစွယ်အပွားတွေနဲ့ဆိုရင် စကားတွေ ပိုများရမှာပဲ'

'မဟုတ်ပါဘူး။ အစွယ်အပွား ဘာမှမပါဘူး။ ကျွန်တော့်သူငယ်ချင်းက လူပျိုပါ။ သူတစ်ယောက်တည်းမို့လို့ တစ်အိမ်လုံးကြီးက ကျယ်နေတာ။ အထူးသဖြင့် ညအိပ်ရုံလောက်ပဲ နေဖြစ်မယ့်သူပါ အန်တီ၊ အဲ... မမမျိုး'

လရောင်က စကားများတာကို မသိမှုသော မဖြစ်ဘဲ ပြုံးစိစိနှင့် လည်ချောင်းရှင်းလိုက်သေးသည်။

အပျိုကြီးမြင်မှာစိုးသဖြင့် မျိုးမတ်က ခြေထောက်နှင့် လှမ်းတို့ရသည်။

'တစ်ကိုယ်ရေသမားပါ။ ပရိဘောဂပစ္စည်းလဲ ဘာမှမပါဘူး ဆိုတော့...'

'အဲဒါတွေ မပြောနဲ့လေ။ ခင်းတို့ကို အိမ်ငှားလိုက်ပြီ ဆိုကတည်းက မအိပ်ဘဲ မတ်တတ်နေမှာပါ ပြောလဲ ဘာမှမထူးဘူး။ ဒီလိုပဲ တစ်ယောက်တည်းပါ၊ တစ်ဝဲ့တည်းပါနဲ့၊ ပြီးတော့ မိန်းမဘက်က ဆွေမျိုးနဲ့ လင်ဘက်က အတွဲလိုက်ပါလာတာတွေက ရှိသေး။ ငါတို့က ငှားပြီးပြီဆိုတော့ ဒီတိုင်းပဲ ကြည့်နေကြရတာ'

အပျိုကြီးက အခေါ် မှဆိုးမတစ်ယောက်နှင့်နေတာမို့ ယောကျ်ားတွေဆိုကတည်းက ကြည်ကြည်လင်လင်မရှိခဲ့တာ ဖြစ်သည်။





နောက်ဆုံး ငွေမပြည့်လို့ပါလို့ တောင်းပန်တာတောင်မှ ခေါင်းခါမပျက်။

'ကိုယ့်ငွေနဲ့ အဆင်ပြေမယ့်အိမ်ကိုပဲ သွားရှာပါ။ ဒီမှာကတော့ ရေနဲ့မီးနဲ့ လုံလုံခြုံခြုံ၊ သူ့ဈေးနဲ့သူ ပေးရမှာပဲ။ အထူးသဖြင့် ငါတို့က အနားမှာ စောင့်ကြည့်နေနိုင်မှာ မဟုတ်ဘူး။ အိမ်တစ်လုံးလုံးကို သူများလက်ထဲ ပုံအပ်ထားရမယ့်ကိစ္စ။ ကိုယ့်အိမ်ကိုယ့်ရာလို သဘောထားပြီး နုနုရွရွ ပြင်ဆင်နေထိုင်တဲ့ အိမ်ငှား ဘယ်မှာ ရှိဖူးသလဲ'

မသက်ဆိုင်သော စကားတွေကို အောင့်အည်း နားထောင်ရင်း လရောင်ကတော့ ဆပြန်ချင်နေသည်။

ငှားမှာလား၊ မငှားဘူးလား ဒါပဲပေါ့။

ပြီးတော့ မျိုးမတ်။

မရရင် လှည့်ပြန်ရုံပဲဟာ အပျိုကြီးဆီက သနားကြင်နာမှုကို မျှော်လင့်နေသေးသလား။

'အိမ်ငှားတွေက အိမ်ငှားပီသတယ်။ ဒီနေရာစား၊ ဒီနေရာပါ။ အမှိုက်ချတာ၊ ရေသုံးတာက အစ စည်းကမ်းမရှိတော့ ညစ်ပတ်ရော။ ညစ်ပတ်တော့ ကြွက်ပေါတာပေါ့။ အိမ်တစ်အိမ်ဟာ တံရွှာန်ဖျက်ရင် ပြိုတာပဲ။ ပစ္စည်းပျက်စီးတော့ ကြမ်းတစ်ချောင်းကျိုးလဲ အိမ်ရှင် လာပါဦး။ သံတစ်ချောင်းကျွတ်လဲ လာလုပ်ပေးပါနဲ့'

'အဲဒီအတွက် ဘာမှမပူပါနဲ့။ ဘာမှလဲ မပျက်စီးစေရဘူး။ မကျေနပ်ရင် စာချုပ်ထဲမှာ ထည့်ချုပ်ပေးပါ့မယ်'

လရောင်က ခပ်ငေါ့ငေါ့ ဝင်ပြောတော့ အပျိုကြီးမမက မျက်စောင်းကြီး ရွယ်လာ၏။

'အဓိပ္ပာယ်မရှိတာကို လုပ်စရာလား။ မဖြစ်ပါဘူး။ လူတောင်း



www.burmeseclassic.com

www.burmeseclassic.com



တာကအစ လာမပေးရင် လိုက်တောင်းရတာ ယောကျ်ားလေး ဖြစ်နေရင် ဖယားရှုပ်တယ်'

ဖြစ်ရလေ သူ့ပုံစံကြီးကိုများ။ မျိုးမတ် ပါးကုတ်နေတာကို အမြင်ကတ်ကတ်နှင့် ကြည့်မိရင်း လရောင် နှာခေါင်းရှုံ့ပွပွ ဖြစ်နေလေသည်။

'ကြီးကြီးရေ ကြီးကြီးကို ဟိုနေ့က လာပြောတဲ့ ကောင်မလေးတွေဆိုတာ ဒီနေ့ ချိန်းထားတာလား'

ခပ်လှမ်းလှမ်းမှာ ပဲရွေးနေသည့် မျက်မှန်နှင့် အဒေါ်ဖြစ်သူကို လှမ်းမေးသည်။ အဒေါ်က လှည့်ကြည့်ပြီး ခေါင်းညိတ်ပြ၏။

'အေးလေ မနက်က လာမယ်ပြောတာပဲ'

အပျိုကြီးက 'ကြားလား'ဆိုသည့် မျက်နှာနှင့် သူတို့ဘက် ပြန်လှည့်၍...

'မိန်းကလေးနှစ်ယောက်ကလဲ လာပြောထားသေးတယ်။ မင်းတို့ တခြားအိမ် ရှာလို့မရသေးရင်တော့ မနက်ဖြန် ဖုန်းလှမ်းဆက်လေ'

'သူတို့ မယူမှ ကျွန်တော်တို့ ရမှာလား'

လရောင်ကပဲ ဝင်မေးသည်။ အပျိုကြီးကလည်း လရောင်ကို သိပ်ကြည့်လင်ပုံ မရှိဘဲ မျက်မှောင်ကြုတ်ကြည့်၏။

'သူ နေမှာလား၊ မင်း နေမှာလား'

'သူ နေမှာပါ။ ဒါပေမယ့် ဒီနေရာကို ကျွန်တော့်အဆက်အသွယ်နဲ့ သူ့ကို လိုက်ပြတာ ဆိုတော့ ကျွန်တော်က ခေါင်းဆောင်...'

လရောင်ကလည်း မျက်နှာကို မော့ထား၏။ အပျိုကြီး သိပ်မကြည့်ဘဲ မျက်နှာပြန်လွှဲကာ...





'အဲဒါက ပြောလို့မရဘူး။ သိချင်ရင် မနက်ဖြန်...'

သူမ စကားဆုံးအောင် မပြောလိုက်ရဘဲ မျက်လုံးတွေက တံခါးဝမှာ စူးစိုက်သွား၏။

'မမ ဝင်ခွင့်ပြုပါနော်'

နောက်က မိန်းကလေးသံကြောင့် လရောင်နှင့်မျိုးမတ်တို့ လှည့်ကြည့်လိုက်မိကြ၏။

'ဟင်'

လရောင် မသိပေမယ့် မျိုးမတ်နှင့် သူမ မျက်လုံးချင်းဆုံလိုက်တာနှင့် တအံ့တသြတွေ ဖြစ်ကုန်ကြ၏။

'ရှင်က...'

ဟု စလိုက်သေးသည်။

ပြီးမှ အခြေအနေကို တွက်မိသွားပုံရကာ မျက်ဝန်းက မျက်နှာပြန်လွှဲပြီး အပျိုကြီး၏ ဘေးတစ်ဖက်က ကုလားထိုင်မှာ ထိုင်လိုက်၏။

သူမဘေးမှ မိန်းကလေးတစ်ယောက် အဖော်ပါလာသေးတာက အစ ကိုယ့်အဖြစ်နှင့် တိုက်ဆိုင်စွာ တူနေတာကို အံ့သြမိတာတော့ အမှန်ပင်။

အပျိုကြီးက ထိပ်ဆုံး တစ်ယောက်ကုလားထိုင်မှာ ထိုင်လျက် တစ်ဖက်တစ်ချက်တွင် နှစ်ယောက်စီ အတွဲညီနေကြသည့် သူတို့ကို ဝေ့ဝဲကြည့်လိုက်သေးသည်။

အိမ်ငှားချင်ကြသည့် လေးယောက်အဖြစ်ကို သူမလည်း အံ့သြနေပုံပေါ်ကာ နောက်ထပ် တိုက်ဆိုင်တာတစ်ခုက တစ်အိမ်လုံး တစ်ဦးတည်းငှားဖို့ကို ဘယ်သူမှ မတတ်နိုင်ကြခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုဆိုလဲ အဆင်ပြေတာပဲကွယ်။ တစ်ယောက်တစ်ထပ် ယူလိုက်ပေါ့'

ကြီးကြီးဆိုသည့် အဒေါ်လုပ်သူက ထလာပြီး အနားမှာ လာရပ်သည်။

တူမ အပျိုကြီးက ငုံ့ကြည့်၍...

'သူတို့နှစ်ဦး ပေါင်းတာတောင် မိသားစုတစ်စု မရှိပါဘူးအေ။ နှစ်ဦးငှားရမယ်လို့ ညည်း မသတ်မှတ်နဲ့ပေါ့။ သူတို့လဲ အဆင်ပြေမယ်၊ ညည်းလဲ တစ်အိမ်လုံး ငှားပြီးသား ဖြစ်တာပေါ့'

အပျိုကြီးက စဉ်းစဉ်းစားစား ဖြစ်လာတော့ မျဉ်းမတ်က ခေါင်းခါ၏။

'ဒါဆိုလဲ နေပါစေတော့၊ ကျွန်တော် မှုယူတော့ဘူး'

'ကောင်းတယ်'

လရောင်က အသံထွက်ပြောပြီး ချက်ချင်း ထရပ်လိုက်သည်။ ဒီလောက် ဇီဇာကြောင်တဲ့အိမ် ဘာလုပ်မှာလည်း။

'အို... ရှင်ကလဲ နေပါဦး'

မျက်ဝန်း ပျာပျာသလဲ တားဆီး၍...

'ဘာဖြစ်လို့လဲဟင်။ ဒီအစ်မက တစ်အိမ်လုံး ငှားနိုင်မှ ငှားမှာ။ ရှင် မနေဘူးဆိုရင် မျက်ဝန်းလဲ ရတော့မှာမဟုတ်ဘူး'

'မရရင် မနေနဲ့ပေါ့။ ငါက တစ်ယောက်တည်း အေးအေးဆေးဆေးနေချင်လို့ ဒုက္ခခံပြီး ပြောနေတာ'

'အံမယ် ဒီကလဲ မိန်းကလေးတစ်ယောက်တည်းနေမှာ။ ဘယ်သူက ရှင့်ကို ပူပူလောင်လောင် လုပ်နေမှာမို့လို့လဲ။ ကောက်ညှင်းက မစေးရဘူး၊ ဆန်ကြမ်းက စေးနေသေးတယ်'





မျက်ဝန်းက ပြောတာမဟုတ်ပါ။ သူမဘေးက အဖော်ပါလာသည့် ခန္ဓာကိုယ်တိုတိုလေးနှင့် ပိန်ရှည်ရှည် မချောလေးပဲ ဖြစ်သည်။

သူ့အဖော်က ပြောတော့ လရောင်ကလည်း ဝင်ပါလာ၏။

'ကောက်ညှင်းဖြစ်ဖြစ်၊ ဆန်ကြမ်းဖြစ်ဖြစ် စေးလို့ရတယ်။ ဆန်သစ်တွေ မင်း မစားဖူးဘူးလား။ စေးလိုက်တာမှ ကောက်ညှင်းထက် ပိုသေးတယ်'

'အဲဟာ ယောက်ျားတန်မယ့် ရန်တွေ့နေလိုက်...'

'ပြောပြတာလေ'

'ရှင့်ကို မပြောဘူး'

'ဘယ်သူ့ပြောပြော ဆိုင်တယ်။ မင်းသူငယ်ချင်းအတွက် မင်း ပြောသလို ဒီကောင့်ကိစ္စက တို့ကိစ္စပဲ'

'တော်ကြပါတော့၊ ဒုက္ခပါပဲ'

ပါးစပ်ပြင်နေရင်း ဘာမှမပြောရဘဲဖြစ်နေသဖြင့် မျက်ဝန်း ခေါင်းလေးကုတ်၍ ဝင်တားမိသည်။

နာမည်တောင် မသိသေးပေမယ့် ဒီပုဂ္ဂိုလ်နှင့်သူမ ရထားပေါ်မှာကတည်းက ပြေပြေလည်လည် ဆုံစည်းခဲ့ကြတာ မဟုတ်။

'ရှင်ကလည်းရှင် တစ်ယောက်တစ်ထပ်နေကြမှာဥစ္စာ။ ဘယ်သူကမှ ဘယ်သူ့ကိုမှ နှောင့်ယှက်စရာမလိုဘူး။ ဒီမှာပဲ နေရအောင်ပါ'

မျဉ်းမတ်က ခေါင်းခါလေ ဘေးက ပိန်ပိန်မချောက မခံမရပ်နိုင်ဖြစ်နေ၏။

'တခြားမှာရှာလည်းရပါတယ် မျက်ဝန်းရယ်။ ဒါမှမဟုတ် ဒီမမကိုပဲ ပြောကြည့်ပါဦး။ နင်က မိန်းကလေးတစ်ယောက်တည်းနေမှာ ထည့်စဉ်းစား'



www.burmeseclassic.com

www.burmeseclassic.com



မျဉ်းမတ်တို့ နှစ်ယောက်ကို တည့်တည့်ကြည့်ပြောလိုက်သဖြင့် မျက်ဝန်း စိတ်ညစ်ရတဲ့အထဲ ရှုံးချင်သွားသည်။

'ကဲ မျဉ်းမတ်၊ မင်း မငှားတော့ဘူး မဟုတ်လား၊ ထလေ'

မျဉ်းမတ် ခေါင်းညိတ်ပြီး ထရပ်လိုက်သည်။

'ဒီမှာ...'

မျက်ဝန်းက ထလိုက်တော့မလိုဖြစ်သွားတာကို ပြန်ငုံ့ကြည့်မိစဉ် မျဉ်းမတ် စိတ်မကောင်းဖြစ်သလိုလိုတော့ ဖြစ်သွားမိ၏။

တခြားအိမ်ငှားချင်းနေရမယ်ဆိုလည်း ပြဿနာမရှိပါ။ သူမကို မြင်လိုက်လို့ မနေချင်သည့်စိတ်တွေ ပေါက်ကုန်တာဖြစ်သည်။ ဒီ လောက် တိုက်ဆိုင်နေတာကိုလည်း မကျေနပ်။

သူမ စပ်စုတတ်တာကိုကော၊ သွက်လက်ရဲတင်းတာကိုကော သူ ကြည့်လို့မရ။

ခုကျတော့လည်း ကိုယ့်ကြောင့် သူမ ပဲ့ထွက်ရတော့မှာမို့ စိတ် တော့မကောင်း။

'မျဉ်းမတ်'

အပြင်ထွက်လာကြတော့ လရောင်က မေး၏။

'အဲဒီတစ်ယောက်နဲ့ မင်း သိနေကြတယ်မဟုတ်လား။ ဝင်လာကြ တုန်းက ကောင်မလေးက မင်းကို နှုတ်ဆက်လိုက်သလားလို့'

'အင်း ရထားပေါ်မှာ တစ်ခုံတည်း ထိုင်ခဲ့ကြတာ'

'ဖြစ်ရမယ် အပွန်း'

လရောင်က ရယ်သည်။

'ဇာတ်လမ်းဖြစ်ရင်တော့ မဆိုးပါဘူး။ ကောင်မလေးက တော် တော်လှသား။ ဟို ဂျပိန်မနဲ့တော့ တခြားစီ'





နှစ်ယောက် အတူလျှောက်ခဲ့ကြစဉ် လမ်းထိပ်ရောက်တော့ ဆိုင်ပင်ကြပြန်သည်။

'မင်း ပြန်ချင်ပြန်လေ၊ ဒီနားမှာ ငါ အိမ်စုံစမ်းဦးမယ်'

'မဖြစ်မနေ မင်းလုပ်တော့မယ်ဆိုလဲ လုပ်ကွာ။ ငါက ဘာလို့ ပြန်ရမှာလဲ'

လရောင်က လက်ဖက်ရည်ဆိုင်ထိုင်ဖို့ ဆိုင်ဘက်ကို လှည့်ကြည့် လိုက်စဉ် လမ်းထဲသို့ မျက်လုံးက ခြေရှည်ရောက်၏။

'မျဉ်းမတ် မင်း လှည့်မကြည့်နဲ့၊ ဟိုတစ်ယောက် မင်းနောက် လိုက်လာတာ ထင်တယ်၊ ခလုတ်တိုက်တော့မယ်'

လှည့်မကြည့်နဲ့ဆိုမှ ကြည့်ချင်လာသဖြင့် သူ လှည့်ကြည့်လိုက် မိ၏။ မျက်ဝန်းက အနားရောက်နေပြီဖြစ်၏။

'မျဉ်းမတ်... မျဉ်းမတ် ဟုတ်တယ်နော်။ ရှင့်ကို ပြောစရာရှိလို့ နေပါဦး'

ရပ်နေသည့်သူ့ကို ထပ်၍ ဘွားဆီးပြီး အပြေးတစ်ပိုင်း လိုက်လာ ၍ မောနေပုံလည်းပေါက်ကာ...

'ရှင်က ဘယ်နေရာဖြစ်ဖြစ် နေလို့ရမှာပေါ့။ မျက်ဝန်းက မရဘူး။ ရှင့်ကို မြင်လိုက်လို့ ဒီမှာ ဝမ်းသာနေတုန်းပဲရှိသေးတာ။ ဟိုအိမ်ကိုပဲ ဘူတူငှားရအောင်ပါ။ ရှင့်ကို မျက်ဝန်း လုံးဝ မနှောင့်ယှက်ဘူး။ ဘာမှ လဲ ပက်သက်ဖို့ မရှိဘူး။ အဲဒါဆို မဖြစ်ဘူးလားဟင်'

မျဉ်းမတ်က ဘာမျှမပြောသေးဘဲ ချွေးစလေးတွေ စို့နေသည့် မျက်ဝန်းမျက်နှာလေးကို ငုံ့မိုးကြည့်နေ၏။

ဒီမိန်းကလေးက ဘာလဲ။ ခုချိန်ထိ သူမပြောသည့်စကားတွေက ဆုပ်ဖမ်းစရာ ဘာမှမရှိခဲ့ပေ။ မိန်းကလေးဖြစ်ပြီး အုပ်ထိန်းသူမဲ့နေသလို



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း သွားလာနေသည်။ မြင်လိုက်ရတိုင်း တစ်ယောက်တည်းသာ သွားလာနေတုန်းမို့ ထားတော့။

အခု တစ်ယောက်တည်း အိမ်ငှားနေဖို့ ကြိုးစားသည့်အဖြစ်ကတော့ လွန်သည်။ မိန်းကလေးတစ်ယောက်တည်း ဘယ်မှာနေလို့မသင့်တော်ဘူးဆိုတာ မသိဘူးလား။

ဒီနေရာမှာ သူမဟုတ်ဘဲ တခြားတစ်ယောက်ျားတစ်ယောက်ဆိုရင် သူမ ဘာလုပ်မလဲ။

'ရှင်နဲ့ မရင်းနှီးပေမယ့် မျက်ဝန်း အကဲခတ်နိုင်ပါတယ်။ အဲဒါကြောင့် ပြောနေတာပါ။ တခြားလူတစ်ယောက်ယောက် ဒါမှမဟုတ် တခြားလူတွေနဲ့ဖြစ်ခဲ့ရင် မျက်ဝန်း အရမ်းစိတ်ညစ်ရမှာ'

'နေပါဦး။ မင်း ဒီအိမ်ငှားဖို့လုပ်တုန်းကတော့ မျဉ်းမတ်နဲ့ ဒီလိုဆုံမယ်ဆိုတာ ကြိုသိခဲ့လို့လား'

လရောင်က သိချင်သည့်ကိစ္စကို မျိုသိပ်မထားနိုင်ဘဲ ဝင်မေး၏။ မျက်ဝန်း ဆိုသော ကောင်မလေးက ထူးဆန်းနေ၍ပါ။ မျက်ဝန်းလည်း သူမကိုယ်သူမ ထည့်ပြောနေသဖြင့် မျက်ဝန်းနှင့်ပတ်သက်သည့် နာမည်ကို စိတ်ဝင်စားသွားသည်။

အပြာရောင်မျက်ဝန်းလေးတွေက စိန်ပွင့်လေးတွေလို လက်နေသေးသည်။

ပါးဖောင်းတာမဟုတ်ဘဲ ပါးရိုးလေးတွေသာ မို့တက်နေကာ မေးရိုးလေးလည်း ကားချင်သလိုလို ရှိသည်။

မျက်ခုံးထူထူလေးနှစ်ဖက်က ကဗျာဆန်စွာ လှတာမဟုတ်သည့်တိုင် ဆံပင်တိုတိုလေးတွေ နှံ့ဝဲနေတာနှင့် ပေါင်းကြည့်တော့ သူမသည် ကလေးဆန်၏။





ပြီးတော့ ဖြားယောင်းတတ်သည့်အမူအရာ၊ ပကာသန ဘာမှမပါသော သွက်လက်ခြင်းတို့ကို မြင်နေရသည်။

ယောက်ျားတစ်ယောက်အပေါ် တပ်မက်ပတ်သက်လိုသည့် ချတ်လုံးတို့နှင့် မဟုတ်ဘဲ သူမ၏ အရေးကိစ္စအတွက် ဖြေရှင်းလိုခြင်းသာစ်ခုသာ အဓိက ဖြစ်နေမှန်း အကြည့်လေးများက သိသာ၏။

ထို့နောက် မျဉ်းမတ်၏ အပြောအရ သူမနှင့် ရထားပေါ်မှာ ဆုံခဲ့သည်တဲ့။

ဤကာလလေးမှာ မျဉ်းမတ်သည် မလိုလားသည့်အသွင် ဖြစ်နေသော်တ် သူမကတော့ တောင်းပန်ခယစွာ ဖြစ်ခဲ့သည်။

မျဉ်းမတ်ကိုသာ ယုံကြည်အားထားနေရပါကြောင်း ဖွင့်ဟဝန်ခံနေ၏။ သူမသည် လရောင် ဝင်မေးလိုက်တာကိုလည်း စိတ်ဆိုးပုံမပြခဲ့ပါ။

'ဟုတ်ပါတယ်။ ခုလိုဆုံမယ်ဆိုတာ ကြိုမသိခဲ့ပါဘူး။ မျက်ဝန်းသဲ သူ့လိုပဲလေ။ တစ်အိမ်လုံးကိုပဲ လိုချင်တာ။ ရှိတဲ့ငွေနဲ့ ကျေနပ်ဖို့ပြောမလို့။ မဟုတ်ရင်လဲ ငွေပြည့်အောင် တစ်လဖြစ်ဖြစ် သတ်မှတ်ချက်နဲ့ စောင့်ပေးဖို့ ပြောမှာ။ ဒီရောက်တော့ ကိုယ်နဲ့ပြိုင်ငှားမယ့်လူရှိနေတာကိုး။ မျက်ဝန်း ဘယ်လိုလုပ်ပြောလို့ရတော့မှာလဲ။ တခြားလူဆိုရင် မျက်ဝန်း လှည့်ပြန်သွားမှာပါ'

'သူ့ကိုကော ဘာဖြစ်လို့ ယုံကြည့်တာလည်း။ ဒီကောင်က လူကောင်း မဟုတ်ဘူး'

'ဟင်...'

မျက်ဝန်း ပါးစပ်ဟလျက်လေးနှင့် ကြောင်တောင်တောင် ဖြစ်သွားရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူတို့နှစ်ယောက် မျက်နှာတွေကို တစ်လှည့်စီ သေချာကြည့်ကာ...

'အဲဒါ မျက်ဝန်းဘာသာ ယုံသွားတာပဲ။ ဘာဖြစ်လို့မှန်းမသိဘူး။ သေချာတာတစ်ခုတော့ ရှိတယ်။ သူ အခွင့်အရေးယူတတ်တဲ့ ယောကျ်ား မဟုတ်ဘူး ဆိုတာပဲ'

မျဉ်းမတ်က မျက်နှာလွှဲ၏။ လရောင်က နှာခေါင်းတစ်ချက်ပွတ်၍ ပခုံးပါတွန့်သည်။ မျဉ်းမတ်တို့ အဆင်ပြေနေလိုက်တာ တွန်းလှတ်နေတာတောင် မရပါလား။ လူကောင်း မဟုတ်ပါဘူး ဆိုတာတောင်မှ ယုံကြည့်မည့်သူနှင့် ဘာနှင့်။

'မင်းနာမည်က မျက်ဝန်းတဲ့လား'

လရောင်က မေးတော့ သူမက ခေါင်းညိတ်၍...

'မျက်ဝန်းပြာ'

'အင်း... လိုက်ပါတယ်။ ကဲ မျဉ်းမတ် ပြောလိုက်ကွာ။ မင်း ဘယ်လိုလဲ'

မျဉ်းမတ်က လမ်းသွယ်ထိပ်လယ်မှာ ရပ်နေကြတာ မသင့်တော်သည်မို့ ဘေးနားကို လျှောက်သွားသည်။

လက်ဖက်ရည်ဆိုင်ထဲ ဝင်ထိုင်သင့်ပေမယ့် မျက်ဝန်းက သူစိမ်းမိန်းကလေးဖြစ်နေ၏။ လမ်းထိပ် ရေကန်ပေါင်နားမှာ ရပ်လိုက်ပြီးမှ...

'မင်းက တစ်ယောက်တည်းပဲ လာနေမှာလား'

'ဟုတ်တယ်'

ဘာကိစ္စတွေဖြစ်နေလို့ တစ်ယောက်တည်း ရန်းကန်နေတာလဲလို့ မေးချင်ပေမယ့် မသင့်တော်သည့်မေးခွန်း ဖြစ်သွားမှာစိုး၍ မမေးဖြစ်။





ထိုပြင် သူမပုံစံလေးက လှလှပပ တောက်တောက်ပြောင်ပြောင် ဟုတ်သော်လည်း ဇွဲသီဘတ်သီကြီးလည်း မဟုတ်။

ဘဝကို ဆင်းရဲပင်ပန်းစွာ ရုန်းကန်လှုပ်ရှားနေရသည့် သရုပ်သည်း မပေါက်။ မြင်လိုက်တာနှင့် မိဘအုပ်ထိန်းမှုအောက်မှာ ရှိနေဆဲ ကျောင်းသူလေးတစ်ယောက်လို့ ခန့်မှန်းမိကြမှာပင်။

နေရာတကာ စကားရှည်တတ်ခဲ့သည့် သူမက ခုကျတော့ သူ မေးတာကို မဖြေချင်သလိုလိုနှင့် 'ဟုတ်တယ်'ဟု ဖြေပြီး ဒီမှာတင် ရပ်သွားသည်။

လရောင် ကိုယ်တိုင်ကလည်း စေတနာတွေပိုလို့။

'ကဲကွာ မင်း စဉ်းစားလိုက်ပါ။ နှစ်ယောက်လုံး အဆင်ပြေမယ့် ဟာကို'

ဆွေးနွေးဖို့မလိုဘဲ မျဉ်းမတ် ခေါင်းညိတ်လိုက်လေသည်။ ကိုယ့်ကိုယ်ကိုတောင် ဘာမှန်းမသိသေးဘဲ သူမကို ဘာမှန်းသိဖို့မလို။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

'စုံပြီလား၊ ငါ ကားငှားလိုက်တော့မယ်'

'နေဦး'

'ဝယ်ရန်'ဟု စာရင်းဖေယားနှင့် ရေးမှတ်လာခဲ့သည့် ပစ္စည်းစာရင်းတွေကို သေချာပြန်ကြည့်တော့ အားလုံးက ဝယ်ပြီး အမှတ်အသားနှင့် မှင်ခြစ်ပြီးသားတွေ ဖြစ်နေ၏။

'အင်း စုံတော့စုံပြီ။ ဒါပေမယ့် ငါ စဉ်းစားဦးမယ်'

'ကြော် ဝယ်ဖို့ရေးလာတာတွေ ကုန်ပြီဥစ္စာ ထပ်စဉ်းစားဦးမယ်။ ဒါနဲ့များ ဖြစ်သလိုနေမယ် ရတယ်၊ ဖြစ်တယ်နဲ့ ဝယ်ခြမ်းထားလိုက်တာ စုံစေ့နေပြီ။ အိမ်ထောင်ပြုဖို့ စုဆောင်းနေတာ ကျနေတာပဲ'

ကြွေရုပ် ပြောနေတာကို လှည့်ကြည့်ပြီး မျက်ဝန်းက ရယ်သည်။ တော်ပါသေးသည်။ ဝယ်ထားသမျှကို စုပြုံအပ်ထားခဲ့ဖို့ နေရာလေးရှိနေလို့။ မဟုတ်လျှင် ပစ္စည်းအစုံ လျှောက်သယ်နေရလို့ကတော့ သေပြီ။





'အယ် သတိရပြန်ပြီ'

'ဘာလဲ'

'အာလူးခြောက်နဲ့ ဝက်အူချောင်း ဝယ်ဦးမယ်'

'သြော် စားတာတွေကို နောက်မှ စဉ်းစားပါဟယ်၊ လောလောဆယ် ဒန်အိုးဒန်ခွက်လေးပဲ ဖြည့်ပါဦး'

'စားစရာလဲ အရေးကြီးတာပဲ မိကြွေရယ်။ ဘာနဲ့စားရစားရ အရေးမကြီးပေမယ့် ဘာမှမရှိဘဲဖြစ်မှာ အရေးကြီးတာပေါ့။ ငါ အရေးကြီးတာ ငါပဲသိတာ။ အဲဒီ ဘာမှမဟုတ်လောက်တဲ့ ဟာလေးတွေက တကယ်အရေးကြီးပြီဆို ဘယ်မှ ရှာမရဘူး သိလား'

'အမယ်လေး တော်ပါတော့။ အရေးကြီးတဲ့ ဘာတွေ ရှုပ်ကုန်ပြီ။ နားထဲမှာ အရေးကြီးတွေပဲ ဖြစ်ကုန်ပြီ။ ငါ သေချင်တယ် သေချင်တယ်'

'ဟား... ဟား'

မျက်ဝန်းက မျက်နှာလေးသာ နွမ်းနေသည် တက်ကြွစွာ ရယ်မောနေဆဲဖြစ်၏။ ကြွေရုပ်သည် မျက်ဝန်း ရယ်နေတာကိုပဲ တရားကျနေသလိုဖြစ်နေရလျက်...

'မျက်ဝန်း'

'ဟင်'

'နင် ဘာမှမကြောက်ဘူးလား'

'ဘာကိုလဲ'

'အခု နင်လုပ်မှာကြီးကိုလေ။ အသက်လေးက နှစ်ဆယ်ကျော်နဲ့ တစ်ယောက်တည်း ရပ်တည်ဦးမယ်တဲ့။ ငါထင်တယ်၊ နင် တကယ်ဖြစ်အောင်လုပ်မှာပဲဆိုတာ'

'အဲဒါ ဘာဖြစ်လဲ။ တွေးပူမနေစမ်းပါနဲ့ မိကြွေရယ်။ ငါ့မှာ ယုံကြည်ချက်ရှိတယ်။ အဲဒါ ဘာလဲဆိုတော့ လူတစ်ယောက် မွေးဖွား



www.burmeseclassic.com

www.burmeseclassic.com



လာတာဟာ မှီခိုဖို့မဟုတ်ဘူးဆိုတာပဲ။ ဘုရားဟောထားတာလဲ ရှိတယ်။ တရားနဲ့ရှုရင် အားလုံးဟာ အရိုးစုကမ္မဋ္ဌာန်းချည်းပဲ။ ယောကျ်ား မိန်းမ မရှိဘူးတဲ့။ ယောကျ်ား မိန်းမ၊ တိရစ္ဆာန် အားလုံး သတ္တဝါတွေပဲဆိုတာ'

'အဲဒါ ဘာဖြစ်လဲ'

'ယောကျ်ား၊ မိန်းမ ဆိုတာ သတ်မှတ်ချက်တစ်ခုအဖြစ်ပဲ ငါ ထားတယ်။ မတူညီနိုင်တဲ့နေရာတွေမှာ တန်းတူမဖြစ်နိုင်ရင်တောင် မိန်းမဖြစ်တာနဲ့ပဲ ကိစ္စတိုင်းမှာ မှီခို့နေဖို့ မလိုပါဘူး။ မိန်းမတစ်ယောက်အတွက် မှီခိုအားကိုးစရာ ယောကျ်ားတစ်ယောက် မဖြစ်မနေ ရှိဖို့လိုတယ်ဆိုတဲ့ စကားတစ်ခွန်းကို ငါ ချေပချင်တယ်'

'ဒါကတော့ ဒီစကားကို နင့်အမေတစ်ယောက်တည်း ပြောတာမဟုတ်ပါဘူးဟာ။ အိမ်ထောင်ပြုချင်လာရင် ဒါမှမဟုတ် အိမ်ထောင်ပြုရဖို့ ဖြစ်လာတဲ့အခါ မိန်းမအတော်များများ ဒီလိုပဲ ခံယူပြီး ခေါင်းညိတ်ကြရတာဥစ္စာ'

မျက်ဝန်းက ခေါင်းခါသည်။ စာရင်းစာရွက်ကို ဘောင်းဘီ ဘေးအိတ်ထဲ ထိုးထည့်ပြီး ခြေထောက်နားမှာ ခဏချထားခဲ့သော မီးသွေးမီးဖိုလေးကို ပြန်ကောက်လိုက်၏။

ပြီးတော့ ရှေ့ကနေ ဆတ်တောက်တောက်လေး ထထွက်သွားရင်း...

'ငါ တစ်ယူသန်တာ မဟုတ်ဘူး ကြွေရုပ်။ မေမေက တစ်ယူသန်တာ။ မိန်းမတွေကို ငါ မစေဖန်ချင်ဘူး။ မေမေ့အပြစ်ကိုပဲ ပြောချင်တာ။ သူ့ယောကျ်ားကြီး ဘာမှအသုံးမကျတာကို သိနေတာတောင် ပြောတာကိုကြည့်။ "ဘာပဲဖြစ်ဖြစ် လင်သားရှိထားတဲ့ ဇနီးမယားဆိုတော့ လူ လေးစားတယ်တဲ့"။ ကဲ စဉ်းစားကြည့်'





ပစ္စည်းတွေ သယ်ထားသည့်ဆီ ရှေ့နောက် လျှောက်ခဲ့ကြရင်း ကြွေရုပ် သက်ပြင်းခိုးလေး ချမိသည်။

'ခုလဲ မနေ့က သတင်းစာထဲမှာ နင် တွေ့သားပဲ။ ငါ့ကို ပြန်ခေါ်တာက ကြည့်လေ။ ပြန်မလာဘူးဆိုရင် အမွေဖြတ်မယ်တဲ့'

'အဲဒါတွေကို နင့်ပထွေးလုပ်နေတာ ဖြစ်မှာပါဟာ။ နင့်အမေက သူ့ကို ကြောက်နေရတဲ့ဥစ္စာ'

'ကြောက်ရင် နေလိုက်ပေ့ါ။ မေမေ့ကို ငါကသာ ချစ်ရတာ။ ငါ့ကို မေမေက မချစ်ဘူး'

'နင်ကလဲ...'

'မပြောနဲ့၊ သူ့ယောကျ်ားကိုထိလို့ သမီးကို အိမ်ပေါ်က နှင်ချတာ ကြင်နာတာလား'

'ဒါကတော့ နင်က ဓားနဲ့ပေါက်ပစ်ခဲ့တာကိုး'

'တမင်လုပ်တာမဟုတ်ဘူးလို့ ငါ ရှင်းပြသားပဲ။ တော်ပြီ မိကြွေ။ အဲဒါတွေ မပြောနဲ့တော့။ သူလည်း သူ့ယောကျ်ားရှိမှ ပြည့်စုံတယ်လို့ ထင်ထားတာ။ ငါကလည်း ငါသာလျှင် အရေးကြီးဆုံးလို့ ယူဆတဲ့သူ။ ဘယ်လိုမှ အဆင်ပြေမှာမဟုတ်ဘူး'

နှစ်ယောက်သား အရုပ်ဆိုင်လေးဘေးက အမိုးရိပ်အောက်မှာ ဝင်ရပ်လိုက်ကြကာ...

'အန်တီရေ သမီးတို့ပြန်လာပြီ။ ဒါတွေ ယူသွားတော့မယ်နော်'

'အေး အေး'

အထဲက လှမ်းပြောသံကြားရသည်။

ဝယ်ခြမ်းထားသမျှကို ပွေ့တွဲချည်နှောင်နေကြရင်း ကြွေရုပ်က မျက်ဝန်းကို မော့ကြည့်၍...



www.burmeseclassic.com

www.burmeseclassic.com



'ငါကလဲ နင့်ကို မှားတယ်လို့ မပြောပါဘူး။ နင့်မှာ အဘိုး အဘွား အမွေတွေ နည်းတာမဟုတ်ဘူး။ အားလုံးကို နင့်အမေပဲ ကိုင်ထားတာ။ ဒီလူကြီး ဖြုန်းလို့ကုန်ရင် ဘယ်လောက်ခံပြင်းဖို့ကောင်းလဲ။ နင်ကကျတော့ ဒီမှာ ဆင်းဆင်းရဲရဲနဲ့'

'ရတယ်။ ဒါလဲ တရားသဘောနဲ့ကြည့်ရင် ငါ မစားထိုက်လို့ပဲ။ အမွေအနှစ်ဆိုတာလဲ စားထိုက်မှ စားရတာပဲ။ ဒီလောက်ထိ ငါ မမက်ပါဘူး'

'သြော်... ဖြစ်ရလေ မျက်ဝန်းရယ်'





အခန်း (၈)

မျက်ရည်ကျတော့လည်း သမီးလေးကို သတိရပြန်သည်။ သူ့မျက်ရည်ကျတိုင်း ကဲ့ရဲ့တတ်တဲ့ သမီး။

'တိတ်ပါတော့ မေမေရယ်'လို့များ ဘယ်သောအခါမှ မချော့ခဲ့ဖူးပါ။

'မျက်ရည်ကျတာချင်းတူရင် သူ့ရဲကောင်းတွေကျတဲ့မျက်ရည်ကိုပဲ မျက်ဝန်း လေးစားတယ်။ အဲဒါက မာနမျက်ရည်လေ။ မေမေ ငိုတာက "အစ်ကိုချော့တော့ မော့ကာပြုံး" ဆိုတာမျိုး။ ချော့မယ့်သူ သနားလာအောင် မျှော်လင့်ပြီး ကျတဲ့မျက်ရည်'

ပြောစရာရှိပြီဆို အမေရယ် ဘာရယ် မပျှေး။ ထို့ကြောင့်လည်း ကိုတင်နှင့် မသင့်မြတ်ခဲ့တာ ဖြစ်သည်။

'မင်းသမီး စကားပြောတိုင်း ငါ့ကို အမြဲတမ်းရိတာ ငါ မသိဘူး မှတ်လို့လား'။ ကွယ်ရာမှာ ဆိုပြီး လင်မယား ရန်ဖြစ်နေလည်း မျက်ဝန်းတို့က ကြားသည့်နေရာကနေ ဝင်ပါတတ်သေးသည်။

'မရိပါဘူး။ တည့်တည့်ပဲပြောတာ။ ကိုယ့်အမေကို ကိုယ်ပြောတာ ဘာဖြစ်လဲ၊ ခင်ဗျားအကြောင်း ဘာမှမပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'မင်းအမေပေမယ့် သူ့ငါ့မိန်းမ။ မင်း စော်ကားချင်တိုင်း စော်ကားလို့ မရဘူး'

'ငါ့မိန်းမ ဆိုပြီး ခင်ဗျား ထင်တိုင်းစော်ကားနေတာလဲ ဆင်ခြင်လေ။ ဒီကလဲ သူများ မစော်ကားရအောင် အရင်စော်ကားပြတာပါ။ ဒီလို ဒီဟာ ဖြစ်လာရင် မခံတတ်အောင်လို့။ တစ်ခါတလေလဲ သက်ငယ်စကား သက်ကြီးကြား ဆိုတာ ဖြစ်တတ်တာပဲ'

မယားပါသမီးနှင့်ပထွေး မသင့်မြတ်ကြသည့် အဖြစ်တွေထဲမှာ မျက်ဝန်းပြာနှင့် တင်ရီ ဆိုသော ယောကျ်ား၏ မသင့်မြတ်ခြင်းမျိုးက ရှားပါသည်။

မိန်းကလေးမို့ ပထွေးရန်ကို ကြောက်နေရမည့်အဖြစ်မျိုးဝေးလို့ သူမပါးစပ်က စက်သေနတ်ပစ်တာထက်ဆိုးသော စကားလုံးတွေရန်ကို ရှောင်ရှားရတာနှင့်ပဲ တကယ့်သည်းထိတ်ရင်ဖို။

'စကားပြောတာဆိုတာ ဆင်ခြင်ပါ သမီးရယ်။ ယောကျ်ားတွေ ငြိုးရင်း ကြောက်ဖို့ကောင်းတယ်'

ဟု ပြောမိတော့လည်း မျက်ဝန်းတို့ ကြောက်လန့်သွားတယ်မရှိ။

'အဲဒီလို သူလုပ်တော့လဲ ပထွေးသတ်လို့ မယားပါသမီး သေတဲ့ သတင်း ဂျာနယ်မှာ စာတန်းမည်းကြီးနဲ့ ပါလာတာပေါ့ အမေရယ်။ မျက်ဝန်းကဖြင့် မကြောက်သေးဘူး။ ဒါတွေ မေမေ ခုမှ တွေးမိတာလား။ နောက်ကျပြီ ထင်တာပဲ'

တစ်ချက်ကလေးမှ ငြိမ်မနေခဲ့ပေ။

'မင်းသမီးကို မင်း ဆုံးမစမ်းပါ။ မိန်းကလေးဖြစ်ပြီး သိုင်းတွေ သင်လိုသင်၊ ဓားတွေ ကိုင်လိုကိုင်။ တမင်တကာများ ငါ့ကို ဓားသွေးပြနေသလား မသိဘူး'





ကိုတင်ကလည်း အံတကြိတ်ကြိတ် ဖြစ်လာ၏။

ယောကျ်ားကိုလည်း မနိုင်၊ သမီးကလည်း ပြောမရဆိုမရမို့ ဒေါ်မြလှ စကားပြောတိုင်းပဲ မျက်ရည်ကျတတ်တာ အကျင့်ပါနေခဲ့လေသည်။

'မေမေက ငိုဖို့ပဲ။ မေမေ ငိုတာ အဲဒီလူကြီးက လာချော့အောင် မဟုတ်လား။ အဲဒီရှေ့မှာပဲ သွားငို မေမေရာ။ မျက်ဝန်းရှေ့မှာ လာငိုပြီး အညှာခံခိုင်းမယ့် မျက်ရည်တွေကို မျက်ဝန်း မသနားဘူး'

မျက်ဝန်းပြာ ဆိုသော ကောင်မလေးက သူမကိုယ်တိုင်လည်း ငိုဖို့ မေ့နေပြီလားမသိ။

မျက်ဝန်း၏ပါးပေါ်မှာ မျက်ရည်ကြောင်းလေး မြင်ခဲ့ဖူးတာ ဆိုလို့ သူ့အဖေ ဆုံးစဉ်အခါကပဲ ရှိခဲ့သည်။ ထိုစဉ်က မျက်ဝန်း ဆယ်တန်း တက်နေရဲတုန်း ဖြစ်၏။

ပြောရဲဆိုရဲနေတာကော၊ ဘာဖြစ်ဖြစ် စွန့်စားကြည့်ချင်တတ်သော ဉာဉ်ကလေး ရှိနေတာကော အားလုံးဟာ သူ့အဖေနှင့် သက်ဆိုင်၏။ သူ့အဖေ တဖွဖွ ပြောဖူးသည်။

'ငါ့သမီးသာ ယောကျ်ားလေးဆို ကောင်းမှာပဲကွာ။ စိတ်က ယောကျ်ားစိတ်ကွ။ မိန်းကလေးဖြစ်နေတာ နှမြောလိုက်တာ'တဲ့။

ကိုတင်ကတော့ ကဲ့ရဲ့လေသည်။

'မင်း ဘယ်လိုများ သန္ဓေပေး မွေးခဲ့သလဲ မြလှ။ ဘယ်မှာမှ မတွေ့ဖူးဘူး'

ဟု ပစ်ပစ်နှစ်နှစ် ရှုတ်ချ၏။

ခုတော့ သူမ မရှိတော့ပါ။ သတင်းစာထဲမှာ ကြော်ငြာထည့်ခဲ့တာလည်း ဘာမှ မထူးခဲ့ပေ။ ကိုတင်ကတော့ ပြောစရာ ရနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



'မင်း လျှော့ထားလို့ကတော့ မင်းသမီး ပြန်ရောက်လာရင် ဘယ်သူမှ နေစရာရှိမှာမဟုတ်တော့ဘူး။ ဒါပေါ့လေ၊ ငါက အညတရ ကောင် ဆိုတော့ ပြောတိုင်း ခံရမှာပေါ့။ မင်းသမီး ပြောသမျှ ငါ ခံနေရတာကို မင်း ကျေနပ်တယ်မဟုတ်လား'

ဤသို့ပြောလာလျှင် ဒေါ်မြလှ ငိုရပါပြီ။ ပြီးတော့ သူ ကျေနပ် အောင် ချော့ရပြန်သည်။ ထိုအခါ ထပ်၍တင်ပြလာသည်က မင်းသမီး ကို အမွေဖြတ်လိုက်တဲ့။

'ငါ အကောင်းပြောတာ။ တစ်သက်လုံးဖြတ်ဖို့ မဟုတ်ဘူးလေ။ သူ လန့်သွားရုံပဲ သတင်းစာထဲ ထည့်လိုက်ပေါ့'

'အိုရှင် မဟုတ်တာ'

ဒီလောက်ထိတော့ ဒေါ်မြလှ မလုပ်ရက်ပါ။ သမီးလေးစိတ်ကို သူမသာ အသိဆုံး။ ဒါတွေကို အစတတည်းက သိပ်လောဘထားတဲ့ သူ မဟုတ်။

သတင်းစာကို ဖတ်မိတာနှင့် သူမကို စိတ်နာကာ ဘယ်တော့မှ ပြန်လာတော့မှာ မဟုတ်ပေ။ ဤသို့ ခေါင်းခါလိုက်တော့လည်း လင်မယား ဒီအကြောင်းစပ်မိတိုင်း ရန်ဖြစ်နေရသည်။

'စေတနာနဲ့ပြောတော့ မင်း လက်မှမခံတာ။ မင်းသမီး အပြင်မှာ ဒုက္ခကျပ်ကျပ်တွေ့မှ မြန်မြန်ပြန်လာမှာ။ လုပ်သမျှ ဖြစ်နေလို့ကတော့ လွင့်နေမှာပဲ'

ဟု ပြောနေခဲ့၏။

တစ်ခါတစ်ခါတော့လည်း ဒီလိုပဲ လုပ်ရကောင်းမလားဟု တွေးမိ ပြန်သည်။ သို့သော် သတင်းစာထဲ ထည့်သည့်ကိစ္စဟာ ကလေးကစား စရာအလုပ် မဟုတ်။





သတင်းစာထဲမှာ ကြော်ငြာလိုက်ခြင်းဟာ တိုင်းသိပြည်သိ တရား ဝင်ဖြစ်သည်။ သမီးအရင်းပဲဖြစ်ဖြစ် ကိုယ့်ရဲ့ပုံတူဖြစ်ပါစေ ဒီလို အမွေ ဖြတ်ပြီးသားဖြစ်ကြောင်း သက်ဆိုင်သူတွေက တင်ပြ ကန့်ကွက်ခွင့် ရှိသည်။

အမွေဆက်ခံခွင့်မှ အပြီးတိုင် ဖယ်ရှားပြီးသားလည်း ဖြစ်သည်။ ကိုတင့်အပေါ်မှာ မပြတ်သားနိုင်ခဲ့တာ ရှိပေမယ့် ဒီလောက်ထိတော့ သူမ မယုံကြည်ပါ။ ဒီကြော်ငြာချက်နှင့်သူ သမီးလေးအပေါ် မကြီစည် ဘူးလို့ မပြောနိုင်။

ဘာပဲဖြစ်ဖြစ် သမီးလေး ပြန်မလာမချင်းတော့ သူမ ရန်ဖြစ်နေရ လိမ့်မည်။ ဖြစ်ရတိုင်းလည်း ငိုရဦးမှာပါ။

ပါးပေါ်ကမျက်ရည်ကို သုတ်ပစ်ရင်း အိပ်ရာထဲကနေ ထလိုက် တာမှ တံခါးရွက်က ရှုပ်ခနဲ ပွင့်သွားသည်။

'မြလှ'

ကိုတင် အပြင်က ပြန်လာတိုင်း သမီးနဲ့ပတ်သက်သည့် တစ်စုံ တစ်ရာ သတင်းပါလာသလားဟု မျှော်လင့်တာကာ အမှန်ပါ။ ဒါပေ မယ့် ပြန်ရောက်လာနိုင်မည့်သတင်းမျိုးပဲ ဖြစ်စေချင်တာ။

'မင်းသမီးအတွက် ဘဏ်မှာ ထည့်ပေးထားတဲ့ငွေတွေ မင်း ပြန်မသိမ်းဘူးမဟုတ်လား'

ဝင်လာတာနှင့် ဒေါ်တွေမောတွေ ပါလာပါပြီ။

'အခု ဘာဖြစ်လို့လည်း'

'မေးတာကိုပဲ ဖြေစမ်းပါကွာ။ မင်းက အိမ်ထဲမှာနေပြီး ဘာမှမသိ ဘဲနဲ့'

ကိုတင်က ကုတ်အင်္ကျီကိုချွတ်၍ မွေ့ရာပေါ် လုံးထွေးပစ်တင်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးတော့ စားပွဲရှေ့က ကုလားထိုင်ကို အကြမ်းပတမ်း ဆွဲလှည့်ပြီး ဒေါ်မြလှနှင့် မျက်နှာချင်းဆိုင် ထိုင်၏။

ကိုတင်သည် ရပ်ကွက်ထဲမှာကိုက လူကြီးလူငယ် အားလုံး သူ့ကို ကိုတင်လို့ပဲ ခေါ်ကြ၏။ အရပ်က ခပ်တိုက်တိုက်ပဲရှိကာ ထိပ်ပြောင်ချင်သည်။ ဒါပေမယ့် မပြောင်ပါ။ အမြဲတမ်း ပြုံးနေတတ်သည့်မျက်နှာနှင့်မို့ လူချစ်လူခင် ပေါ၏။

ထို့ပြင် ဒေါ်မြလှထက်လည်း ခြောက်နှစ် ငယ်ပါသည်။

'မတွေ ဘာတွေ တပ်ခေါ်ရင် ခင်ဗျားကို အသက်ပိုကြီးတာ ပြောပြနေသလိုဖြစ်မှာစိုးလို့'

ဟု စကားလုံးလှလှသုံးပြီး မင်းနှင့်ငါနှင့် ပြောသည်။ ခေါ်တော့ မြလှဟု ရင့်ရင့်သီးသီး ခေါ်၏။

အစကတည်းက ကားပွဲစားလိုလို၊ ကုန်သည်လိုလို ဝတ်ကောင်းစားလှနှင့် ကြွကြွရွရွ နေတတ်သည့်အပြင် အပေါင်းအသင်းဆံ့တာကို ဒေါ်မြလှက အထင်ကြီးခဲ့သည်။

သမီးတစ်ယောက်နှင့် စီးပွားရေးထဲမှာ လူလိမ်တွေ့ခံရတော့ ကိုတင်က ကူညီခဲ့တာတွေ ရှိခဲ့၏။

ဘယ်လောက်ထိလည်းဆိုလျှင် သမီး မကျေနပ်သည့်ကြားက လူတွေ အံ့သြကုန်မှာကို သိနေသည့်ကြားထဲကနေ လက်ထပ်ခဲ့သည်အထိ အထင်ကြီးသွားခဲ့တာဖြစ်သည်။

လက်ထပ်ပြီးကာမှ သိရသည်က ဒီလူဟာ လက်ကြောမတင်းဘူးတဲ့။ ဘာဖြစ်ဖြစ် ကိုယ့်မှာ လုပ်ငန်းတွေရှိတော့ ဦးစီးခိုင်းဖို့ နောက်ထပ် စိတ်ကူးမိသည်။ ကိုတင်ကလည်း ဦးစီးပါသည်။ ဒါပေမယ့် ဖြုန်းတီးတာ များနေသည်။ လုပ်ငန်းတွေ အားလုံးနီးပါး ပြုတ်တော့မှ 'အိမ်မှာပဲ





...တော့'လို့ ပြောယူရသည်။ အဲဒီလိုပြောတော့လည်း အိမ်မှာပဲ ...နေလိုက်တာ ဘာမှ ခိုင်းလို့မရတော့ပါ။

သူ သွားလာနေတာက သူ့ကိစ္စနှင့်သူ။

'လုပ်ငန်းဆိုတာ အရှုံးအမြတ် ရှိတယ်ကွ။ ဒီအချိန်မှာ ငါ ကံ...ကောင်းသေးဘူး။ ကံကို ဖွတ်ဖန်တီးယူလို့ မရဘူး။ မင်းလောင်းတွေ ...ခင်မှ မင်းဖြစ်ချိန်မတန်သေးလို့ တစ်နေ့ကို ကန်စွန်းတစ်ညွန့်ပဲ ...ပြီး အချိန်ကို စောင့်ခဲ့တာ မင်း မဖတ်ဖူးခဲ့ဘူးလား'

ဒါမျိုးပြောဖို့ကျတော့ သူ့မှာ ဥပမာတွေ အခိုင်အမာ ရှိနေခဲ့၏။

'ခုချိန်မှာ ထလုပ်ရင် ကုန်မှာပဲ။ ငါက အချိန်ကို စောင့်နေတာ။ ...ကံမကောင်းသေးဘူး။ ထလုပ်လို့ ရှုံးသွားမှာနဲ့စာရင် ဒီတိုင်းစားနေ...တာ ဘာဖြစ်လဲ။ မင်းမှာ ဒီလောက်နဲ့ မွဲမသွားနိုင်ပါဘူး'

ဟု ခပ်ရိုရို ပြောတတ်သေးသည်။

ရင်ထဲမှာ စိုးရိမ်နေတာက သမီးလေးရဲ့ ပစ္စည်းတွေကို ထိခိုက်...မှာကို ဖြစ်သည်။ လင်ကုန်ရှုံးတော့ တစ်သက်လုံးမှောက် ဆိုသည့် ...းကို အသက်ငါးဆယ်နားနီးမှ ရင်ဘတ်ထု တမ်းတရမည့်အဖြစ် ...ရောက်စရာပါ။

ခုတော့ ဆုပ်လည်းရှူး စားလည်းရှူး။

'ပြောပါဦး ကိုတင်ရယ်။ ဟုတ်ပါတယ်၊ ဘဏ်ကငွေတွေ ဒီတိုင်း ...ခု ဘာဖြစ်လို့လဲဟင်'

'မင်းသမီး ငွေတွေ ထုတ်သွားလို့ပေါ့။ ပြောတဲ့သူက သေချာပြော... သူငယ်ချင်းတွေနဲ့ ပလာဇာမှာ ဝယ်ခြမ်းနေလိုက်တာ မနိုင်မနင်း...။ မင်းကို ငါပြောတယ်၊ အဆိပ်ပင် ရေမလောင်းပါနဲ့လို့'

'ကိုတင်ရယ် သူ့အဖေ ရှိစဉ်ကတည်းက ဘိုးဘွားတွေ...၊



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖေကော ကလေးသုံးဖို့ ဘဏ်စာရင်း သပ်သပ်ဖွင့်ပေးထား
ဥစ္စာ'

'မင်းကို ငါပြောတာက အဖေ၊ အဘိုးအဘွားတွေခေတ်
မဟုတ်ဘူး မြလှ။ မင်းနဲ့ငါ့လက်ပေါ် ရောက်နေတဲ့ မျက်ဝန်းပြာ
ပြောတာ။ ဟိုခေတ်က မျက်ဝန်းပြာက ရှစ်တန်း၊ ကိုးတန်း ကျောင်
လေး။ စားဆိုမှစား၊ သွားဆိုမှ သွားတတ်သေးတာ'

မဟုတ်ဘူး။ သမီးလေးစရိုက်က ငယ်ငယ်ကတည်းက ဒီတ
ပါပဲ။ ဒေါ်မြလှ သိနေပေမယ့် ဘာမျှ ပြန်မပြောချင်တော့ပါ။

ကိုတင်က ထိုင်နေရာမှ ထရပ်လိုက်ပြန်သည်။ ပြီးမှ ဆတ်
ပြန်ထိုင်၏။

'အခု မင်းသမီး သိပ်လည်၊ သိပ်တတ်နေပြီ သိလား။ ငါက
နေ့တိုင်းငိုနေရတာကို မကြည့်ရက်လို့ ပြောတာပါ။ နည်းနည်းလန်
အောင် သတင်းစာထဲမှာ ထည့်လိုက်ပါ ဆိုတာလဲ မင်း မလုပ်
ဒီငွေတွေ ပြန်သိမ်းထားပါဦး ဆိုတာလည်း နားမထောင်ဘူး။ ဘာဖြ
လည်း မြလှ၊ မင်းက ငါ့ကို ဒါတွေကို အပိုင်လိုချင်လို့ ကြံစည်နေတ
များ ထင်လို့လား'

'အို... မဟုတ်ပါဘူး ကိုတင်ရယ်'

သံသယတွေ ဖြစ်နေခဲ့ပေမယ့် ဒီလိုကျတော့လည်း မစွပ်စွဲရက်
ဖြစ်ရပြန်သည်။ ကိုယ်နှင့်စာလျှင် သူက နိမ့်ပါးသည့်သူ။ မရှိ ခို
ဆိုတာမျိုး မပြောရက်ပေ။

သမီးလေးသာ အနားမှာရှိရင်တော့ ပြောချလိုက်မှာပင်။ 'ခင်
မဟုတ်လို့လား' ဟု။

'တကယ်ဆို သူ ဒီမှာ မရှိနေတာ ငါ့အတွက် ပိုတောင်အေး





တယ်။ သွားလေ ကောင်းလေလို့ ပြောရင်ရတယ်။ ဒါပေမယ့်
စိတ်မချမ်းသာတာ ငါ ဘယ်လိုလုပ် ပျော်နိုင်မှာလဲ'

ကိုတင်က ဒေါ်မြလှဘေးမှာ ပြောင်းထိုင်လိုက်၏။ ပြီးတော့
ကျလုလု တစ်ပတ်လျှိုဆံထုံးကို သူ့လက်ဖြင့် ဖြေချလိုက်ပြီး
တယ သပ်တင်ပေးသည်။

ပခုံးကို ဖွဖွလေးဖက်လိုက်ပြီး ပါးပြင်ကိုနမ်း၏။ ဒေါ်မြလှ
ယ်လိုမှ တင်းမခံနိုင်ခဲ့ပါ။ ကိုတင့် ပခုံးစွန်းမှာ မှီနွဲ့မှေးတင်ကာ ဒီလို
တော့လည်း မျက်ရည်ကျပြန်ပါ၏။

ထိုအခါ 'အဲဒီလူကြီး ချော့တာကို ခံချင်လို့ မေမေ ငိုတာ' ဟု
ခဲ့ဖူးသော မျက်ဝန်းစကားလေးတွေ တကယ်မှန်နေပြီလားဟု
ခြံ ဖြစ်မိရသည်။

'မင်းသမီး မင်းရင်ခွင်ထဲ ပြန်ရောက်လာဖို့ ငါပြောတာ။ ငါ့
တွက် မပါပါဘူးကွာ။ ငါက ဒီအိမ်မှာ မင်းသမီး ပြောသလို အလကား
ောင်ပါ'

'အို...'

'မင်းတို့ ကြည်ဖြူတာကိုပဲ စားရ၊ ကိုင်ရတာပါ'

'ဘယ်လိုပြောလိုက်တာလဲ ကိုတင်ရယ်။ လင်နဲ့မယားပဲဟာ၊ မြ
တာကို ရှင် ပိုင်တာပေါ့'

မသက်မသာ ပင့်သက်ရှိုက်လိုက်ပုံနှင့် ဒေါ်မြလှ မမြင်သော
ခမ်းမှာ ပြုံးရိပ်ထင်သွားခဲ့၏။

လှရီး ဘယ်မှာရှိသလဲ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၉)

'မျက်ဝန်းရယ် လမ်းကသာစုတ်ဘာ အိမ်တွေက မကောင်း
နော်'

ပြောလိုက်ပြီး ကြွေရုပ်က ရယ်သေးသည်။

'အလကားစကားပါ။ လူတွေ နေပုံထိုင်ပုံကတော့ အေးအေးဆေ
ဆေးတွေပဲဟ။ မဆိုးဘူး။ ဒါပေမယ့် ဘယ်လျက်မှာ အိမ်မရှိတော့ န
တစ်ယောက်တည်း ဖြစ်ပါမလား။ ဟိုပုဂ္ဂိုလ်ကလည်း ဘယ်အချိန်က
ပြောင်းလာမှာလဲ မသိဘူး'

မျက်ဝန်းရဲ့ပခုံး တိုတိုလှလှလေးတွေကို နေရာချ ရှင်းလင်
ပေးရင်း အိမ်ရှေ့ပေါက်က မျှော်ကြည့်လိုက်၊ ပြတင်းတံခါးနား
ရပ်ကြည့်လိုက်နှင့် ကြွေရုပ်တစ်ယောက်ပဲ ပါးစပ်ကော၊ လက်ကော
မနားနိုင်။

'အစတုန်းက ငါက ဆင်းရဲလို့ နင် ထောက်ပံ့ခဲ့တယ်။ အခု
တော့ နင်က ငါ့ထက် ဆင်းရဲသွားပြန်ပြီ။ ဒါပေမယ့် ငါက နင့်
မထောက်ပံ့နိုင်ဘူး။ တွေးကြည့်ရင် မတရားသလိုပဲနော်'





ထမင်းချက်ဖို့ သတ်မှတ်ထားသည့် မီးဖိုဆောင်လေးမှာ နှစ်ထပ်ပါသော ပန်းကန်စင်သေးသေးလေးတစ်ခုနှင့် ကြောင်အိမ်ပုလေးတစ်လုံးတော့ ထားရသည်။

ကြွေရုပ်က ပန်းကန်ခွက်ယောက်လေးတွေကို သူ့နေရာနှင့်သူ အညီသိုပေးရင်း စကားလည်းပြော၍ သက်ပြင်းချနေသည်။

လှမ်းကြည့်လိုက်တော့ မျက်ဝန်းက ကြမ်းပေါ်မှာ ဖျာပင် မခင်းရသေးဘဲ တင်ပျဉ်ခွေ ပုံ့ပုံ့လေးထိုင်၍ ပိုက်ဆံရေလိုက်၊ စာရင်းတွက်လိုက်။

'ဩော်... ငါကတော့ စကားတွေပြောလို့၊ သူကတော့ သူ့အာရုံနဲ့သူကိုး။ မောလိုက်တာ'

မျက်ဝန်းက သူမ ကြားသည့်အကြောင်းကို မျက်လွှာပင့်ကြည့်ပြီး ခေါင်းညိတ်ပြသည်။

သူမသည် ဟိုတုန်းကတည်းက မျက်လုံးက သပ်သပ်၊ နားက သပ်သပ် စည်းခြားပြီး အလုပ်လုပ်တတ်သော စွမ်းပကားလည်း ရှိလေသည်။

နေ့စဉ်လိုလို သူမမှာ သွားစရာတွေ ရှိနေတတ်သလို ညညကျတော့လည်း အိမ်မှာ ဦးတင်နှင့် စကားများရန်ဖြစ်ရသည့်တာဝန်က တစ်ဖက်။

လူလေးက အသက်ငယ်ငယ်၊ လှလှပပလေးပေမယ့် ကိုယ့်ကိုယ်ကို လှပအောင်ပြင်ပြီး ပျော်ပါးလွတ်လပ်စွာ နေတဲ့သူ မဟုတ်ပေ။

တစ်လောကလုံးမှာ ရှိသမျှ အဆင်မပြေသူများ၏ ဒုက္ခကို ကိုယ့်ဒုက္ခဟု သတ်မှတ်၍ စိတ်ဝင်စားတတ်နေသော အကျင့်ကြောင့် ခက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ကျောင်းသူ ဆိုပေမယ့် လူတိုင်းမှာ ကြော့မော့နေနိုင်ကြတာ မဟုတ်ပေ။ တချို့ကျတော့ အိမ်တွင်းရေး မပြေလည်မှုများနှင့်။

တချို့ကျတော့ တောကနေ အထောက်အပံ့တွေ ပို့ပေးခြင်းဖြင့် ဘွဲ့တစ်ခုရဖို့ ကြိုးစားနေကြရတာတွေ။

တချို့ကျတော့ တက္ကသိုလ်တက်နေပြီး စာသင်ဖို့ထက် အိမ်က ငွေလာမည့်ရက်ကိုပဲ တွက်ချက်ရင်မောနေကြတာတွေ။

မိန်းကလေးတချို့သည် အသုံးအစွဲကြီးတာတော့ မဟုတ်ဘဲ မချွေတာကြတာဖြစ်သည်။ 'တက္ကသိုလ်တက်နေတာ ဒီလောက်တော့ ကုန်တာပဲ' ဆိုသည့် မာနကို မိသားစုအပေါ်မှာ ပြန်ထား၍ မဖြုန်းဘူး ဆိုပေမယ့် မချွေတာ။

ကိုယ့်အိမ်က အခြေအနေကို ပြန်မငဲ့။ ထိုအခါ ငွေ အလျဉ်မီအောင် မပို့နိုင်သော ကာလှာမှုများတွင် စိတ်ညစ်လက်ညစ်နှင့် ထင်ရာတွေလုပ်ပြီး မှားတတ်ကြသည်။

အမျိုးမျိုးသော ဒုက္ခများစွာကို မျက်ဝန်းတို့ သိလို့ကတော့ သိသိ မသိသိ၊ ဆိုင်ဆိုင်မဆိုင်ဆိုင် ဝင်ပါသည်။

အခြေအနေအရ လူလိုက်ပေးရမလား၊ ငွေနှင့်ကူညီရမလား ဘာဖြစ်ဖြစ် လာထား။

မျက်ဝန်းပြာ ဆိုသည့် သူငယ်ချင်းလေးဟာ လူချစ်လူခင်လည်း ပေါပါသည်။

သူဌေးသမီးလေးဖြစ်လျက်နှင့် ကိုယ့်ကိုယ်ကို ပြင်ဆင်ပြီး ကြော့မော့နေတာ သိပ်မရှိပေ။ လှလှပပလေး ပြင်ပြီးတော့လည်း မပေါ်လွင်ပါ။





သူမမျက်လုံးထဲမှာ ဘယ်သူ ဘယ်လိုလှနေသလဲဆိုတာ မမြင်ဘဲ ဘယ်သူ့ဒုက္ခ ဘယ်လောက်ကြီးသလဲ ဆိုတာပဲ ရှိသည်။

လက်ရှိဘဝမှာလည်း သူမလက်ထဲမှာ ဒုက္ခတချို့ ရှိသေးသည်။

'မျက်ဝန်းရယ် အစတုန်းက နင် ကူညီနိုင်တာ ဟုတ်ပါတယ်။ အခု ကိုယ်လဲ ဒုက္ခသည်ပဲ နည်းနည်းပါးပါး လျှော့ဦး။ ဖိုးသူတော်ထဲတော့ တောင်ငွေးလဲ ထူနိုင်မှာ မဟုတ်ဘူး'

သူမနှင့် အချစ်ဆုံးသူငယ်ချင်းအားဟာ ကြွေရုပ်ပဲဖြစ်သည်။ ဘယ်လို သတိပေးပေး ဒီနေရာမှာ မျက်ဝန်းက နားမထောင်။

'မငြိမ်းကိုတော့ လက်လွှတ်လို့မဖြစ်သေးဘူး ကြွေရုပ်။ မိန်းမတစ်ယောက်ဘဝမှာ မာနကြီးတာ ကောင်းပေမယ့် ကြီးလို့ရနေအောင် တစ်စုံတစ်ခုသော အကာအရံတော့ လိုတယ်။ သူ့မှာ ဘာမှမရှိဘူး။ ခမေက စည်းစိမ်ဥစ္စာတွေ တစ်ပုံတစ်ပင်နဲ့ သမီးတစ်ယောက် ကျန်ခဲ့တာတောင် မိန်းမဘဝမှာ အားကိုးအားထားမရှိလို့ မဖြစ်ဘူး ဆိုပြီး အိမ်ထောင်ပြုခဲ့သေးတယ်။ မငြိမ်းမှာ လူမမည်ကလေးလေး နှစ်ယောက်တောင် ကျန်ခဲ့တာ။ ပြီးတော့ ကလေးနှစ်ယောက်က မိန်းကလေးတွေချည်းပဲ။ ဘယ်လိုအခြေအနေဖြစ်ဖြစ် ဘယ်တော့မှ အိမ်ထောင်မပြုဘူးလို့ ဆုံးဖြတ်ထားတဲ့ ဒီလိုမိခင်မျိုးကို ငါ ကူညီနေတာ ကျေနပ်တယ်'

လောလောဆယ်မှာ ငြိမ်းငြိမ်းသော် ဆိုသော အနီမုဆိုးမတစ်ယောက်ကို ထောက်ပံ့နေခဲ့သည့် လစဉ်ငွေကပဲ မနည်းလှပေ။

'သူ အပြင်ထွက် အလုပ်လုပ်လို့ရအောင် ကလေးငယ်လေးကို မူကြိုထားရမယ်' ဆိုတော့လည်း သူမဘာသာပဲ ကောင်းပေ့သန့်ပေ့ ဆိုသည့် မူကြိုကျောင်းကို ရွေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'အကြီးမလေးက သုံးတန်းဆိုတော့ ဒီဂါဝန်လေးနဲ့ တောမလား ကြည့်ပါဦး'

ဈေးသွားဖြစ်တိုင်း ကျောင်းစိမ်းဝတ်စုံတွေ၊ အပြင်အင်္ကျီ ဘောင်းဘီတွေ သူမမှာ ကလေးအမေထက်ပင် ပိုနေသေးသလားမသိ။

'သူ့လခလေးက တစ်လမှ သုံးသောင်းကျော်ရယ်။ ဒီကလေးတွေအတွက် ဘယ်လိုလုပ် ထောင့်စေ့မှာလဲ မိကြွေရယ်။ ကလေးတွေက မပြောင်ရောင်၊ မအေက ဖတ်သီဖတ်သီနဲ့ ရုပ်မပေါ်တော့ မိန်းမမြင်တာနဲ့ အထက်၊ အောက်၊ ကျော၊ ရင် ပိုက်စိပ်တိုက်ကြည့်တတ်တဲ့ ယောကျ်ားတွေက အခွင့်အရေးယူဖို့ ချောင်းလာမှာပေါ့'

မျက်ဝန်း၊၊ ထိုအမျိုးသမီး အိမ်ထောင်မပြုလိုတော့သော မာနကို အထင်ကြီးလေးစားနေတာ ဖြစ်သည်။

သူမ၏ မိခင်ဖြစ်သူအပေါ် စိုးမိုးစီမံခွင့် မရခဲ့သမျှ မမငြိမ်းကို အထင်ကြီးနေခဲ့သည်။

သူမ လိုချင်သော မိခင်စိတ်၊ သူမရင်ထဲမှာ ရှိနေသည့် ဘဝနှင့် ထပ်တူသော မာနအားလုံး ထိုအမျိုးသမီးမှာ ရှိသည်။

ထို့ကြောင့် မမငြိမ်းနှင့်ပတ်သက်လျှင် သူမ ဘာဖြစ်ဖြစ် ကူညီဖို့ အဆင်သင့် ဖြစ်နေခဲ့၏။

တကယ်က မမငြိမ်းကို သူငယ်ချင်းနှင့် ပတ်သက်ပြီးမှ ခင်မင်ခဲ့ရတာဖြစ်သည်။

ခုဆို မမငြိမ်းနှင့် ညီမဝမ်းကွဲတော်သည့် 'ထိုက်ထိုက်စိုး'ဟာ အိမ်ထောင်တွေဘာတွေကျလို့ သူ့ယောကျ်ားနှင့် ပါသွားလိုက်တာ ပေါ်ကိုမလာတော့ပါ။

မျက်ဝန်းကတော့ ကိုယ်ဝန်အရင့်အမာနှင့် ကတည်းက ခင်မင်





နေခဲ့သော မမငြိမ်းကို မွေးဖွားတုန်းကလည်း သူမပဲ မိခင်လိုလို၊ ယောကျ်ားလိုလို။

ဂရုစိုက်တာကော၊ ငွေကြေးအတွက်ကော မမငြိမ်း ဘာမှမပူခဲ့ရပေ။

ကျောင်းတွေပြီးသွားတော့လည်း အသွားအလာ မပျက်။

ခုဆိုရင်ပဲ ကလေးက မူကြိုရောက်နေပြီဖြစ်၏။

'မျက်ဝန်းရယ် နင်လုပ်နေတာနဲ့ မမငြိမ်းမှာ သူချစ်တာတွေ့လို့တောင် မယူဝံ့ဘဲ ဖြစ်နေပါဦးမယ်'

ဟု ကြွေရုပ် ပြောခဲ့ဖူး၏။

'အဲဒါတွေ မဆိုင်ပါဘူး။ မမငြိမ်းနဲ့ငါပဲ သိတယ်။ ငါ ကူညီတာက သူ့အခွင့်အရေးတွေကို သိမ်းပိုက်အုပ်ချုပ်နိုင်ဖို့မှ မဟုတ်ဘဲ။ ကိုယ့်ဆန္ဒနဲ့မဟုတ်ဘဲ အခြေအနေကြောင့် ပေးဆပ်လိုက်ရတာတွေ မဖြစ်အောင်ပါ။ သူ သိပါတယ်'တဲ့။

ခုလည်း မမငြိမ်းကို ငွေပို့ပေးဖို့ သပ်သပ်ခွဲထုပ်ထားပြီးပြီဖြစ်၏။ သူမအတွက် ကျန်သည့်ပိုက်ဆံကိုတော့ တံတွေးဆွတ်လိုက် ပွတ်လိုက်နှင့် ရေနေလိုက်တာ မပြီးနိုင်။

'ပိုက်ဆံရေတာ ဒီနေ့ ပြီးပါ့မလား မျက်ဝန်း။ တစ်ခါရေရင် တစ်ရွက်တိုးလာမှာ ကျနေတာပဲ'

ဟု လှမ်းပြောတော့မှ လက်စဖြတ်လေသည်။

'လာ ဒီမှာ ဘာလိုသေးလဲ ကြည့်ပါဦး။ လိုတာရှိရင် သွားဝယ်လို့ မီသေးတယ်'

မျက်ဝန်း လှမ်းကြည့်လိုက်တော့ ကြွေရုပ်က လက်ပတ်နာရီလေး မြှောက်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကြောင်အိမ်လေးဘက် ပြန်လှည့်ပြီး မျက်ဝန်း မြင်အောင် ဖွင့်ပြသည်။

မျက်ဝန်းက ပြတာကိုမကြည့်ဘဲ ခေါင်းခါလိုက်ကာ...

'ရပါပြီ မကြည့်တော့ဘူး။ နင် ပြန်တော့လေ။ ညနေစောင်းသွားရင် ကားမရဘဲနေဦးမယ်'

'မြောက်ဥက္ကလာနဲ့ မြောက်ဒဂုံ သွားတာပြန်တာများဟာယ်၊ ငါက နင့်အတွက် ပူတာ၊ ဒီည နင်တစ်ယောက်တည်း အိပ်ရမှာ ထင်တယ်'

'ဘာဖြစ်လဲ အဲဒါ'

'ကိုယ်နဲ့စိမ်းတဲ့ နေရာကြီးမှာ'

'ရင်းတဲ့နေရာ ဘယ်နေရာရှိသလဲ။ အမေ့ဝမ်းက ကျွတ်ပြီဆိုကတည်းက မြောက်ဥက္ကလာမှာမွေးမယ်၊ ရွှေတောင်ကြားမှာ မွေးမယ်နဲ့ ရင်းနှီးတဲ့နေရာ ရှာဖွေပြီး မွေးလို့ရလို့လား'

'မျက်ဝန်းရယ်'

ပြောပုံကြောင့် ကြွေရုပ် ရယ်လိုက်မိသည်။

မျက်ဝန်းလည်း ပြုံးစိစိ ဖြစ်သွားကာ ပွစာကျဲနေတာတွေကို သူမ ဘာသာ သိမ်းသည်။

နောက်ဆုံး ကြမ်းပေါ်မှာ ဖယောင်းပုဆိုးနှင့် အိပ်ရာထဲမှာ သင်ဖြူးလေးခင်းလိုက်ပြီး [illegible] ပြန်သွားလေသည်။

မျဉ်းမတ် ဆိုသည့်တစ်ယောက် ရောက်လာရင် ဘာပြောဦးမည် မသိ။

သူနှင့်မတိုင်ပင်လိုက်ရဘဲ အောက်ထပ်မှာ ကိုယ့်သဘောနှင့်ကိုယ် နေလိုက်တာ ကြိုက်ပါ့မလား။

ရထားပေါ်မှာတောင် နေရာလဲနေပေးရသည့်အဖြစ်ကို မကျေနပ်နိုင်တဲ့သူ။





ဘာပဲဖြစ်ဖြစ် အောက်ထပ်က ဝင်ရထွက်ရ[illegible]ယ်ကူသည်။

ရေသယ် ဘာသယ် အဆင်ပြေ၏။ ပြီးတော့ သူ့ဟာသူ ဆင်းဆင်းတက်တက် ကိုယ် လှည့်မကြည့်ရင်ပြီးရော။ ကိုယ် အပေါ်မှာ နေရလျှင် ဘာဖြစ်ဖြစ် ဆင်းတိုင်းတက်တိုင်း သူ့ကို နည်းနည်းဖြစ်ဖြစ် လှမ်းကြည့်မိမည်။

မြင်နေရမည်။ ခုတော့ ပြီးရော။ ဒါမှ မကျေနပ်လည်း မတတ်နိုင်။ ကတိမတည်ဘူးပြောလည်း ပြောပေတော့။ အိမ်စပေါ်လခအားလုံး ကိစ္စတွေက ပြီးသွားပြီ။

မကျေနပ်လို့ သူ မနေချင်ရင် သူ သွားပေါ့။ ငွေက ဆုံးမှာပဲ။ ကိုယ့်ဒုက္ခနှင့်ကိုယ်။ ယောကျ်ားတွေ အသင်ကြီးခြင်းခံရဖို့များ မျက်ဝန်းတို့ လုံးဝ စိတ်မဝင်စားပါ။

သူတို့မှာကော အထင်ကြီးစရာ ဘာရှိလို့လဲ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၀)

'ဘုန်း'

ထမင်းနှင့်ငါးသေတ္တာကို ဖြစ်သလို လုံးထွေးနယ်ဖတ်ပြီး စားလိုက်တာ ဗိုက်တင်းသွားတော့ အိပ်ရာကို သတိရ၏။

တံခါးတွေ သေချာပိတ်ပြီး ခြင်ထောင် ထောင်ရုံပဲ ရှိသေးသည် တံခါးကို 'ဘုန်း'ခနဲပုတ်ပစ်လိုက်သံကြောင့် မျက်ဝန်း ဆတ်ခနဲ ဖြစ်သွားသည်။

'ဟေ့ တံခါးဖွင့်ဦး မျက်ဝန်း'

'လာပြီ'

အချိန်တောင် တော်တော်လင့်နေပါပြီ။ ည ကိုးနာရီ ဆိုသည့် အချိန်မှာ မျဉ်းမဟ် ရောက်လာတော့ ကျောပိုးအိတ်တစ်လုံးနှင့်ပဲ ဖြစ်သည်။ ရထားပေါ်မှာ မြင်သည့်ပုံစံအတိုင်း လတ်တစ်ဖက်မှာ ဂစ်တာနှင့်။ တံခါးနှစ်ချပ်ကို ကိုင်ထားလျက်နှင့် မျက်ဝန်းက သူ့နောက်ကို လည်ပင်းရှည်၍ ကုန်းကွလိုက်ကြည့်သည်။

'ရှေ့က ဖယ်လေ၊ ဘာကြည့်နေတာလဲ'

'ရှင် ဘာမှမပါဘူးလား'





'ဘာပါရမှာလဲ'

'အိမ်ပြောင်းလာတာ မဟုတ်ဘူးလား'

'မင်း အမေးအမြန်း မထူပါနဲ့။ ငါ တစ်ယောက်တည်း နေမယ့် ကိစ္စကို ဘာတွေ သယ်ရဦးမှာလဲ'

'သြော်'

မျက်ဝန်းက လက်နှစ်ဖက်ဖြုတ်ချ၍ တံခါးဝကနေ ဆုတ်ပေးလိုက်သည်။ သူက ကိုယ်တစ်ခြမ်းစောင်း၍ အထဲဝင်၏။

မီးချောင်းနှစ်ချောင်း ရှိနေတာ အိမ်ရှေ့ခန်းထဲမှ အပေါ်ထပ်တက်သည့်လှေကားရင်းထိ လင်းထိန်နေသည်။

ထို့ကြောင့် ဘုရားစင်မှာ ပန်းတွေနှင့် ဝေနေတာကိုကော၊ အတက်အဆင်းနားက ရေဇလုံနှင့်ပုံချထားသည့် ပစ္စည်းတချို့ကိုပါ တွေ့ကြည့်ကာ...

'ဘာလဲ မင်းက အောက်ထပ်မှာ နေလိုက်တာလား'

'အင်း...'

သူ ဘာပြောလာမလဲဟု နားစွင့်ရင်း အလုပ်မရှိအလုပ်ရှာကာ မျက်ဝန်းက သူ တက်လာခဲ့သော တံခါးဝမှ ကြမ်းပြင်ကို ကြမ်းတိုက်ဝတ်နှင့် လိုက်တိုက်နေလိုက်၏။

နောက်တစ်ခုက ကိုယ့်လုပ်အား ဘယ်လောက်ထည့်ဝင်ထားပြီး ဘာကို သိစေလိုက်ခြင်းပင်။ ထို့ကြောင့် ဒီနေရာ ကိုယ်သာပိုင်သည်ဟု။

'မင်း အပေါ်မှာနေဖို့ ကောင်းတာပေါ့။ အခုက ငါ အပေါ်နဲ့ အောက် ဆင်းတက်နေတိုင်း မင်းရှေ့က ဖြတ်နေရမှာ'

'ရတယ်လေ ဖြတ်ပေါ့။ မျက်ဝန်း အပေါ်မှာ မနေချင်ဘူး။ ရှင်က ချက်ပြုတ်စားမယ့်သူ မဟုတ်တော့ ပြဿနာမရှိပေမယ့် ချက်ပြုတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



သူကျတော့ ရေသယ် ဘာညာ ဒုက္ခရောက်မှာ။ ပြီးတော့လဲ မျက်ဝန်းက သွားတာလာတာ များတယ်။ အပြန်နောက်ကျတာလဲ ရှိတာပဲ'

'အဲဒါ ငါကပြောရမှာ။ တစ်ခါတလေ အပြန်မှာ အပေါင်းအသင်း ပါလာတာလဲ ရှိဦးမှာ။ မိန်းကလေးဖြစ်ပြီး အပေါ်မှာပဲ အေးအေး ဆေးဆေးနေရင် ပြီးတာပဲဟာကို'

မျဉ်းမတ်က ဂစ်တာကိုလည်းမချ၊ ကျောပိုးအိတ်လည်းမဖြုတ် သေးဘဲ နေရာလုဖို့ စစ်ဆင်ရေးအတွက် မောင်းတင်လိုက်သည် ထင်၏။

မျက်ဝန်းကလည်း ဆုံးဖြတ်ထားပြီးသားမို့ မလျှော့နိုင်ပါ။

'ဘယ်မှာပဲနေနေ အေးဆေးပါတယ်။ ရှင်နဲ့မျက်ဝန်း သော့ တစ်ချောင်းစီ ယူထားရင် ရပြီ။ ပြန်ရောက်တဲ့အချိန် ကိုယ်သော့နဲ့ကိုယ် ဖွင့်ဝင်လိုက်ပေါ့'

'ကျွတ်'

မျဉ်းမတ်က ဂစ်တာကို ဟိုလက်ဒီလက် ပြောင်းကိုင်ပြီး ကျွတ် ခနဲ စုတ်သပ်သည်။ ဘာမှလည်း ထပ်မပြောချင်၊ ဘယ်လိုမှလည်း လက်မခံချင်ဘဲနှင့် လှေကားဆီသို့ ဒေါသ၊ မောဟများနှင့် ဦးတည် လိုက်၏။

'မျဉ်းမတ်'

မျက်ဝန်း ကမန်းကတန်း ထရပ်လိုက်ပြီး ခေါ်သည်။ လှေကား ပေါ် ခြေလှမ်းတက်ပြီးမှ သူက မထူးဘဲ လှည့်ကြည့်၏။

'မီတာခကို ရှင်နဲ့မျက်ဝန်း တစ်ဝက်စီ ဆောင်ရမှာနော်။ အိမ်လခ နဲ့ မဆိုင်ဘူးတဲ့'

မျဉ်းမတ် မျက်မှောင်ကြုတ်သွား၏။

'ဒါနဲ့ ရေနဲ့မီးနဲ့ အပြီးဆို'





'ဟုတ်တယ် အဲဒီလိုပြောတာပဲ။ ဒါပေမယ့် အခု ဒီလိုဖြစ်သွား တယ်။ ဘာဖြစ်လဲရှင် လွတ်လွတ်လပ်လပ် ကြိုက်သလို သုံးလို့တောင် ရသေးတယ်'

'ကျေနပ်ရင်လဲ ဘာလို့ လာပြောနေသလဲ'

မျဉ်းမတ်က ဆက်တက်သွား၏။

'မဟုတ်ဘူးလေ။ ရှင်က ဘာတွေသုံးမှာလဲလို့ သိချင်လို့ပါ။ မျက်ဝန်းက ကွန်ပျူတာ စာစီမှာ။ တစ်ညလုံးသုံးမှာဆိုတော့ တစ်ဝက် ဆိုရင် မတရားဖြစ်မှာစိုးလို့'

မျဉ်းမတ်က ဘာမျှမပြောဘဲ ခဏရပ်နေပြီးမှ ဆက်တက်သွား သည်။

ဒီလူက ဘာလဲ။ ဂီတသမားလား၊ အဆိုတော်ပေါက်စလား။ မျက်နှာကတော့ အချိန်ပြည့် မကျေနပ်မှုများနှင့် ပြည့်နှက်နေလေ သည်။

အတွင်းကြေတစ်ခုခု ရှိနေတာတော့ သေချာ၏။ မိသားစုဒဏ်ရာ လား၊ ဒါမှမဟုတ် နှလုံးသားဒဏ်ရာလား။

ဒါတွေမဟုတ်ဘူးဆိုလျှင်တော့ မျက်ဝန်းကိုကျမှ မကျေနပ်တာ တွေ စုပြုံတွေ့နေသည်လား။ ဘာပဲဖြစ်ဖြစ်ပါ...

ပြုံးရယ်နေသော ယောကျ်ားများထက် သူ့ကို မျက်ဝန်း ခင် သည်။ အကြောင်းပြချက် မရှိခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၁)

သူများတွေကတော့ ကွန်ပျူတာစာစီဆိုပြီး သန့်သန့်ခံ့ခံ့ကြီး ဖွင့်လှစ်ကာ အလုပ်အပ်မည့်သူက ရောက်လာမည်။

ပြီးလျှင် လာရွေးမည်။

သူမမှာတော့ အလုပ်ရဖို့ကို ခယတောင်းပန်ရသည်။ အမှားမများဖို့အတွက် ချွေးပြန်အောင် ဂရုစိုက်ရသည်။ ပြီးတော့ လာအပ်ရဖြစ်သည်။ အပ်သည့်အခါ 'သူဌေးမရှိလို့ ခဏစောင့်ပါဦး' ဆိုတာမျိုးကို ခုလို ဖင်ပူအောင်၊ ခါးတောင့်အောင် ထိုင်စောင့်ရင်း စိတ်ဆိုးဒေါသ မထွက်နိုင်သည့်ပြင် ရင်ခုန်နေရသေးသည်။

'သူဌေး ရောက်လာရင် ဘာပြောမလဲ'ဟု…

ထိုစဉ် နားထဲမှာ စကားပြောသံတွေ တိုးဝင်လာသဖြင့် နားစွင့်ထားမိ၏။

'မင်းကို ချောမြတ်ဇင် လိုက်ရှာနေတာကွ။ လုပ်ငန်းကိစ္စ ပြော





…ရှိလို့တဲ့။ ဘယ့်နှယ်လဲ အခုတွေ့မလား၊ အန်ကယ် ဖုန်းဆက်လိုက်မည်'

ဒါ သူဌေး ဦးသိန်းဇော်ရဲ့အသံပဲ။ စကားပြောရင်း လျှောက်လာသံမို့ အသံကြားသည်နှင့် မျက်ဝန်း ကပျာကယာ ပြူပြင်ထိုင်ရင်း …ပိုးအိတ်လေးကို ပခုံးကနေ ဖြုတ်ချလိုက်သည်။

သို့သော် စာမူတွေထုတ်ဖို့ ဇစ်ဖွင့်လိုက်ပြီးမှာ အထဲဝင်မလာဘဲ …ခြင်စားပွဲမှာပဲ ထိုင်လိုက်ကြပုံရသော စကားများကြောင့်…

ဟူး… သွားပြီ။ ထပ်စောင့်လိုက်ဦး မျက်ဝန်းပြာ။ ခေါင်းကိုပါ …ပျက်စွာ ယမ်းလိုက်မိသည်အထိ။

'ဘာဖြစ်လို့ ခေါင်းခါရတာလဲ မျဉ်းမတ်၊ မင်း အကျိုးဖြစ်မယ့် …နော်။ အန်ကယ့်ဆီမှာ သီချင်းတွေ လာအပ်နေရတာ မင်းအတွက် …အောင် မရဘူး။ မင်းလက်၊ မင်းအသံနဲ့သာ မြေတောင်မြှောက်မယ့် …တိုးရင် မင်း နာမည်ကြီးမယ်၊ ချမ်းသာမယ်'

'နေပါစေ'

ရယ်သံတစ်ဝက်နှင့်အသံကိုကြားတော့ မျက်ဝန်း အံ့သြသွားကာ …ငွင့်နေလိုက်မိ၏။

သူဌေးဦးသိန်းဇော်ဟာ စာအုပ်ထုတ်ဝေရေးကော၊ တေးသံသွင်း …ငန်းတွေကော စုံအောင်လုပ်နေတာ သူမ သိသည်။ ဒါပေမယ့် …န်ပျူတာစာစီသော သူမနှင့် သီချင်းရေးသည့် မျဉ်းမတ်ကို …သောက်လုံး ခုလို တစ်နေရာတည်းမှာ နောက်ထပ်ဆုံစည်းနေပြန်…တာ အံ့သြစရာပါ။

'မင်းကလဲ အနုပညာသမား ပီသနေပြန်ပြီ။ အခုဟာက မင်းကို …င်းပုံဖြတ်မယ့်သူ မဟုတ်ဘူးလေ။ နက်နက်ရှိုင်းရှိုင်း စေတနာထား



www.burmeseclassic.com

www.burmeseclassic.com



တဲ့သူပါ။ အဟွန်း ယောကျ်ားချင်းမို့ ပွင့်ပွင့်လင်းလင်း ပြောရရင် ချောမြတ်ဇင်က မုဆိုးမလေးပေမယ့် တကယ်မှည့်တာကွ။ ကူ့ခြွေ ရှိတယ်။ မင်းကိုကျမှ သူ ဒီလောက်ထိ ဖြစ်သွားတာ’

‘ထားလိုက်ပါ အန်ကယ်၊ သူ ပေးတာတွေ ကျွန်တော် မလိုချင် ဘူး’

‘မဟုတ်ဘူးလေ၊ မင်းက ကြုံးကိုင်ခံရမှာ ကြောက်လို့လား ချောမြတ်ဇင်က ဒီလိုမိန်းကလေး မဟုတ်ပါဘူး။ သူ့ယောကျ်ား ရှိစဉ် ကတည်းက အန်ကယ်နဲ့ သူ့ယောကျ်ား ခင်တယ်။ အရမ်းချမ်းသာတာ ကွ။ သားထောက်သမီးခံလဲ မရှိဘူး။ သူ မင်းကို ကူညီချင်တာက မရိုးသားမှုပါပေမယ့် ရယူလိုခြင်းတွေ သိပ်မရှိရှာပါဘူး။ ယောကျ်ား ကွာ’

‘ယောကျ်ားပေမယ့် ကျွန်တော့်ဘက်က ဖြူစင်ချင်ပါတယ်။ ဒီ အကူအညီမျိုးက ယူပြီးရင် ကြွေးဆပ်သလို တတ်နိုင်သလောက် ဖွဲ့ဆ သွားလို့ရတာမျိုးလဲ မဟုတ်ဘူး။ ကျွန်တော် မလိုချင်ဘူး’

‘ခက်ပါလား မျဉ်းမတ်ရာ။ ချောမြတ်ဇင် ရင်ထဲကိုလဲ အန်ကယ် မြင်တယ်။ မင်းရဲ့ဘဝကိုလဲ သိတယ်။ ထပ်တူညီဖို့က သက်သေပြချက် မလိုပါဘူး။ ပေးချက်တွေထဲမှာ အဖြေရှိတယ်။ မင်း ဘာမှ ပင်ပန်းဖို့မ တာကို ဘာဖြစ်လို့ ရှောင်ချင်ရတာလဲ’

ဦးသိန်းဖော်သည် လုပ်ငန်းအကြောင်း မပါတော့ဘဲ ချောမြတ်ဇင် နှင့် မျဉ်းမတ် နီးစပ်ပတ်သက်ဖို့ကို ထင်ရှားစွာ သရုပ်ဖော်လာသည်။

ချောမြတ်ဇင်နှင့် ဒီလူကြီးက ဆွေမျိုးသားချင်းတွေလော ရင်းနှီးကြသလို လုပ်ငန်းချင်းလည်း တချို့နေရာတွေမှာ ရှယ်ယာလု ထားကြသည်။





ထို့ကြောင့် ချောမြတ်ဇင်၏ လိုအင်ဆန္ဒကိုသာ ဖြည့်ဆည်းဖို့ ကြိုးစားတော့မည်ဖြစ်၏။ မျဉ်းမတ် နားလည်သွားသည်။

တစ်ညလုံး ခံစားသီကုံးခဲ့ရသော မယ်လိုဒီတွေ ဒီတစ်နေ့လုံး လွယ်အိတ်ထဲမှာပဲ အနားယူခွင့်ရသွားပြီက သေချာ၏။

‘မျဉ်းမတ် သီချင်းရေးတာနဲ့ သီချင်းဆိုတာ ဘာကောင်းလဲ မင်း သိပါတယ်။ စဉ်းစားစမ်းပါကွာ။ မင်းမှာ ရုပ်လဲချော၊ အသံလဲကောင်း ဘာလိုသေးလဲ။ စားသောက်ဆိုင်မှာလဲ မဆိုချင်ဘူး။ သီချင်းရောင်းတာ ဘောင် အဆိုတော်ရွေးသေးတယ်။ မင်းရဲ့မာနမျိုးနဲ့ ဒီအခွင့်အရေး အထိုက်တန်ဆုံးပဲ။ ကိုယ့်မှာ ချမ်းသာနေမှ မာနကြီးလို့ရမှာ မဟုတ်ဘူး လား။ သူ အဆိုတော်ဖြစ်အောင် တင်ပေးမယ် ဆိုတာ လက်ခံလိုက် ပေါ့။ အောင်မြင်လာရင် ကိုယ့်ရဲ့အောင်မြင်မှုကို ကိုယ်ပိုင်မယ်။ ဘာ သုပ်လုပ် ဘာဖြစ်မှာလဲ’

‘အဲဒီလိုလဲ ကျွန်တော် ဘယ်တော့မှ မလုပ်ဘူး အန်ကယ်။ ရှင်း ရှင်းပြောရရင် ကိုယ့်ကိုမျှော်လင့်ပြီး ပေးကမ်းတဲ့ မိန်းမတစ်ယောက် ဆီက ထောက်ပံ့မှုကို အားပြုပြီး မရပ်တည်ချင်ဘူး။ ယူပြီးရင် ပြန်ပေး ရတာပဲ။ ကျေးဇူးတရာဆိုတာ မသိချင်ယောင်ဆောင်နေလို့ ရကိုမရ ဘူး။ တစ်နေ့နေ့ကို ကိုယ်ပိုင်တယ်ဆိုပေမယ့် ကျေးဇူးဆိုတာကို မမေ့ တတ်ရင် အဲဒီလူမျက်နှာကြီးကို ဘယ်လိုဖျောက်မလဲ။ ကျေးဇူးဆပ်ဖို့ ဖြစ်လာရင် သူလိုချင်တာ ကျွန်တော် မပေးနိုင်ဘူး’

ဦးသိန်းဖော် မျက်နှာက ချဉ်တင်တင် မဲ့ပြုံးနှင့် ဖြစ်သွားကာ...

‘ယောကျ်ားမှန်ရင် နှာဘူးနဲ့ဂန်ဒူး နှစ်မျိုးပဲ ရှိတယ်တဲ့။ နှစ်မျိုး စလုံး မင်း မဟုတ်ဘူးဆိုရင် မိန်းမစစ်စစ်ကြီး ဖြစ်သွားလိမ့်မယ် မျဉ်းမတ်’



www.burmeseclassic.com

www.burmeseclassic.com



'မတတ်နိုင်ဘူး အန်ကယ်။ ကျွန်တော့်အတွက် အဆိုတော်ဖြစ် ဖို့ အဓိကမဟုတ်ဘူး'

'ဘာလဲ သီချင်းတွေရေးနေဖို့ပဲလား။ ဒါမှမဟုတ် ထမင်းစား နေရရင် ပြီးရော ဆိုတာမျိုးလား'

မျဉ်းမတ် နေရာမှ ထရပ်လိုက်သည်။

ဦးသိန်းဇော်က လေးတွဲ့စွာ လိုက်ထရင်း ရယ်မော၍...

'ဘာပဲဖြစ်ဖြစ် ငွေရှိမှဖြစ်တာ မျဉ်းမတ်ရ။ သီချင်းရောင်းတာ တောင် ဘယ်သူဆိုမှာလဲလို့ မေးတဲ့ မင်းရဲ့သီချင်းတွေကို လာပြတိုင် လဲ အန်ကယ်က မယူနိုင်ဘူး'

'ရပါတယ် အန်ကယ့်ကို ကျေးဇူးတင်ပါတယ်၊ သွားပါဦးမယ်'

'အေးကွာ၊ မင်း စဉ်းစားမိတာတစ်ခုခု ရှိရင်တော့ ဖုန်းဆက်ပြော သူ ဝမ်းသာရှာမှာပါ'

မျဉ်းမတ် အံကြိတ်လိုက်မိသည်။ ကျောခိုင်းထွက်လာခဲ့ရင် ရှက်တတ်သော မာနတရားများက တစ်ကိုယ်လုံးကို ပူနွေးလိုက်ရ လာခဲ့သည်။

ခြေလှမ်းတွေ ပိုကျဲနေသော်လည်း ဘယ်ကို ဦးတည်လိုက်မှန်း မသိပါ။

ယောက်ျားဆိုလျှင် သိက္ခာမထားရဘူးလား။ ယောက်ျားမှာကော ဘဝပျက်တာ၊ ဆုံးရှုံးနစ်နာတာ ဘာမှမရှိဘူးတဲ့လား။ ဘယ်လောက် ပေးချင်နေနေ ကိုယ်လိုချင်မှ ယူမှာပေါ့။

ခိုင်းနှိုင်းလိုက်ပုံက ရင့်သီးလွန်းသည်။ နာဘူးမဟုတ်ရင် ဂန်ဒူးတဲ့

ဘယ်လိုမှ ကြေညာခွင့်မရှိခဲ့သော ရင်ထဲက မာနစိတ်ကြောင့် သီချင်းတွေ ရေးနေဖို့တောင် စဉ်းစားရတော့မည်။ သီချင်းတွေ ရေး





ဘတ်နေတာနဲ့ပဲ ဘဝတစ်ခုလုံးကို သီချင်းသံသရာထဲမှာ မြှုပ်နှံမထား နိုင်ပါ။

ဘယ်အရပ်မျက်နှာမှာပဲဖြစ်ဖြစ် ကိုယ့်ဘဝ တက်လမ်းရှိနေသည့် ဘက်ကို မျက်နှာမူမည်သာ။

ရှေ့ကိုပဲကြည့်ကြည့်၊ ခေါင်းငုံ့ပြီးတော့ပဲ လျှောက်လျှောက် သူ့ အပေါ်ဆို အလွန်နူးညံ့လိုက်လျောခဲ့သော ချောမြတ်ဇင်၏ အပြုံးများ က နှောင့်ယှက်နေသည်။ ပြောခဲဖူးသည်။

'မင်းအတွက်ဆို မမကိုက ဘာဖြစ်ဖြစ် ဖြည့်ဆည်းပေးချင်နေ တာ'တဲ့။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၂)

'ဟာ်း မင်းက အပေါ်ထပ်မှာလား'

သူမ ကြမ်းတိုက်နေသည့်ဆီကို လှမ်းကြည့်ရင်း ပြောလိုက်သံက သိသာ၏။ ခြံရှေ့မှာ အငှားကားလေးရပ်ပြီး အိပ်ရာလိပ်ကြီးနှင့် အသုံး အဆောင်ပစ္စည်းတချို့ သယ်ချနေကတည်းက မြင်ထားပြီးသားမို့ တံခါး မှ လှေကားထိ တောက်လျှောက် ဝင်သွားတာကို မျက်ဝန်း မော့မကြည့် တော့ပါ။

'မင်းကလဲ ဘာလို့ ဒီလောက်တောင် သယ်လာရတာလဲ'

အသံကြားတော့မှ ပြေးဆင်းလာသည့် မျဉ်းမတ်က လရောင် မေးတာကို မဖြေဘဲ မေးခွန်းပြန်ထုတ်သည်။

လှေကားပေါ်တက်နေရင်းကပဲ လရောင်သည် မျက်ဝန်းဆီသို့ ငုံ့ကြည့်၍…

'အေးပေါ့ ယောကျ်ားလေးဆိုတာ သိုသိုသိပ်သိပ် လုံလုံခြုံခြုံနေဖို့ လိုအပ်တာကိုး'





မျက်ဝန်း မျတ်ခနဲ မော့ကြည့်သည်။ လရောင်က မသိသလိုလုပ် ၍ မျက်နှာလွှဲသွား၏။

'မင်း စကားသိပ်မများနဲ့၊ အောက်ကဟာသွားယူ၊ ပေး အဲဒါ'

မျဉ်းမတ်က အိပ်ရာလိပ်ကို ပြောင်းယူပြီး ဆက်တက်သွား၏။ လရောင် ပြန်ဆင်းလာတော့ မျက်ဝန်း နားစွင့်ထားလိုက်၏။

ဒီတစ်ခါ ထပ်ပြောကြည့် ယောကျ်ားတန်မယ့် ရိုသလိုလို စောင်း သလိုလို လာလုပ်လို့ကတော့ ဒီကလည်း ပါးစပ်ပါတာပဲ။

'မျက်ဝန်း စားပြီးပြီလား'

တော်တော်ပြောင်သည့်မျက်နှာ။ ခုနကပဲ ဘာလိုလိုပြောပြီး ချက်ချင်း…

'ပြီးပါပြီ'

မျက်ဝန်းက ခပ်တည်တည်လေး ပြန်ဖြေပြီး ကြမ်းဆက်တိုက်၏။ ပျဉ်ချပ်တွေက ဘယ်လောက်တိုက်တိုက် အရောင်ထွက်မည့်အသား မျိုးတွေ မဟုတ်ပါ။

ဒါကို ကျကျနန ဒူးတုပ်အားစိုက်၍ တိုက်ချွတ်နေသည့် မျက်ဝန်း ကို လရောင် အထင်ကြီးစိတ်လေးတော့ ဝင်မိသည်။

ကြည့်တော့ဖြင့် အိမ်ပေါ်မှာ ညောင်စောင်းခိုပြီး စားပွဲသပ်သပ်ချထား တာတောင် မရှိ။

စားပွဲခပ်သေးသေးလေးပေါ်တွင် ကွန်ပျူတာလေးတစ်လုံးနှင့် ရုပ်မြင်သံကြားတွဲလျက်ပါသည့် ကက်ဆက်ကြီးတစ်လုံး။

ရှေ့မှာ ကုလားထိုင်တစ်လုံးနှင့် ဒါပဲ ဖြစ်သည်။

ဘုရားစင်ရှေ့တစ်ဝက်လောက်ထိ ဖယောင်းပုဆိုးခင်းထားတာ



www.burmeseclassic.com

www.burmeseclassic.com



က စားပွဲအောက်မှာပဲ ရှိနေပြီး အဝင်အထွက်ဘက်မှာ ကြမ်းပြင်က ဒီတိုင်း။

တလွင့်လွင့်တက်နေသော ခန်းဆီးစလေးနောက်ကွယ်ကို လှစ်ခနဲ လှစ်ခနဲ မြင်နေရ၏။

မြင်ရသမျှ တောက်လျှောက်မှာလည်း ကြမ်းပြင်က ကြမ်းပြင်အတိုင်း။ ဘာအခင်းမှ မရှိပေ။

အိမ်က သိပ်မကျယ်ပေမယ့် တော်တော်ရှည်ပါသည်။ ဒါကို သူမ မညည်းမညူ တိုက်ချွတ်နေ၏။

ပါကေးခင်းထားသော ကြမ်းပြင်တွေ ဘယ်လောက်ကျယ်ကျယ် တိုက်ရတာ သက်သာလိမ့်ဦးမည်။

ဒီကြမ်းမျိုးကို တိုက်ရတာ အခန့်မသင့်လျှင် လက်သည်းကြားထဲ သစ်စတွေဝင်၍ ဒုက္ခရောက်သွားနိုင်သည်။

ဘာပဲဖြစ်ဖြစ် ဒီကောင်မလေးဟာ နုနုငယ်ငယ်လေးဖြစ်လျက်နှင့် ကိုယ်တိုင်ဂျတော့ ပြင်ဆင်တာ သိပ်မရှိဘဲ သန့်သန့်ပြန့်ပြန့် ပြောင်ပြောင်စင်စင် နေတတ်သည့် အကျင့်ကလေးတော့ ရှိနေလေသည်။

စားပွဲပေါ်မှာ စာရွက်တွေ၊ ပစ္စည်းတွေ ဘာမှရှုပ်ပွမနေပါ။ မြင်သမျှမှာ လက်လက်တောက် သန့်စင်နေ၏။ ဘုရားစင်မှာ အဖိုးထိုက်တန်သော ပန်းတို့ မဟုတ်ဘဲလည်း ဇော်လုံးနှင့်ပန်းနုရောင်နှင်းဆီလေးတွေကို ကဗျာဆန်အောင် ထိုးထား၏။

လရောင်က မြင်သမျှကို ပြောင်ပြောင်ပဲ လိုက်ကြည့်၏။ တံခါးဝမှာ စုပုံချထားသော ပစ္စည်းတွေဆီ ခြေလှမ်းမရောက်ဘဲ ဖျက်ဝန်းရှေ့ကို လျှောက်သွားခဲ့မိသည်။

သူသည် ယောကျ်ားလေး ဆိုပေမယ့် အိမ်မှာ ညီမတွေကို





မေမေ ဆူနေကြိမ်းနေသမျှ ကြားနေခဲ့ရသဖြင့် နားရည်ဝနေသည်။ မသိမ်းမဆည်းလို့ ဆူတာတွေ၊ အလှအပ အဝတ်အစား မက်မောလွန်းလို့၊ ဘယ်လောက်ပေးပေး ဝယ်စရာမကုန်နိုင်လို့။

အိမ်မှာ ကူဖော်လောင်ဖက်မရလို့ အားလုံး စုံနေတာပါပဲ။

'ငါ့သမီးတွေများနော်၊ မအေ့စားပွဲလေးကို အမြင်မတော်လို့မှ ရှင်းလင်းပေးဖော် မရဘူး။ အဲဒီလိုများ သိတတ်ရင် ညည်းတို့လက်ကို ရွှေချထားပါ့မယ်'

ဆိုတာလည်း ကြားဖူး၏။ ထို့ကြောင့် မျက်ဝန်းကို လရောင် စိတ်ဝင်စားသွား၏။

ဒီကောင်မလေးကျတော့ မေမေတို့လို ဆူမယ့်၊ ပြောမယ့် အုပ်ထိန်းသူလည်း အနားမှာရှိတာ မတွေ့ပါ။

ကွန်ပျူတာနှင့် အလုပ်စားပွဲနှင့်ဆိုတော့ စားဖတ်နေရေးအတွက် ကိုယ့်စီးပွားလေးနှင့်ကိုယ် ရုန်းကန်နေရတာမှန်းလည်း သိသာသည်။

ထို့ပြင် သူမပုံစံလေးမြင်တာနှင့် ဘယ်လိုမှ အထင်မြင်သေးစိတ်ဖြစ်လို့မရနိုင်သော သန့်စင်တည်ငြိမ်မှုလေး အပြည့်နှင့်။

လရောင်၏ စချင်နောက်ချင်သော မျက်နှာက ခင်မင်စွာ ပြုံးရယ်ခြင်းသို့ ရောက်ကာ...

'မျက်ဝန်းက ဂရပ်ဖစ်လိုင်းလား'

'အင်း အဲဒါလဲပါတယ်၊ လောလောဆယ်တော့ စာစီစာရိုက်ပဲ'

မျက်ဝန်းက တမင်တကာ တည်နေသည့် မျက်နှာလေးနှင့် ကြမ်းတိုက်ဝတ် ကိုင်ပြီး အိမ်ရှေ့ဆင်းသွားသည်။

ထိုင်ပါလို့ မပြောသလို ထိုင်စရာလည်း မရှိသဖြင့် လရောင်ကြောင်အမ်းအမ်းနှင့် နောက်ပြန်လှည့်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုနေ့က မျှဉ်းမတ်ကို ဒီအိမ် အတူငှားဖို့ ပြောတုန်းက ပျာလောင်ခတ်နေသည့် မျက်နှာ ဘယ်ရောက်သွားပြီမသိ။

ပစ္စည်းတွေကို ငုံ့ယူလိုက်ရင်း ကျောက်စည်လေးဘေးမှာ ဆောင့်ကြောင့်ထိုင်၍ ကြမ်းတိုက်ဝတ် လျှော်နေသည့် မျက်ဝန်းကို လှမ်းကြည့်လိုက်မိပြန်သည်။

အပြာရောင်အပွင့်မှုန်မှုန်လေးတွေပါသည့် ကွာတားဘောင်းဘီပွပွလေးနှင့် တီရှပ်အနက်လေးကို ဝတ်ထား၏။

ပုံစံကျတော့ ကလေးလိုလို ပွေးလိုလို။

'လရောင် မင်း ဘာလုပ်နေတာလဲ အဲဒါ'

'ဒီမှာကွာ ဘယ်လိုသယ်ရမှန်းမသိလို့'

လရောင်က မှင်သေသေနှင့် ဖြေသည်။

'အတိုအထွာတွေဆိုတော့ တစ်ခါတည်းပါအောင် သယ်ချင်တာ။ ဆင်းလိုက်တက်လိုက် ဖြစ်နေမှာစိုးလို့'

'ဟွန်း'

မျှဉ်းမတ်က သိသည်။

အိမ်ပေါ်ပြန်တက်လာသည့် မျက်ဝန်းကိုလှမ်းကြည့်ပြီး လရောင်ကို မျက်မှောင်ကြုတ်ပြသည်။

နှစ်ယောက်အတူ ကောက်ယူလာကြတော့ ရေသန့်ဘူးကြီးနှင့် ပန်းကန်စင်လေးနှင့် အတိုအထွာတချို့ရယ်က ဘာမှလည်း ပွစာတက်မနေပါ။

'မျှဉ်းမတ်'

'ဘာတုံး'

'ကောင်မလေးနဲ့စာရင် မင်းမွဲမှန်း သိသာလိုက်တာ'





'ဘာဖြစ်လဲ'

'ဒါတောင် အိပ်ရာခင်းမရှိ ဘာမရှိနဲ့ ဘယ်နှစ်ည အိပ်ပြီးပြီလဲ'

'ဘာဖြစ်လဲ အိပ်တော့၊ မင်းကို လာပို့ပေးပါလို့ ငါ ပြောမိလို့လား'

'မပြောပေမယ့် မပြောဘူးဆိုတာ သိလို မနေနိုင်တာပေါ့ကွ။ ငါ့မှာ အစ်ကို့မင်္ဂလာပွဲ လိုက်သွားရတာတောင် ဟိုမှာ အေးအေးဆေးဆေး မနေနိုင်ဘူး။ သိသားပဲ ကျေးဇူးတင်မယ့်ကောင် မဟုတ်ဘူးဆိုတာ'

လရောင်က ပြောလည်းပြောသည်။ အိပ်ရာခင်းကိုလည်း ကျကျနန ပြင်ဆင်ပေးရှာ၏။ ကိုယ်တိုင် ချက်စားမှာမဟုတ်ဘူး ဆိုပေမယ့် ဒန်အိုးနဲ့ဒယ်အိုးလေးလည်းပါသည်။ လျှပ်စစ်မီးဖိုလေးလည်းပါ၏။ ပြီးတော့ ထမင်းစားပန်းကန်နှစ်ချပ်နှင့် ဟင်းပန်းကန်လုံးလေးတွေ။

'ပန်းကန်က နှစ်ချပ် ဘာလုပ်ဖို့လဲ'

'ပြောလို့ရမလား။ မင်း ဒီမှာ နှစ်ယောက်နေတာဆိုတော့...'

'ဟိတ်ကောင်'

မျှဉ်းမတ် ကြိတ်အော်တော့ လရောင်က ရယ်သည်။

'ဘာရယ်တာလည်း၊ ကြားသွားရင် မကောင်းဘူး။ စကားပြောတာ ဆင်ခြင်'

'ကိုယ့်အခန်းထဲမှာ ကိုယ်ပြောတာပဲကွာ ကြားလည်း ခိုးနားထောင်မှ ကြားမှာ။ စိတ်ကူးမလွဲနဲ့ တော်တော်ချစ်ဖို့ကောင်းတာ'

'အဲဒီ စိတ်ကူးတွေနဲ့ နောက် မလာနဲ့'

'တွေ့လား ပြောတာလေးတောင် မကြိုက်ချင်ဘူး။ ခုကတည်းက သဝန်တိုနေပြီ'

'လရောင်'



www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ'

'မင်း...'

'မြင်တာနဲ့ သိတယ်။ အဲဒီကောင်မလေး လုံးဝ သန့်စင်တာ'

တားတော့မှာ ပိုပြောနေသဖြင့် မျိုးမတ် နေရာမှချာခနဲ လှည့်ထွက်ခဲ့သည်။ နောက်ဖေးဝင်တော့လည်း နောက်ထိပါလာပြီး...

'မိဘမဲ့လေးဆိုလဲ အထင်သေးဖို့မရှိဘူး။ အခြေမဲ့အနေမဲ့လေး ဖြစ်လဲ ဂုဏ်ပြုထိုက်သေးတယ်။ မင်းလိုလူပဲကွ သိလား မာနရှိတယ်'

'လရောင် မင်း ကြိုက်နေပြီလား'

မျိုးမတ်က ရွဲ့တဲ့တဲ့ လှည့်ကြည့်၏။ လရောင်က ချက်ချင်း ခေါင်းညိတ်၏။

'ကြိုက်တာပေါ့။ ဒါပေမယ့် မင်းနဲ့ငါဆို အရည်အချင်းအရ မင်းက ငါ့ထက် ချမ်းသာတယ်၊ ရုပ်ချောတယ်။ အဲ အခု အိပ်ခင်းမပါဘဲ အိပ်ရတာ မပါဘူး။ အဲဒီတော့ ဖြစ်သင့်တဲ့အတိုင်းဆိုရင် မင်းက မင်းသား၊ ငါက ဇာတ်ရံပဲဖြစ်မယ်။ မင်းကို ဦးစားပေးပြီး ပြောနေတာ'

'မပြောနဲ့။ ဒီမှာ ဘယ်မျက်နှာကို ပိတ်ထိုးချင်နေမှန်းမသိ ဖြစ်နေတာ။ မင်းမျက်နှာကြီး ပွင့်သွားလိမ့်မယ် တော့်'

'ဘာဖြစ်လို့လဲ'

မျိုးမတ်က လရောင် သယ်လာပေးသည့် တစ်လုံးတည်းသော စားပွဲနှင့်ကုလားထိုင်လေးမှာ စိတ်ပျက်လက်ပျက် ထိုင်ချလိုက်၏။

လရောင်က စားပွဲစွန်းမှာ တင်ပါးလွှဲထိုင်၍ သူ့မျက်နှာကို ကြည့်သည်။

'မင်း ဦးသိန်းဇော်နဲ့ တွေ့ပြီးပြီလား'

'အင်း'





'ချောမြတ်ဇင်ကိစ္စ ပြောလိုက်ရောလား'

'ဟုတ်တယ်'

'ထင်သားပဲ။ ဒီလူကြီးက ငါ့တွေ့တိုင်း မင်းကိုပဲ မေးနေတာ။ အတိုင်းထည့်ပြောတယ် မင်းကို ဟိုတစ်ယောက်က တွေ့ချင်နေတဲ့ အကြောင်း'

မျိုးမတ်က ဟိုနေ့က ပြောဆိုခဲ့သမျှကို စိတ်မပါပေမယ့် အားလုံး ပြောပြလိုက်၏။

'သူက ဘာမှမဆိုင်တာကို ဒီပြဿနာနဲ့ ငြိပစ်လိုက်တာ။ ငါ ဒေါသဖြစ်သွားတာ အဲဒါပဲ'

'မင်းက ဘာမှမဆိုင်ဘူး ထင်တာကိုးကွ၊ သူတွက်တာက မင်း ဘာလုပ်လုပ် အဆင်မပြေပြီး နာနာဒုက္ခရောက်မှ ဟိုတစ်ယောက်ကို ရှောင်နိုင်တော့မှာကို။ ငါထင်တယ် သိလား၊ ချောမြတ်ဇင်က ဒီလူကြီးကို ဘယ်လိုစည်းရုံးထားလဲ မသိဘူး။ သူ ခုလိုဖြစ်လာတဲ့ပုံက မင်းနဲ့ ချောမြတ်ဇင် အဆင်ပြေသွားဖို့ကိစ္စကို စီးပွားရေးလုပ်ငန်းတစ်ခုလိုမျိုး အာရုံစိုက်နေတာ'

'ဟုတ်တယ်၊ ငွေကြောင့် ပျက်စီးတတ်ကြတာက စိတ်ပျော့တဲ့ မိန်းကလေးတချို့ပဲ။ ဒီလူကြီး ငါ့ကို ဒီလိုနည်းနဲ့ စည်းရုံးတာ တော်တော် တရားလွန်တယ်'

မျိုးမတ်က အံကြိတ်နေသည်။

လရောင်ကတော့ နားလည်ပါသည်။ အလွန်လှပပြီး ကျိကျိတက် ချမ်းသာသော မိန်းမတစ်ယောက်၏ လိုက်လျှောမှုများကို တော်ရုံယောကျ်ား ရှောင်လွှဲနိုင်ဖို့ မလွယ်ပေ။

ပြီးတော့ အလွယ်တကူ စီးမျောသွားနိုင်ဖို့ လှော်ပေးမည့်သူက အဆင်သင့်။



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို မင်း အခု ဘာလုပ်မလဲ'

'မိုးကြီးတို့ အီလက်ထရောနစ်မှာ ဝင်လုပ်မယ်'

'ပြောပြီးပြီလား'

မျဉ်းမတ်က ခေါင်းညိတ်၍ တစ်ဝက်လောက်ရှိသေးသော ရေသန့်ဘူးလေးကို ကောက်မော့လိုက်၏။ လရောင်က စိတ်မကောင်းစွာ ကြည့်နေသည်။

'အေးပေါ့ကွာ၊ ဘာဖြစ်ဖြစ် ခွဲရှိတာ ကောင်းပါတယ်။ ငါ တစ်ခုတော့ စိုးရိမ်တယ်'

'ဘာလဲ'

'မင်းကို ရေလှိုင်းကြောင့် အိမ်ကထွက်သွားတာလို့ မင်းအစ်ကိုက သေချာပေါက် ထင်နေမှာပဲ'

'မတတ်နိုင်ဘူး'

'မင်းကရော ကိုယ့်ကိုယ်ကို မဟုတ်ဘူးဆိုတာ သေချာရဲ့လား'

'မင်းကပါ ငါ့ကို ထင်နေတာလား'

'မထင်ပါဘူး။ ဟိုအရင်ကတည်းက မင်း ရန်ကုန်မှာနေပြီး ကိုယ်ဝါသနာပါတာကို လုပ်ဖို့ စိုင်းပြင်းနေတာ ငါက သိနေတာပဲ။ ဒါပေမယ့် တကယ် ဆုံးဖြတ်လိုက်တော့ တိုက်ဆိုင်နေတယ်။ မဟုတ်ဘဲနဲ့ နာမည်ကြီးသွားမှာစိုးလို့ပါ။ မင်းမှာ ဘေးရောက်ဖို့အကြောင်းတွေက အစကတည်းက များနေတာ။ တော်ကြာ မိဘအမွေ လုံးဝ မစားထိုက်တဲ့ သားဆိုး ဖြစ်သွားလိမ့်မယ်'

'အဲဒီတော့လဲ...'

'အဲဒါ ဂရုမစိုက်လို့ မရဘူး မျဉ်းမတ်။ ဖေဖေတို့ကလဲ မင်းအကြောင်း ခဏခဏ ပြောနေကြတယ်။ မိဘအမွေဆိုတာ မက်မက်





ကော်မက် ရသင့်တာကို ယူရမှာပဲတဲ့။ ယူပြီးရင် ထိန်းသိမ်းရမယ်။ သားသမီးချင်းအတူတူ ကိုယ်က မရလိုက်ဘူးဆိုရင် မခံစားထိုက်တဲ့ သားသမီးပဲလို့ ပတ်ဝန်းကျင်က အလိုလို သတ်မှတ်မှာပဲတဲ့။ ကိုယ်ဆိုးရဘဲနဲ့ လူဆိုးဖြစ်မယ်၊ မမိုက်ရဘဲနဲ့ လူရိုင်းဖြစ်မယ်။ အဲဒါတွေမင်း သိလား'

'သိတော့ကော ဘာလုပ်ရမလည်း။ ဒီလိုလုပ်ဖြစ်ခဲ့တာ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် မှန်ပေမယ့် မဆိုင်ဘူးလို့တော့ ပြောလို့မရဘူး။ မင်းပဲ စဉ်းစားကြည့်။ ရေလှိုင်းက သူ့ကို လက်ထပ်ခဲ့ပေမယ့် မိဘတွေက နားထောင်ခဲ့တာ။ ငါနဲ့သူ မျက်နှာချင်းဆိုင်မိရင် ဘယ်လိုနေကြမလဲ။ အစကတည်းက ရေလှိုင်းက အပြောရဲတယ်၊ ချွတ်တယ်။ အစ်ကို့ရှေ့မှာ ဟိုဟိုဒီဒီ ပုံစံတွေ ဖမ်းလာရင် သွားပြီ'

ဒါလည်း ဟုတ်တာပဲဟု တွေးမိ၏။

လောကကြီးကိုက ကိုယ်ဖြစ်ချင်တာကို ဖြစ်ခွင့်မပေးတတ်ပါသား။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၃)

ညမှောင်နေတာကို ဂရုစိုက်လို့တော့ မဟုတ်ပေ။ မိုးဦးလေဦး တသုန်သုန်တိုက်ခတ်လာသည့် မိုးသက်လေက ပြောလို့ရတာ မဟုတ် လမ်းမီးတိုင်များမှလွဲ၍ အလင်းရောင်အားနည်းသော မှောင်ရိပ်များ ကားမီးရောင်ကလည်း အဆက်ပြတ်လွန်း၏။

မျက်ဝန်း ကျောပိုးအိတ်လေးကို လက်မနှစ်ဖက်နှင့် ပြန်ချိတ် ခြေလှမ်းကို ကျဲကျဲလှမ်းသည်။ မြန်မြန်လျှောက်၏။

သို့သော် သူမထက် နှစ်ဆသုံးဆမြန်အောင် အပြေးတစ်ပိုင်း လိုက်လာကြသော ခြေလှမ်းတွေကို မကျော်လွန်နိုင်။

'ချာတိတ်လေး ဖြည်းဖြည်းလျှောက်ပါကွာ ဟဲ ဟဲ'

'ရှူး ရှူး ဟိတ် ညလေး အမောဆို့နေမယ်ကွယ်'

အနှောင့်အယှက်တွေလာပြီကို သိလိုက်ကာ မျက်ဝန်း ပတ် ကျင်ကို ကြည့်သည်။ ကားတွေတောင် အလာကျဲနေသဖြင့် လူသွား လူလာလည်း ပြတ်၏။





လှည့်ကြည့်လိုက်တော့ သုံးယောက်။ ရှပ်အင်္ကျီလက်ရှည်ကို တင်ထားပြီး မသေမသပ်နှင့် တစ်ဖက်ကကျ တစ်ဖက်ကတင်၊ ကြယ်သီးကို နှစ်လုံးလောက်ပဲ တပ်လျက် ဘောင်းဘီခါးစပ် တစ်ဖက်ကဝင်၊ တစ်ဖက်က ထွက်လို့။

ဆံပင်ဖုတ်သိုက်တွေမှာ မျက်နှာတွေက အဆီပြန်ပြန်။ ရွှံ့စရာ င်းလိုက်တာ။

မျက်ဝန်းက အနားကလူကို မော့ကြည့်ပြီး ပစ်ပစ်နှစ်နှစ် မဲ့ရွဲ့ ည်။

'အိုး အိုး ကိုယ့်ကို မသတီတဲ့အကြည့်နဲ့ကြည့်တာလား။ ချွေးပြန် ာက စိတ်မောသွားလို့ပါကွ။ လူမမောသေးဘူး။ တကယ် တကယ်

'အို... ဘာလုပ်တာလဲ'

တစ်ယောက်က လက်ကိုဆွဲသည်။ တစ်ယောက်က ကျောပိုး ကို ဖြုတ်ချပစ်လိုက်၏။

စစ်တစ်ခု ပျက်နေသဖြင့် သိုသိုသိပ်သိပ် လွယ်ထားရသည့် အိတ် မှ စာရွက်တွေ ဖွေးခနဲ လွင့်ကျကုန်သည်။

'တောက်'

ဒေါသဖြစ်ဖြစ်နှင့် အဆွဲခံထားရသည့်လက်ကို ရုန်းမနေတော့ဘဲ တည့်တည့်သို့ ဆောင့်ထိုးပစ်လိုက်သည်။

'အင့်'

မထင်မှတ်စွာ သတိလက်လွတ်နေသည့် လူမှာ ထိထိမိမိကြီး ကိရကာ ဗိုက်ကိုနှိပ်လျက် ကုန်းကွသွား၏။

'ဟိတ်ကောင်တွေ ညာမနေနဲ့ ဆွဲ'



www.burmeseclassic.com

www.burmeseclassic.com



ထိုလူ သတိပေးလိုက်သည်နှင့် ကျန်သည့်နှစ်ယောက်က စာရွက်တွေ လိုက်ကောက်နေသည့် မျက်ဝန်းကို ပြေးဆွဲကြ၏။

မျက်ဝန်း ဆောင့်ကြောင့်ထိုင်လျက်မှ လမ်းပေါ်ကို ဘေးတိုက်ဖင်ထိုင်ချလိုက်ပြီး ခြေထောက်တစ်ဖက်နှင့် ထောက်ကန်ပစ်လိုက်သည်။

'ဟိတ် ဘာလုပ်ကြတာလဲ ရပ်လိုက်စမ်း'

အသံကြားလို့ လှမ်းကြည့်လိုက်တော့ မျိုးမတ် ဖြစ်နေသည်ကောင်းတယ်။

မျက်ဝန်း နေရာမှ ကပျာကယာ ပြန်ထပြီး စာရွက်တွေကို လိုက်ကောက်၏။

ဒါတွေ ပျောက်လို့မဖြစ်။ မှူရင်းက ပြန်အပ်ပြီးပြီမို့ ပျောက်ရှသွားလျှင် မလိုအပ်ဘဲ အလုပ်ပိုရှုပ်ဦးမည်။

စာရွက်တွေကို ဖြစ်သလို ကောက်ထပ်ပြီး ဘေးဘီ ခပ်လှမ်းလှမ်းထိ လွင့်ကုန်သေးလား လိုက်ကြည့်မိသေးသည်။

သေချာတော့မှ အိတ်ထဲ သေချာထည့်ရသည်။ ကိုယ့်ကိစ္စ နေရင်း ညည်းညူးသံသဲ့သဲ့ကြောင့် မော့ကြည့်လိုက်မိလျှင်...

'ဟင်...'

တစ်ယောက်လက်ထဲမှာ မျိုးမတ် ပက်ခနဲ လန်ကျသွား၍ အချုပ်ခံလိုက်သလို ဖြစ်သွား၏။

တစ်ယောက်က လက်သီးကို ကျကျနန လုံးကျစ်၍ နမ်းလိုက်သေးသည်။ ပြီးမှ နောက်ကို အားရပါးရလွှဲကာ...

'ဟိတ်'

မျက်ဝန်း ဘေးတိုက်ကနေ ပြေးကန်ပစ်လိုက်၏။





ထိုလူ ယိုင်ထွက်သွားသည်နှင့် မျက်နှာဆီပြေးဝင်လာသည့် လက်သီးချက်ကို ပုတ်ထုတ်ပစ်လိုက်သည်။

မျိုးမတ်ကိုချုပ်ထားသူပဲဖြစ်ပြီး ထိုသူကို မျက်ဝန်း သိပ်ရင်မဆိုင်လိုက်ရပါ။

အုပ်စုဖွဲ့ပြီး ရမ်းကားနေကြတာ ဖြစ်သည်။ မိုက်ရဲတိုက်ရဲလို့ ဆိုရာတ်၊ မူးရူးနေသူတွေမို့ ပိုလွယ်သည်။

သုံးယောက်လုံး မရှုမလှ ဖြစ်ကုန်ကြတော့ မျိုးမတ်လည်း ရှုံ့မဲ့လျက်အရပ်လာ၏။ ပါးရိုးဒဏ်ရာတစ်ချက်၊ နှုတ်ခမ်းထောင့်မှာ သွေးစနှင့်။

'မျိုးမတ် ခင်များ တော်တော်ထိသွားလား'

မျက်ဝန်းက ဘောင်းဘီရှည်လေးပွပွ၊ ကျောပိုးအိတ်ကလေး ကားကားနှင့် သူ့ရှေ့ ပြေးရောက်လာသည်။ သူမမှာ ချွေးတောင် မပိုမရှိပါ။

သူ တကယ်ဆို အခြေအနေကို သေချာကြည့်ခဲ့ဖို့ ကောင်းသည်။ မိန်းကလေးမို့ ဒါတွေ ဒီလိုတတ်နေမယ်လို့လည်းမထင်။

ယောကျာ်းရင့်မာကြီးသုံးယောက် ကြားမှာ မိန်းကလေး တစ်ယောက် ဒုက္ခရောက်နေပြီလို့ပဲ တွက်၍ ပြေးဝင်လိုက်မိတာ ဖြစ်သည်။

ခုတော့ သူ့မှာ ဖူးရောင်ညိုမည်းလျက် သွေးထွက်သံယိုဖြစ်ရပြီ။ မိန်းကလေးဖြစ်သည့်သူက ကယ်လိုက်လို့သာ ဒီလောက်နှင့် ပြီးသွားရသည့်အဖြစ်။

ရှက်သည့်စိတ်ဖြင့် ဒဏ်ရာကိုတောင် မေ့သွားသည်။ နှုတ်ခမ်းထက်ကို လက်ခုံနှင့် အသာတို့၍ ပြုတ်ကျနေသည့် လွယ်အိတ်ကို ငုံ့ကောက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မျက်ဝန်းက ဖျတ်ခနဲ ကောက်ယူလိုက်၏။

'ရော့ မျက်ဝန်းကြောင့်ဖြစ်ရတာ တောင်းပန်ပါတယ်'

ရတယ် ဘာညာမပြောဘဲ စူးခနဲကြည့်၍ လွယ်အိတ်ကိုယူသ ပြီးတော့ သူ လှည့်ထွက်လာခဲ့၏။

'မျိုးမတ်'

မျက်ဝန်းက ပြေးလိုက်လာသည်။

'ရှင် ဒဏ်ရာဖြစ်သွားလို့ စိတ်ဆိုးသွားတာလားဟင်၊ မျက် တောင်းပန်ပါတယ်ဆိုမှ မကျေနပ်သေးဘူးလား'

'ဘာဆိုင်လို့လဲ မင်းထိုးတာမှမဟုတ်တာ'

သူ့မျက်နှာ နီရဲတင်းမာနေတာကို မီးတိုင်အောက် ရောက်သွ တော့ မြင်လိုက်ရသည်။

'ဝါ ညှော့လို့ ဝါ ခံရတာ'

'ရှင် မညှော့ပါဘူး၊ သူတို့က သုံးယောက်တောင်မှဥစ္စာ။ မျက် တစ်ယောက်တည်းဆိုလဲ ဘယ်လိုမှ နိုင်မှာမဟုတ်ဘူး။ ရှင့်ကို ကျေ တင်ပါတယ်'

သူမ အသံလေး အနိုင်ယူလိုက်တာကို မမြင်တာမှမဟုတ် ကာကွယ်ပြောနေတာကိုက ပို၍ ရှက်ဖွယ်ဖြစ်နေသည်။

'တော်သေးတာပေါ့ ရှင်နဲ့မှ တိုက်ဆိုင်ပြီးလာတွေ့တာ၊ အိမ် အတူပြန်ဖို့ စိတ်အေးသွားရပြီ။ ဒါနဲ့ ရှင် ဘယ်က ပြန်လာတာလဲဟ'

သူမကပဲပြော၊ သူမပဲ မီးအောင်ပြေးလိုက်။

မျိုးမတ်က ခြေလှမ်း ကျဲကျဲနှင့် လျှောက်ရင်း တစ်ချက်မှ ငဲ့ကြည့်ဖော်မရပါ။ အရပ်ကြီးက ရှည်လွန်းကာ လမ်းလျှောက်တ မြန်သေးသည်။



အစကတည်းက အရပ်ကမမြင့်၊ လူက ခပ်သေးသေးမို့ သူ့ဘေး မှာ မျက်ဝန်းမော့ကြည့်လိုက်၊ ပြေးလိုက်လိုက်နှင့် သူမျှားနှင့် တိုက်ခိုက် တာထက်ပင် ပင်ပန်းသေးသည်။

'မျိုးမတ်'

စိတ်မရှည်ဖြစ်လာကာ သူ့အကျီလက်မောင်းစကို ဆွဲပစ်လိုက် မိ၏။

ထိုစဉ်မှာ မိုးဖွားလေးတွေ ကျလာပြီဖြစ်သည်။

'ရှင်ကလဲ မာနကြီးလိုက်တာ နည်းနည်းမှ စကားပြန်ပြောဖော် မရဘူး။ ဘာလဲ စိတ်ကောင်းလေးတစ်ချက်ဝင်ပြီး ကူညီတာ အခု နောင်တရနေလို့လား'

'ဟုတ်တယ်၊ မင်းကတောင် ငါ့ကို ပြန်ကယ်လိုက်ရတဲ့ဟာ ငါက အပိုဝင်လုပ်သလိုဖြစ်သွားတာလေ။ မင်းရင်ထဲမှာ ကြိတ်ရယ်ပြီးပြီလေ'

မျက်နှာ စောင်းကြည့်ပြီး ပြောကာ ခြေလှမ်းက ပြန်ကျဲလာ၏။

မျက်ဝန်းကလည်း ပြေးလိုက်ရသည့်ဘဝ ပြန်ရောက်ကာ

'သူမျှားရင်ထဲတောင် ရှင်က ဝင်သိချင်သေးတယ်။ ဒါ ကြိတ်ရယ် စရာလား။ အင်အားရဲ့သဘောကို ရှင် နားမလည်တော့ဘူးလား။ ကိုယ်ခံပညာ မျက်ဝန်း နည်းနည်းပါးပါးပဲတတ်တာ။ ဒီအချိန် ဒီလို နေရာကြီးမှာ ရှင် ရောက်မလာရင် လူရမ်းကားသုံးယောက်ကို မျက်ဝန်း ဘယ်လိုလုပ် ရင်ဆိုင်ရမှာလဲ။ ဒီက တကယ်ကျေးဇူးတင်လို့ တင်တယ်ပြောတာကို။ ဟော မိုးတွေသည်းလာပြီ'

ပြောရင်း ကျောပိုးအိတ်ကို ဖြုတ်ချပြီး အထဲက ထီးကို ထုတ်ရ တာနှင့် မျိုးမတ်နှင့် ဝေးကွာကျန်ရစ်ခဲ့၏။

'ရှင် ထီးမပါဘူးမဟုတ်လား နေဦးလေ'



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်း ထီးဖွင့်ရင်း ပြေးလိုက်ရပြန်သည်။ ဒါပေမယ့် မိုးက လည်း သည်းလာသလို သူ့ကို ထီးမိုးပေးဖို့ကလည်း အဆင်မပြေပါ။

သူ့အရပ်ကြီးကို မီအောင် သူမ မိုးမပေးနိုင်။ သူ့ကို လုံအောင် မိုးလိုက်တော့ သူမကိုယ်မှာ မိုးရေတွေ စိုရွှဲသွားသည်။

'ငါ့ကို မမိုးပါနဲ့၊ မင်းကိုယ်မင်းဆောင်း၊ ဒီလိုပဲ ငါ သွားနေကျ'

အပိုပြောတာမဟုတ်ပါ။ မိုးရေထဲမှာ လမ်းသွားရတာကို သူ ငယ်ငယ်ကတည်းက ပျော်ခဲ့တာဖြစ်သည်။ တစ်ခါတလေ ခေါင်း ကိုက်နေတုန်း မိုးရွာနေတာနှင့်ကြုံလျှင် မိုးရေထဲ ဆင်းပြေးလိုက်တာ နှင့် ခေါင်းကိုက်သက်သာ၏။

'ရပါတယ်၊ အတူတူ သွားရမယ့်ဥစ္စာ မျက်ဝန်းတစ်ယောက်တည်း ဆောင်းရင်း ဘယ်တရားမလဲ'

လူချင်းထိမှာစိုးလို့ ရှောင်ရ၊ ခြေဖျားထောက်၍ မီအောင်မိုးရနှင့် မျက်ဝန်းတစ်ကိုယ်လုံး စိုရွှဲကာ ချက်ချင်းပဲ 'ဟတ်ချိုး'ဖြစ်လာ၏။

မျဉ်းမတ် လှည့်ကြည့်သည်။

မျက်ဝန်းကိုထားခဲ့ပြီး မိုးရေထဲကို ပြေးထွက်သွားဖို့ စိတ်ကူး လိုက်သေး၏။

သူမတစ်ယောက်တည်း လုံလုံခြုံခြုံ ဆောင်းဖြစ်အောင်ပါ။

ဒါပေမယ့် ပြန်ရမယ့်အကွာအဝေးက အိမ်ရောက်ဖို့ လိုသေး သည်။ ရှေ့မှ လမ်းခွယ်တွေထဲ ချိုးဝင်လိုက်လျှင် ပို၍မှောင်သေး သည်မို့ ထားခဲ့လို့လည်းမဖြစ်။

'လာ ဟိုအမိုးအောက်မှာ ခဏနားမယ်'

ပြောပြီး ရပ်ကွက်ထိပ်က မနက်ပိုင်း ထမင်းကြော်နှင့်အသုပ်စုံ ရောင်းသည့် တဲလေးအောက်ကို သူပဲ အရင်ဝင်လိုက်၏။





'ဟာ... ဟတ်ချိုး'

နောက်ထပ် နှာချေပြီး သူ့ကို မော့ကြည့်၍ ပြုံးပြသေးသည်။ လမ်းတစ်ဖက်ထိပ်က မီးတိုင်မှ အလင်းရောင်လေးဖြင့် ထူနက်သော မျက်ခုံးနက်နက်လေးတွေကို မြင်နေရသည်။

ဆံပင်တွေ ရေစိုနေသဖြင့် မြင်နေကျလို မော့လိုက်၊ ငုံ့လိုက်တိုင်း လှုပ်ခါမနေတော့ပေ။

'ဒီအချိန်ကြီး မင်းက ဘယ်ပြန်လာတာလဲ'

'အလုပ်က ပြန်လာတာပါ။ ခါတိုင်းလဲ ဒီလိုပဲ၊ ဒီနေ့ကျမှ မိုးချုပ်တာ'

မျက်ဝန်းက တည့်တည့်မဖြေဘဲ ဘောင်းဘီအိတ်ထဲက လက်ကိုင် ပဝါလေး ထုတ်၍ နှပ်သုတ်နေသည်။

'ဟတ်ချိုး'

နောက်ထပ် သုံးခါလောက် ထပ်ချေပြီးမှ ပြန်မော့လာကာ...

'ရှင်ကကော'

'ငါက အလုပ်ဝင်နေတာ ဒီအချိန်ပဲ ပြန်နေကျ၊ သုံးရက်ရှိပြီ'

'သီချင်း မရေးတော့ဘူးလား'

မျက်နှာလွှဲသွားပြီးမှ မျဉ်းမတ် ပြန်ငုံ့ကြည့်၏။ ဒါပေမယ့် မင်း ဘယ်လိုလုပ်သိတာလဲလို့ မမေးပါ။

'ရေးပါတယ်၊ ညဘက်လေးမှပဲ လုပ်ဖြစ်တော့တယ်။ လောလော ဆယ် ရှင်းဖို့က စားဝတ်နေရေး'

ရပ်နေကြရင်း မိုးစက်သံတွေ ပါးသွားတော့...

'သွားမယ်'

ဟု ပြော၍ မျဉ်းမတ်က အရင်ထွက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်း သူ့နောက်ကနေ ထီးလေးတစ်ဝဲဝဲနှင့် လိုက်လာပြန်ရာ…

'မင်းဟာမင်း ဆောင်းပါ'

ပြောပြီး ခြေလှမ်းပိုကျဲလိုက်သည်။

ရပ်ကွက်နှစ်ခုထိပ်က လမ်းမကိုဖြတ်တော့ လမ်းထိပ် ကုန်စုံဆိုင်ကြီးကို မြင်လျှင်…

'မင်း ဖြစ်မလား၊ ကိုယ့်အခြေအနေ ကိုယ်တွက်ပြီး ဆေးလေးဘာလေး ဝယ်လေ။ အိမ်ရောက်ပြီးမှ ပြန်ထွက်ရင် ပိုညဥ့်နက်မယ်'

'ရတယ်၊ မျက်ဝန်းက မိုးရေထိလို့မရပေမယ့် ကြီးကြီးကျယ်ကျယ်တော့ မဖြစ်ဖူးဘူး။ ကိုယ်သောက်နေကျ ဆေးတော့ ဆောင်ထားပြီးသား'

မိုးရေထိလို့မရဘူးဆိုတာကိုကြားတော့ မျက်ဝန်း မျက်နှာလေးကို ငုံ့ကြည့်မိပြန်သည်။

စိတ်ထဲမှာ တစ်မျိုးဖြစ်သွားတာက သနားသွားတာလား၊ နားလည်သွားတာလား မသိ။

ဒီမိန်းကလေးဟာ တစ်ခါတစ်ခါ ဂျွတ်ဆတ်ဆတ်ကလေး ဖြစ်နေတတ်ကာ တစ်ခါတစ်ခါကျ တော့ နူးညံ့နေပြန်သည်။

တည်တည်တင်းတင်းလေးနေတတ်သည့် မျက်နှာလေးကို သူ မြင်ဖူးသည်။ မှတ်မှတ်ရရအဖြစ် လရောင် ပစ္စည်းတွေ လာပို့သည့်နေ့က ဖြစ်၏။

သူ့အပေါ်မှာတော့ သွက်လက်ပွင့်လင်းလွန်းတာက သူ့စိမ်းယောကျ်ားတစ်ယောက် ဆိုသည့် အမြင်တောင်မှ ရှိနေရဲ့လားဟု တွေးမိရသည်အထိ။





သူ နားလည်သည်။

မျက်ဝန်း သူ့ကို ခင်မင်စိတ်လေးရှိနေတာကော၊ ထိုစိတ်လေးမှာ ညှို့ငင်တတ်သော တပ်မက်စိတ်အညစ်အနွမ်း မပါဘဲ အဖြူထည်သက်သက် ဆိုတာကော။

ထိုညမှာပဲ မျက်ဝန်းကို သူ ပို၍ နားလည်သွားသည်။ သူမနှင့်ပတ်သက်၍ ရှိခဲ့ဖူးသော မကျေလည်ခြင်းအားလုံးသည်လည်း ထိုညမှာပဲ မိုးရေနှင့်အတူ ပျော်ကျမျှောပါသွားခဲ့သည်။

သူမသည် ခင်မင်ဖွယ်ကောင်းပါ၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

ခါတိုင်းလို အေးဆေးလို့မရ။ သူများအလုပ် လုပ်နေရသည်မို့ မျက်နှာသစ် သွားတိုက်ခြင်းက အစ ကမန်းကတန်း။

အပေါ်ထပ်က သူ ဆင်းလာတော့ မျက်ဝန်းအခန်းထဲက လှုပ်ရှားသံ သဲ့သဲ့မှ မကြားရပေ။ သူ ခြေလှမ်းတွေ တုန့်သွားသည်။

ခါတိုင်းဆို တစ်ယောက်နှင့်တစ်ယောက် လှမ်းမကြည့်ဖြစ်တာတောင် သူမ ဘုရားဆွမ်းတော်ကပ်နေတာ၊ ဒါမှမဟုတ် ဘုရားရှိခိုးနေတာဖြစ်ဖြစ် တွေ့သည်။

နောက်ဆုံး ကျောပိုးအိတ်လွယ်၍ သူ့ရှေ့ကနေထွက်ပြီးမှ ကမန်းကတန်း ပြန်လှည့်ဝင်တာမျိုး၊ ဖိနပ်စီးနေရင်းမှ ချက်ချင်း ပြန်ချွတ်ပြီး အိမ်ပေါ် ပြန်ပြေးသွားတာမျိုး။

လှုရိပ်မတွေ့ရရင်တောင် အခန်းထဲက ချောက်ချောက်ချက်ချက် လှုပ်ရှားသံတွေ ကြားရတတ်မြဲဖြစ်၏။ ဒီနေ့ တိတ်ဆိတ်နေပုံက ထူးခြားနေ၏။

ညက မိုးတစိမ့်စိမ့်ရွာထားသဖြင့် မိုးအေးအေးနှင့် အိပ်ရာထဲ ကွေးနေတာ မဟုတ်နိုင်ဘူး ဆိုတာလည်း တွေးမိနေ၏။





ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နေရသည့် မျက်ဝန်းလို ကြိုးစားသော မိန်းကလေးဟာ ဒီလို ဇိမ်ကျကျ အချိန်ဖြုန်းနေမှာမဟုတ်။

တစ်ခုပဲရှိသည်။ ညက မိုးမိလို့ သူမ ဖျားနေပြီဖြစ်မည်။ လှေကားရင်းမှာပဲရပ်ရင်း လွယ်အိတ်ကို ဖြုတ်မကျဘဲ ခဏခဏ ပြန်ဆွဲတင်နေမိ၏။

နှစ်ထပ်ပေါင်းမှ တံခါးပေါက်က တစ်ပေါက်ပဲရှိသည်။ အထဲမှာက တစ်အိမ်တည်းပဲဖြစ်သည်။

ငြိမ်သက်နေသည့် ခန်းဆီးစလေးကို စူးစိုက်ကြည့်၍ မီးလင်းနေသော အတွင်းခန်းဆီ နားစွင့်မိသည်။

သူ ဒီတိုင်းထွက်သွားဖို့ စိတ်ကူးနေပြီး ခြေထောက်တို့က မရွေ့ဖြစ်။ 'ငါနဲ့ဘာဆိုင်လည်း'ဟု အကြိမ်ကြိမ် တွေးနေပြီး ထွက်မသွားနိုင်သေးပေ။

နာရီကြည့်တော့ ခုနစ်နာရီထိုးတော့မည်။ မိုးသားရှိနေသဖြင့် အပြင်မှာလည်း နေရောင်မရှိ၊ အထဲမှာလည်း မှောင်နေဆဲ။

ပတ်ဝန်းကျင်အမြင်မှာတော့ ယောကျ်ားလေးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက် တစ်အိမ်တည်း အတူငှားနေကြတာကို ပြောစရာဖြစ်ချင်ဖြစ်မည်။

သူတို့ နေထိုင်သွားလာကြပုံတွေကို မြင်နေရင်း ခုတော့လည်း ရိုးသားကြတယ်ဆိုတာကို လက်ခံသွားကြပြီထင်သည်။

ဘာဖြစ်ဖြစ် မသင့်တော်ဘူးဆိုသည့် အတွေးဖြင့် သူမရှေ့ကနေ ဖြတ်သွား ဖြတ်လာတိုင်း သူကတော့ စောင်း၍ပင် မကြည့်မိအောင် ဆင်ခြင်ခဲ့သည်။

တံခါးဝနှင့်လှေကားရင်းကို ပုံမှန်ခြေလှမ်းကိုးလှမ်းစာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ငါးလှမ်းနှင့် လှေကားအရောက်သွားခဲ့၏။

ခုကျမှ ခြေစုံရပ်၍ သူမအခန်းဆီ မှန်းဆကြည့်နေမိသည်။ ဘယ်သူမှ မမြင်ဘဲနှင့် မျက်နှာပူကာ သူ့မှာ ဆံပင်သပ်လိုက်၊ လည်ပင်းကုတ်လိုက်။ တကယ်တမ်း မျက်ဝန်း ဖျားနေတာဆိုလျှင် သူ့ကြောင့်လည်းဖြစ်နိုင်၏။

သူ့ကို ထီးမိုးပေးရင်း သူမ မိုးစိုခဲ့သည်။ ကိုယ့်ဒုက္ခကိုတော့ သူမက စာနာပေးခဲ့ပြီး ကိုယ့်ကျမှ မဆိုင်သလိုနေလို့ ကောင်းမလား။

မျဉ်းမတ် ခြေထောက်တွေ ခန်းဆီးစလေးရှေ့ထိ တိုးလျှောက်သွားခဲ့၏။ ခဏရပ်၍ နားစွင့်လိုက်တော့ လှုပ်ရှားသံသဲ့သဲ့ ကြားလိုက်ရပြီ။

'ဒုန်း'

'အ'

လဲပြိုသံနှင့်အတူ မျက်ဝန်းအသံလေးက နာကျင်စွာ။

'မျက်ဝန်း'

မျဉ်းမတ် ရှေ့တိုးသည်။ ခန်းဆီးစကိုလည်း ဆုပ်ကိုင်လိုက်မိသည်။ သို့သော် ကိုယ်က နောက်ပြန်လန်ကာ...

'မျက်ဝန်း မင်း ဘာဖြစ်တာလဲ'

'အား... မျက်ဝန်း...မျက်ဝန်း မူးလဲသွားတာ၊ ကျွတ် ကျွတ်'

ပြန်ဖြေသံလေးက မချိမဆံ့။ ကြမ်းပေါ်မှာ လဲကျနေတာ ဖြစ်သည်။ ပြီးတော့ ပြန်ကျုံးထနေပုံရ၏။

'မင်း ရလား မျက်ဝန်း...မျက်ဝန်း'

ခေါ်နေရင်း ခန်းဆီးကို ဆွဲဖယ်ကြည့်လိုက်မိ၏။

'မျက်ဝန်း'





သူ ဘာမှမစဉ်းစားနိုင်တော့ပါ။ နောက်ဖေးအထွက်တံခါးပေါက်နားမှာ မျက်ဝန်း ကွေးကွေးလေးလဲနေလျက် ပြန်ကျုံးထဖို့ လက်ထောက်၍ အားပြုနေ၏။

'နေဦး ကိုယ် ထူပေးမယ်'

မျက်ဝန်း လက်မောင်းလေးနှစ်ဖက်ကို ငုံ၍ထူလိုက်စဉ် ပခုံးပေါ်လွယ်အိတ်က တံတောင်ဆစ်ထိ လျှောကျလာ၏။

'အား... မျက်ဝန်း ဘာမှမမြင်ရဘူး၊ မူးလိုက်တာ'

'မင်း ကိုယ်တွေတအားပူနေတာ၊ အိပ်ရာထဲ ပို့ပေးမယ် ဖြစ်လား'

မျက်ဝန်း သူ့ခါးကိုပြန်ဖက်ထားလျက် ခေါင်းညိတ်သည်။ အိပ်ခန်းထဲမှာ အပြာရောင်ဇွမ်းကပ်အိပ်ခင်းလေးနှင့် စောင်၊ ခေါင်းအုံး၊ ခြင်ထောင် အားလုံး အပြာရောင်လေး လွှင့်နေ၏။

သို့သော် စောင်က အိပ်ရာထဲမှနေ၍ အခန်းဝထိ ဖရိုဖရဲ တန်းနေသည်။

မျက်ဝန်း ဒယိမ်းဒယိုင်နှင့် နောက်ဖေးကိုထွက်တာ ဖြစ်နိုင်၏။ မျဉ်းမတ်ရင်ထဲမှာ တစ်ခါမှမဖြစ်ခဲ့ဖူးသော နူးညံ့ကြင်နာခြင်းတွေ ဖြစ်ပေါ်လာခဲ့လေသည်။

မျက်ဝန်းကို သနားမိခြင်းသည် နဖူးလေးကိုဖွဖွသပ်၍ တယုတယ ပွေ့ပိုက်ထားချင်သည့်အထိ။ ကိုယ့်ညီမလေးလိုလား၊ မရိုးသားစွာလား ဘာမှ ခေါင်းထဲမှာမရှိ။ လောလောဆယ်မှာ မျက်ဝန်း အဖျားကျဖို့။

ခေါင်းအုံးပေါ်တွင် မျက်ဝန်းခေါင်းလေးကို ဖြည်းဖြည်းလေးကျအောင် ချပေး၍ ပုံကျနေသည့်စောင်ကို သူမကိုယ်ပေါ်မှာ လုံအောင် လွှားခြုံပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းက ကျနေသည့်စောင်ကို မေးဖျားထိ တင်းနေအောင် ဆွဲခြုံကာ ပုစွန်တုပ်လေးလိုကွေးသည်။

'မျက်ဝန်း'

'ဟင်'

'မင်းမှာ ဆေးရှိတယ်ဆို ဘယ်မှာလည်း၊ မင်း ဆေးသောက်ရ မယ်'

'အင်း...'

မျက်ဝန်းသည် ခေါင်းညိတ်ခေါင်းခါတွေ လုပ်ပြရင်း ငြိမ်ကျသွား ပြန်သည်။

'မျက်ဝန်း'

'ဟင်'

'မင်း အိပ်ပျော်သွားလို့ မရဘူးလေ ဟိတ်'

'အင်း မျက်ဝန်း မအိပ်ပါဘူး'

'နည်းနည်းသတိထား၊ အပူတွေပြင်းပြီး သတိလစ်သွားလိမ့်မယ် အပြင်မှာ ကိုယ် စားစရာနဲ့ဆေး သွားဝယ်မယ်။ မအိပ်နဲ့နော်'

'ဟုတ်'

သူ အပြင်ထွက်ခဲ့ပြီးမှ ဖိနပ်ပြန်ချွတ်၍ ပြန်ဝင်ခဲ့သည်။

'မျက်ဝန်း၊ ဟေ့ မျက်ဝန်း'

မျက်ဝန်း သတိမရတော့ပါ။





အခန်း (၁၅)

ရယ်သံသဲ့သဲ့ကြောင့် မျက်ဝန်း သတိရလာသည်။ ခေါင်းတွေ ချာဝေကာ မျက်လုံးဖွင့်လိုက်တော့ သဲတွေဝင်နေသလို ကျိန်းစပ်နာကျင်နေ၏။

'တကယ်ပဲ လုံးဝကိုမထင်ဘူး။ မင်းလိုကောင် အဲဒီလို ပူပင်တတ်လိမ့်မယ်ဆိုတာ မျက်စိနဲ့သာမမြင်ရရင် မယုံနိုင်ဘူး'

'မိဘမဲ့ချင်းမို့ပါ။ ပြီးတော့ မျက်ဝန်းက ရိုးသားတယ်၊ ဝါလည်း ထေင်မှတ်ဘဲ ခင်သွားမိတာ'

'ဟုတ်ရဲ့လား'

'လရောင် မင်းပါးစပ်ကြီးကိုပိတ်ပြီး ကိစ္စမရှိရင် ပြန်တော့'

လရောင်၏ရယ်သံ ခပ်ကြိတ်ကြိတ်ကို နားထောင်နေရင်း မျက်ဝန်း အိပ်ရာထဲကနေ ထထိုင်လိုက်၏။

လူမှန်းမသိအောင်ဖျားနေပေမယ့် သူ့အတွက် ဆရာဝန် ပင့်ပေးတာကိုသိသည်။ ကော်ဖီတစ်ခွက်နှင့်မုန့်တစ်ချပ်ကို မျိုချဖြစ်အောင် သူပဲ ကျွေးကာ ဆေးတိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



နာရီကိုကြည့်လိုက်တော့ နေ့လယ် နှစ်နာရီ။

'မင်း အလုပ်ပြုတ်ဖို့ကတော့ သေချာနေပြီကွ'

'ဟုတ်တယ်၊ မတတ်နိုင်ဘူးကွာ။ တစ်အိမ်တည်းနေတဲ့လူ ဘယ်လိုလုပ် ပစ်ထားခဲ့မလဲ။ ပြီးတော့ သူဖျားတာ ငါ့ကြောင့် ပါတယ်'

'ကဲပါ ဟုတ်ပါပြီ၊ ကိုယ်တော့်ကိုလဲ ကြင်နာချင်လွန်းလို့ အကြော ပြုတယ်လို့ မပြောပါဘူး'

'လရောင် မင်း...'

'မပြောပါဘူးဆိုမှ ဖြစ်နေပြန်ပြီ'

'မျက်ဝန်းက ကလေးလေးလိုပါပဲ။ တကယ်ဖြူစင်တယ်၊ ပြ တော့ ငါ သူ့ကို ရထားပေါ်မှာတွေ့တုန်းက အထင်ကြီးလို့ကိုမရ

'ခုတော့ ကြီးသွားပြီလား'

'နားလည်တာပါ။ ဘဝချင်းလဲတူနေတော့ မိန်းကလေးမို့ ပိုသ တာ'

'ဟုတ်တော့ဟုတ်ပါတယ်၊ ဒါနဲ့ သူ့ကို မိဘမဲ့လို့ မင်းကို ဘယ်သ ပြောလဲ'

'မပြောပါဘူး။ မိန်းကလေးတစ်ယောက်က မိဘရှိရက်နဲ့ ဒီ ဘယ်နေမလဲကွ။ ဒါမှမဟုတ်ရင်လဲ မိသားစုပြဿနာတစ်ခုခု ရှိနေ မိန်းကလေးလို့ ငါထင်တယ်။ သူ့အရွယ်လေးနဲ့ ဘဝကို ရင်ဆိုင်ဖို့သ တွေ ရှိနေတာဟာ မပြည့်စုံခြင်းကို ပြနေတာပဲ'

အပြင်ဘက် ခပ်သဲ့သဲ့ကြားနေရသည့် စကားသံတွေကြော မျက်ဝန်း နှုတ်ခမ်းလေးတွေ ပြုံးသွားသည်။





သူမကိုယ်တိုင်က မျှဦးမတ်ဆိုသော လူတစ်ယောက်အပေါ် ယ်လိုအာမခံချက်မှ ရယူဖို့မလိုဘဲ ခင်မင်ခဲ့သည်။ ယုံကြည်ခဲ့သည်။

သူက စတွေ့တုန်းက အထင်သေးခဲ့ပေမယ့် သူမကတော့ စတွေ့ န်းကတည်းက အထင်ကြီးခဲ့ပါသည်။

ကိုယ်ပေါ်ကစောင်ကိုခွာချ၍ ငုတ်တုတ်လေးထိုင်နေပြီးမှ သူတို့ ယောက် စကားပြောနေကြသဖြင့် မထွက်ဖြစ်ဘဲ ဆက်ထိုင်နေမိ သည်။

'မင်းပြောတုန်းကတော့ အီလက်ထရောနစ်မှာလုပ်မလို့ဆို'

'ဟုတ်တယ်၊ အားလုံးလဲ အဆင်ပြေတယ်။ ဒါပေမယ့် မမချော ပတ်သက်နေတယ်ကွာ'

'ဘာ'

လရောင်အသံက တကယ် တအံ့တသြ။

'မိုးကြီးက မမချောနဲ့ ဘယ်လိုပတ်သက်သွားတာလဲ'

'မိုးကြီးက မပတ်သက်ပေမယ့် လုပ်ငန်း စထူထောင်ကတည်းက ကြီးချင်းက ပတ်သက်နေခဲ့တာကွာ။ အခု သူ့အဖေ မရှိတော့ ချောက လုပ်ငန်းအားလုံးကို ကိုင်လိုက်တယ်လေ'

'ဩော် ဖြစ်ရလေ ငါ့သူငယ်ချင်းရယ်'

မျှဦးမတ်က စီးကရက်မီးညှိပြီး ပြုံးလိုက်သည်။

ဖိနပ်ချွတ်နားမှာရှိသည့် မိန်းမစီးဖိနပ်ကလေးကို အဓိပ္ပာယ်မဲ့ မ်းကြည့်ရင်း မမချောနှင့် တွေ့ခဲ့တာကို သတိရလိုက်မိသည်။

'မင်းနဲ့မိုးသန်းနဲ့ စကားပြောနေကတည်းက မမချော မြင်တာ။ ကြောင့် မေးကြည့်လိုက်တော့ မင်း ဒီမှာ အလုပ်ဆင်းတယ်လို့ ပြောလို့'



www.burmeseclassic.com

www.burmeseclassic.com



'မင်းက အင်ဂျင်နီယာတစ်ယောက်ပဲကွာ နေရာကောင်း ရနိုင်တယ်။ ဒီလို အောက်ဆင့်လစာလောက်နဲ့ မလုပ်ပါနဲ့ မမ ကူညီမယ်တဲ့။ ပြောသွားသည့်နေ့ကလည်း သူ သဘောမပေါက်သေးပဲ သုံးရက်မြောက်နေ့ အလုပ်ဆင်းမှ မိုးကြိုးက ပြောပြသည်။

'မမချော ဒီမှာ ရှယ်ယာရှိတယ်ကွ။ ငါ မပြောဘဲထားတာက မင်း မလုပ်တော့ဘဲနေမှာစိုးလို့။ ဘာဆိုင်လဲကွာ'

မိုးကြိုးက သူ့ကို ခင်ပါသည်။ ဒါပေမယ့် သူ မမချောကို ကြောက်သည်။

အထူးသဖြင့် သူမနှင့်ပတ်သက်သော အသိုင်းအဝိုင်းထဲ၌ သူ့လက်ကိုဆွဲ၍ ကြေညာဖို့ လုံးပမ်းနေသော မမချော၏အကြံအစည်တွေကို သူ သိနေခဲ့၏။

ဘာပဲဖြစ်ဖြစ် ဘယ်လိုကူညီပါရစေပဲပြောပြော...

'မင်းကို မမချောက ဘာနဲ့မှ မချုပ်ကိုင်ပါဘူး။ စေတနာသန့်သန့်ပါ မောင်လေးရယ်' ဟု အမြဲပြောသည်။

ဒါပေမယ့် နောက်ဆုံးကျတော့ 'ဒီလောက်ထိတွဲခဲ့ပြီးမှ' 'ဒီလို ရှင်းရှင်းကြား ရင်းနှီးပတ်သက်ခဲ့ပြီးမှ' စသဖြင့် ချည်နှောင်စရာတွေ အလိုလို ဖန်တီးပြီးသား ဖြစ်သွားမှာပဲကို သိနေသည်။

ခုလည်း သူ အဆိုတော်ဖြစ်ဖို့အတွက် စင်တင်ပေးမည်၊ ကူညီမည် ဆိုသည့် သတင်းက သူလည်း လက်မခံခဲ့ဘဲ တော်တော်ကြီးကျယ်နေပြီဖြစ်သည်။

'နေပါဦး မျဉ်းမတ်၊ ငါ ဒီမိန်းမကို တော်တော် အံ့သြနေပြီ။ မင်း ဘာဖြစ်လို့ ဒီလောက် အသည်းအသန်ဖြစ်နေတာလဲ။ မင်း သူ့မှာ အီစီကလီတွေ ဘာတွေများ ပြောမိလို့လား'





'လရောင် ငါ့မျက်နှာပေါ်က အမည်းကွက်ထက် မင်း ဆိုးသွားမယ်နော်'

လရောင်က အညိုရောင်ကျန်နေသေးသည့် မျဉ်းမတ်ပါးရိုးပေါ်က ဒဏ်ရာကို ဖျတ်ခနဲကြည့်၍ တံတွေးမျိုချသည်။

ဒီဒဏ်ရာ ဘယ်လို ရခဲ့တယ်ဆိုတာလည်း မျဉ်းမတ် သူ့ကို ပြောပြီးပါပြီ။

'ငါ အံ့သြလို့ပါကွာ။ သူ့ရုပ်ရည် သူ့ပကာသနနဲ့ ချစ်သူ လိုချင်သူတွေ မရှားပါဘူး။ မင်း မကြည်ဖြူတာလဲ သိရက်နဲ့ ဖွတ်...'

'မပြောနဲ့တော့ကွာ'

'မပြောဘူးကွာ'

နှစ်ယောက်သား ခဏတိတ်သွားပြီးမှ...

'အခု အလုပ်ကတော့ ဆိုးလွန်းပါတယ်ကွာ၊ ပြုတ်တာပဲ ကောင်းပါတယ်'

'မင်းက မေတ္တာပို့နေပြန်ပြီ၊ အလုပ်တစ်ခုရဖို့က လွယ်တာမဟုတ်ဘူး'

'မလွယ်ပေမယ့် မင်းမှာ ပညာတတ်တာပဲကွ၊ စက်ရုံဆိုလဲ ကိုယ်နဲ့ ဆန်တဲ့အလုပ်တစ်ခုခု လုပ်လို့ရတာပဲဥစ္စာ။ အခုဟာက...'

ပြုတ်သွားပြီ လုပ်မနေနဲ့'

'ငါတော့ ဝမ်းသာတယ်၊ မျက်ဝန်းကိုတောင် ကျေးဇူးတင်ရဦးမယ်။ သူ့ကိစ္စပေါ်လာတာနဲ့ အလုပ် အချိန်မမီတော့တာ။ ဟဲ ဟဲ သိပါဘူး၊ ငါကတော့ မိုးကြိုးဆီမှာမှတ်လို့ ဟိုတောင် သွားလိုက်သေးတယ်။ မင်း မလာတာ နှစ်ရက်ရှိပြီဆိုလို့ အံ့သြသွားတာ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ ငါလဲ ကျိန်စာမိနေသလားမသိဘူး၊ အလုပ်ထွ… လုပ်မယ်ဆိုကာမှ အလုပ်တစ်ခုကို သုံးရက်ပြည့်တာနဲ့ ပြုတ်ပဲ'

'ကောင်းတာပေါ့ကွာ၊ ကိုယ်နဲ့အံဝင်ခွင်ကျဖြစ်တာကို လုပ်… စဉ်းစား။ ဒီမှာ မင်း သီချင်းလေးတွေနဲ့ပဲ လောကကို ဖန်ဆင်းပါကွ… ဂီတလောကတစ်ခုလုံး ချောမြတ်ဇင် လွှမ်းမိုးနေတာ မဟုတ်ပါဘူ… နေရာတကာ ဦးသိန်းဇော်နဲ့ မလွတ်မကင်းဖြစ်နေတာလဲ မဟုတ်ဘူ… ကိုယ့်ရဲ့တန်ဖိုးရှိတဲ့အချိန်တွေကို သူများလက်ညှိုးထိုးခိုင်းတဲ့နေရာ… ဖြုန်းတီးမပစ်စမ်းပါနဲ့'

'မင်း မသိဘူး'

'ဘာကို မသိရမှာလဲ၊ မင်း ဘာလုပ်လုပ် ချောမြတ်ဇင် ပါလ… မှာပဲဆိုတာ ငါလဲ သိတယ်။ ပါလဲပါပါစေကွာ တစ်ဖက်သတ် ဆို… အသိသာကြီး'

ပြောတော့ လွယ်ပါသည်။ ယောက်ျားလေးနှင့် မိန်းကလေးမို… ပိုခက်နေတာတွေ ရှိတာကျတော့ ဖြေရှင်းရခက်သည်။

မျဉ်းမတ် ဘာမှမပြောတော့ဘဲ မျက်လုံးတွေ ရှေ့လိုက်စဉ်… ခန်းဆီးစလေး လှပ်ခတ်သွားကာ ဖွေးဖြူသည့် ခြေထောက်အစုံ… မြင်လိုက်ရ၏။

'မျက်ဝန်း'

'ဟော လူမမာ'

လရောင်က မော့ကြည့်ပြီး ဘုရားစင်ဘက်ကို နေရာရွှေ့ ထိုင်… လိုက်သည်။ စားပွဲခုံနှင့် ကုလားထိုင်တစ်လုံးက အလုပ်စားပွဲ ဖြစ်နေ… တာမို့ ကိုယ်နှင့်လည်း မဆိုင်သောကြောင့် သူတို့နှစ်ယောက် ကြမ်းပေ… မှာပဲ ထိုင်နေကြခြင်းဖြစ်သည်။





မျက်ဝန်းက နှစ်ယောက်ရှေ့နားမှာ ကြွေဂံပုံလေး ထိုင်လိုက်… …

'ရှင်တို့ကို မျက်ဝန်း အားနာလိုက်တာ'

ရှင်တို့ ဆိုသည်က လရောင်အသံကို အစောကြီးကတည်းက …ကြားနေမိ၍ဖြစ်သည်။ ဆရာဝန်ပြန်ပို့ပြီး မုန့်တွေဝယ်၊ ကော်ဖီ… အသံတွေကြားကတည်းက လရောင်လည်း ပါ၏။ ဒါပေမယ့် …ရောင်က ရယ်မော၍…

'တို့နဲ့မဆိုင်ပါဘူး၊ မျဉ်းမတ်ကိုပဲ မင်း ကျေးဇူးတင်ရမှာ။ တို့က …လုပ်နေလို့ မနေနိုင် မထိုင်နိုင် လိုက်ပါရတာ။ သူ အခု အလုပ်ပြုတ် …ပြီ'

'မျက်ဝန်း ကြားပါတယ်၊ အဲဒီအတွက်လဲ…'

'ဘာမှမဖြစ်ဘူး၊ ပိုကောင်းသွားတာ'

သူပဲပြောပြီး သူပဲ ကောင်းနေပြန်သဖြင့် မျဉ်းမတ်က မျက်မှောင် …ကြုတ်၍ လှမ်းကြည့်သည်။

လရောင်က မဲ့ပြ၏။

'မင်း သက်သာလား'

'အင်း'

မျဉ်းမတ်က ခေါင်းညိတ်လိုက်ပြီး စီးကရက်ကို နှစ်ရှိုက်လောက် …၍ အပြင်ဘက်သို့ လွှဲပစ်လိုက်သည်။

'မျက်ဝန်းအတွက် ရှင် ဘယ်လောက်လောက် စိုက်လိုက်ရလည်း …သင်။ ဟို ကျေးဇူးစော်ကားတာ မဟုတ်ဘူးနော်။ ရှန်းကန်ရှာဖွေနေရ …ဘာချင်း အတူတူတွေမို့ စာနာစိတ်နဲ့ မေးတာပါ။ ဆရာဝန်ပင့်ရတာ …ကော၊ အားလုံး ဝယ်ခြမ်းရတာတွေ…'



www.burmeseclassic.com

www.burmeseclassic.com



'ရပါတယ် ထားလိုက်ပါတော့၊ မင်း သက်သာသွားပြီဆိုတော့ ဓီဝိတဒါနံ့ပေါ့'

ဖွတ်မေးလျှင် ရိုင်းရာကျမှာမို့ မျက်ဝန်း မမေးတော့ပါ။

'မျက်ဝန်းက အဲဒီလိုပဲ မိုးမိတာနဲ့ ဖြစ်ရော သိလား၊ ပြီးတော့ လဲ ဘာမှဟုတ်တာမဟုတ်ဘူး'

'ဘာ ဘာမှမဟုတ်ဘူး ဟုတ်လား'

ထပြန်တော့မလိုဖြစ်ပြီးမှ မျဉ်းမတ် မထဖြစ်။ သူ့မစကားကြော နည်းနည်းတော့ တင်းသွားမိ၏။

ပြီးတော့လည်း ဘာမှမဟုတ်ဘူးတဲ့။ ကိုယ်ပူတွေ အဆမတ ကြီးပြီး သတိလစ်နေတဲ့ကိစ္စက ဘာမှမဟုတ်ဘူးလား။

လူမသိသူမသိဖြစ်ပြီး ဆရာဝန် အချိန်မီ မခေါ်နိုင်ရင် ဘာဖြ သွားမလဲ။ သူ့မှာ ဆေးဝယ်ဖို့ကို ထွက်ပြီးမှ သူမ သတိလစ်နေတာ တွေ့ပြီး ဆရာဝန် ပြေးပင့်ရတဲ့အဖြစ်။

သူ ဖြစ်သွားတာကိုကြည့်၍ မျက်ဝန်းက ပြုံးသည်။

'ဘာမှမဟုတ်ဘူး ဆိုတာက ဒီလိုပါ။ ဝန်းဒိုင်းဆို အဲဒီလိုဖြစ်လိုက ပြီးတာနဲ့ နောက်ထပ် တခွေခွေ ဖြစ်မနေတော့ဘူး။ ကိုယ်ပူပြန်တာ တာတို့ ဘာတို့ အဲဒါကိုပြောတာ။ အခု မျက်ဝန်း ကောင်းသွားပြီလေ ဘာစားစား ဘယ်လိုနေနေ ဘာမှထပ်မဖြစ်တော့ဘူး။ မယုံရင်ကြည့်နေ တကယ်ပြောတာ'

'သြော်...သြော်'

လရောင်က ရွံ့တဲ့တဲ့ 'သြော်'လိုက်ပြီး စပ်ဖြဲဖြဲဖြစ်သွားကာ...

'ဖြစ်တော့လဲ အခု တစ်ယောက်တည်းမှ မဟုတ်တော့တာ'

ဟု မထိတရိ ပြောလိုက်သေးသည်။ ပြီးမှ မျဉ်းမတ် မျက်လုံးကြ ကို ရှောင်ရှားနေရရင်း...





'မင်းမှာ မိဘတွေ မရှိတော့ဘူးလား'

'မေမေတော့ရှိတယ်'

'ဘယ်လို'

'လရောင် မင်း ဘာလို့ စပ်စုနေတာလဲ'

မျက်ဝန်း မျက်နှာလေးပျက်သွားတာကိုမြင်ကာ မျဉ်းမတ်က လှည့်တားသည်။

လရောင် ဆက်မမေးဖြစ်တော့ပါ။

စိတ်ထဲမှာတော့ အမေရှိရက်နှင့်များ ကိုယ့်သမီးလေးကို ဒီလို တစ်ယောက်တည်း...'



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

နောက်နေ့မှာ မျက်ဝန်းက မျဉ်းမတ်နှင့်လရောင်ကို ထမင်း ဖိတ်ကျွေးခဲ့သည်။ လောလောဆယ် အလုပ်လက်မဲ့ဖြစ်နေသည့် မျဉ်းမတ်ပဲ ရှိနေတာချ။ လရောင်က မလာနိုင်ပါ။

'ဒီကောင့်ကို သူ့အိမ်က မိန်းမပေးစားဖို့ စီစဉ်နေတယ်လို့ ကြားတယ်။ အဲဒါကြောင့် မလာတာဖြစ်မယ်'

မျဉ်းမတ်က လရောင် မလာသည့်အဖြစ်ကို ရှင်းပြ၏။

ထမင်းပွဲတွေကို အိမ်ရှေ့ ကွန်ပျူတာတင်ထားသည့် စားပွဲမှာပဲ ပြင်ဆင်ထားတာဖြစ်သည်။ ကြည့်လိုက်တော့ ရယ်ဒီငါးသေတ္တာနှင့် ဟိုတယ်လက်ရာဖြစ်သော အစိမ်းကြော်။

နံရိုးပေါင်း၊ ကိုရီးယားအစားအစာတွေကော စုံတော့စုံသည်။ အိမ်မှာ ချက်ပြုတ်ထားတာ ဘာမှမပါ။

သူ့ကို ထိုင်ပါပြောပြီး မျက်ဝန်းက ရယ်သည်။

'အားလုံး ဆိုင်က မှာတာပဲ မျဉ်းမတ်ရဲ့။ အဟွန်း မျက်ဝန်းက ဟင်းမချက်တတ်ဘူး။ သိပ်ဝါသနာမပါလို့လားမသိဘူး ချက်လဲ လက်ရာ သိပ်မကောင်းဘူး'





'ဘာဖြစ်လို့ ဝါသနာမပါတာလဲ'

'စိတ်မရှည်တတ်လို့ထင်တယ်'

ပြောပြီး မျက်ဝန်းက နောက်မှီမပါသည့် ခုံလေးနှင့် တစ်ဖက်စွန်းမှာ ထိုင်လိုက်၏။ ထမင်းကို သူမကိုယ်တိုင် ခပ်ထည့်ပေးရင်း

'မျက်ဝန်းကလေ စိတ်ထက်သန်တာတစ်ခုရှိပြီဆို မတတ်တတ်အောင် သင်တယ်၊ ရအောင် လုပ်တတ်တယ်။ ဒါပေမယ့် မတတ်တတ်အောင် သင်ခဲ့တာတွေထဲမှာ ချက်တာပြုတ်တာတော့ မပါဘူး'

ပြောပြီး ရယ်လိုက်သေးသည်။

ခေါင်းစွပ်ဆွယ်တာ အဖြူလေးနှင့် ဖြူဝင်းသောမျက်နှာလေးက ဆံပင်တိုနွဲ့နွဲ့ကလေးနှင့်လိုက်သည်။

ရယ်လိုက်တော့ နုဖတ်သန့်စင်သောမျက်နှာလေး ဖြစ်သွားတာ ချစ်ဖို့ကောင်းသည်။ မျဉ်းမတ် ပြုံးလိုက်ပြီး မျက်နှာလွှဲသည်။

'ဟိုစပ်စပ် ဒီစပ်စပ် ဝါသနာပါလို့လားမသိဘူး ဘာမှ ထွန်းထွန်းပေါက်ပေါက် ဖြစ်မလာဘူး။ လူဆိုတာ နှစ်သက်တာ တစ်ခုပဲ ရှိသင့်တာလေ။ အများကြီး နှစ်သက်လို့ မရဘူး။ စူးစိုက်ချင်တာတွေ များတော့လဲ တစ်ခုမှ စူးစိုက်လို့မရတော့ဘူး။ ဒါပေမယ့် မျက်ဝန်းကတော့ စိတ်ဓာတ်မကျပါဘူး။ လုပ်ချင်ရာလုပ်နေရရင် ကျေနပ်တယ်'

'ဘာတွေလဲ'

'ဩော် အများကြီးပါပဲဆိုမှ မျဉ်းမတ်ကလဲ။ ဥပမာ ကွန်ပျူတာသင်နေတုန်း ဂျူဒိုတတ်ချင်လာတာမျိုး၊ အိမ်မှာ လျှပ်စစ်ချို့ယွင်းလို့ မလုပ်တတ်မကိုင်တတ်နဲ့ သူများကို ပြေးရှာပြေးခေါ် လုပ်ရပြီဆို ကိုယ့်ဟာကိုယ် လုပ်တတ်ချင်တာမျိုး။ မျက်ဝန်းက စိတ်ကူးပေါက်တာနဲ့ ချက်ချင်း ထလုပ်တာ။ ပြီးတော့ အများကြီး ရှိသေးတယ်။ အဲဒါလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတဲ့လူ ဘာဖြစ်လာမှာလဲ။ ကျောင်းပြီးတာကိုက အိုင်တီနဲ့လေ။ ဝါသနာကြီးခဲ့တာက အဲဒါ။ အခု တကယ်လုပ်နေရတာကတော့ စာစီစာရိုက်နဲ့ဖြစ်နေပြန်ရော။ စိတ်ကူးယဉ်ခဲ့တုန်းက ဒီလောက်နဲ့ တင်းတိမ်ဖို့ မဟုတ်ဘူး။ နိုင်ငံခြားထိသွားပြီး ကျယ်ကျယ်ပြန့်ပြန့် လေ့လာသင်ယူဖို့လေ'

မျက်ဝန်း မျက်နှာလေး နည်းနည်းတော့ မှိုင်တွေသွား၏။ ဖွန်းနှင့်ခက်ရင်းကို လက်သုတ်ပဝါအသစ်လေးနှင့် သူမကိုယ်တိုင် သေချာသုတ်ပြီးမှ မျဉ်းမတ်ရှေ့က ထမင်းပန်းကန်ထဲကို ထည့်ပေး၏။ ပြီးမှဆက်ပြောသည်။

'မျက်ဝန်းမှာ မေမေရှိပေမယ့် မေမေက နောက်အိမ်ထောင်ပြုထားတယ်လေ'

'ဟုတ်လား'

မမေးရဘဲ သူမဘာသာ ပြောပြပြီး မျက်ဝန်းက ယဲ့ယဲ့လေး ပြုံးသည်။

'မျဉ်းမတ် ပြောသလိုပဲ ဒါတွေက မိသားစုပြဿနာတွေပါ'

'အဲဒါကြောင့် မင်းက ခွဲထွက်နေတာလား'

'ဟုတ်တယ်၊ အစကတော့ အဲဒီပထွေးကို နေရာမပေးချင်လို့ မတည့်အောင် တမင်ဘက်တိုက်ပြီးနေတာ။ နဂကျမှ...'

မျဉ်းမတ်က မျက်ဝန်း ဘာပြောလာမလည်းဆိုတာကို စောင့်နေ၏။ မျက်ဝန်းက ထမင်းပန်းကန်ကို မေးဆတ်ပြပြီး 'စားလေ'ဟု တိုက်တွန်းလိုက်ပြီးမှ...

'စားလိုက်ပါဦး'

ဟု ထပ်ပြော၏။





'မင်း ဆက်မပြောချင်တော့ဘူးလား'

'ပြောမှာပါ'

ဟု ပြန်စပြီး အနိုင်ရလိုက်သည့် ကလေးတစ်ယောက်လို မေးဖျားလေးပင့်၍ မဲ့၏။

'မျက်ဝန်းက အခန်းတံခါးပိတ်ပြီး မှားပေါက်ကျင့်နေတာလေ။ အဲဒါ သူက မပြောမဆိုနဲ့ တံခါးတွန်းဖွင့်လိုက်တော့ သူ့ကို ထိသွားရော'

'ဘယ်လို... မှားထိသွားတယ် ဟုတ်လား၊ ဘာဖြစ်သွားလဲ၊ အဲဒါကြောင့် မင်းက ထွက်ပြေးနေတာလား'

'မပြေးပါဘူး၊ သေမသွားလို့တောင် ဝမ်းနည်းနေသေးတာ'

'သူသေရင် မင်း ထောင်ကျမှာပေါ့'

'ကျတော့ ဘာဖြစ်လဲ၊ တမင်တကာကြီး မသတ်ရဲလို့ မသတ်တာ။ အဲဒီလို မတော်တဆကနေ သေသွားရင် မျက်ဝန်း ထောင်ကျရကျိုးနပ်ပါတယ်'

မျဉ်းမတ် ပြုံးမိပြန်သည်။ တကယ့်ကောင်မလေးပါလား။

'သိပ်ချစ်တာပဲလား'

'ဟုတ်တယ်၊ အဲဒီလူကြီးကို မျက်ဝန်း အသေမုန်းတာ။ သူများတွေလို မေမေ့ကို အပိုင်ယူသွားလို့၊ ဖေဖေ့နေရာကို မပေးနိုင်လို့ ဘာညာ တစ်ယူသန်တာ မဟုတ်ဘူး။ မျက်ဝန်း နားလည်တတ်ပါတယ်။ အဲဒီလူကြီးကိုက မုန်းဖို့ကောင်းတာ။ အထူးသဖြင့် မေမေ့ကို နိုင်လို့လေ'

'ဩော်...'

'သူ့ရဲ့ရင်အုံကို ထိသွားတာ၊ ညာဘက်ရင်အုံလဲဖြစ်တယ်၊ အဲဒါက အစိတ်အပိုင်းတွေနဲ့လဲလွတ်တော့ မသေဘူးပေါ့။ ဒါပေမယ့် မေမေက



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းကို ရင့်ရင့်သီးသီး ပြောတယ်။ အိမ်မှာ မနေနဲ့လို့ မပြောပေမယ့် ပြောတာထက်ဆိုးတယ်'

'ဒါကတော့ သူစိမ်းက ပြောမှာစိုးလို့ ကာကွယ်ပြောတာ ဖြစ်မှာပါကွာ။ သူ ပြဿနာရှာရင် မင်း ခံရမှာမဟုတ်လား'

'အို ဘာဆိုင်လို့လဲ မျှဦးမတ်ရဲ့၊ သူက မျက်ဝန်းအခန်းထဲကို လာတာပဲ။ မေမေက အဲဒါတွေသင်တာကို မကြိုက်လို့ မေမေ မရှိတုန်း မျက်ဝန်းက ခိုးကျင့်နေတာ။ သူ ဘာအကြံနဲ့ဝင်လာတာလဲ ဘယ်သူသိမလဲ။ ကံကောင်းလို့ သူ့အကုသိုလ်နဲ့သူ လျှောသွားတာ။ တံခါးရှက်မှာ ဓားပေါက်ကျင့်ရကောင်းသလားဆိုပြီး မေမေ ဖြစ်သွားလိုက်တာ တကယ်မသိဘူး'

မျက်ဝန်းလေသံမှာ နာကြည်းရိပ်တို့ ထင်လာတာကို သူ ဘယ်လို နှစ်သိမ့်ပေးရမှန်းမသိ ဖြစ်သွားသည်။

'ဟိုတုန်းကတည်းက မျက်ဝန်းက သူငယ်ချင်းတွေကိစ္စဆို ဝင်ပါတယ်။ မိတ်ဆွေအပေါင်းအသင်း လူမှုရေး ဘာဖြစ်ဖြစ် ဆိုင်ဆိုင်မဆိုင်ဆိုင် နီးစပ်တာနဲ့ ဝင်ရှင်းပေးလိုက်တာပဲ။ အဲဒါတွေကို မိဘပိုက်ဆံဖြုန်းတယ်၊ နှိပ်စက်တယ်နဲ့ သူပဲ မိန်းမလိုမိန်းမရ ဖြစ်တာ။ မေမေကလဲ 'သူ့အကျင့်က ဒီလိုပါပဲ'ဆိုတဲ့ စကားလေးတောင် ပြောပေးဖော်မရဘူး'

'မင်းက ရန်ကုန်မှာနေတာလား'

မျက်ဝန်းက ခေါင်းညိတ်၍ သူမအတွက် ဇွန်း၊ ခက်ရင်းကို အကြာကြီး သုတ်ပစ်နေ၏။

'မြို့ထဲမှာနေတာ၊ အဲဒါကြောင့် မေမေတို့နဲ့ ဝေးအောင် ဒီလို နေရာမှာ လာငှားနေတာပေါ့'





'တစ်ယောက်တည်း မင်း မကြောက်ဘူးလား'

'မကြောက်ပါဘူး၊ စိုးရိမ်စိတ်တော့ဖြစ်တယ်။ အဲဒါက ခုလို အနီးကပ်နေရမယ့်လူ မကောင်းမှာကိုပဲ။ ဒါပေမယ့် ဘာဖြစ်လို့လဲမသိဘူး ကိုယ့်ခြေထောက်ပေါ် ငါရပ်နိုင်တယ် ဆိုတဲ့ မာနက ဘာကိုမှ ဂရုမစိုက်တတ်တဲ့အထိ ဖြစ်သွားတယ် သိလား'

မျှဦးမတ်က ခေါင်းညိတ်လိုက်သည်။

'မော်လမြိုင်ကို သွားတာက အလည်လား'

အတူတူပြန်ဖြစ်ကြသည့်အကြောင်းကို မျက်ဝန်း သတိရသွားတော့ အသံလေးထွက်အောင်ရယ်သည်။

'အဲဒါက မမငြိမ်း ရန်ကုန်ကိုပြောင်းဖို့ကိစ္စ ဝိုင်းလုပ်ဖို့ သွားတာပါ။ အဟွန်း အဲဒီတုန်းက အန်တတ်လို့ပါဆိုပြီး ရှင့်နေရာကို မျက်ဝန်း တမင်ညစ်ယူခဲ့တာ စိတ်မဆိုးနဲ့နော်'

'ပြန်ယူလို့မှ မရတော့တာ'

နှစ်ယောက်သား ရယ်ဖြစ်ကြသည်။

'ရှင် အဲဒီလို မှုန်ကုတ်ကုတ်နဲ့ ဒေါသတွေကြီးဖြစ်နေတာကို မျက်ဝန်း ခင်သွားတာ သိလား။ ပျော်ဝင်လွယ်တဲ့ ယောကျာ်းတွေကို မျက်ဝန်း မုန်းတယ်'

'မင်း အကဲခတ်မှားသွားတာဆိုရင် ဘယ်လိုလုပ်မလဲ'

'အခု မမှားဘူးလေ မတွေ့ဘူးလား။ မျက်ဝန်းက ကိုယ့်ပညာကို ကိုယ်ယုံတယ်'

'ဘာပညာလဲ'

'လူကဲခတ်တဲ့ပညာ'

မျက်ဝန်းက သူ့ဘာသာပြောပြီး ရယ်သည်။ ရယ်ရင်း မျှဦးအော် ပန်းကန်းထဲကို အစိမ်းကြော် ခပ်ထည့်ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ စားပါဦး။ စကားပြောနေတာနဲ့ စားဖြစ်မှာမဟုတ်တော့ဘူး အသားတွေ ကြိုက်ရင် ထည့်စားနော်။ မျက်ဝန်းက မကြိုက်ဘူး အသီးအရွက်ပဲ အစားများတာ'

'ဟုတ်လို့လား၊ မင်းရဲ့မီးဖိုချောင်မှာတော့ ငါးသေတ္တာဘူးတွေ ချည်းပါပဲ'

'အဲ... အဲဒါ ဟုတ်တယ်'

မျက်ဝန်းက ပါးစပ်ထဲကို ထမင်းတစ်ဇွန်းထည့်ပြီး ခေါင်းညိတ်၏။ ထမင်းဝါးရင်း စကားပြောတော့ ပါးကလေးတစ်ဖက် ဖောင်းနေသည်။

ဒါပေမယ့် နှုတ်ခမ်း ဖွင့်တာပိတ်တာလေးက သေသပ်၍ ကြည့်ကောင်း၏။

တစ်ခါတစ်ခါ သတိလက်လွတ် စိုက်ကြည့်နေမိပြီးမှ မျဉ်းဖော် မျက်နှာ ပြန်လွှဲရသည်။ ပြောမှားဆိုမှား မဖြစ်ဖို့အပြင် အကြည့်မမှား လည်း သတိထားရမည်။

'မနက်စောစော ထမင်းချက်တာက ပေါင်းအိုးထဲ ဆန်ထည့် လိုက်ရုံပဲလေ။ ချက်ပြုတ်ဖို့ကျတော့ အချိန်မပေးနိုင်ဘူး။ စားသောက် ဖို့အတွက် အထူးတလည် အချိန်ပေးရအောင်က ကိုယ့်ပါးစပ်တစ်ခု တည်းနဲ့ ပေးရမယ့်အချိန် မတန်ဘူး။ နေ့တိုင်းလိုလို ငါးသေတ္တာနဲ့ စားဖြစ်နေတာကြာပြီ။ ဟင်းရွက်ဟင်းသီးက ဝယ်ထားလို့မှ မရတာ'

'သနားစရာပဲ'

'ငေါ့တာလား'

မျဉ်းမတ်က ရယ်သည်။ နောက်ထပ် မျက်ဝန်း ထည့်ပေးသည့် ငါးသေတ္တာနှင့်ပဲ သူ စားဖြစ်လိုက်၏။





မျက်ဝန်းက သူမ စားတာတွေကိုပဲ ဦးချထည့်ပေးကာ အသားငါး တွေကိုတော့ ကိုင်လည်းမကိုင်၊ မျဉ်းမတ်ကိုလည်း ထည့်မပေး။

'ထည့်စားလေ'

ဟု ပန်းကန်ကို ရွှေ့ပေး၊ မေးဆတ်ပြနှင့် တိုက်တွန်းရင်းပဲ စကား ပြောမပြတ်။

'မျဉ်းမတ်'

'ဟင်'

'မျက်ဝန်းက မျဉ်းမတ်လို့ခေါ်တာ ရိုင်းလားဟင်။ မျက်ဝန်းက ရိုင်းချင်လို့တော့မဟုတ်ပါဘူး။ အဲဒီလိုပဲ ခေါ်ချင်တာနဲ့...'

'ဆန္ဒရှိသလိုလုပ်တာ စိတ်ချမ်းသာပါတယ်၊ ဟုတ်တယ်မဟုတ် လား'

'ရှင် စိတ်မဆိုးဘူးပေါ့'

'မင်းကျွေးတာကိုတောင် စားနေမှပဲကွာ'

'ပြီးတော့ ရှိသေးတယ်၊ ဟို ရှင့်မှာ ရည်းစားရှိလား'

'ဟင်'

'မဟုတ်ဘူး မဟုတ်ဘူး ပြောချင်တာက ဒီလို။ ရှင့်ကိုကြည့်ရတာ အားပေါ်မှာတုန်းက အသည်းကွဲဝေဒနာသည်ကြီးနဲ့ တူနေလို့။ ကိုယ့် ကိုယ်ကိုကော၊ မြင်မြင်သမျှ အားလုံးကို ဘာမှ မကျေနပ်ဘူးဖြစ်နေတာ သိသာတယ်။ နောက်တစ်ခုက...'

'ဆက်ပြော'

'ဂီတသမားတော်တော်များများမှာ ဒဏ်ရာရှိကြတယ်လို့ မျက်ဝန်း ကြားဖူးတယ်။ အဲဒီလိုလူတွေ ပိုပြီးအောင်မြင်တယ်တဲ့'

'ကိုယ့်ကိုတော့ ကန်ထုတ်ပစ်လိုက်တာပဲ'

'ဒါဆို ရှင် ဝန်ခံတယ်ပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ချောင်ပိတ်မေးလိုက်သဖြင့် မျဉ်းမတ်က မျက်ဝန်းမျက်နှာ စိုက်ကြည့်ပြီး ပြုံး၏။ မျက်ဝန်းကလည်း ပြန်ကြည့်နေသည်။

မျက်ခုံးထူထူလေးတို့၏ စိမ်းညို့နေသော အောက်ခြေစဝ် မျက်ခွံပြေပြေလေးကို သတိထားမိသည်။

မျက်ဝန်း၏မျက်နှာလေးပေါ်မှာ ပြုပြင်ခြယ်သထားတာ ဘာ မပါ။

'မင်း အကဲခတ်တာ တော်ပါတယ်၊ ဒါပေမယ့် နည်းနည်းလွဲ တယ်'

'ဘာဖြစ်လို့လဲ'

'ကိုယ် ရည်းစားထားခဲ့ဖူးတာ ဆယ်တန်းတုန်းကလေ၊ ကြာ မင်း အကဲခတ်တာ တော်တယ်ဆိုတာက အခု စိတ်ညစ်စရာတွေ နေတဲ့ ကိုယ်တို့အိမ်တွင်းရေးပြဿနာတစ်ခုမှာ အဲဒီကိစ္စနဲ့ငြိနေ ရှိလို့၊ အင်း မဟုတ်ဘူးဆိုပေမယ့် ငြင်းလို့တော့ မရဘူးပေါ့'

စကားပြောရင်း တစ်ယောက်အကြောင်းတစ်ယောက် တော်လေး သိသွားခဲ့ကြ၏။ ပြီးတော့ ခင်မင်ရင်းနှီးမှုတွေလည်း ပိုသ သည်။

နောက်ရက်များမှာတော့ မျက်ဝန်း အပြင်ထွက်သွားတာတေ မျဉ်းမတ် ဂစ်တာတစ်လက်နှင့် အိမ်တွင်းပုန်း ဖြစ်ကျန်ခဲ့တော့သည် လရောင် ပြောသလို ကိုယ့်အလုပ်ကိုယ်လုပ်ဖို့ပဲ ဆုံးဖြတ်လိုက် ဖြစ်သည်။ သူ့အတွက်က သီချင်းတွေ ရေးနေရလျှင် ပြည့်စုံမှုတ





BURMESE CLASSIC .com

အခန်း (၁၇)

'မျဉ်းမတ်'

'ဟင် မျက်ဝန်း'

ပေါင်ပေါ်တင်ထားသည့် ဂစ်တာကို ဖျတ်ခနဲ ဆွဲဖယ်ရင်း ဉ်းမတ် ပျာပျာသလဲ ဖြစ်သွား၏။

မျက်ဝန်း အပေါ်တက်လာတာကို ဝမ်းသာလွန်းလို့မဟုတ်ပေ။ ာက အပေါ်ထပ်ဝရန်တာလေးမှာ ထိုင်နေတာဖြစ်သည်။

မျက်ဝန်း ဒီဘက်ရောက်လာလျှင် အတူထိုင်ဖြစ်ကြမည်။ ထိုအခါ က်ဝန်းကျင်က မြင်ကုန်ကြမည်။

ဘာပဲဖြစ်ဖြစ် အိမ်ငှားချင်းမို့ တစ်အိမ်တည်း အတူနေကြတာ ြဿနာမရှိ။ အားလုံးကလည်း အပေါ်ထပ်ကလူနှင့် အောက်ထပ်က န်းကလေး သပ်သပ်စီပဲ မြင်ပေးထားကြတာဖြစ်၏။

ဒါကို သို့လော သို့လောတွေ ထင်စရာဖြစ်လျှင် မကောင်း။

'မျက်ဝန်း မင်း နေမကောင်းလို့လား၊ ဘာဖြစ်လို့ အလုပ်မသွား ာလဲ'



www.burmeseclassic.com

www.burmeseclassic.com



မေးနေရင်း သူ ထရပ်လိုက်တော့ မျက်ဝန်းက လှေကားထိပ်[illegible] နေ ရှေ့ဆက်မလာဘဲ ရပ်နေ၏။

'ကိုယ်တောင် ခုပဲ အပြင်ထွက်တော့မလို့'

'မျက်ဝန်းလာတာ မကြိုက်လို့လား'

'မဟုတ်ပါဘူး၊ ဒီည အထူးအလုပ်လုပ်ဖို့ ရှိတယ်လေ။ အခု[illegible] မတော် ဂစ်တာကြိုးပြတ်ဖို့ ရှိနေလို့ ဝယ်ထားရကောင်းမလားလို့'

'အဲဒီလို ဖြစ်တတ်လားဟင်'

'ဖြစ်တာပေါ့၊ ဒီဂစ်တာက ကြာလှပြီ'

နှစ်ယောက်သား လှေကားထိပ်မှာ ဆုံတော့ မျက်ဝန်းက [illegible] လက်ထဲကဂစ်တာဆီ လက်လှမ်းသဖြင့် ထည့်ပေးလိုက်သည်။

'တီးတတ်လို့လား'

'ဟင့်အင်း... အဲဒီတစ်ခုတော့ သေချာမသင်ခဲ့မိဘူး'

နှစ်ယောက်အတူ လှေကားကနေ ရှေ့နှင့်နောက် ဆင်းခဲ့ကြ[illegible] မျက်ဝန်းက ဂစ်တာကို ပွေ့ပိုက်၍ စမ်းကြည့်သည်။

'သေချာ မသင်ခဲ့ပေမယ့် စမ်းလိုက်တဲ့လက်သံက မဆိုးပါ[illegible] ဝါသနာမပါလို့လား'

'ပါတယ်၊ ဒါပေမယ့် နားထောင်တာကို ပိုပြီး ဝါသနာပါတ[illegible] ကိုယ်က စူးစိုက်မှာမဟုတ်ဘဲနဲ့ ဒီဘက်ကို အာရုံစိုက်ရမှာကျ[illegible] အချိန်ကို နှမြောသလိုပဲ။ မျက်ဝန်းက သိချင်တတ်ချင်တာတွေ တ[illegible] များတော့ လွှတ်သင့်တာကိုတော့ လွှတ်လိုက်ရတာပေါ့'

အောက်ထပ်ရောက်လာတော့ မျက်ဝန်းက သူ့ဂစ်တာကို [illegible] ပေး၍ ပြုံးလိုက်ပြီး...





'မျက်ဝန်း ဘာလို့တက်လာတာလဲ မမေးတော့ဘူးလား'

'အင်း မေးမလို့ မေ့သွားတာ'

မျက်ဝန်းက သွားကလေးပေါ်အောင် ရယ်လိုက်ပြီး ကွန်ပျူတာ [illegible]ပွဲဘေးမှာ သူ့ကို ထိုင်ခိုင်း၏။

'မျက်ဝန်း ထိုင်လိုက်မှာစိုးလို့ ရှင် ကမန်းကတန်းကြီး ထလိုက်ရ[illegible]တော့ မေ့မှာပေါ့'

'ဟာ... အဲဒါ...'

'မျက်ဝန်း နားလည်ပါတယ်'

သူ ရှင်းပြမလို့လုပ်တော့ မျက်ဝန်းက စကားဖြတ်ပြောပြီး ခုံ[illegible]တစ်လုံးမှာ ထိုင်လိုက်၏။

သူမကတော့ ယောကျ်ားလေးတိုင်းကို ယုံကြည်လွယ်တတ်တဲ့ [illegible]န်းကလေးမှ မဟုတ်တာ။

ဒီလိုသွား၊ ဒီလိုနေထိုင်တတ်တာက ကိုယ့်အခြေအနေနှင့် ကိုယ့် အကျင့်။

မျဉ်းမတ် သူမအပေါ် အထင်အမြင်သေးခဲ့တာကိုလည်း သူမ သိသည်။ အခုမှ ကြည်ကြည်လင်လင် ပြန်ဖြစ်သွားခဲ့တာကိုလည်း သိ၏။

သူမကတော့ မျဉ်းမတ် ဘယ်လိုလူဆိုတာ မြင်လိုက်ကတည်းက သိနေခဲ့သည်။ ယုံကြည်ခဲ့တာလည်း ခုမှမဟုတ်ဘူးဆိုတာ ရင်ထဲမှာပဲ ရှိပါသည်။

ဒါဟာ အကြောင်းပြချက် မရှိခဲ့ပေမယ့် သေချာခိုင်လုံနေခဲ့သည့် သိစိတ်။

ခုလို အပြုအမူတွေဖြစ်သွားတာမြင်တော့ ပိုသေချာသွား၏။



www.burmeseclassic.com

www.burmeseclassic.com



မျဉ်းမတ်ဟာ မျက်ဝန်း ယုံကြည်ခင်မင်ထိုက်သည့်သူလို့ သင်
မှတ်ခဲ့တဲ့အတိုင်း...

'မျဉ်းမတ်'

'ပြောလေ'

'မျက်ဝန်း ခင်တာကို တစ်မျိုးမထင်ဘူးမဟုတ်လားဟင်'

'မထင်ပါဘူး။ ကိုယ် မင်းအတွက်ပဲ ထည့်တွက်ခဲ့တာ'

'အဲဒါ သိပါတယ်၊ မျက်ဝန်း ရှင့်ကို ပြောစရာရှိလို့ လာတာ။ ကိုယ့်စိတ်က ရိုးသားနေလို့ထင်တယ် ဝရန်တာမှာ ရှင် ဂစ်တာတီးနေတော့ အဲဒီနားမှာပဲ ထိုင်ပြီး စကားပြောမယ်၊ နားထောင်မယ်ပေါ့။ တခြား ဘာမှ ရုတ်တရက် မတွေးမိခဲ့ဘူး'

သူမသည် ပြောချလိုက်ပြီးမှ ကိုယ်လေးမတ်သွားပြန်ကာ

'ရှင့်ကို မရိုးသားဘူးလို့ ပြောတာမဟုတ်ဘူးနော်။ ရှင် အမြဲ အမြင်ရှိတာကို ပြောချင်တာ။ မျက်ဝန်းက အဲဒီလိုပါပဲ တစ်ခါတလေ ကိုယ့်ကိုယ်ကိုပဲ အဓိကဖြစ်ဖြစ်သွားတယ်။ ပတ်ဝန်းကျင်ကို မေ့သွားတတ်တာမျိုး...'

'မင်းက ငယ်သေးတာကိုး'

'ရှင့်အသက် ဘယ်လောက်ရှိပြီလဲဟင်'

'မင်းထက်တော့ ကြီးမှာ သေချာတယ်'

'ဟင်'

'ဟာ ဆောရီး ဆောရီးကွာ'

သူ့မျက်နှာ နီရဲသွားကာ ဆံပင်သပ်လိုက်၊ လည်ပင်းကုတ်လိုက်နှင့် ရယ်သည်။

မျက်ဝန်းက မျက်နှာလေးငုံ၍ အသံထွက်အောင်ရယ်၏။





'မျက်ဝန်းက ရှင့်ကို မျဉ်းမတ်လို့ခေါ်တာ ရိုင်းနေလားလို့ ခဏခဏ တွေးမိလို့ပါ'

'ကြိုက်သလိုခေါ်ပါဆိုကွာ၊ အသက်ကွာတော့ ဘာဖြစ်လဲ'

မျက်နှာနီနီနှင့်ပဲ သူ ပြန်မေးသာတော့ မျက်ဝန်းက ပြုံးစိစိလေးနှင့် မျက်နှာလွှဲပစ်သည်။

မျဉ်းမတ်က မြင်၏။ ဒီကောင်မလေးဟာ တကယ့်ကလေးလိုပါဘဲ။ စကားမှားသွားတာကိုလည်း ရှက်၊ ကြောက်သွားတာမဖြစ်ဘဲ ရယ်ချလိုက်တာ မျက်နှာပေါ်မှာ ဘာအပြောင်းအလဲမှ မရှိ။

'ပြောစရာရှိတယ်ဆို ပြောလေ'

'ပြောမယ်၊ ရော့ ဒီမှာ မျက်ဝန်း အပြင်က လက်ဖက်သုပ် ဝယ်လာတာ စားဦး'

အဝါရောင်လက်ဖက်အစ်လေးနှင့် ထည့်ပြီးသည့် လက်ဖက်သုပ်ဘူးကို သူ့ရှေ့တိုးပေးသည်။

'မျက်ဝန်းနဲ့ရှင်နဲ့ အလုပ်တစ်ခု တွဲလုပ်ရအောင်'

'ဘာ'

ကလေးပါးစပ်က လူကြီးစကား ပြောသလိုမျိုး မျဉ်းမတ် အံ့သြသွား၏။

နောက်ပြောင်နေတာ မဟုတ်မှန်းလည်း သူ သိသည်။

မျက်ဝန်းက မျက်နှာလေးကို ခပ်တည်တည်လေး ပြန်ပြင်၍ စားပွဲပေါ်မှာ တံတောင်နှစ်ဖက် တင်၏။

ရင်ဘတ်လေးနှင့် လက်မှာကပ်လိုက်ပြီး သူ့ကို မော့ကြည့်၏။

'ရှင် သီချင်းဆိုထားတဲ့ အသံကို ဦးသိန်းဖော်ဆီမှာ မျက်ဝန်း ကြားခဲ့တယ်'



www.burmeseclassic.com

www.burmeseclassic.com



မျိုးမတ်က ဂစ်တာကို ပေါင်ပေါ်မှာ တင်ထားရင်း မျက်ဝ
ပြောတာကို နားထောင်နေ၏။

'သူတို့ဟာသူတို့ ဖွင့်နေတာပါ။ ပြောသေးတယ်၊ အဲဒီသီချင်းဆို
က အဆိုတော် ဆိုရလွယ်အောင် အရင်ဆိုပြတာတဲ့။ အဲဒါကို သူ မ
ထားတာတဲ့'

'ဟုတ်တယ်၊ ကိုယ် ဘယ်မှာမှ မဆိုးဖူးဘူး'

'သူတို့က ရှင့်အသံကို နှမြောနေကြတာ။ ဒီလောက်ဖြစ်နိုင်
အသံမျိုးကို သီချင်းမဆိုချင်တဲ့လူက ပိုင်ဆိုင်ထားတာ အံ့ဩ
ကောင်းတယ်တဲ့'

'မင်းက အဲဒီမှာ ဘာလုပ်တာလဲ'

'ဦးသိန်းဇော်က စာအုပ်ထုတ်ဝေရေးလုပ်တယ်လေ၊ ရှင် မသိ
လား'

'သြော်...'

'မျက်ဝန်း စာစီစာရိုက်နဲ့ လှုပ်ရှားဖို့ ကြိုးစားတော့ ဦးသိန်းဇော်
က အများကြီး ကူညီခဲ့တာ။ အခု နာမည်လေးရလာတော့
မျက်ဝန်းက ကျေးဇူးရှိဖူးတဲ့ သူ့တိုက်ကိုပဲ ဦးစားပေးတယ်လေ
သူ့ဆီက အလုပ်ပြတ်မှ သူများဆီက လက်ခံတာ'

'အင်း သိပြီ ပြောပါဦး၊ အဲဒီတော့ ဘာဖြစ်လဲ'

'သူတို့ပြောနေတဲ့ပုံကတော့ ရှင်က တော်တော်မာနကြီးပြီး ပြော
ဆိုရ လက်ပေါက်ကပ်တဲ့လူ ဆိုပဲ'

မျိုးမတ်မျက်နှာ တင်းခနဲဖြစ်သွားသည်။ သူတို့က ကွယ်ရာမှာ
ဒီလိုပဲ ပြောနေကြသလား။ သူ့ကိုပြောခဲ့တုန်းကတော့ ဖြစ်နိုင်ခြေရှိနေ
တာကိုပဲ နှိမ်ချပြောဆိုခဲ့သည်။





ရေးဖို့လည်းမဖြစ်၊ ဆိုဖို့လည်း မလွယ်ဘူးလိုလို။ ချောမြတ်ဇင်မှ
တယ်လျှင် သူ့ဘဝကြီး ရေစုန်မျောရတော့မည့်နှယ်။ မျက်ဝန်းက
သူ့မျက်နှာ တင်းသွားတာကို လှမ်းကြည့်ကာ...

'ဘာဖြစ်လို့လဲ မျိုးမတ်။ မာနကြီးတာ၊ လက်ပေါက်ကပ်တာ
ဘာဖြစ်လို့လဲ။ ယောကျ်ားဆိုတာ မာနကြီးမှ ဖွံ့ကြီးတာပဲ။ လက်ပေါက်
ကပ်တယ်လို့ပြောခံရတဲ့သူဟာလဲ အလွယ်တကူ ခေါင်းညိတ် ခေါင်းခါ
လုပ်တတ်တဲ့လူမျိုးပဲ။ မျက်ဝန်းက ကြိုက်တယ်'

သူ ဖျတ်ခနဲမော့သည်။ မျက်လုံးချင်းဆုံတော့ မျက်ဝန်းက သူမ
ပြောသည့်စကားကို ထပ်၍ အတည်ပြုသလို ခေါင်းညိတ်၏။

'သူတို့က အတင်းပြောတာ ဖြစ်ချင်ဖြစ်မယ်။ အဲဒီအတင်းစကား
တွေထဲမှာ ရှင့်ကို အထင်ကြီးမှုတွေ အများကြီးပါနေတာ အသိသာ
ကြီး'

'ဒီလူတွေအကြောင်း မင်း မသိပါဘူး'

'သိသင့်သလောက်တော့ သိပါတယ်။ မျက်ဝန်းနဲ့ ဆက်ဆံနေတဲ့
လုပ်ငန်းပိုင်းနဲ့ ပတ်သက်သလောက်ပေါ့။ အခု ရှင့်အကြောင်း ပြောနေ
ကြတာက မျက်ဝန်းကိုပြောတာ မဟုတ်ဘဲ ကြားခဲ့ရတာ။ အဲဒီလူကြီး
က နောက်ကဧည့်သည်ဖြစ်ဖြစ်၊ အရင်လာတဲ့ဧည့်သည်ဖြစ်ဖြစ် သူ့
စိတ်ဝင်စားတဲ့ဧည့်သည်ကို အရင်လက်ခံစကားပြောတာ။ စောင့်နေတဲ့
လူ ဘာဖြစ်ဖြစ် ဆိုတာမျိုး။ လုပ်ငန်းရှင်ရယ်လို့ မောက်မာတာမျိုး
ထင်တယ်။ မကင်းနိုင်တဲ့လူတွေကတော့ သည်းခံရတာပေါ့လေ။ မျက်ဝန်း
ပြောချင်တာက ရှင် သီချင်းဆိုဖို့ မဆိုဖို့ကို သိချင်တာ'

'ဘာလုပ်မလို့လဲ'

'အလုပ်တွဲလုပ်မှာပါဆို'



www.burmeseclassic.com

www.burmeseclassic.com



မျဉ်းမတ်က ပြုံးလိုက်တော့ မျက်ဝန်း မျက်မှောင်ကြုတ်သွား၏။

'ရှင်က ဘာပြုံးတာလဲ'

'ပြုံးစရာမို့လို့ပေါ့ကွ။ မင်း သီချင်းဆိုတာလဲ ဝါသနာမပါ တီးလဲ မတီးတတ်ဘဲ ဘာကိုတွဲမှာလဲ'

'ရှင် သီချင်းဆိုမယ်ဆို မျက်ဝန်းက ပရိုဂျူဆာ'

'ဟား ဟား'

မျဉ်းမတ်က မျက်နှာမော့၍ ရယ်ပစ်လိုက်သည်။ ရယ်လို့ပြီးတော့မှ ပြန်ကြည့်လိုက်တော့ မျက်ဝန်း သူ့ကို မှုန်ကုတ်ကုတ် စောင်းကြည့်နေတာမြင်လျှင်…

'ဆောရီး လှောင်တာမဟုတ်ဘူး။ ဒါပေမယ့် မင်း ကလေးဆန်တာကို ရယ်ချင်တာ'

'ဘာလဲ… ဘာကလေးဆန်နေလို့လဲ'

မျက်ဝန်း နှုတ်ခမ်းလေး စူလာ၏။ ဆံပင်တွေကို နဖူးပေါ် ကောနားရှက်နောက်ကော ထိုးသပ်တင်ပစ်လိုက်တာ ဒေါသတွေ ပါလာသည်။

'မင်း ဝတ္ထုစာမူတွေ ရိုက်နေတာနဲ့ စာအုပ်တစ်အုပ် ထုတ်ဝေစရိတ်ကိုပဲ တွက်မိနေပုံရတယ်။ စီးရီးတစ်ခါထုတ်ဖို့ဆိုတာ လွယ်တာမှတ်လို့လား'

'မျဉ်းမတ်'

'ပြော'

'ရှင်က လူကို အထင်သေးလှချေလား'

'မဟုတ်ဘူးလေ၊ သိအောင်ပြောပြတာပါ။ မင်းကိုယ့်ကို စေတနာနဲ့ပြောတာ သိသားပဲ'





'ဘာမှ စေတနာမဟုတ်ဘူး၊ မျက်ဝန်းလဲ အကျိုးအမြတ် လိုချင်သို့'

'ဩော်… ဩော်'

'ရှင် ပြုံးမနေနဲ့နော် ဒေါသဖြစ်ချင်လာပြီ'

'အဟွန်း… ကဲ ကဲ မပြုံးဘူး ဆက်ပြော'

မျဉ်းမတ်က မချိုမချဉ်မျက်နှာနှင့် မေးဆတ်ပြ၏။

'တီးဝိုင်းစရိတ်၊ ပြီးတော့ စတူရီယိုရယ်၊ ကြော်ငြာရယ်၊ တိပ်ဖိုးအကြမ်းဖျင်းပဲ တွက်ဦး နှစ်ဆယ်လောက်ရှိမယ်။ တီးဝိုင်းကို တကယ့်အကောင်းဆုံးနဲ့လုပ်မယ်။ စတူရီယို ကောင်းမယ်ဆိုရင်တော့ သုံးဆယ်လောက်ဖြစ်သွားမှာပဲ။ ဒါတောင် သီချင်းဝယ်ရရင် ကုန်ဦးမှာ။ မျက်ဝန်းစိတ်ကူးတယ်လေ သီချင်းကို ရှင် တစ်ဝက်ပဲရေး၊ တစ်ဝက်ကို တကယ့်နာမည်ကြီးတေးရေးဆရာနဲ့ အပ်မယ်။ ပထမခွေမှကတည်းက ပေါက်ဖြစ်မှာဆိုတော့ သုံးသင့်တာ သုံးရမှာပဲ။ အဲဒီမှာ ရှင့်သီချင်းတွေနဲ့ ရှင်ရယ်၊ ပရိသတ်ရယ် အံဝင်ခွင်ကျဖြစ်သွားပြီဆိုရင် ဒုတိယစီးရီးမှာ ကိုယ်တိုင်ရေး ကိုယ်တိုင်ဆို၊ ရှင် ကြဲလို့ရပြီ'

စကားတွေပြောနေသော မျက်ဝန်း၏ မျက်နှာလေးထက်မှာ မျဉ်းမတ် မျက်လုံးတွေ စူးစိုက်လာသည်။

သူမ တကယ်လေ့လာစုဆောင်းခဲ့ပြီကို သိလိုက်ရချိန်တွင် ဤကဲ့သို့ အဆင်သင့်ဖြစ်မထားခဲ့သော ကိုယ့်ကိုယ်ကို မေးမြန်းဖို့ကို သတိရလာသည်။

ချောမြတ်ဖင်၏ အကူအညီကို မယူခဲ့သည်မှာ သူမ၏ မျှော်လင့်ခြင်းတွေကို မနှစ်မြို့နိုင်တာသက်သက်လား၊ မိန်းမတစ်ယောက် ကူညီတာကို လက်မခံနိုင်တဲ့ မာနလား။



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းနှင့် သူ လက်တွဲဖို့ကို ဘယ်လိုလဲ။

'ဘာကြည့်နေတာလည်း မျဉ်းမတ်၊ ရှင် မယုံလို့လား'

သူ ခေါင်းညိတ်လိုက်သည်။

'မင်းကို အထင်သေးပေမယ့် အဲဒီလောက်ထိ မင်း တတ်နိုင်မယ် မထင်တာတော့ အမှန်ပဲ။ မင်း တကယ် ဒါကိုလုပ်ဖို့ ဆုံးဖြတ်ပြီးပြီဆိုရင် တောင်မှ မင်းဘက်ကနေ တခြားတတ်နိုင်တဲ့တစ်ယောက်ယောက်ရဲ့ ငွေကြေးအကူအညီတောင်းရမှာမျိုးပဲ ဖြစ်နိုင်မယ်'

'ဟင့်အင်း မျက်ဝန်းမှာ ဖေဖေနဲ့ဘွားဘွားတို့ ဘဏ်မှာ ထည့်ပေး ထားတဲ့ငွေတွေ ရှိတယ်။ ဟိုးအရင်ကတည်းကလေ မျက်ဝန်းက မေမေ့ ဆီမှာပဲ လက်ဖြန့်သုံးတတ်တဲ့အကျင့်ရှိတာ။ တက္ကသိုလ် စရောက်ပြီ ဆိုမှ သူငယ်ချင်းအပေါင်းအသင်းနဲ့ လူမှုရေး ဘာညာတွေ ပါလာပြီး ဘဏ်က ထုတ်သုံးဖြစ်တယ်'

ထိုအခါ မျက်ဝန်းဟာ ဒီလိုအခြေအနေဖြစ်လျက်နှင့် ဆင်းရဲခဲ့ပြီး ဒီလိုနေရသလားဟု မေးစရာရှိလာသည်။

ပထွေးဖြစ်သူနှင့် မသင့်မြတ်လည်း ဒီလိုနေဖို့တော့ မဖြစ်သင့်ဘူး ထင်သည်။ မျက်ဝန်းက ဘယ်သူမှ မတို့ထိဖြစ်သေးသော လက်ဖဲ့ သုပ်အစ်ကလေးကို မျက်တောင်လေးစင်းချေးလျက်။

'မျက်ဝန်း ဘယ်လိုစားစား၊ ဘယ်လိုသုံးသုံး ကိုယ်ကျိုးအတွက်က နည်းပါတယ်။ မျက်ဝန်းရဲ့ ခံယူချက်ကိုက ပြည့်စုံပြီးသား ကိုယ့်ဘဝကို ဘာမှ ထပ်လောင်းဖို့မလိုဘူးလို့ သတ်မှတ်ခဲ့တာ။ ဥပမာ အကျီတွေ ထပ်ဝယ်ဖို့၊ မိတ်ကပ်၊ နှုတ်ခမ်းနီရောင်စုံ ဝယ်သိမ်းဖို့ အားလုံးပေါ့။ ဒီလိုကုန်မယ့်အစား ဝတ်စရာမရှိလို့ မသွားနိုင်မလာနိုင်ဖြစ်ရတဲ့ သူငယ် ချင်းကို ပေးချင်တယ်၊ စားစရာမရှိလို့ ဖြစ်သလို ရှန်းကန်ရှာဖွေနေ





တဲ့ လူတွေကို ကူညီချင်တယ်။ ဒါပေမယ့် ဦးတင် ဆိုတဲ့ လူကြီးက တော့ မျက်ဝန်း သုံးသမျှ၊ သွားသမျှ တစ်ချက်မှ အကောင်းမပြောဘူး'

မျက်ဝန်း ထည့်မပြောပေမယ့် ဦးတင် ဆိုတဲ့ လူကြီးဟာ သူမ၏ ပထွေး ဆိုသူမှန်း မျဉ်းမတ် နားလည်လိုက်၏။

'သူ အကောင်းပြောတာ မပြောတာ ပြဿနာ မဟုတ်ပေမယ့် မေမေ့ကို သူကနိုင်တော့ သူပြောသမျှကို မေမေနဲ့ မျက်ဝန်းက ရင်ဆိုင် ရတာပေါ့။ အဲဒါကြောင့် နောက်ပိုင်းမှာ မျက်ဝန်း အရင်လို သိပ်မဟုတ် တော့ဘဲ ကိုယ့်အားကိုယ်ကိုးဖို့ ကြိုးစားခဲ့တာ။ ဒီလူကြီး ခေါင်းစဉ်တပ် လိုက်တဲ့ 'မိဘလုပ်စာ ထိုင်ဖြုန်းနေတဲ့သမီး' ဆိုတဲ့ နာမည်ဆိုးကို မလိုချင်ဘူး။ မေမေလဲ မျက်နှာငယ် စိတ်မဆင်းရဲစေချင်လို့လေ။ တကယ့် အကျပ်အတည်းဖြစ်တာမဟုတ်ဘဲ မထုတ်တော့ဘူးလို့ ဆုံးဖြတ်ထားတယ်'

'အခုကော'

'ဒါက စီးပွားရေးလုပ်ဖို့ပဲ။ တစ်ခုတော့ရှိပါတယ် ဒီလောကကို မျက်ဝန်း သိပ်နားမလည်ပေမယ့် မိတ်ဆွေတွေ ရှိတယ်။ ဂီတလောက ပေါ့။ ပြီးတော့ ရှင်ကိုယ်တိုင်က သီချင်းရေးဆရာ။ အဲဒါရယ် ရှင့် အခက်အခဲဖြစ်နေတာကိုလဲ ပြေလည်စေချင်တယ် ဆိုပါတော့'

'ကိုယ် အခက်အခဲဖြစ်တယ်လို့ မင်းကို ဘယ်သူပြောလဲ'

မျဉ်းမတ်ထံမှာ မာနရိပ်လွှမ်းသော စကားသံကြောင့် မျက်ဝန်းက ခွေခွေစောင်းစောင်းလေး မော့ကြည့်သည်။

မကြည်ကြည့်နှင့် ဖြစ်၏။

'ဘယ်သူမှ မပြောတာက ရှင့် မာနကြီးနေတာပဲ။ လရောင်နဲ့ရှင့် ပြဿနာ ပြောနေတာတွေ မျက်ဝန်း ကြားတယ်။ ဦးသိန်းဇော်တို့ ပြောနေတာ



www.burmeseclassic.com

www.burmeseclassic.com



တွေလဲ သိခဲ့တယ်။ ရှင် သူ့တို့နဲ့ စီးရီးမထုတ်ချင်တာ ဘာဖြစ်လို့မှန်း မျက်ဝန်း မသိဘူး။ ဒါပေမယ့် ရှင် ဝါသနာပါနေတာပဲ'

'ကိုယ် သီချင်းရေးတာပဲ ဝါသနာပါတာ၊ အဆိုတော်ဖြစ်ဖို့ မဟုတ်ဘူး'

'ဘာဖြစ်လဲ၊ ဝါသနာကြီးလွန်းလို့မဟုတ်ဘဲ အနုပညာမျိုးရိုး စဉ်ဆက်ကြောင့်၊ အခြေအနေကြောင်းကြောင်းကြောင့် ရုပ်ရှင်၊ ဂီတ နယ်ပယ်ထဲ ရောက်လာတဲ့လူတွေ ရှိတာပဲ'

'ဝါသနာ၊ ဗီဇနဲ့ ဖွဲ့ရှိမှ အောင်မြင်တာ'

'ရှင့်မှာ အဲဒါတွေ ရှိတာပဲ။ ဝါသနာ၊ ဗီဇတွေ၊ ဖွဲ့တွေရှိလို့ ရှင် အငတ်ခံပြီး မာနကြီးနေတာမဟုတ်ဘူးလား။ ဘာပဲဖြစ်ဖြစ် ရှင့်အသံကို မျက်ဝန်း သဘောကျတယ်။ အောင်မြင်မှာပါ။ ရှင် သီချင်းဆိုဖို့ ဆုံးဖြတ်လိုက်ပါ မျဉ်းမတ်ရယ်။ မျက်ဝန်းက စရိတ်ထုတ်ပါ့မယ်ဆိုမှ'

'မင်းက ဘယ်လောက်ချမ်းသာလို့လဲ၊ အရင်းအနှီးက များတယ်။ ပထမခြေလှမ်းမှာ ပလုံသွားရင် မင်း နောက်ထပ်...'

'မလုပ်ရသေးဘူး မဖြစ်ဘူး ပြောနေပြန်ပြီ၊ ရှင် ကိုယ့်ကိုယ်ကို မယုံကြည်ဘူးလား။ မျက်ဝန်းက ဘာပဲလုပ်လုပ် ငါလုပ်ရင်ဖြစ်ရမယ် ဆိုတဲ့ ယုံကြည်ချက်ထားတယ်'

သူ ပြုံးမိလိုက်မိသည်။ ပေါင်ပေါ်တင်ထားသည့် ဂစ်တာကို ရင်ခွင်ထဲမှာ ထည့်ပိုက်လိုက်ရင်း သက်ပြင်းချ၏။

'မင်း ကိုယ့်ထက် အသက်အများကြီး ငယ်ပါသေးတယ် မျက်ဝန်း ရယ်။ ပြီးတော့ မိန်းကလေး၊ သီချင်းဆိုမယ်၊ စင်ပေါ်တက် မယ်လို့လဲ ကိုယ် ဘယ်တုန်းကမှ မစဉ်းစားခဲ့ဘူး'

'အခု စဉ်းစားလိုက်ပါ၊ အသက်ငယ်ပေမယ့် မျက်ဝန်းလဲ ရှင့်လို





ဘဝကို တစ်ယောက်တည်း ရုန်းကန်ရင်ဆိုင်နေရတာပဲ။ ယောကျာ်း မိန်းမ၊ အသက်ကြီးတာ၊ ငယ်တာ အကုန်လုံး ဘေးဖယ်ထားလိုက်။ ရှင့်ကို ကူညီချင်တာမဟုတ်ဘူး။ ရှင် လိုအပ်နေတာကို မျက်ဝန်းက စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်မြောက်ချင်တာ။ မျက်ဝန်း ဒါလုပ်လိုက် တာ ဒီလိုဖြစ်မြောက်သွားတယ်ဆိုတဲ့ အောင်မြင်မှုကို လိုချင်တာ။ စရိတ်အားလုံး အတိအကျတွက်မယ်။ အဲဒီထဲမှာ ရှင့်ရဲ့သီချင်းတွေ အတွက်ပါ ထည့်တွက်မယ်။ ရှင် အောင်မြင်တဲ့အထိ မဖြစ်ဖြစ်အောင် လုပ်မယ်။ တစ်ခုတော့ ရှင် စာချုပ်ရမယ်'

မျဉ်းမတ်က ဘာမှဝင်မမေးဘဲ မျက်ဝန်းကိုပဲ ထိုင်ကြည့်နေ၏။

'သူများတွေ ထုံးစံရှိလား မရှိလား မျက်ဝန်း မသိဘူး။ စာအုပ် ထွက်လာကာမှ ချုပ်ကြသလို ရှင် အောင်မြင်သွားတဲ့အခါ ဘယ်မှာမှ သွား မဆိုရဘူး'

မျဉ်းမတ်က မျက်ခုံးပင့်၍ ပြုံးလိုက်၏။

မျက်ဝန်းက 'ဘာဖြစ်သွားတာလဲ'ဆိုသည့် အကြည့်နှင့် စိုက်ကြည့်၏။ ပြီးမှ ဆက်ပြောသည်။

'ဒီထဲမှာ ဘယ်အချိန်ကာလထိ ဆိုတာတော့ သတ်မှတ်ချက် ထားပေးမှာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ရှင် နာမည်ကြီးသွားရင် သူများ က ငွေလာပုံပေးမှာ။ မျက်ဝန်းက ပေးနိုင်မှာမဟုတ်ဘူး။ စာချုပ်က တော့ အခိုင်အမာ ချုပ်ရမှာပဲ'

မျက်ဝန်း စီးပွားရေးဆန်တာလေးကို သူ သဘောကျသွားသည်။ ငယ်ရွယ်သူပီပီ အလုပ်တစ်ခုကို တကယ် စွန့်စားလုပ်ကြည့်ချင်နေတာ ကိုလည်း သဘောပေါက်လိုက်မိသည်။

'ကဲ ရှင် ပြောလေ ဆိုမှာလား မဆိုဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'စဉ်းစားရဦးမယ်'

'ဘယ်လောက်ကြာကြာလဲ'

'သုံးမိနစ်'

မျက်ဝန်းက 'ဟင်'ခနဲဖြစ်သွားပြီး ရယ်သည်။

ပြီးတော့ လက်ဖက်သုပ်အစ်ကလေးကို ရှေ့ထပ်တိုးပေး၍...

'ရော့ စားရင်းနဲ့ စဉ်းစား။ ဟင့်အင်း ဆိုရင်တော့ မျိုချပြီးသား တွေ အကုန်ပြန်အန်ပေးရမှာ။ ဒီက အကျိုးအမြတ်မရှိတာ ဘာမှမလုပ် ဘူး'

'လေးစားပါတယ်'





အခန်း (၁၈)

'ဟင် ဟုတ်လား'

ဒေါ်မြလှ ဖုန်းကိုင်ရင်း ငိုင်ကျသွားလေသည်။

သမီးက စီးရီးထုတ်ဖို့ ကြိုးစားနေသည်တဲ့။ ငွေတွေထုတ်သွားလို့ ...မ်းနိုင်းထားသည့်လူကို မေးကြည့်တော့ သတင်းက သေချာသွား၏။

'မြောက်ဥက္ကလာကားတွေပေါ် တက်သွားတာ တွေ့တယ်။ ...ယ်မှာနေမှန်းတော့ မသိသေးဘူး။ ဒါပေမယ့် သူ လှုပ်ရှားနေတာက ...တော့ စီးရီးထုတ်ဖို့ သေချာပါတယ်။ ပ... ...နေ့က တီးဝိုင်းခေါင်းဆောင် ...စ်ယောက်နဲ့ ကော်ဖီဆိုင်မှာ ...နေတာ တွေ့တယ်။ သူ့ဘေးမှာ ...ချင်တုန်းက တေးသံသွင်းလုပ်... ဦးသန်းအောင်ဆိုတဲ့ လူကြီးလဲ ...တယ်'

'နေပါဦး ဝင်းအောင်ရဲ့ ဘယ်သူ့ကို ထုတ်မှာလဲ၊ သမီးက ...လောက်ထိ ဝါသနာမကြီးခဲ့ပါဘူး'

'မမလှသမီးက ဆိုမှာမဟုတ်ပါဘူး။ ပြောနေကြတာကတော့



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားအဆိုတော် ဖြစ်မယ်ထင်တယ်။ အဲဒီတစ်ယောက်ကို သူ
ဖြစ်မြောက်မယ်လို့ ယုံကြည်နေကြတယ်။ မမလှသမီး မလည်မဝ
ခံရဦးမယ်။ ဒီလောကမှာ မရိုးသားမှုတွေက အများကြီးရယ်။ ပြီးတော့
မိန်းကလေး နုနုငယ်ငယ်နဲ့'

'အင်း'

ဒေါ်မြလှ ပင့်သက်ရှည်ကြီးချကာ အားအင်တွေပါ မျောပါသွား
သလိုပါပဲ။

'မမလှ'

'ဟင်'

'ကျွန်တော် ဘာဆက်လုပ်ရမလဲ'

'ဘာလုပ်လို့ရမှာလဲ ဝင်းအောင်။ သမီး ဘယ်မှာနေတယ်ဆိုတာ
သာသိရင် ငါ့ကို ဖုန်းဆက်'

'ဟုတ်ပြီ၊ ဒီရက်ပိုင်းတော့ ကျွန်တော် မအားသေးဘူး၊ ခဏ
မမလှ အရေးကြီးနေလား'

'စောင့်ဆိုလဲ စောင့်ရမှာပေါ့'

'ဩော် ပြောစရာရှိသေးတယ်။ မမလှက မခိုင်းပေမယ့် ကျွန်တော်
မြင်တာ နှစ်ခါရှိပြီဆိုတော့ မပြောဘဲ မနေနိုင်တော့ဘူး'

'ဘာလဲ'

'ကိုတင့်ကို ကျွန်တော် အမျိုးသမီးတစ်ယောက်နဲ့ တွေ့နေ
ကြာပြီ။ သေချာပြီထင်ရတာကတော့ ဒီတစ်ခေါက် နှစ်ခေါက်ကျ

'ဘာ... ဘာသေချာတာလဲ'

ဒေါ်မြလှ ရင်ခုန်သံတွေ မြန်လာသည်။ ပူလောင်သောက
ယောက်ျားကို ဆုံးရှုံးမခံနိုင်သည့် လောင်မြိုက်ခြင်းထက် ဆိုးနေ





တစ်ပင်လဲမှ တစ်ပင်ထူတာ မှန်ပေမယ့် ဒီယောက်ျားကို လက်ထပ်
ခြင်းကြောင့် ပတ်ဝန်းကျင် အထင်အမြင်သေးခြင်းကို ခံခဲ့ရ၏။

'ကိုယ့်ဂုဏ်ဒြပ်နဲ့ကိုယ် တန်တာမမှန်းဘူး။ အသက်ငယ်တာလေး
က်မောတာ'

'ညီမ လက်ထပ်လိုက်ပြီဆို၊ အမျိုးသားက ဘာလုပ်ငန်း လုပ်တာ

'သမီးလေးက သဘောဖြူပါတယ်၊ အိမ်မှာ အဆင်ပြေကြရဲ့
'

စသည့် စသော သိလျက်နှင့် တမင် ခနဲ့ချင်၍ ရွဲ့ချင်သည့်မေးခွန်း
ကို ကြိတ်မှိတ်ပြုံးရင်း ဖြေခဲ့ရသည်။

ကိုယ့်ယောက်ျားကို ပညာမတတ်၊ ဥစ္စာမရှိသော အဆင့်မရှိ သည့်
တစ်ယောက်မှန်း သိသာပေါ်လွင်အောင် မေးကြပြောကြ…တွေ
ရင်ဆိုင်ခဲ့ရ၏။

ဒါဟာ ကိုတင်နှင့် သူမ၏ ဘဝအစကတည်းက မလှ…ခဲ့သော
ည်းမှုများဖြစ်ကာ သူနှင့် လက်ထပ်လိုက်ရသည့်အတွက် သမီးလေး
နောက်ထပ် စွန့်လွှတ်ခဲ့ရပြန်သည်။

ကိုတင်က သူမကို ဆိုးလည်းဆိုးသည်။ ချော့လည်းချော့တတ်
သာယာမှုကို မက်မောတာမဟုတ်သော်လည်း လူတကာတွေ
ဖြာအရ နိမ့်ကျခဲ့သော သူ့ဘဝကို သနားငဲ့ညာရင်းနှင့်ပဲ အားလုံး
အလိုကျ ခေါင်းညိတ်ခဲ့မိသည်။

'မြလှ ဘာလဲ မင်းကလဲ ငါပြောတာကို မယုံတော့ဘူးလား'

'မင်းက ငါ အကြံပေးတာကို ခေါင်းထဲမထည့်ခဲ့ဘူးပေါ့။ အေးလေ
ာ မင်းအတွက် အိမ်ထောင်ဦးစီးကောင်းမှ မဟုတ်ခဲ့တာ'



www.burmeseclassic.com

www.burmeseclassic.com



'မင်းသမီး ငါ့ကို မလေးစားတာ မဆန်းပါဘူး။ ငါက ဘာ… ကောင်မှ မဟုတ်ကာ'

'မင်းကမှ ဂရုမစိုက်တဲ့ဟာ မင်းသမီးက ငါ့ကို လူမထင်ေ… ပေါ့'

နေ့စဉ် ညဈေ ဒီလိုပြော၍ ညှိုးငယ်သွားတတ်သည့် မျက်… သူမ ကြာရှည်မကြည့်ရက်ပေ။ ပြီးတော့ 'သူပြောတာလည်း ဟုတ်… ပဲ'ဟု တွေးမိလာတာလည်း ရှိ၏။

သမီးက နောက်ပိုင်းမှာ ဘာလုပ်လုပ် မိဘကို မတိုင်ပင်။ သွ… သည့်နေရာကို အသိမပေး၊ ခွင့်မတောင်းဘဲ သွားသည့်အထိ ဖြ… ၏။ နောက်ဆုံး ဓားတွေကိုင်ပြီး စိန်ခေါ်သည်တဲ့။

'မင်းသမီး ဘယ်လောက်ထိလဲ သိလား၊ ဓားသွေးပြီး… ထပ်ကြိမ်းသေးတယ်။ တကယ်ဆို ဒါတွေက ပထွေးအလုပ်… လူကြားလို့တောင်မကောင်းဘူး။ မယားပါသမီးက ပထွေးကို ဓား… ကြိမ်းသတဲ့။ ငါက မင်း စိတ်ဆင်းရဲမှာစိုးလို့ မင်းမျက်နှာကို ထော… ထားပြီး အစွယ်မရှိတဲ့မြွေလို နေနေတာ။ နဂိုကတည်းက မိုက်ရိုး… ကောင် မဟုတ်လို့ ငတုံးငအလို နေခဲ့တာ'

ဒီလို ကိုတင် ပြောပြီး သိပ်မကြာခင်မှာ ဓားပေါက်ခံရပြီး … ကို ဆေးရုံတင်လိုက်ရသည်။

သမီးနှင့်ယောကျ်ားမို့ အပြင်ဆေးခန်းကြီးမှာ အထူးခန်း… ရင်းနှီးသည့်ဆရာဝန်တွေနှင့်ပဲ တိုးတိုးတိတ်တိတ် ဖြေရှင်းခဲ့ရ…

ထိုစဉ်ကလည်း ယောကျ်ားတန်မယ့် သူ မျက်ရည်ကျခဲ့ရှာ…

'မင်းသမီး ငါ့ကို အဲဒီလောက်တောင် မုန်းနေတာ ငါ မထင်… တဲ့။





သူကိုယ်တိုင်ပဲ ဆရာဝန်တွေရှေ့မှာ ခွင့်… …ပ်ကြောင်း …၍ လက်မှတ်ထိုးခဲ့သည်။ ဆေးကုခံခဲ့၏။

သမီးကို ပြန်ကြည့်တော့ နည်းနည်းကလေ… …င်းပန်တာ၊ …တာ မရှိ။

'သူက သမီးအခန်းကိုဝင်တာ'

'သမီးဘာသာ ဓားပေါက်ကျင့်နေတာ'

စသော ငြင်းဆိုချက်များအပြင်…

'သတ်ချင်မှဖြင့် ဆေးကုချိန်မရအောင် လုပ်ပစ်လို့ရတယ်'

ဟု ပြောကာ ချက်ချင်းပဲ ဓားတစ်ချောင်းသွားယူသည်။ ဒေါ်မြ… …ရှေ့မှာ လာပြန်ရပ်ကာ နံရံပေါ်က ပန်းချီကားတစ်ချပ်ဆီ ချိန်ဆ၍ …ပေါက်လိုက်၏။

ဓားလေးသည် ပန်းချီကားထဲက ထဘီရင်လျားနှင့် ရေအိုး …ထားသော မိန်းမပျို၏မျက်နှာအလယ်မှာ ကွက်တိ။

မျက်ခွန်းပြာဆိုသော ကိုယ့်သမီးက ဒီလောက်ထိ မိုက်ရိုင်းရဲခဲ့၏။

'မေမေ့ရှေ့မှာ ရိုင်းပြတာ မဟုတ်ပါဘူး။ လက်တွေ့လုပ်ပြတာ။ …သတ်ပုဒ်မနဲ့ ထောင်ထဲဝင်ရမယ့်အတူတူ သူ့လို ဘာမဟုတ်တဲ့လူ… …များ သတ်စရာလား'တဲ့။

ဒေါ်မြလှ ဆိုဖာထက်မှာ အရုပ်ကြိုးပြတ် ထိုင်ချလိုက်မိသည်။ …ဘဲဖြစ်ဖြစ် သမီးလေးထွက်သွားရတာလည်း သူ့ကြောင့်ပဲဖြစ်သည်။ သမီးဟာ စကားတတ်သည်၊ ထက်မြက်သည်၊ မမိုက်ရိုင်းတတ်ခဲ့…

ဒါပေမယ့် သူစိမ်းကို ပြောတာဆိုတာကျတော့ မဖွယ်ရာသလို …ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝှါသမီးဟာ ငါ့မျက်နှာကို မငဲ့ပါလားဟု တွေးဖြစ်တော့ ဝမ်းနည်းမိ၏။

ငါကယ်ဆို သမီးလေးကိုလည်း ပစ်မထားနိုင်။

ကိုတင့်ကိုလည်း အပြစ်မမြင်ရက်တာကြောင့် နှစ်ဖက်စလုံး ကိုယ့်လက်ထဲမှာပဲ ထိန်းချုပ်ဖို့ သူမ ကြိုးစားခဲ့ခြင်းဖြစ်သည်။

သမီးကို ယော်ရွယ်သူမို့ ပူပင်ခဲ့ပေမယ့် ကိုတင် ခုလို လုပ်ရဲလိ မည်ဟု နည်းနည်းလေးမှ သံသယမဝင်မိခဲ့ပေ။

အမြဲတမ်းပဲ အားငယ်စကားတွေပြောနေခဲ့သော လူတစ်ယော မို့ သူမကသာ သနားနေခဲ့မိသည်။ ဒီလို အဆိပ်အတောက်ရှိလိမ့်မည် ဆိုတာ ယုံနိုင်စရာမရှိ။

ဝင်းအောင်ဟာ အလွန်စေ့စပ်သေချာသည့်သူ ဖြစ်သည်။

ခုကိစ္စ မှာလည်း တကယ် သေချာပြီဆိုမှ သူမကို အသိပေး ခြင်းသာ။

'ဟိုတယ်မှာ တစ်နေ့ခင်းလုံးပဲ မမလှ။ ပထမတစ်ခါ မြင်ကတည်း က ကျွန်တော် သိတယ်။ ဒါပေမယ့် ပိုသေချာချင်လို့ ဒုတိယတစ်ခါ တွေ့မှ အဲဒီဟိုတယ်မှာ ကျွန်တော် ဝင်စုံစမ်းတာ ထင်တဲ့အတိုင်း သူတို့ ရောက်လာရင် တစ်နေခင်း၊ တစ်မနက် အဲဒီလိုပဲ နေတယ် ဟိုတယ်က ဝန်ထမ်း ရီရီကျော်ဆိုတဲ့ ကောင်မလေးက ကျွန်တော့ သားရဲ့သူငယ်ချင်း။ မမလှ မယုံရင် ကျွန်တော် သူနဲ့ တွေ့ပေးမယ်'

ဝင်းအောင်က သေချာပြောသွားသည်။ စုံစမ်းခိုင်းတာက သမီး လေးအကြောင်းသိချင်လို့ပါ။

မထင်မှတ်ဘဲ သတင်းဆိုးကြောင့် ဘဝပျက်သွားသလို ခံစား လိုက်ရသည်။





သမီလေး၊ အိမ်ကထွက်သွားပေမယ့် သမီးမှာ ပညာတတ်သည်။ ပ်လျှင် သုံးစွဲနိုင်တဲ့ငွေကြေး အလုံအလောက် ဘဏ်မှာ ရှိနေ သည်။

ထို့ပြင် သမီးရဲ့စိတ်ဓာတ်၊ သမီးရဲ့ဆင်ခြင်နိုင်မှုကို သူမ ယုံကြည် ည်။ မျက်ဝန်းပြာဆိုတဲ့ မိန်းကလေး ဘယ်တော့မှ ပိုးစိုးပက်စက် သွားမှာမဟုတ်ပါ။

သူမမှာတော့ တိုက်ကြီးခြံကြီးထဲမှာ နေပြီး အသက်လေးဆယ် ကျမှ သူများတံတွေးခွက်မှာ ပက်လက်၊ မှောက်ခုံ ဘယ်လိုပုံစံနှင့် ရတော့မည်မသိ။

'ဒီလိုပဲဖြစ်မှာပေါ့။ ပညာမတတ်၊ အခြေအမြစ်မရှိတဲ့ယောကျ်ား ယူတာကိုး'

'သမီးကိုတောင် စွန့်လွှတ်ခဲ့ပြီး ယောကျ်ားကို ဖက်ထားတာ'

ပြောလာမည့်စကားတွေကို နားထဲမှာ ကြားယောင်ကာ မျက်ရည် ရစ်ဝိုင်းလာခဲ့သည်။

ဒီသတင်းကို ကြားရပြီဆိုမှ ခုတစ်လော ကိုတင် ခြေလှမ်းတွေ လာတာကို စုပြုံတွေးမိလာခဲ့သည်။

တကယ်ပဲ ပညာမဲ့တဲ့လူမို့ ဒီလိုလုပ်ရက်လေသလား။ ကိုတင် ခုနစ်တန်းပင် မအောင်ခဲ့တဲ့သူပါ။

ဆွေမျိုးအသိုင်းအဝိုင်းတွေ ကောင်းကြလို့ ကုမ္ပဏီကြီးတစ်ခုမှာ သားနားနား ကြော့ကြော့မော့မော့ ဝန်ထမ်းခွင့် ရနေခဲ့သူ ဖြစ် သည်။

သို့သော် ပညာတတ်ခြင်း၊ မတတ်ခြင်းနှင့် ဖောက်ပြန်တာ၊ သစ္စာ တာ ဘာမှမဆိုင်ဘူးလို့ပဲ ထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတော်တော်များများ ဒီလိုပါပဲ။ ဘယ်သူမပြု မိမိအ(...) ဆိုသည့် တရားကို သတိရကာ ဝေ့တက်လာသောမျက်ရည်စတို့(...) မျက်တောင်တို့ဖြင့် ပုတ်ခတ်ဖယ်ရှားပစ်လိုက်သည်။

ဒီယောက်ျားကို ယူခဲ့စဉ်ကလည်း တစ်ခါ စိတ်ဆင်းရဲခဲ့ရသည် နောက်တစ်ခါ ဘာကို ခံစားနေမှာလဲ။

ကိုယ်ဟာ ဆင်းရဲခြင်း၊ သာယာခြင်းအပေါ်မှာ တစိမ့်စိမ့်ခံစား(...) ပျော့ခွေနေရအောင် ဆယ်ကျော်သက်အရွယ် အပျိုဖြန်းကလေးလည် မဟုတ်တော့ပေ။ ဘာလုပ်သင့်သလဲ ဆိုတာကို ဒီတစ်ခါ ဆုံးဖြ(...) ချက်မမှားဖို့သာ အရေးကြီးဆုံး။





အခန်း (၁၉)

ဂီတလောကမှာ မသိနားမလည်စွာ မျက်စိသူငယ် နားသူငယ်နှင့် (...)မိ့ရပါစေ မဖြစ်ဖြစ်အောင်လုပ်ဖို့ ဆုံးဖြတ်ထားခဲ့တာဖြစ်သည်။

တကယ်တမ်း လှုပ်ရှားလိုက်တော့ အားလုံးသည် မထင်မှတ်စွာ (...)ွယ်ကူနေခဲ့၏။

မကုန်သင့်တာ မကုန်ရအောင် စီမံပေးမည့်သူတွေ ရှိသည်။ သီချင်းဆိုမည့်သူ စိတ်အားတက်ကြွအောင် တမင်တကာမဟုတ်ဘဲ 'မျိုးမတ်'ဆိုမယ်ဆိုတာကို သိလိုက်တာနှင့် အင်တိုက်အားတိုက် (...)ူညီကြတာလည်း ရှိ၏။

မျိုးမတ်၏သီချင်းတွေကို နာမည်ကြီးအဆိုတော်တွေလည်း ဆိုနေကြတာကို သိသည့်လူတွေ သိထားကြသည်။

အသံစမ်းလိုက်တာနှင့် 'ဖြစ်နိုင်တယ်ကွ ချသာချ'လို့ အားပေး ကြသည်။ အစက မျိုးမတ် သီချင်းဆိုဖို့ကို စိတ်မပါခဲ့ပေ။ ခုကျတော့ ပျော်သလိုလို၊ တက်ကြွလာသလိုလို။



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုလဲ ပါရမီရှင် ဆိုတော့ တွေ့တယ်မဟုတ်လား။ ရေကန် အသင့် ကြာအသင့်'

နှစ်ယောက်သား ဘတ်စ်ကားပေါ်က ဆင်းခဲ့ကြရင်း မျက်ဝန်းက သူ့မျက်နှာကို မော့ကြည့်မေး၏။

ဒူးဖုံးရုံလေးသာရှိသော ဂျင်းစကတ်အကွက်လေးနှင့် စပို့ရှပ်လက်ရှည် လည်ကပ်လေးဝတ်ထားသည့် မျက်ဝန်းသည် ပန်းနုရောင်လေးနှင့် မီးရောင်အောက်မှာ ပိုလှနေသည်။ အထူးသဖြင့် အရပ်လေးက မရှည်ရသည့်အထဲ သူက အရပ်မြင့်တော့ သူမမှာ သိသာစွာ ပုကျဲ့သွား၏။

ကိုယ်လုံးလေးလည်း သွယ်သည်။ စကတ်၊ ရှော့ပင်နီ ဘောင်းဘီ တို့၊ အရှည် ဘာဝတ်ဝတ် လှနေသည့်ကိုယ်လုံးမျိုးလေး ဖြစ်သည်။

ဘယ်ရှုထောင့်ကပဲကြည့်ကြည့် ကလေးလေးလိုပဲဖြစ်ကာ ချစ်ဖို့လည်းကောင်းသည်။ မျက်ဝန်းကို သူ ခင်သည်။ သန့်စင်စွာ ခင်တွယ်ခြင်းပဲ ဖြစ်မှာပါ။

ဘာဖြစ်လို့လဲဆိုတော့ အဲဒီကောင်မလေးကို ပါးလေးလိမ်ဆွဲ၍ ဖျစ်ပစ်ချင်သည်။ ခေါင်းလေးကို လက်ဝါးနှင့်ဖြစ်ဖြစ် ဖိပွတ်ချင်၏။ ဒါမှမဟုတ် လက်သီးဆုပ်နှင့် ထုပစ်လိုက်ချင်သည်။

သူမလေးကသာ 'ရှင်နဲ့မျက်ဝန်း'လို့မပြောဘဲ 'ကိုကိုနဲ့ညီမလေး' လို့ ထည့်ပြောလျှင် သူ ခုထက်ပို၍ နွေးထွေးခွင့်ရှိနိုင်၏။

'မျဉ်းမတ်'

'ဟင်'

သူ ဆတ်ခနဲဖြစ်သွားကာ မျက်ဝန်းက ရယ်သည်။

'ခေါင်းကြီးငုံ့ပြီး ဘာဖြစ်သွားတာလဲ၊ မေးတာကိုမဖြေဘဲနဲ့'





'ဘာမေးလိုက်တာလဲ'

'ဟော ကြည့်'

အတူလျှောက်ခဲ့ရင်း လမ်းထိပ်နှင့်နီးလာတော့ မှောင်ရိပ်တွေပဲ ဖြစ်လာသည်။

'ဟိုကို သီချင်းတွေလောထားတာ အခု ရတော့မယ်လေ။ ရှင့်ဘက်က ပြီးပါ့မလားလို့'

'ပြီးအောင်ရေးရမှာပေါ့'

'အင်း ကြိုးတော့ကြိုးစားပါ။ လွန်အောင်တော့မလုပ်ပါနဲ့။ ညည လဲ ရှင် သိပ်အိပ်ပုံမရဘူး။ တော်တော်ကြာ ကျန်းမာရေး ထိခိုက်ဦးမယ်'

'စိုးရိမ်တာလား'

'ငွေကို စိုးရိမ်တာပါ။ မျက်ဝန်း ရင်းနှီးထားပြီးတာတွေက ရှင့် ကျန်းမာမှ ဖြစ်မှာ'

'သြော်... သြော် အဲဒီလို စေတနာမျိုး မှတ်တမ်းတင်ထားရမယ်'

မျဉ်းမတ်က ဘောင်းဘီအိတ်ထဲ လက်တစ်ဖက် ထည့်လျှောက်ရင်း ခေါင်းမော့ရယ်သည်။ ပြီးတော့ မျက်ဝန်း ရယ်နေတာကို ငုံ့ကြည့်၍

'သူများ မအိပ်တာကိုမြင်နေတဲ့ မင်းကကော ညညဆို ကွန်ပျူတာ တစ်လုံးနဲ့ နှစ်နာရီကျော်မှ အိပ်ရာဝင်တာမဟုတ်ဘူးလား'

'အမယ်လေး အဲဒါမပူနဲ့၊ သူများက ခေါင်းချတာနဲ့ ပျော်တာ။ အနုပညာသမားတွေလို စီးကရက်လက်ကြားညှပ်ပြီး တွေးငေး၊ ဆွေးနေတာမဟုတ်ဘူး'

'မပူပါဘူး၊ ကိုယ့်အတွက် ငွေစိုက်ထားနိုင်တဲ့သူ မရှိတော့မှာစိုးလို့'



www.burmeseclassic.com

www.burmeseclassic.com



'ဟယ် ကြည့်စမ်း'

'ဟား ဟား'

ရယ်သံတွေက ပိုကျယ်သွားသည်။ ထိုစဉ် လမ်းသွယ်ထဲက ထွက်လာသည့် ကားတစ်စီး၏ မီးရောင်ကြောင့် နှစ်ယောက်သား လမ်းထဲ မဝင်သေးဘဲ ဘေးကပ်ရပ်နေလိုက်ကြသည်။

ကားက တဖြည်းဖြည်း ထွက်လာပြီး သူတို့နားရောက်တော့ ရှေ့ဆက်မသွားဘဲ ရပ်တန့်သွားခဲ့၏။

တစ်ဖက်ကနေ တံခါးဖွင့် ဆင်းလာသူကို မြင်လိုက်ရတော့ မျဉ်းမတ် မျက်ခုံးတွေတွန့်ကုတ်သွားလေသည်။

အနက်ရောင်လည်ဟိုက် ကိုယ်ကျပ်ဝတ်စုံနှင့် ကျောလယ်ခန့် ဆံပင်တွေကို ဖြန့်ချထားသော အမျိုးသမီးကို မျက်ဝန်းကတော့ မသိပါ။ နှုတ်ခမ်းနေပုံက အထူးသဖြင့် ပေါ်လွင်လွန်းကာ နှုတ်ခမ်းတွဲတာလည်း သိသာသည်။

အရပ်လည်းမြင့်သည်။ ကိုယ်လုံးလှတော့ သူမတစ်ကိုယ်လုံးမှာ ဘာမှ အပြစ်ပြောစရာမရှိအောင် တောင့်တင်းကြော့ရှင်းနေ၏။

သူမသည် မျဉ်းမတ်ရှေ့ကို ရောက်သည်အထိ မျဉ်းမတ်ကိုပဲ စူးစိုက်ကြည့်လာတာဖြစ်ကာ အနားမှာရပ်လိုက်မှ မျက်ဝန်းကို ဝေ့ခနဲ ကြည့်သည်။

ခဏလေးကြည့်ပြီး ရပ်သိမ်းသွားခဲ့သော အကြည့်တစ်ချက်တွင် အထင်မြင်သေးသော၊ ရန်လို ရန်စသော။

ပြီးတော့ အဖက်မတန်စွာ မျိုသိပ် သိမ်းဆည်းလိုက်သော။

သော များစွာဖြင့် ထိုအကြည့်ကို မျက်ဝန်းကလည်း နားလည်သည်။ ဘာဆိုင်လို့လဲ၊ ကိုယ်နှင့်လည်း မသိမဆိုင်ဘဲနှင့်။





မျဉ်းမတ်နှင့် အတိုင်းအတာတစ်မျိုးမျိုးနှင့် ပတ်သက်ထားသူမှန်း ချက်ချင်း သိလိုက်ကာ မျဉ်းမတ်ကို ကြည့်လိုက်မိ၏။

'မမချော ဘယ်ကိုလာတာလဲ'

မျဉ်းမတ် မျက်နှာဟာ အပြုံးအရယ်မရှိပါ။ တင်းမာနေတာလည်း မဟုတ်ဘဲ အလွန်နေစိမ့်သည့်မျက်နှာထားမျိုးဖြစ်သည်။

'မင်းဆီကိုလာတာပေါ့ မောင်လေးရယ်။ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် အိမ်မှာပဲရှိတတ်ကြတဲ့အချိန်ကို ရွေးပြီး တမင်လာတာ။ ဒါတောင်မှ လွဲဖြစ်အောင်လွဲသေးတယ်'

သူမသည် မျက်ဝန်းဘက်ကို မျက်နှာလှည့်လိုက်ပြီး မကြည့်ဘဲနဲ့ ပြန်လှဲ၍…

'သူလား မင်းလိုပဲ အိမ်ငှားဆိုတာ'

'ဟုတ်တယ်၊ မမချော ကျွန်တော့်ဆီလာတာ ကိစ္စရှိလို့လား'

'ရှိတာပေါ့၊ ပြောစရာတွေမှ အများကြီးပဲ။ အခု အချိန်မရတော့ဘူးဆိုရင် မနက်ဖြန် တို့ရှိတဲ့ရုံးခန်းကို မင်း လာမလား၊ မင်း အဆင်ပြေမယ့် တစ်နေရာမှာ တွေ့မလား'

'တစ်ခုမှ အဆင်ပြေမှာမဟုတ်ဘူး မမချော။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် ဒီရက်ပိုင်းမှာ အားချိန် လုံးဝ မရှိဘူး။ အိမ်ပြန်ချိန်တောင် ဒီအချိန်ဖြစ်နေတာ မမချော အမြင်ပဲ'

'ဟုတ်တယ် မြင်တယ်၊ မင်း ဘာတွေလုပ်နေရလို့လဲ ပြောပါဦး'

'စီးရီးထုတ်ဖို့ ကြိုးစားနေကြတာ'

'ဟွန်း'

နောက်ထပ်တစ်ခါ မျက်လုံးတွေ သူမဘက်ကို ဝေ့လာပြော့ မျက်ဝန်းသည် မခံနိုင်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



'မျက်ဝန်း သွားမယ်'

သူ့ကိုမကြည့်တော့ဘဲ ပြေး၍လှည့်ထွက်လိုက်လျှင် မျဉ်းမတ်က မျက်ဝန်းလက်မောင်းလေးကို ဆတ်ခနဲဆွဲကာ…

'မှောင်တယ်၊ ကိုယ့်ကိုစောင့်ဦး'

ချောမြတ်ဇင်မျက်နှာ မည်းမှောင်သွား၏။ မျက်ခုံးတွေ ကော့ကွေးသွားခြင်းနှင့် စေ့ပိတ်သွားသည့်နှုတ်ခမ်းသားတို့က ရုပ်ပျက်ဆင်းပျက်ကြီး ဖြစ်သွားကာ…

'စီးရီးထုတ်ဖို့ ဟုတ်လား မျဉ်းမတ်။ ဒီလုပ်ငန်းမျိုးကို မင်းက လက်ဖက်ရည်တစ်ခွက်သောက်ရဖို့ အပေါင်းအသင်း တစ်ယောက်ယောက်ကို ထိုင်မျှော်နေရတဲ့ လမ်းဘေးရောက်နေတဲ့လူမျိုးတွေနဲ့ တိုင်ပင်နေတာလား'

မျဉ်းမတ်က မျက်ဝန်းကို ဆွဲထားရင်းနှင့် မထိတရီ ပြုံးသည်။

'ရွှံ့ရုပ်ပဲဖြစ်ဖြစ်၊ ရွှေသားပဲဖြစ်ဖြစ် ဘုရားရဲ့ရုပ်ပွားတော်ဖြစ်လာရင် ဦးခိုက်ပူဇော်ရမှာပဲ မဟုတ်ဘူးလား။ အကောင်းဆုံးက မမချောကျွန်တော်နဲ့ပတ်သက်တာ ဘာမှ စိတ်မဝင်စားဖို့ပဲ'

'အဲဒါတော့ မင်းက တို့ကို စော်ကားလိုက်တာပဲ မျဉ်းမတ်'

ချောမြတ်ဇင် နောက်တစ်လှမ်းဆုတ်၍ ဘွန်းနက်ပေါ်မှာ လက်တစ်ဖက်တင်လိုက်သည်။

ထိုလက်ကို ကျစ်နေအောင်ဆုပ်ပစ်လိုက်သဖြင့် မျက်ဝန်း မြင်နေရ၏။

'မင်းနဲ့ပတ်သက်တိုင်း တို့ ဘာသိဘာသာနေတတ်ခဲ့ရင် ဒီနေ့ သီချင်းတွေရေးပြီး အောင်မြင်နေတဲ့ မျဉ်းမတ်ဆိုတာ ဖြစ်လာမလား'

ဒီတစ်ခါ မျဉ်းမတ်မျက်နှာ နီရဲသွားခဲ့၏။





'သူ သီချင်းရေးတတ်တယ်'

နာမည်က ဘာညာနှင့် ပုဂ္ဂိုလ်တချို့နှင့် မိတ်ဆက်ပေးခဲ့ဖူးသည်။

သူမ တက်ခဲ့သော ပါတီပွဲတချို့မှာ ခေါ်သွားခဲ့ဖူးသည်။

ထိုပွဲတွေမှာလည်း ဒီလိုပါပဲ မိတ်ဆွေဆိုတာတွေနှင့် မိတ်ဆက်ပေးသည်။

ထိုအချိန်တုန်းကတော့ ချောမြတ်ဇင်က သူမကိုယ်တိုင်ပဲ ဂီတလောကထဲက လူတစ်ယောက်လိုလို၊ ဂီတမိတ်ဆွေတွေပဲ များပြားစွာရှိနေသလိုလို။

သူကတော့ ကိုယ်တိုင်ရေးဖွဲ့ထားသော သီချင်းတွေကို တစ်ယောက်ယောက်က သီဆိုခံစားပေးတာကိုပဲ ကြားချင်နေခဲ့သည်။ ရှူငယ်ပီပီ ကိုယ့်ပညာကို စင်ပေါ်တင်ပေးချင်မိ၏။

တကယ်တမ်း သူမနှင့်ဂီတ ဘာမှ မသက်ဆိုင်မှန်းသိတော့မှ နောက်ပြန်ဆုတ်ခဲ့ရသည်။ သူမ သူ့အပေါ် အခွင့်အရေးပေးလွန်းခဲ့တာကို ရှင်းလင်းစွာ သိခဲ့သည့်အချိန်သည် ချောမြတ်ဇင်နှင့် တွဲနေသည့် ကောင်လေးဆိုသော ဂုဏ်ပုဒ်တစ်ခုကို ဖြစ်စေခဲ့ပြီ။ ဘာမှလည်း ပျောက်ခဲ့ဘဲ ကောင်လေးဆိုသည့် အနေအထားဟာ ချောမြတ်ဇင်ကိုပဲ မှီခိုနေခဲ့သလိုလို။

ချောမြတ်ဇင်ကပဲ ထောက်ပံ့စောင့်ရှောက်ထားသလိုလို ဖြစ်သွားခဲ့သည်။ ဒါတွေကြောင့် နောက်ထပ် ဘာကြောင့်မှ မပတ်သက်ဖို့ ဆုံးဖြတ်၍ ဒီမိန်းမကို သူ ရှောင်နေပစ်လိုက်တာဖြစ်သည်။

မျဉ်းမတ်သည် ချောမြတ်ဇင်၏မျက်နှာကို အေးစက်စူးရဲစွာ စိုက်ကြည့်၍…

'ခင်ဗျားကျေးဇူး မကင်းခဲ့ဖူးလို့ ပြောချင်တာလား'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီလိုလဲမဟုတ်ပါဘူး။ မင်းရင်ထဲမှာ ဘာမှ တင်မကျန်ခဲ့တာ... တို့က စိတ်မကောင်းတာ'

'တင်ကျန်ခဲ့စရာမရှိလို့ မတင်တာလို့ပဲ မှတ်လိုက်ပါ'

'ဘာ'

'ကျေးဇူးတွေ ရှိခဲ့တယ်လို့ သတ်မှတ်ရင်လဲ ကျွန်တော် ကျေး... ကန်းတတ်တဲ့ကောင်ပဲ။ ခင်ဗျား အစက မသိခဲ့ဘာ စိတ်မကောင်... ဘူး၊ သွားမယ်'

'မျိုးမတ်'

မျိုးမတ်က မျက်ဝန်းလက်ကို ဆွဲ၍ထွက်သည်။ ချောမြတ်... က တစ်ဖက်လက်ကို လိုက်ဆွဲထားကာ...

'တို့က မင်းရဲ့ကြိုးစားမှုတွေ အရာထင်စေချင်လို့ တကူးတ... လာခဲ့တာ။ မသေချာတဲ့အလုပ်ကို အချိန်ကုန်အပင်ပန်းခံပြီး ကြိုး... နေတာ ဘာအကျိုးရှိမှာလဲ။ မင်းရဲ့အသံ ဘယ်လောက်ပဲကော... ကောင်း အကောင်းဆုံးတီးဝိုင်းနဲ့မဆိုဘဲ အောင်မြင်နိုင်မလား။ ... ရီယို မကောင်းရင်ကော မင်းရဲ့မယ်လိုဒီတွေ ဘာဖြစ်လာမလဲ။ အဲ... တွေ မင်းသီရက်နဲ့ ကလေးကစားသလို လျှောက်လုပ်နေတာ ... အံ့သြတယ်။ ဒီမှာ တို့ကို ထပ်ပြီး အရွဲ့မတိုက်ပါနဲ့။ မင်း ဘယ်လော... ဆိုးဆိုး တို့ သည်းခံခဲ့တာကို ဒီလိုနည်းနဲ့ ထပ်မစော်ကားပါနဲ့ကွာ... လွယ်လွယ်လေးနဲ့ ရလာမှာကို ဘာဖြစ်လို့ အမိုက်ခံပြီး ပုတ်ချချင်... တာလဲ'

ကြားနေရတာ နားရက်လာသဖြင့် မျက်ဝန်း သူ့လက်ကို ဖယ်... သည်။ မျိုးမတ်က ဖိဆွဲထား၏။

မသိမသာ ရုန်းလို့မရတော့ မျက်ဝန်း ဒေါသဖြစ်လာကာ သူ့လ...





...ရိုက်ပုတ်ဖယ်ချတော့သည်။ မျိုးမတ်က လုံးဝ မလွှတ်ဘဲ မျက်ဝန်း ...လေးကိုပါ ဆွဲဖက်ထားလိုက်ပြီး...

'ကျွန်တော့်ဘဝကို ကျွန်တော် ဘယ်လိုပဲ ဖန်တီးဖန်တီး ခင်ဗျားနဲ့ ...ဆိုင်ဘူး။ ခင်ဗျားလို အဆင့်အတန်းရှိတဲ့ မိန်းမတစ်ယောက်ကို ...ဆက်ရင့်သီးတဲ့စကားတွေ ကျွန်တော် ထပ်မပြောချင်ဘူး။ အေးအေး ...နေပါ'

ကိုင်ထားသည့် သူမလက်ကို လက်ပြန်လွှဲခါပစ်လိုက်သည်။ ...မျက်ဝန်းကို ဖက်ထားရင်း သူ ထွက်လာခဲ့၏။

မှောင်ရိပ်ထဲရောက်တော့ မျက်ဝန်းက သူ့လက်ကို ပုတ်ချပစ် ...လိုက်ပြီး ရှေ့ကနေ ဘောက်ဆတ်ဘောက်ဆတ်လေး လျှောက်သွား ...၏။

အိမ်ရှေ့ကို သူမ အရင်ရောက်သော်လည်း သော့က အလွယ်တကူ ဖွင့်မရသဖြင့် အထဲကို အတူတူပဲ ဝင်ဖြစ်ကြသည်။

'မျက်ဝန်း'

စိတ်မဆိုးစဖူး မျက်ဝန်းက ဖိနပ်ချွတ်တာတောင် ဖိနပ်ကို မှောက်ခဲ့တွေ၊ ပက်လက်တွေ တစ်ဖက်စီ ရောက်ချင်ရာရောက် ဆောင့်ချွတ်ပစ်သည်။

စားပွဲပေါ်ကို ကျောပိုးအိတ်လေးဖြုတ်၍ ပစ်တင်ပြီး အထဲဝင်တော့ မျိုးမတ်က လက်ဖျားလေးကို လှမ်းဆွဲထားလိုက်၏။

'မျက်ဝန်း ကိုယ့်ကို စိတ်ဆိုးသွားတာလား'

'ဆိုးတယ် ဆိုးတယ်၊ ရှင် ကိုယ့်ကိစ္စ ကိုယ်ရှင်းပါလား။ လူကို ဘာလို့ ဆွဲထားရတာလဲ။ ရှင့်ရဲ့မိန်းမကြီးက ကြည့်တာပြောတာ လူကို ဘာလိုလို့နဲ့။ ဒီက ပါးဆွဲရိုက်မိမှာစိုးလို့ သိလား'



www.burmeseclassic.com

www.burmeseclassic.com



'ရိုက်လိုက်ပါလား၊ ဘာ ရှင့်ရဲ့မိန်းမကြီးလဲ၊ ဘာမှမဆိုင်ဘူး'

'ဘာ မဆိုင်ဘူးလဲ၊ ဆိုင်လို့ ရှင် ဆိုးတာနဲ့ တာတွေကို ဟိုး... သည်းခံပါတယ်၊ ခွင့်လွှတ်ပါတယ်နဲ့ ပြောနေတာပေါ့။ ရှင်က တက... ပဲ ကျေးဇူးကန်းတဲ့လူလား'

'မျက်ဝန်း တိုးတိုးပြောကွာ။ ဘေးလူတွေကြားရင် တစ်မျိုး... ကုန်တော့မှာပဲ'

'အံမာ ဒါကျတော့ ထင်မှာကြောက်နေသေးတယ်။ ရှင်မဟုတ်... ငြင်းလိုက်ပါလား'

'ကျွတ်'

မျဉ်းမတ် ကျွတ်ခနဲဖြစ်ကာ မျက်ဝန်းလက်ကလေးကိုဆွဲလ... နှင့် ကုလားထိုင်မှာ ထိုင်လိုက်သည်။

'ထင်မှာကြောက်နေတာက ဟိုတစ်ယောက်နဲ့ မဟုတ်ဘူး။ မ... ကိုယ် သဝန်တိုမှုတွေနဲ့ ရန်ဖြစ်နေကြတယ်ထင်မှာကိုပြောတာ'

'ဟင်...'

မျက်ဝန်း နှုတ်ခမ်းလေး ဟသွား၏။ ပါးပြင်လေးနှစ်ဖက် ရဲ... သွားကာ...

'ခြေရှင်း၊ ခေါင်းရှင်း ဘာအိမ်မှမရှိဘူး လျှောက်မပြောနဲ့'

'အိမ်ရှေ့က ဖြတ်သွားတဲ့လူတွေကော မကြားတော့ဘူးတဲ့...'

'ရှင်နော်'

ပြုံးယောင်သမ်းနေသည့် မျက်နှာကို မျက်ဝန်းက မကျေ... ကြည့်သည်။

'တကယ်ပြောတာ၊ အဲဒီတစ်ယောက်နဲ့ကိုယ် ဘာမှမပတ်သ... ဘူး။ သူ့ဘာသာ လျှောက်ပြောနေတာတွေ လိုက်မရှင်းတတ်တော့...





အဲဒီအတိုင်း ပြောချလိုက်တာ။ မင်းက မယုံဘူးလား၊ ကိုယ့်ကို အဲဒီလို ကောင်မျိုးလို့ ထင်သလား'

မျက်ဝန်းက နှုတ်ခမ်းလေးပိတ်ထားပြီး ငြိမ်နေ၏။ မျဉ်းမတ်က ကိုင်ထားသည့်လက်ကို အသာလေး ပြန်လွှတ်ပေးလိုက်ကာ...

'ဒီည ကိုယ် ဒီစားပွဲမှာ လာထိုင်လို့ရမလား'

'ဘာလုပ်ဖို့လဲ'

'သံစဉ်တွေ ရှာမယ်လေ။ မင်းလဲ ကွန်ပျူတာရှေ့ ထိုင်တော့မှာ မဟုတ်လား။ အပေါ်ထပ်နဲ့အောက်ထပ် နေလဲ ညဥ့်နက်တဲ့အထိ အလုပ်လုပ်နေကြတာ အတူတူပဲကွာ၊ မဖြစ်ဘူးလား'

မျက်ဝန်းက စားပွဲကို ဝေ့ကြည့်ပြီး ခဏလေး ငြိမ်သွား၏။ ပြီးတော့ ခေါင်းညိတ်လိုက်ကာ...

'ဖြစ်ပါတယ်၊ ရှင် ထမင်းစားပြီးရင် ဆင်းခဲ့ပေါ့'

'မစားပါဘူး၊ ဂစ်တာသွားယူပြီး ဆင်းခဲ့မှာ'

နေ့လယ်ကတည်းက အတူတူသွားလာလှုပ်ရှားနေခဲ့ကြတာ သူ ထမင်းစားတာလည်း မတွေ့ခဲ့ပါ။

'ရှင် ဘာစားခဲ့လို့လည်း'

'ကိုလေးတို့နဲ့ ထွက်သွားတုန်းက လက်ဖက်ရည်နဲ့ပာမ်ဘာဂါ စားခဲ့တယ်'

'အဲဒါ ထမင်းမှမဟုတ်ဘဲ'

'ကိုယ် ဒီလိုပဲ နေနေကျ။ ညစာက ပြဿနာသိပ်မရှိပါဘူး'

မျက်ဝန်း အံ့သြခြင်းနှင့်အတူ စိတ်မကောင်းလည်း ဖြစ်မိလေသည်။ သူမကတော့ ဖြစ်သလိုကြုံသလို စားတတ်တာမှန်သည်။ ဒါ... မယ့် ထမင်းဆို ဖွေးဖွေးလှုပ်ပြီး ကော့ပျံမွှေးကြိုင်နေမှ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဘာနဲ့ပဲစားရစားရ မိုက်ပြည့်သွားမှ ကျေနပ်တဲ့သူ

'ရှင် အဲဒီလိုနေတာက ခွေတာနေတာလား၊ မရှိလို့ မစား လား'

'နှစ်ခုလုံးပဲ'

'ဘယ်လို'

မျက်ဝန်း ပြုံးပြုံးပြပြ ပြန်မေးတော့ မျဉ်းမတ်က ရယ်သည် ပြီးတော့ နေရာမှ ထရပ်လိုက်ကာ...

'အလကားနောက်တာပါကွာ၊ ကိုယ် ဒီလောက်လဲ မမွဲပါ ်းလို မိုးမလင်းခင် ထပြီး ချက်ပြုတ်ထားခဲ့တာမှမဟုတ်တာ၊ ဆ ရှံနဲ့လဲ ထမင်းစားလို့ရတာမဟုတ်ဘူးလေ။ အလုပ်ရှုပ်မခံချင်တော နည်းနည်းပါးပါးဆာလဲ နေလိုက်ရတာပေါ့'

'ဖြစ်ရလေ၊ နည်းနည်းပါးပါး ဟုတ်လား'

'အင်း'

'ညဥ့်နက်လာတော့ကော နည်းနည်းပါးပါးပဲဆာလား'

'အင်း'

သူ့ကိုမော့ကြည့်ပြီး မျက်ဝန်း ခေါင်းကုတ်မိလေသည်။ ေ တော့ တစ်မျိုး၊ သူ မစားဘဲနေတာကို သိနေမှတော့ ဘယ်လိုလ ကိုယ့်ပါးစပ်ထဲပဲထည့်ပြီး မျိုချမလဲ'

'ဒါဆို နေဦး'

ဟု ဆိုကာ ထမင်းနှစ်ပန်းကန် ထည့်လာသည်။ ထို့နောက် ဒ ကြော်တစ်ခွက်နှင့် ဝက်အူချောင်းကြော် နှစ်ပန်းကန် ထပ်ချပြီး သူ့ ဝင်ထိုင်၏။

'စား အဲဒီမှာ ဇွန်းပါ တပ်ပေးထားတယ်'





မျဉ်းမတ်က ပြန်လည်းမထိုင်၊ ဘာမှလည်းမပြောသောကြောင့် ကြည့်၍

'ရှင် ဘာလုပ်နေတာလဲ၊ စားပါဆိုမှ ထိုင်'

'မင်း မနေတတ်တာလေးကို ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် စားတော့ဘူး။ နောက်ညတွေမှာ အကျင့်ပျက်မှာစိုးလို့'

ပြောပြီး သူ လှေကားဆီ လှည့်၏။

'အကျင့်ပျက်လို့ ရပြီလေ၊ နောက်ညတွေ ရှင့်အတွက် မျက်ဝန်း ည့်ချက်ပေးမယ်။ ဒါပေမယ့် အလကားတော့ မဟုတ်ဘူး၊ ရှင် စ်နပ်စာ ထမင်းဖိုး ပေးရမယ်'

ဒါလည်း မျဉ်းမတ်က မထိုင်သေးသဖြင့်...

'ဘာလဲ အဆမတန် တောင်းမှာစိုးလို့လား။ ဒီကရုပ်က ချစ်တီး ပ် ပေါက်နေလို့လား'

'လှပါတယ်'

မျဉ်းမတ်က ခုံပြန်ဆွဲပြီး ဝင်ထိုင်သည်။

မျက်ဝန်းက နှစ်မျိုးစလုံးကို သူ့အတွက် ဦးချပြီးမှ သူ့ပန်းကန် ထ ထည့်သည်။

'မျက်ဝန်း ခုလို ဦးမချရတာ ကြာပြီ သိလား။ ထမင်းစားတိုင်း မေမေ့ကို သတိရတယ်'

'ဖေဖေ့ကို သတိရတယ် လုပ်စမ်းပါကွာ၊ မေမေဆိုတော့ မင်း အလွမ်းပြေအောင် အစားဝင်ပေးလို့လဲ မဖြစ်'

'အဲဒါပဲကောင်းတယ်၊ ဖေဖေ့နေရာမှာ ရှင် အစားဝင်ရင် မျက်ဝန်း နဲ့ တည့်မှာမဟုတ်ဘူး'

'ဟာ ဘာတွေလျှောက်ပြောနေတာလဲ၊ ငရဲကြီးတော့မှာပဲ'



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းက ထမင်းနှစ်ဇွန်း ဆက်တိုက် ပါးစပ်ထဲထည့်ပြီး ပါးကလေးတွေ ဖောင်းလျက်နှင့် ရယ်သည်။ ထမင်းဝါးရင်း ရယ်ရင်းနှင့်လည်း စကားပြောနိုင်လေသည်။

'မျက်ဝန်းရဲ့မေမေက ရှင့်မမချောထက် နည်းနည်းလေး ပိုခန့်တာပဲရှိတယ်။ သိပ်လှတာသိလား။ ဟွန်း လိုချင်လဲ မပေးသေးဘူး'

'တော်ပါကွာ'

နှစ်ယောက်အတူ ရယ်လိုက်၊ စကားပြောလိုက်နှင့် ထမင်းတစ်ပန်းကန်ကို ပြိုက်ခနဲကုန်၏။ နောက်ညများမှာလည်း ဘယ်သူမှ ပျင်းရိနွမ်းနေချိန် မရှိတော့ဘဲ စားပွဲတစ်လုံးမှာ ထောင့်မှန်ကျထိုင်ရင်း ညဦးနက်သည့်အထိ အတူတူရှိနေဖြစ်ကြ၏။

တစ်ခါတလေကတော့ မျှဦးမတ်က ကြမ်းပေါ်မှာ လွတ်လွတ်လပ်လပ် ဆင်းထိုင်ကာ ဂစ်တာတစ်ဖက်၊ စာအုပ်တစ်ဖက်နှင့်။

မျက်ဝန်းသည် စာမူတွေ တစ်ရွက်ပြီးတစ်ရွက် ရိုက်ချရင်း လက်တို့သည် ခလုတ်ပေါ်မှာပဲ တင်လျက်၊ လူသည်လည်း ထိုင်လျက်ရှိရင်း စားပွဲပေါ်မှာ မှောက်ကျသွားတတ်တာလည်း ရှိလေသည်။

မျှဦးမတ်နှင့်မျက်ဝန်းသည် ရိုးသားဖြူစင်စွာ နေထိုင်ခဲ့ကြသော်လည်း...





အခန်း (၂၀)

'တကယ်ပြောနေတာ၊ ဘာလဲ နောက်နေတယ်ထင်လို့လား'

'မထင်ပါဘူး'

မျှဦးမတ်က စီးကရက်ကို ကြမ်းခင်းပျဉ်မှာပဲ ဖိချေပစ်လိုက်ရင်း ပါးစပ်ထဲမှာ ကျန်သည့်မီးခိုးဖြူဖြူလေးတွေကို ဖြည်းဖြည်းမှုတ်ထုတ်နေ၏။

အပေါ်ထပ် ဝရန်တာခုံးလေးပေါ်ကနေ လမ်းပေါ်မှာ သွားလာနေကြသည့် စက်ဘီးတွေ၊ ဆိုက်ကားတွေကို နှစ်ယောက်လုံး ငေးနေခဲ့ကြ၏။

ကလေးတွေ ဆော့နေလိုက်ကြတာ အပူအပင် ကင်းမဲ့စွာ။ ကလေးတချို့ကျတော့ ကန်စွန်းခင်းထဲကို ဆင်းတဲ့လူကဆင်း၊ ကန်ပေါင်ပေါ် လမ်းဘေးစပ်စပ်ကနေ ဘောင်းဘီတိုလေးတွေ လိပ်တဲ့ကလေးကလိပ်၊ ပုဆိုးကို ကွင်းလိုက်ချွတ်ပြီး လည်ပင်းမှာ ပတ်တဲ့သူကပတ်။

ကန်ထဲမဆင်းရဲဘဲ မြှောက်ပင့်အားပေးနေတဲ့ ကလေးတွေကလည်း ဆူညံနေ၏။ မြင်မြင်သမျှကို လှည့်ပတ်ငေးရင်း မျှဦးမတ်က



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာစာထရံမှာ ခပ်လျှော့လျှော့မှီလိုက်သည်။ လရောင်က သူ့မျက်နှာကို ပြန်လှည့်ကြည့်ကာ...

'ရောက်ခါစကတော့ တစ်ယောက်နဲ့တစ်ယောက် ဘာသိဘာသာ နေကြတာဆိုတော့ အိမ်ငှားချင်း ဆိုတဲ့ အမြင်ပဲရှိကြတာပေ့ါ။ အခု မင်းတို့က ရင်းနှီးပြီး တွဲသွားတွဲလာ ဖြစ်နေကြပြီ။ တစ်အိမ်တည်းလဲ အတူတူနေကြတော့ ပြောစရာဖြစ်ကုန်တာ ဆန်းတော့မဆန်းဘူး။ ပြီးတော့ နှစ်ယောက်စလုံးက လုံးချင်းလေးတွေ'

'ဘာလုံးချင်းလဲ'

'ဝမ်းဘိုင်ဝမ်းကွာ ဟဲ ဟဲ'

စကားကောင်းပြောတုန်း လရောင်မျက်နှာ အပိုးမကျိုးဖြစ်လာသည်။ ပြီးမှ ခပ်တည်တည် ပြန်လုပ်၍...

'မင်းတို့က သွားအတူပြန်အတူ နေတိုင်းပဲလား'

'မတူပါဘူး။ အပြန်တော့ အတူပြန်ဖြစ်တာ များတယ်'

'ဘယ်လိုလုပ် ဆုံကြလဲ၊ တစ်ယောက်က ကွန်ပျူတာစာစီ တစ်ယောက်က စတူဒီယိုမှာ'

'ဘယ်မှာဖြစ်ဖြစ် သူက ထုတ်လုပ်သူ၊ ငါက အနုပညာသည် ခွဲခြားလို့ ရမလား'

'အေးလေ မင်းတို့ကို အနုပညာသည်မှန်း ဘာမှန်း ရပ်ကွက်ထဲက ဘယ်သူမှ သိကြတာမဟုတ်တော့ အခု သတင်းတွေ ဖြစ်လာပြီ ဘယ်လိုလုပ်မလဲ'

'သူတို့က ဘာတွေဆက်ပြောနေကြလို့လဲ'

တကယ်တော့ ဒီနေ့ လရောင်က မျဉ်းမတ်ဆီကို တမင်တကာ တကူးတကလာတာမို့ ဒီအချိန် မျဉ်းမတ် အိမ်မှာမရှိဘူးဆိုတာလည်း





သိသောကြောင့် အိမ်ကိုမသွားဘဲ လက်ဖက်ရည်ဆိုင်ထဲ ဝင်ထိုင်လိုက်တာဖြစ်သည်။

လမ်းထိပ်ဆိုင်မို့ မျဉ်းမတ် ပြန်လာလျှင် ဒီဆိုင်ရှေ့ကပဲ ဖြတ်သွားမှာဖြစ်သည်။

လမ်းဘက်ကို မျက်နှာမူထိုင်ရင်း လက်ဖက်ရည်သောက်နေတုန်း မျက်ဝန်း ကျောပိုးအိတ်ကလေးတစ်လုံးနှင့် လမ်းထဲက ထွက်လာတာကို သူမြင်လိုက်၏။

တစ်ပြိုင်နက်မှာပဲ ဘေးကပ်လျက်စားပွဲမှ လူငယ်သုံးယောက်၏ စကားသံကိုပါ ကြားလိုက်ရလေသည်။

'တော်တော်ချစ်ဖို့ကောင်းတယ်နော်။ ဘယ်လိုမှကို ပျင်းရိန်ရှိမှာ မဟုတ်ဘူး။ မျက်နှာလေးက လန်းနေတာပဲ'

'စိတ်ကူးယဉ်မနေနဲ့၊ အပေါ်ထပ်မှာ ဂစ်တာတီးတီးနေတဲ့ အရပ်ရှည်ရှည် ဖြူဖြူကောင်နဲ့ ငြိနေတာ'

'တစ်ထပ်စီ ငှားနေကြတာ မဟုတ်ဘူးလား၊ ကောင်မလေးက မာပါတယ်ကွ'

'မသိရင်မပြောနဲ့၊ အခု ပျော့သွားပြီ။ မင်း စဉ်းစားကြည့်ပါလား၊ နှစ်ယောက်တည်းနေကြတဲ့ဥစ္စာ'

'ငါ မယုံဘူး'

'မယုံရင် စောင့်ကြည့်ပေ့ါ။ ညဘက် တစ်ခါတလေ တစ်ဆယ့်တစ်နာရီလောက်မှာ ဒီဘဲ မုန့်ထွက်ဝယ်တတ်တယ်။ လက်ဖက်ရည်ဝယ်ရင် နှစ်ခွက်၊ မုန့်ဝယ်ရင် စပ်တာ၊ ချဉ်တာလေးတွေချည်းပဲ'

'အဲဒီဘဲ ဖြစ်နိုင်တယ်ကွ။ ဟိုတစ်ညကလဲ ကားနဲ့ အမျိုးသမီး တစ်ယောက် လာမေးသေးတယ်။ အဲဒီညက နှစ်ယောက်လုံး ပြန်



www.burmeseclassic.com

www.burmeseclassic.com



မရောက်ကြသေးဘူး။ ကြည့်ရတာ စတိုင်လ်ကတော့ ကိုရီးယားမင်းသား လိုလို၊ ဘာလိုလိုနဲ့ ရှုံစရာကြီး'

ပြောနေသမျှကို သူ အတိုင်းသား ကြားနေရသည်။ မသိမသာ ကြည့်လိုက်တော့ တခြားစားပွဲကလူတွေလည်း မျက်ဝန်းကိုပဲ လိုက်ကြည့်နေကြတာမြင်၏။ တချို့က တီးတိုးပြောနေကြသည်။

မျက်ဝန်းသည် ဖြူဖြူနုနုလေးနှင့် ဘာမှ ဝတ်စားပြင်ဆင်ထားတာလည်း မဟုတ်ဘဲ မျက်လုံးထဲမှာ အဆင်ပြေသည့်ပုံစံလေး ဖြစ်သည်။

လရောင်က သူမြင်သမျှ ကြားသမျှကို ပြောပြပြီး မျက်မှောင်ကြုတ် တိတ်ဆိတ်နေသော မျဉ်းမတ်ကို သေချာကြည့်၏။

'မျက်ဝန်းက ဘယ်လိုပုံစံလေးမှန်း မသိဘဲကို လှနေတာကွ။ လှတဲ့မိန်းကလေးဆိုတော့ ပြောစရာဖြစ်တာနဲ့ ထင်ပေါ်လာတာပေါ့။ မိန်းကလေးတင်မဟုတ်ဘူး ယောကျ်ားလေးလဲ ချောတော့ ချောသလို ကဲ့ရဲ့ခံရတာပဲ။ မင်းနဲ့မျက်ဝန်းအဖြစ်က ချောမြတ်ဇင် ဝင်နှောက်လိုက်တော့ ပိုပြီး အကျည်းတန်သွားတယ်။ ကြားထဲမှာ မင်းက...'

လရောင် ဆက်မပြောဖြစ်တော့ပါ။ ကရုဏာဒေါသနှင့်လည်း ပြောမထွက်နိုင်။

'ကဲပါကွာ လောလောဆယ် မင်းနဲ့မျက်ဝန်း ရိုးသားနေကြတယ်။ အလုပ်ကလည်း အတူမတွဲဘဲ မသွားမလာဘဲမှ မရတာ။ အဲဒါတွေ ခဏ ဘေးဖယ်ထားလိုက်၊ မင်းတို့ လုပ်ငန်းအခြေအနေ ဘယ်လိုလဲ'

မျဉ်းမတ် မျက်နှာတစ်ချက်ပွတ်ပစ်လိုက်ပြီး...

'ခုချိန်ထိ အဆင်ပြေနေတာပဲ။ အစက ငွေစိုက်ထဲမှာ မရှင်းမလင်းကြီးနဲ့ စခဲ့ရတာ၊ ခု ပြောင်းသွားပြီ'





'ဘာပြောင်းတာလဲ'

'မဖြစ်ဖြစ်အောင် ကြိုးစားဖို့ပေါ့။ ချောမြတ်ဇင် ဆိုတဲ့ မိန်းမကြီး ပြောသွားတာ ငါ မခံချင်ဘူး။ ပြီးတော့ မျက်ဝန်းက ဒီအလုပ်ကို တော်တော်လေး အားထားနေရှာတာ။ သူ ဖြစ်စေချင်တဲ့ပုံက ချောမြတ်ဇင်တို့ ရလိုမှုတစ်ခုအတွက်နဲ့ အဓိပ္ပာယ်မဲ့ ပုံအောတာမျိုး မဟုတ်ဘူး။ သူ့ ချွေးနဲ့စာနဲ့ရတဲ့ အောင်မြင်မှုကို မက်မောတာ။ သူလုပ်တဲ့အလုပ် ဖြစ်မြောက်သွားတယ်ဆိုတဲ့ ပီတိကို လိုချင်နေတာ။ အဲဒါကြောင့် ငါ မကြိုးစားလို့မဖြစ်ဘူး'

'ဟုတ်တယ်၊ မျက်ဝန်းက အထင်သေးလို့မရတဲ့ မိန်းကလေးပဲ။ ဒါလည်း မင်းတို့လုပ်ငန်းကိစ္စတွေ ဖြစ်လာမှ မင်္ဂလာဆောင်ဖြစ်တော့မလို ဖြစ်သွားလို့ပါ။ မဟုတ်ရင် ကူညီချင်သေးတယ်'

'မင်းတို့ လက်ထပ်ဖို့ သေချာသွားပြီပေါ့'

'သေချာသွားပြီ။ နောက်ဆို ငါ ဒီဘက် သိပ်ရောက်မှာ မဟုတ်တော့ဘူး။ ဘာပဲဖြစ်ဖြစ် အကြောင်းထူးရင် ဖုန်းဆက်ပေါ့ကွာ။ ရက်သတ်မှတ်ပြီးရင် ငါလဲ ဖုန်းဆက်လိုက်မယ်။ လမ်းထိပ်က စတိုးဆိုင်နားနဲ့ပဲ ဖြစ်တယ်မဟုတ်လား'

မျဉ်းမတ်က ခေါင်းညိတ်သည်။

'မင်း ငါပြောတဲ့ကိစ္စ စုံစမ်းဖြစ်သေးလား'

လရောင်က စဉ်းစားသလို ဖြစ်သွားပြီးမှ...

'အင်း အသေအချာကြီးတော့ မစုံစမ်းနိုင်ဘူး။ စုံစမ်းကြည့်သလောက်တော့ သူပြောတဲ့အတိုင်းပဲ။ လိပ်စာမသိတာ တစ်ခုပဲရှိတာ။ ဘာလဲ မင်းက မျက်ဝန်း ပြောတာကို မယုံလို့လား'

'ယုံတယ်၊ ဒါပေမယ့် မိန်းကလေးတစ်ယောက်ရဲ့ စိုက်ထူတာမှုနဲ့



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရတာ ငါ့စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေလို့။ နောက်ပြီး ဒီအလုပ်ကို သူ သိပ်စိတ်ပါလို့ တစ်ခုခုကို ဖုံးကွယ်ထားတာဆိုရင် သူ သိပ်နစ်နာသွားမှာ၊ ငါ အဲဒါကို စိုးရိမ်တာ’

‘မဖြစ်နိုင်ပါဘူးကွာ။ သိန်းနှစ်ဆယ်အစိတ် ဆိုတဲ့ ငွေက နည်းတာမှတ်လို့။ တကယ်တမ်း အခြေအမြစ်မရှိတဲ့ မိန်းကလေးတစ်ယောက်က ကြုံသလို ကျသလို ကြိုးစားမယ်ဆိုရင်တောင် ဒီလောက်ငွေကို လွယ်မလား’

‘လရောင် တော်ပါကွာ၊ ငါ အဲဒီလောက်ထိ ပြောနေတာမဟုတ်ဘူး’

‘မင်းပြောတာလည်း ငါသိပါတယ်။ အခု မင်း မကြားရက်တာလဲ ငါ သိတယ်။ ဒီမှာ မျဉ်းမတ်’

‘ဘာလဲ’

‘မျက်ဝန်းကို မင်း ရိုးရိုးသားသားပဲလား’

မျဉ်းမတ် မျက်နှာလွှဲပစ်လိုက်တာကို လရောင်က အမိအရ လိုက်ကြည့်၏။

‘ချစ်နေရင်လဲ ချစ်တယ်ပေါ့ကွာ၊ အပျိုနဲ့လူပျို ချစ်တာ ဘာဖြစ်လဲ’

‘ငါ အဲဒီလို မဖြစ်ချင်ဘူး’

‘ဘာဖြစ်လို့လဲ’

မျဉ်းမတ်က လရောင်ကို လှည့်ကြည့်ပြီး ချက်ချင်း ပြန်မဖြေဘဲ ငေးနေသည်။ တစ်အောင့်ကြာမှ...

‘သူက အရမ်းဖြူစင်တာ’

‘သူ့ဟာသူ ဖြူဖြူမဖြူဖြူ ကိုယ်ချစ်နေရင် ကြိုးစားပေါ့ကွ။ ငါ





အမြင် ပြောရရင် မင်းတို့နှစ်ယောက် ပွဲပြီးဖျာလိပ်ဖြစ်သင့်တာ။ မင်းနဲ့ မဟုတ်တဲ့ မျက်ဝန်း တခြားတစ်ယောက်နဲ့ ထပ်ငြိရင် နစ်နာနိုင်တယ်။ ရပ်ကွက်ထဲက သတင်းစကားတစ်ခုဟာ မိန်းကလေးတစ်ယောက်ရဲ့ အနာဂတ်မှာ အများကြီး စကားပြောနိုင်တယ်ကွ။ အဲဒါ မင်း သိလား။ ကိုယ့်အတွက် ပိုင်ဆိုင်ဖို့လဲ ပါမယ်၊ သူ့အတွက်လဲ ငဲ့ရာကျပါတယ်။ မင်း ရင်ဖွင့်လိုက်’

မျဉ်းမတ်က နောက်ထပ် စီးကရက်တစ်လိပ် ထုတ်လိုက်ရင်း ခေါင်းခါသည်။

‘အချစ်က မင်းပြောသလောက် မလွယ်ဘူး’

ဟု မျက်လွှာချပြောရင်း စီးကရက်ကို မီးမညှိဖြစ်ဘဲ မမြင်ဖူးသည့် ပစ္စည်းတစ်ခုလို လှည့်ပတ်ကြည့်နေသည်။

သူ့မျက်စိရှေ့မှာတော့ စီးကရက် မဟုတ်ပါ။

အလွန်ချစ်စရာကောင်းသော မျက်ဝန်းပြာ ဆိုသည့် မျက်ဝန်းပြာပြာလေးနှင့် ကောင်မလေး ဖြစ်နေသည်။

ဘာဖြစ်လို့ ဒီလောက်ထိ ချစ်မိသွားတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

'ဘယ်ကလာ ချစ်သူတွေကမှာလဲ'

ဆတ်ခနဲ ထရပ်လိုက်ကာ ပျာပျာသလဲ ဖြစ်သွားသော မျက်ဝန်းကို ကြွေရုပ်က မပြတ်တမ်း အကဲခတ်သည်။

'ငါတို့ချင်း ရိုးသားလို့ အတူနေလို့ ရတာပေါ့။ ဘယ်သူ ဘာပြော ပြော ကိုယ့်ဟာကိုယ် လိပ်ပြာသန့်ရင် ပြီးတာပဲ'

'သူကကော နင့်လို ရိုးသားရဲ့လား၊ သူ့ရင်ထဲကကိစ္စ နင်သေချာနေလို့ ရသလား'

မျက်ဝန်း တွေခနဲဖြစ်သွားသည်။ သို့သော် ခေါင်းယမ်းပစ်လိုက်ပြီး နေရာမှာပဲ ပြန်ထိုင်သည်။

'သူက ပိုဆိုးသေးတယ်။ နင့်ကို ငါပြောသားပဲကြွေရုပ်၊ ဘယ် ယောကျ်ားနဲ့မှမတူတဲ့လူပါ။'သူ့ရုပ်၊ သူ့စတိုင်လ်နဲ့ မပွေမရှုပ်ဘဲ တည် တည်တင်းတင်း နေတတ်လို့ ငါ အထင်ကြီးခဲ့တာ'

'မပွေရှုပ်ဘူး ဆိုတာကော နင် ဘာဖြစ်လို့ သေချာပြောနေရတာ





သည်း။ ငါကတော့ မယုံပါဘူး။ ချောမြတ်ဇင် ဆိုတဲ့ တစ်ယောက်ကို နင်ပြမှ ငါ မြင်ဖူးပေမယ့် ဒီလောက်လှတဲ့မိန်းမနဲ့ သူ့ကို ကင်းရှင်းပါ တယ် ဆိုတာ ယုံစရာကိုမရှိဘူး'

'နင်ကလည်းဒ ချောတာ၊ လှတာနဲ့ လူတစ်ယောက်ရဲ့စာရိတ္တကို တိုင်းတာလှချေလား။ ဒီလောက်ရဲတင်းတဲ့မိန်းမက သူနဲ့သာ မျဉ်းမတ် တကယ်ငြိထားခဲ့တာရှိရင် အဲဒီညု အဲဒီနေရာမှာ ဖွတ်ဆွဲခေါ်သွားမယ့် ပုံမျိုး သိရဲ့လား။ ဘာမှမတတ်နိုင်လို့ ကျန်နေခဲ့တာ။ ဘာပဲဖြစ်ဖြစ် ငါ့ယုံကြည်မှုကို မှန်တယ်လို့ ငါ သတ်မှတ်တယ် မိကြွေ။ ခုချိန်ထိ သူဟာ ငါ လေးစားအထင်ကြီးတဲ့ ယောကျ်ားအမျိုးအစားထဲမှာ ရှိနေ တုန်းပဲ။ နင် စေတနာနဲ့ပြောနေတာကို ဘက်လိုက်တာ မဟုတ်ဘူး နော်။ ငါ့ရင်ထဲကအကြောင်း ငါပြောတာ'

ကြွေရုပ်က သက်ပြင်းလေးချသည်။ စကားပြောရင်း နာရီကြည့် ရင်းနှင့် ရင်ထဲက စကားတွေထဲက အရေးကြီးဆုံးကို ဆွဲထုတ်နေရ သည်။

ပြောစရာစကားတွေ အများကြီး ရှိနေသော်လည်း ပြောဖို့ အချိန် သိပ်မရှိတော့ပေ။ သူမမှာ ဆယ်တန်းကျောင်းသားနှစ်ယောက်ကို စာပြပေးသည့်အလုပ်နှင့် အချိန်ပို သိပ်မရှိ။ အိမ်မှာ ဝင်ငွေအပိုရှိရ အောင် သူမ တစ်ဖက်တစ်လမ်းက အလုပ်ရှာခဲ့ရတာဖြစ်သည်။ ဟိုး အရင်ကတည်းကိုက မျက်ဝန်းတို့က ချမ်းသာပြီးသား။ သူမကတော့ ဆင်းရဲပါသည်။ ကျောင်းတွေပြီးခဲ့ကြတော့လည်း ဘယ်အလုပ် လုပ် စားမလည်း။

မျက်ဝန်းတို့က ပညာစုံသည်။ ကွန်ပျူတာပိုင်းမှာလည်း လိုင်း ပေါင်စုံနီးပါး ကျွမ်းကျင်သည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားဘာသာစကားဆိုလည်း ကျွမ်းကျင်တာ၊ မကျွမ်းကျ တာပဲ ကွာမည်။ သူမ မတတ်တာ သိပ်မရှိ။

မိန်းကလေးတန်မယ့် အိမ်တွင်းလျှပ်စစ်၊ စက်ပစ္စည်းတချို့ ကိုင်ရမလဲ ဒါလည်းဖြစ်သည်။

သူမ ကူညီဖေးမခဲ့သူတွေကလည်း အများကြီး။ သူမအတွက် ဘာဖြစ်ဖြစ် ကူညီချင်ကြသည့် လူချင်လူခင်ကလည်း ပေါသည်။

သူမမှာတော့ ကျောင်းပညာအပြင် ဘာသင်တန်းမှလည်း မတ နိုင်ခဲ့၊ အိမ်ထဲက အိမ်ပြင်လည်း သိပ်မထွက်ခဲ့ဖူးသဖြင့် သူမမှာ ဘာမှမလုပ်ကိုင်နိုင်ဘဲ အလုပ်လက်မဲ့ ဖြစ်ခဲ့ရသည်။ ထို့ပြင် မျက်ဝန်း ရင်းနှီးထူထောင်ဖို့ ငွေလည်း သူမ မတတ်နိုင်ပေ။

ခုလို အလုပ်လေးတစ်ခု ရထားတုန်း ကိုယ့်ဘက်က ချို့ယွင်း မဖြစ်ရအောင် ဂရုစိုက်နေရ၏။ ကိုယ်နှင့်ဝေးကွာခဲ့ပြီဖြစ်သည့် ဆယ်တ ဆိုတာကို ပြန်ကြည့်တော့ သူများကို ဆရာပြန်လုပ်ဖို့အတွက် ကိုယ် အရင် ကျောင်းသားလုပ်ရသည်။

တစ်နေ့တစ်နေ့ စာတွေ ပြန်ကျက်၊ ပြန်တွက်နှင့် ကိုယ်ပိုင်ပြီး အိမ်ကထွက်သည်။

ဒီနေ့တော့ မရောက်တာကြာပြီဖြစ်သည့် မျက်ဝန်းဆီကို ဝေ အိမ်ကနေ စောစောထွက်ရသည်။ စကားပြောရတော့လည်း နာ တကြည့်ကြည့်။

'မျက်ဝန်းရယ် ငါပြောချင်တာက သူက လူတော်း ဟုတ်ဟု မဟုတ်ဟုတ် နှစ်ယောက်တည်းနေတာ ကြာလာလေ နင့်သိက္ခာ ထိခိုက်လေပဲ။ အခု နင်တို့က တစ်ယောက်က ထုတ်မယ်၊ တစ်ယော က ဆိုမယ်နဲ့ ဖြစ်ကုန်ပြန်ပြီး ပိုတွဲလာရင် ပိုပြောပြီပေါ့။ တစ်ခုထေ ရှိတယ်'





ကြွေရုပ် စကားရပ်ပစ်လိုက်သဖြင့် မျက်ဝန်းက စိုက်ကြည့်နေ သည်။ နှစ်ယောက်သား စကားပြောနေကြတာကလည်း ကားမှတ် တိုင်က ခုံပြာလေးတွေမှာ။ ကြွေရုပ် ရောက်လာတော့ မျက်ဝန်းက အပြင်ထွက်ဖို့ ပြင်ဆင်ပြီးနေပြီ။ ထို့ကြောင့် အိမ်ကနေ ထွက်လာကြ ရင်း ကားပေါ်မှာလည်း ပြောဆိုလာခဲ့ကြသည်။

ကားပေါ်ကဆင်းပြီး မျက်ဝန်းက စာမူတွေ သွားအပ်မည်။ အပြန် ကျမှ ဆိုင်မှာ တစ်ခုခု ဝင်စားရင်း စကားပြောမည်ဆိုတော့ ကြွေရုပ်က အချိန်မပေးနိုင်တော့ပေ။

ထို့ကြောင့် ခဏပဲဆိုပြီး မှတ်တိုင်မှာပဲ စကားပြောဖြစ်ကြခြင်း ဖြစ်သည်။

မျက်ဝန်းသည် သူမ လွယ်နေကျ ကျောပိုးအိတ်လေးနှင့်ပဲဖြစ်ပြီး ကြွေရုပ်က စာအုပ်တွေထည့်ထားသော ပလတ်စတစ်အိတ်လှလှလေး ကို ပိုက်လျက်။

'ပြောလေ ဘာလဲ'

မျက်ဝန်းက ထပ်မေးလိုက်မှ ကြွေရုပ်က ဝင်လာသည့် အဲကွန်း ဘတ်စ်ကားကြီးကို လှမ်းကြည့်ရင်း...

'နင်တို့နှစ်ယောက် ဖူးစာပါလို့ ကံဆုံတာဆိုရင် သိပ်ကောင်းမှာ။ သူက ပြဿနာမရှိနိုင်ပေမယ့် နောက်တစ်ယောက်နဲ့ဆိုရင် နင့်မှာ ပြဿနာရှိတယ်'

'ကြွေရုပ်ရယ် ငါ့ခေါင်းထဲမှာ အချစ်ရေး၊ အိမ်ထောင်ရေးတွေ ဘာမှမရှိဘူး။ ငါ့အကျင့်ကိုက သူများ ဒုက္ခရောက်ရင် ကူညီချင်တာ နင်သိပါတယ်။ ငါ သူ့အကြောင်းကို သိရတော့ စိတ်မကောင်းဖြစ်သွား တယ်။ စာပေ၊ ဂီတ အနုပညာ အတော်များများဟာ မအောင်မြင်သေး



www.burmeseclassic.com

www.burmeseclassic.com



ခင်မှာ ခက်ခက်ခဲခဲ ရုန်းကန်ကြရတာ ဒီအလုပ်လုပ်နေကာမှ ငါ မို ခဲ့တာ။ ငါလဲ စီးပွားရေးတစ်ခုကို ခြေလှမ်းစပြီးသားဖြစ်မယ်၊ အတွက်လဲ အဆင်ပြေမယ်။ ငါတွက်တဲ့အထဲမှာ အဲဒါပဲ။ တိုင်ပင်ကြ တော့လဲ အားလုံးက အားပေးကြတယ်။ သူ့အသံကို ကြားတဲ့လူ ခေါင်းခါတဲ့လူ ဘယ်သူမှမရှိဘူး'

'ဒါပေမယ့် မျက်ဝန်းရယ် လောလောဆယ်မှာတော့ နင့်အ နင့်အလုပ်နဲ့ ရည်ရွယ်ချက်တွေကို အားလုံးက ရယ်နေကြမှာပဲ။ ထဲမှာ ဦးတင်လဲ ပါမယ်'

'ပါတာမဟုတ်ဘူး။ သူ ထိပ်ဆုံးကပဲ။ ငါသိတယ် ခုလို ငါ့သ တွေ ထွက်နေလေ မေမေ့ကို သူ အတို့အထောင်လုပ်လို့ကောင်း ပေါ့။ လုပ်ပါစေ'

'လုပ်ပါစေဆိုတာက ကိုယ့်ကို မထိခိုက်ရင်ကောင်းတာပေါ့။ အ ငါပြောချင်တာ အဲဒါပဲ'

'ဘာလဲ ပြော'

'နင့်ကို...'

ကြွေရုပ်သည် တစ်လမ်းလုံးပဲ အားခဲလာခဲ့သမျှ ခုလည်း ပြော မထွက်နိုင်သေးဘဲ လည်ချောင်းရှင်းနေရသည်။

'ဘာတွေမို့လို့လည်း ပြောဟာ'

'ဟိုတစ်ခါ အဲ တစ်ပတ်လောက်ရှိပြီ အန်တီလှနဲ့ ငါ တွေ့တ ငါက မမြင်ဘူး၊ သူက နောက်က ကားနဲ့လိုက်လာတာ'

'ငါ့အကြောင်း မေးတာလား'

'မမေး ါဘူး သူ အားလုံး သိနေတယ်၊ ငါ့ထက်တောင် သိ တယ်။ ဒီမှာ နင်ကသာ မသိတာ၊ ဦးတင်က နင့်ကိစ္စအားလုံး သိအော





အမြဲကြိုးစားနေတာ။ နင်တို့သားအမိ မတည့်လေ သူ့အတွက် ကောင်း လေကိုး။ သူ သိသမျှ အန်တီလှ သိမှာပေါ့'

'ဆက်ပြောစမ်းပါ'

'အန်တီလှက...'

ကြွေရုပ် သက်ပြင်းရှိုက်လိုက်သေးသည်။ ပြောလိုက်လျှင် ဘာဖြစ် သွားမည်ဆိုတာကို သူမ သိနေ၏။ သို့သော်

'နင့်ရဲ့ ငွေစုစာအုပ်ကို ပြန်သိမ်းမလို့တဲ့။ ဘဏ်မှာ နင် ငွေအများ ကြီးထုတ်သွားပြီး စီးရီးထုတ်ဖို့လုပ်နေတာကို ဒေါသဖြစ်နေတာ။ ဒီလို သင်တိုင်းလုပ်ခွင့်ရနေလို့ မိုက်ရိုင်းနေတာတဲ့'

မျက်ဝန်း နှုတ်ခမ်းသားလေးတွေ စေ့ပိတ်ထားရင်း တဆတ်ဆတ် လှုပ်ခတ်လာသည်။ မျက်ဝန်းပြာလေးတွေမှာ ပြိုးပြိုက်လက်လာသည် က မျက်ရည်တွေပါ။

ကြွေရုပ် ပျာပျာသလဲလေး ဖြစ်သွားသည်။

'မျက်ဝန်းရယ် ဘာဖြစ်လည်း၊ ဒီငွေတွေက နင့်နာမည်နဲ့ နင့်ငွေ တွေပဲ။ ငါပြောပြတာက အန်တီလှကို ဟိုလူကြီး ဘယ်လောက်ထိ တို့ထောင်ထားတယ်ဆိုတာကို နင် သိစေချင်လို့ပါ။ အန်တီလှသဘော က...'

'မပြောနဲ့တော့ ငါသိတယ်'

မျက်ဝန်းက ဆံပင်လေးတွေပါ ဝဲသွားသည်အထိ ခေါင်းခါပစ် လိုက်၏။

'ဘာကြောင့်ပဲဖြစ်ဖြစ် ငါ့လုံခြုံမှုအတွက် ငါ့မှာ ငွေရှိမှ ဖြစ်မှာဆို တာ မေမေ သိရမှာပေါ့။ ဘယ်သူ့ငွေတွေပဲဖြစ်ဖြစ် မေမေက အဲဒီလို ဆိုရင် ငါ မသုံးဘူး'



www.burmeseclassic.com

www.burmeseclassic.com



'မျက်ဝန်း'

'ရှေ့…'

ကျောပိုးအိတ်ကို ချက်ချင်း ရင်ခွင်ထဲ ဆွဲယူကာ ဘဏ်စာအ ကို ထုတ်ယူလိုက်သည်။

'အသေးအဖွဲ ကုန်စရာလေးတွေ ရှိသေးလို့ ဒီနေ့ ငါ ငွေထုတ် ယူလာတာ၊ မထုတ်တော့ဘူး'

စကားပြောဖို့ ပါးစပ်တပြင်ပြင်ဖြစ်နေသော ကြွေရုပ်လက်ထဲ စာအုပ်ကို ဖွတ်ထည့်၏။

'ဒီနေ့ မဟုတ်ရင် နောက်နေ့ မေမေ့လက်ထဲကို ရောက်အော သွားပေးပေးပါ'

'မဟုတ်တာ မျက်ဝန်းရယ်၊ နင် မိဘကို မာနမပြိုင်ပါနဲ့ သ သမီးနဲ့မိဘ ဆိုတာ မိဘက အမြင်မတော်တာကို ပြောမှာပဲ။ သူ ရင်ထဲမှာ သူတို့ အယူအဆက တစ်မျိုးရှိနေမှာပေါ့။ ဘာဖြစ်ဖြ မေတ္တာပါပါတယ်ဟာ။ နင်မဟုတ်တာမလုပ်ဘူးမဟုတ်လား၊ ပြီးတာ

'ဟင့်အင် ငါ မသုံးတော့ဘူး'

'မျက်ဝန်းရယ် အဲဒါကြောင့် ငါ ဟိုတစ်ခေါက်ကတည်းက ပြေ မထွက်လို့ ပြောမသွားခဲ့တာ။ နင် ရင်းနှီးထားပြီးတဲ့အလုပ်က အ မသတ်သေးဘူး။ ဒါ ကလေးကစားစရာလုပ်ခဲ့ကြတာလည်း မဟု ဘူး။ လူတွေ အများကြီး စုပေါင်းတိုင်ပင်ပြီး လှုပ်ရှားထားကြတာ အဲဒီထဲက နင်က ခေါင်းဆောင်'

'နောက်လည်း ခေါင်းဆောင်မှာပဲ ကြွေရုပ်။ ဒီငွေမပါလဲ ရ ငါ့အင်အားနဲ့ငါ ဆက်လှုပ်ရှားတော့မယ်။ ထင်တိုင်းသုံးဖြုန်းနေ စကားကို ဘယ်သူပြောပြော ငါ ခံနိုင်တယ်။ မေမေပြောတာကို မခံ ဘူး။ အဲဒါ မာနမဟုတ်ဘူး သိလား၊ မေမေ့ကို ငါ သိပ်ချစ်တော့ ချစ်





ကာ မျက်လုံးစွေကြည့်တာတောင် ငါ ခံနိုင်ရည်မရှိဘူး။ ပြန်ပေးလိုက် ငါ နေတဲ့နေရာကို ဘယ်တော့မှ မပြောလိုက်နဲ့။ နင်လဲ နောက်ကျ ပြီ မဟုတ်လား၊ သွားတော့'

'မျက်ဝန်း'

ခြေလှမ်းပြင်လိုက်ပြီးမှ နာရီ ပြန်ငုံ့ကြည့်ကာ ကြွေရုပ် ကိုယ်ရှိန် သတ်၏။ ခြေလှမ်းကျဲပြီဆို ပြေးလိုက်တာတောင် မမီတတ်သည့် မျက်ဝန်း၏ကျောပြင်လေးကို ငေးကာ သူငယ်ချင်းအတွက် မျက်ရည် အင် ဝဲခဲ့မိသည်။

ပြောလိုက်မိတာက စေတနာနဲ့ပါ။

ဒီလို ပြန်ရွဲ့တော့ ဦးတင်ရီဆိုတဲ့လူကြီး ဝမ်းသာတာပဲ ရှိမှာပေါ့။ ဒုက္ခရောက်တော့မယ် မျက်ဝန်းရယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

ကျောပိုးအိတ်က အဆမတန် လေးနေ၏။ အိတ်ထဲမှာသာမဟု ဘဲ ခေါင်းပေါ်မှာ အလုပ်တွေ များပြားစွာပဲ ကျလာပြီကို တွေးမိရင်း မျက်ဝန်း ပို၍သွက်သွက်လျှောက်၏။

ငွေလိုနေပြီမို့ အလုပ်တွေ စုပြုံသယ်ချလာခဲ့သည်။ အိမ်ကို စောပြန်ရောက်မှ ဖြစ်မည်။ အားလုံးကို အချိန်မီ အပ်နိုင်ရမည်။ အ လို ဒီအလုပ်ကနေ စားသောက်သုံးစွဲဖို့ ရနေရင်ပြီးရော ဆိုတာ မဟုတ်တော့ဘဲ စီးရီးထုတ်ဖို့ စရိတ်အတွက်ပါ ရှာရတော့မည်ဖြစ်၏။

ထိုစဉ် မျက်ဝန်းဘေးမှာ ကားတစ်စီးက ထိကပ်မတတ် ထိုး သွားကာ...

'ဟော့...'

ခြေလှမ်းတွေ ရပ်သွားပြီး ငုံ့ကြည့်လိုက်မိတော့ ခရမ်းပြာဝတ် နှင့် ရောင်စုံ နှုအိလှပနေသော မျက်နှာတစ်ခုက လျှောကျသွားသည့် မှန်နောက်မှာ ပေါ်လာ၏။

ချောမြတ်ဖင် နှာမည်ထက် လူက ပိုလှ၏။ မုဆိုးမလေးတစ်ယော ဆိုတာ ဘယ်လိုမှ ယုံနိုင်ဖွယ်မရှိပါ။





သူမက စတီယာရင်မှာ လက်နှစ်ဖက်တင်ထားလျက်နှင့် မျက်ဝန်း ခြေဆုံးခေါင်းဆုံး ဝေ့ကြည့်လိုက်၏။

'မျဉ်းမတ်ကို စီးရီးထုတ်မယ့်သူက စာမူတစ်ပုဒ်လုံး ဖင်ပူအောင် မှ နှစ်သောင်း၊ သုံးသောင်း ရဖို့အတွက် တစ်တိုက်ဝင်တစ်တိုက် နဲ့ အလုပ်တောင်းနေရတာ ကြည့်လို့မကောင်းဘူးကွ၊ ဘာလိုလဲ နွေးမလား'

'ဘာ'

မျက်ဝန်းက စောင်းငဲ့ကြည့်နေရာကနေ သူမဘက် လှည့်ရပ် က်၏။ သူမက မျက်ဝန်းကို 'အဖြစ်မရှိဘဲနဲ့ မာနကြီးချင်သေးတယ်' ပြောလိုက်သလို အထင်မြင်သေးသောမျက်လုံးများဖြင့် နှာခေါင်း ကြည့်ကာ

'မင်းပဲ နှာမည်ယူပါ၊ မျဉ်းမတ်ရဲ့ ထုတ်လုပ်သူပေါ့။ တို့က ငွေ တ်ပေးမယ်။ မျဉ်းမတ် မသိစေရဘူး။ တကူးတက ပါးစပ်ပိတ်ထားရ မဟုတ်ဘူးနော်၊ သူသိလို့ကို မဖြစ်တာ။ တို့က ဝင်ပါမှန်းသိရင် တ်ခံမှာမဟုတ်လို့။ အဲဒီတော့ မင်း ဘာမှပင်ပန်းဖို့ မလိုဘူး။ လူကော ကော မင်း မလိုဘူး။ ခုလို ကျောပိုးအိတ်လေးနဲ့ အိမ်ကနေ ထွက် ပြရုံပဲ။ မင်း လိမ့်ချင်ရာလိမ့်နေလို့ရတယ်။ မျဉ်းမတ်အတွက် းလုံး ပြည့်စုံအောင် တို့ဘာသာ စီစဉ်ပေးသွားမှာ'

မျက်ဝန်းက ခေါင်းညိတ်လိုက်၊ နှုတ်ခမ်းပိတ်လျက်နှင့် မဲ့သွား တ် ဖြစ်နေတော့ ချောမြတ်ဖင်က မျက်မှောင်ကြုတ်ကြည့်၍...

'ဘာလဲ ငွေလိုချင်သေးလား ရမယ်၊ မျဉ်းမတ်ရဲ့ စီးရီး ဖြစ် ြောက်ဖို့အတွက် ဘယ်လောက်ဖြစ်ဖြစ် တို့ ဖြုန်းလို့ရတယ်။ ဘယ် သောက်လိုချင်လဲ ပြော'



www.burmeseclassic.com

www.burmeseclassic.com



'ဟွန်း ငွေလိုချင်တဲ့လူတွေ အများကြီးပဲ၊ ရှင် သိပ်ပေါ်နေရင် အဲဒီနားမှာ ပုံချထားလိုက်လေ၊ သူတို့ဘာသာ ပြေးကောက်ကြလိမ့်မယ် မျက်ဝန်းက မလိုဘူး'

'သိတယ်၊ မင်း အလွယ်တကူ ပါလာမှာမဟုတ်ဘူးဆိုတာ တွေး ပြီးသား'

ချောမြတ်ဇင်အသံက ပိုကျယ်လာသည်။ စတီယာရင်ကို တစ်ချက် ထုပစ်လိုက်ပြီးမှ တင်းနေအောင် ပြန်ဆုပ်ထားပြန်သည်။

'မျှဦးမတ်ကို မင်းက စိတ်ကူးယဉ်နေသလား မျက်ဝန်းပြာ။ မင်း ထင်သလို မျှဦးမတ် ဆိုတဲ့တစ်ယောက်က မင်းလို အခြေမဲ့ အနေမဲ့ မဟုတ်ဘူး နားလည်လား။ ငါနဲ့ ဘဝတူပဲလို့ မမှတ်နဲ့။ တန်ရာကို မှန်း။ ငွေလဲမရ၊ လူလဲမရ ဖြစ်မှာကို မမေ့နဲ့ပေါ့။ စဉ်းစားပါဦး ဟွန်း

ကားကို ဒေါသနှင့် သိမ့်ခနဲ မောင်းထွက်သွားသည်။ ဝေ့ခနဲ လွင့်ပျံလာသည်က လိပ်စာကတ်လေးတစ်ခု။

'တောက်'

မျက်ဝန်း ငုံ့ကြည့်ကာ ကတ်လေးကို ဖြတ်လျှောက်လာခဲ့၏ မျှဦးမတ် ဘာကောင်ဖြစ်နေနေ ဘာဖြစ်လည်း။ ဘာမှကို စိတ်မဝင်စား လို့ ဘာမှမမေးဘဲ နေခဲ့တာ။

အဆင်မပြေ တိမ်းစောင်းလာခဲ့သော ကိုယ့်အဖြစ်ကိုတောင် စိတ်ညစ်လို့ မပြီးသေး။ အဲဒီတစ်ယောက်က မျှဦးမတ်နဲ့ ဘာလည်း





အခန်း (၂၃)

'မျှဦးမတ်'

လွယ်အိတ်ကို စားပွဲခုံပေါ် ရိုက်ပုတ်တင်သည်။

'ဒုန်း ဒုန်း'

လှေကားပေါ် ကို ဖနောင့်နှင့်ပေါက်၍ တက်သွားခဲ့၏။ ခေါ်လိုက် ကတည်းက ထွက်လာပုံရသည့် မျှဦးမတ်က စွပ်ကျယ်ချိုင်းပြတ်အဖြူ နှင့် အစိမ်းပုပ်ရောင် ကွက်စိပ်ပုဆိုးနှင့်ဖြစ်၏။

မျက်လုံးတို့က သူ့လည်တိုင်မှ ဘတ်ကြိုးဆီကို ရောက်သွားမိ တော့ ဒေါသက ပို၍ဆောင့်ခုန်ထိုးတက်သွား၏။

'မျှဦးမတ်က မင်း ထင်သလို အခြေမဲ့အနေမဲ့ မဟုတ်ဘူး'

'တန်ရာကိုမှန်း'တဲ့။

မျက်နှာချင်းဆိုင် ရပ်နေပြီး ဘာမှမပြောဘဲ လက်သီးဆုပ် အံ ကြိတ်နေသော မျက်ဝန်းကို မျှဦးမတ်က နားမလည်သလို ကြည့်နေ၏။

အတန်ကြာသည်အထိ ဘာမှမပြောတော့မှ...



www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လာတာလဲ'

'ဘာဖြစ်လာတာလဲ ဟုတ်လား၊ ရှင့်ရဲ့ ချောမြတ်ဇင်လေ၊ ရှင့်ရဲ့ မိန်းမ'

'ဘာတွေ လျှောက်ပြောနေတာလဲ၊ ကိုယ်နဲ့ ဘာမှမဆိုင်ဘူးလို့ ပြောပြီးသားကို'

'အခု ဆိုင်နေလို့ မျက်ဝန်းကို ကြိမ်းလားမောင်းလား လာလုပ်တာ။ ဘာလဲ ရှင်က သူဌေးသားလား၊ ဒီမှာ ဒီလို လာနေခဲ့တာက အဲဒီမိန်းမနဲ့ ဓာတ်လမ်းတွေ ဖြစ်ခဲ့လို့လား။ မျက်ဝန်းက စီးရီးထုတ်ဖို့ လုပ်နေတာ အရှုံးလား'

'မျက်ဝန်း တော်စမ်း'

မျဉ်းမတ်မျက်နှာ နီရဲလာသည်။ ပခုံးကို ဆုပ်ကိုင်တော့ အလိုလို လက်လှမ်းလာပြီးမှ ပြန်ချ၍ ကိုယ်တစောင်းလှည့်ပစ်သည်။

'ဒီမှာဘာမှ ဝင်ပြောလို့မရဘူး၊ မင်း ထင်ရာတွေပဲ စွတ်ပြောနေတာ'

'ပြောမှာပဲ၊ အခု မျက်ဝန်းက ခံလာခံရတာ။ အဲဒီတစ်ယောက် ဘာတွေပြောလိုက်လဲ သိလား'

'မသိဘူး၊ သိဖို့လဲမလိုဘူး။ မင်း ကိုယ့်ကို ယုံသလား၊ သူ့ကို ယုံသလား။ ကိုယ့်အဘက်က မဟုတ်ဘူးဆိုတဲ့ စကားတစ်ခွန်းကို ပြောပြီးပြီ။ ဒီထက် ဘာမှ ထပ်ရှင်းမပြတတ်ဘူး။ စီးရီးထုတ်မယ့်ကိစ္စက ဒီပြဿနာနဲ့ ပတ်သက်နေတယ်ဆိုရင် မင်း မသက်ာရင် မင်း သဘောပဲ'

ဆံပင်တွေထဲကို လက်ထိုးသွင်းတာ နဖူးကနေ ကုပ်ပိုးရောက်တဲ့ အထိ ဖိသပ်ပွတ်ချနေမိတာ ဘယ်နှစ်ကြိမ်မှန်း မသိတော့။





လှည့်ကြည့်လိုက်တော့ မျက်ရည်တွေ ပြည့်အိုင်နေသည့် မျက်ဝန်းဖြာလေးအစုံကို မြင်လိုက်ရသည်။

သူ ထိတ်ခနဲဖြစ်သွားပြီး ဒီဘက်လှည့်လိုက်သည်နှင့် မျက်ဝန်းလှေကားကနေ ပြေးဆင်းသွားလေသည်။

လက်ခနဲ စဉ်ကျခဲ့သော မျက်ရည်ပွင့်လေးဟာ ဓာတ်ငွေ့အိုးထဲသို့ ကျသွားသည့် မီးပွားကလေးလို...

မျဉ်းမတ်ရင်ထဲမှာ ပြင်းထန်စွာ ပေါက်ကွဲတုန်ဟည်း ကျန်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

အိပ်ရာထဲမှာ စီးကရက်သောက်ရင်း ဟိုလှိမ့်ဒီလှိမ့်နှင့် ဘယ်လိုမှ နေလို့မရ။ ညဘက် လူခြေတိတ်လာတော့ မျက်ဝန်း အလုပ်လုပ်နေသည့်အသံက ပို၍ကျယ်လောင်လာသည်။ သူ့ အပေါ်ထပ်ကနေ ဆင်းလာခဲ့၏။

ညနေက ပြန်လာကတည်းက ရေမိုးချိုးသံလည်းမကြား။ စားသောက်ချိန် နားနေတာလည်း မရှိဘဲ ဒီစက်သံကို ကြားနေရသည်က ခုချိန်ထိ။

ကြည့်လိုက်တော့ စားပွဲပေါ်မှာ ရိုက်ချထားသည့် စာမူအထပ်က နည်းနည်းနောနော မဟုတ်။

'မျက်ဝန်း'

အနားမှာ သူ ရပ်ပြီးခေါ်တော့ မျက်ဝန်းက လှည့်လည်းမကြည့် ထူးလည်းမထူး။





'မင်း ထမင်းစားပြီးပြီလား'

မျက်ဝန်းက မဖြေပါ။

ခါတိုင်း သူထိုင်နေကျခုံကို မျက်ဝန်းဘေးနားမှာ ဆွဲယူ၍ ထိုင်ချလိုက်ကာ...

'ကိုယ့်ကို စိတ်ဆိုးနေတာလား၊ တောင်းပန်ပါတယ်။ အဲဒီမိန်းမအကြောင်း နောက်ထပ် ဘယ်တော့မှ ထည့်မပြောပါနဲ့လို့လဲ တောင်းပန်တယ်။ မရိုးမသားကော၊ ရိုးရိုးသားသားကော သူနဲ့ကိုယ် ဘာမှငြိခဲ့တာ မရှိဘူး။ ထပ်ရှင်းပြနေရင် တစ်ဖက်သားကို အပုပ်ချသလိုကြီးပဲ ဖြစ်မှာ။ အဲဒီလို ကိုယ်မပြောချင်လို့ပါ။ ကိုယ့်ကို ယုံပါ။ စောစောက ဒေါသစိတ်နဲ့ လွှတ်ခနဲ ပြောလိုက်မိတာကို ခွင့်လွှတ်နော်။ လွှတ်မယ် မဟုတ်လား'

မျက်ဝန်းက နှုတ်ခမ်းလေးကို ပို၍ဖိပိတ်ထားလိုက်ပြီး မျက်ဝန်းတို့သည် မော်နီတာပေါ်နဲ့ လက်တို့ဆီမှာသာ ပြေးလွှားလျက်။

မျဉ်းမတ်က မျက်ဝန်းမျက်နှာလေးကိုပဲ ငုံ့ကြည့်နေကာ...

'ဦးသန်းအောင်က ဖြစ်တယ်ဆိုတာနဲ့ပဲ ဒီနေ့ သီချင်းအားလုံး သွင်းခဲ့ပြီးပြီ။ စမ်းလဲ ကြည့်ပြီးပြီ။ သူတို့ကတော့ ကြိုက်ကြတယ်။ မင်း ရောက်မလာမလားလို့ အားလုံး စောင့်နေကြတာ ဘာဖြစ်လို့ လိုက်မလာတာလဲ'

မျက်ဝန်းက ဘာမှမပြောပေမယ့် မျဉ်းမတ်က မေးခွန်းမေးပြီးတိုင်း ခဏပဲစောင့်ကာ အရှိန်မပျက် ဆက်ပြောသွား၏။

'ရုံးက ပြန်ကျလာရင် ပြင်ဆင်ချက် သိပ်မပါနိုင်ဘူးလို့ ဦးအောင်သန်း ပြောတာပဲ။ အဲဒါကြောင့် ကြိုသွင်းထားတာလေ။ ကျခါနီးမှ လုပ်ရှားရင် သိပ်နောက်ကျသွားမှာစိုးလို့။ ပြီးတော့ ပြောတယ် ကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com



အားက အရေးကြီးတယ်တဲ့။ ဗီစီဒီ မဟုတ်သေးပေမယ့် တီဗွီကြော်ငြာ ထည့်မှဖြစ်မယ်တဲ့'

မျက်ဝန်းလက်တွေ တုံ့ခနဲရပ်သွား၏။ သို့သော် ချက်ချင်း ပြန်လှုပ်ရှားသည်။

မျဉ်းမတ်က ဒါကို မြင်နေရသောကြောင့်...

'အဲဒါက မင်း အခက်အခဲဖြစ်မှာစိုးလို့ ကိုယ့်ဘာသာ ခေါင်းညိတ်လိုက်တာ။ နာမည်ကြီးချင်လွန်းလို့ မဟုတ်ပါဘူး။ ကိုယ်အောင်မြင်ရင် မင်း အကျိုးရှိမှာ မဟုတ်ဘူးလား။ တီဗွီကြော်ငြာအတွက် ကိုယ့်ငွေနဲ့ သုံးမှာ'

'မလိုပါဘူး'

မျက်ဝန်း သူ့ဘက်ကို ဆတ်ခနဲ လှည့်သည်။

'အစအဆုံး မျက်ဝန်းလက်နဲ့ မျက်ဝန်းရဲ့ငွေနဲ့ပဲ ဖြစ်ရမယ်။ နောက်ထပ် ရှုပ်ရှုပ်ယှက်ယှက် ရှင် ဘာမှ ဝင်မပါနဲ့။ ရှုံးရှုံးမြတ်မြတ် မျက်ဝန်းရဲ့လုပ်ငန်းပဲ'

'ဟုတ်ပါတယ်၊ မင်းလုပ်ငန်းပါ။ ဒါပေမယ့် မင်း သိပ်ပင်ပန်းနေပြီ၊ ကိုယ်...'

'ဒီမှာ မျဉ်းမတ် အလုပ်သဘောထက်ပိုပြီး မျက်ဝန်းကို စေတနာထားဖို့မလိုဘူး။ ရှင့်ကို မျက်ဝန်း ဆက်ဆံနေတာ စီးပွားရေးအရ ဒါ'

သူ မျက်ဝန်းကို စူးစိုက်ကြည့်နေမိသည်။ မျက်ဝန်းကလည်း စူးစူးရဲရဲ ပြန်ကြည့်၏။

ဒါပေမယ့် မျက်နှာလွှဲပစ်ကာ အလုပ်ပေါ်မှာ အာရုံပြန်ပြောင်းလိုက်သည်။

ဒီတိုင်းအကြာကြီး ထိုင်နေပြီးမှ မျဉ်းမတ်ထံမှ သက်ပြင်းချသံ





သဲ့သဲ့ ကြားရ၏။ ပြီးတော့ တစ်ရွက်ပြီးတစ်ရွက် ဒီတိုင်းတင်ထားသည့် စာမူတွေကို မျဉ်းမတ်က သေချာစီရီပေးသည်။

ဘေးမှာ တစ်ထပ်ကြီးရှိနေသေးသော မရိုက်ရသေးသည့် စာမူတွေကို လှမ်းကြည့်ပြီးတော့ ပြောဖို့ကို စကားလုံး ရွေးနေရ၏။

ဒီပုံနဲ့ဆို ဒီတစ်ညလုံး သူမ အိပ်ရပါ့မလား။ ဘဏ်မှာ ငွေထုတ်ယူရုံနဲ့ပဲ နေနိုင်သည့် မိန်းကလေးတစ်ယောက်ဟာ ဒီလောက် ကြိုးစားခမ်းစား ရုန်းကန်နေဖို့ လိုသလား။ ဒါမှမဟုတ် သူ ထင်တာ မှန်နေပြီလား။

မိန်းကလေးတစ်ယောက်က ဒီလောက် ရုန်းကန်ကြိုးစားနေတာကို သူ အိပ်ရာပေါ်မှာ အေးအေးဆေးဆေးနေလို့ ဘယ်လိုမှ မရတော့ပါ။

လှေကားခြေရင်း ရောက်ပြီးမှ ပြန်လှည့်လာကာ...

'အပြင်မှာ မိုးဖွားတွေလဲ ကျလို့။ မိုးအေးနေတယ် မျက်ဝန်း၊ သိပ်မလုပ်ပါနဲ့။ ကုန်ကျဖို့လဲ သိပ်မရှိတော့ဘူး။ စေတနာတွေပိုလို့ ပြောနေတာမဟုတ်ဘူး၊ မင်း တစ်ခုခုဖြစ်သွားရင် ကိုယ် အဆိုတော် မဖြစ်လိုက်ရမှာစိုးလို့'

ကိုယ့်နေရာ ကိုယ်ပြန်သွားဖို့ကို ခြေထောက်တို့က လေးလံနေ၏။

လှေကားတစ်ဝက်လောက်မှာ ရပ်နေမိရင်း မျက်ဝန်းဆီကို ငုံ့ကြည့်နေမိပြန်သည်။

ကော့ညွှန်သောနှာတံလေးနှင့် မျက်တောင်ဖျားတို့ကို စီးမိုးမြင်နေရ၏။

သွက်လက်ပေါ့ပါးစွာ ပြောဆိုရယ်မောတိုင်း ချစ်ဖို့ကောင်းသော



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းလွှာလေးတွေ တင်းတင်းစေ့ထားလိုက်တော့ အလွန်မာနကြီးပြီး မာကျောကျောပုံစံလေးသို့ ပြောင်းလဲသွား၏။

အထင်မြင် သေးခဲ့ဖူးသည်။ နောက်ပိုင်းမှာလည်း အထင်မသေးနိုင်တော့ပေမယ့် မျက်ဝန်း၏သိက္ခာ၊ မာနနှင့်ဖွဲ့လုံ့လကို ဒီလောက်ထိထင်မထားခဲ့တာ အမှန်ပင်။

မျက်ဝန်းဆိုသော မိန်းကလေးဟာ ရင်ထဲမှာ နက်ရှိုင်းစွာ နေရာယူလာပါပြီ။

ဒါပေမယ့် အချစ်တွေ အကုန်လုံး ပေးဖို့က ကိုယ့်မှာ…





## အခန်း (၂၅)

လူးလိမ့်ရင်း ဘယ်လိုအိပ်ပျော်သွားလိုက်မှန်းမသိ။ နိုးလာတော့ သုံးနာရီခွဲနေပြီ။ နားထဲမှာ လှုပ်ရှားသံတွေ ကြားနေရဆဲ။

မျဉ်းမတ် ဆတ်ခနဲ ထထိုင်သည်။ မျက်နှာတောင်မသစ်သေးဘဲ ရေဘူးမော့၍ ပလုတ်ကျင်းပြီး အောက်ထပ် ဆင်းလာခဲ့မိ၏။

'မျက်ဝန်း'

ညက ထမင်းလည်း စားပုံမပေါ်၊ အနားမှာ ထမင်းပန်းကန်က နှန်းတပ်လျက်သားနှင့် လက်ရာပျက်ရုံလေးပဲ ရှိ၏။

'မင်း တစ်ခါမှ မနားသေးဘူးလား ဟုတ်လား မျက်ဝန်း'

'ပြီးတော့မှာ'

မော့မကြည့်ဘဲ မျက်ဝန်းက ဖြေသည်။ မျက်နှာကတော့ တင်းနေဆဲပါ။ သို့သော် ရိုက်ချက်တွေက မှုမမှန်။

မျက်ခုံးလေးပင့်၍ စူးစိုက်ကြည့်နေရသည့်အဖြစ်ကို မြင်နေရ၏။

'တော်ပါတော့ကွာ၊ မင်းကို ကိုယ် ဘယ်လိုမှကို နားမလည်တော့ဘူး။ ဒါတွေလုပ်နေတာ မင်းကိုယ်ရေးကိုယ်တာအတွက်လား…ဒီးရိုး



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဖို့ကြောင့်လား။ မင်းရင်ထဲမှာ ဘာတွေပဲ ရည်ရွယ်ထားထား ကို ဘက်က ကြည့်ရတာတော့ သဘာဝမကျတော့ဘူး။ ဘာတွေလုပ် တာလည်း၊ ဘာကြောင့်လည်း အဲဒါ ပြောစမ်းပါ'

မျက်ဝန်း လက်နှစ်ဖက်စလုံး နားသွားသည်။ မျက်နှာလေး တော့ မျဉ်းမတ်က သူ့မျက်နှာရှေ့ကို တိုးရပ်လိုက်၏။

တစ်ခုခုပြောတော့မှာကိုသိ၍ နားထောင်ဖို့ အသင့်ပြင်လိုက် သဘော။

'ပြောမယ်၊ မျက်ဝန်းက ရှင့် အထင်ကြီးအောင် လုပ်ပြနေ မဟုတ်ဘူး။ ရှင်ထင်သလို ထုတ်လုပ်သူဖြစ်ချင်လွန်းလို့လဲ မဟုတ် ဒါပေမယ့် စပြီးတာကို ဆုံးအောင်လုပ်တတ်တဲ့အကျင့် မျက်ဝန်း ရှိတယ်'

မျက်ဝန်းသည် မျက်ခုံးလေး မသိမသာ တွန့်ကျသွားပြီး မျ လေးလွှဲပစ်ကာ...

'အစကတော့ မျက်ဝန်းမှာ ထုတ်လုပ်သူဖြစ်ဖို့ ငွေရှိတယ် မရှိတော့ဘူး။ ဒါပေမယ့် ကဲ့ရဲ့ မဲ့ရွဲ့ဖို့ စောင့်ကြည့်နေတဲ့ မျက်လုံး ရှေ့မှာ ဒူးထောက်လဲကျတဲ့အဖြစ် မျက်ဝန်း ဘယ်တော့မှ အဖြ ဘူး။ ဒါကြောင့် လိုနေသေးတဲ့ငွေအတွက် ဒီအလုပ်တွေ စုပြုံလ လာခဲ့တာပဲ'

မျက်ဝန်း သူ့ကို ပြန်မော့ကြည့်ပုံက ခင်မင်ရင်းနှီးမှုတွေ မပါတော့ဘဲ ရှိလေသည်။

'ရှင်မေးသလို ပြန်မေးမယ်။ အခု မျက်ဝန်းဘက်က အထားက အဲဒါပဲ။ စီးရီးတစ်ခွေစာ ဖြစ်မြောက်သွားတာ ရှိချင်ရှိ မြိုင်မြိုင်ဆိုင်ဆိုင် ပြည့်ပြည့်စုံစုံတော့ ဖြစ်ချင်မှဖြစ်တော့မှာ။ ဘ





သည်းနဲ့ဖြစ်ဖြစ် မျက်ဝန်းကလုပ်မှာပဲ။ ဒါ မျက်ဝန်းဘက်က၊ ချောမြတ် င် နေ့လယ်က ပြောသွားတယ်။ သူ လိုသလောက်၊ ကုန်သလောက် ပေးနိုင်တဲ့အပြင် သူ့ငွေကို မျက်ဝန်းက ယူသုံးပေးမယ်ဆိုရင် ဘောက် ဆူးချဦးမယ်တဲ့။ ပြည့်စုံခြင်း၊ မပြည့်စုံခြင်းကို ရှင် ရွေးပေါ့။ ရှင်က ဘယကံရှင်၊ ရှင် ဆုံးဖြတ်တဲ့အတိုင်း ဖြစ်ရမှာပဲ'

'မင်း ပြောပြန်ပြီ၊ ကိုယ့်ခေါင်းထဲမှာ အဲဒီ ချောမြတ်ဇင် ဘယ် အနုန်းကမှ မရှိခဲ့ပါဘူး။ သီချင်းဆိုခွင့်ရဖို့ကိုကော ကိုယ့်အနေနဲ့ ဘယ် အနုန်းကမှ ရင်မခုန်ခဲ့ဖူးတဲ့ကိစ္စ။ စိတ်လဲမဝင်စားခဲ့ဘူး။ အခု ခေါင်းညိတ် တာက မင်း ဆန္ဒပြင်းပြနေတာကိုသိလို့၊ ကိုယ်က ရေးပဲရေးနေချင်တဲ့ သူ။ အခု ကိုယ် ကြိုးစားနေတာ မင်းအတွက်ပဲ'

မျက်ဝန်း၏ ဒေါသမျက်ဝန်းလေးတွေ လက်ခနဲ ဝင့်တက်သာ သည်။ မျဉ်းမတ်က ဂရုမစိုက်တော့ပါ။

'ကိုယ်ပြောနေတဲ့စကားတွေက မင်းရင်ထဲကို ထည့်ပေးနေတာ မဟုတ်ဘူး။ ကိုယ့်ဘက်က ခံစားခွင့်သပ်သပ်၊ မခံစားရဘူးလို့ မင်း ငြင်းခွင့်မရှိဘူး'

ပိတ်ပြောပစ်လိုက်သော်လည်း မျက်ဝန်းက အံ့ကြိတ်၏။ အထင် ခြင်သေးသော မျက်ဝန်းတို့က ချက်ချင်းကြီး စိမ်းစိမ်းကားကား ဖြစ် လာကြသည်။

မျဉ်းမတ်က မဆိုင်ဘဲ ကိုယ်ကိုင်းကာ စားပွဲပေါ်မှာ လက်နှစ်ဖက် ထောက်လိုက်၏။ မော့နေသော မျက်နှာလေးထက်မှာ နီးကပ်စွာ စီးမိုး ကြည့်ရင်း...

'မနိုင်ဘူးထင်ရင် မင်း လက်လျှော့လိုက်ပါ၊ ဆက်လုပ်မယ်ဆိုရင် ကိုယ် ဝင်ပါရမှ ဖြစ်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'မလိုဘူးလို့ ရှင့်ကို ပြောပြီးပြီပဲ'

မျက်ဝန်း စားပွဲကို ထုပစ်လိုက်ပြီး ထရပ်၏။ ထိုစဉ် မျက်လုံး
မှာ ပြာခနဲဖြစ်သွားကာ မျဉ်းမတ်ရင်ခွင်ထဲသို့ ငိုက်ကျသွား၏။

'မျက်ဝန်း'

'ဟင့်အင်း ဖယ်'

သူ့လက်တွေကို ဖယ်ချပစ်လိုက်၏။ ကိုယ့်ကို မတ်မတ် ပြ
နိုင်သော်လည်း မျက်လုံးတွေထဲမှာ ချာချာလည်နေသည်။

ယိမ်းယိုင်နေဆဲ မျက်ဝန်းကိုယ်လုံးလေးကို မျဉ်းမတ် တစ်
လုံး သိမ်း၍ပွေ့ယူလိုက်၏။ ထို့နောက် ခန်းဆီးစကို ပခုံးနှင့်တိုက်
ကာ အိပ်ခန်းထဲထိ ဝင်ခဲ့သည်။

'မျဉ်းမတ်... ရှင် မျက်ဝန်းကို ချထားခဲ့ပါ။ ဖယ် သွားပါတော့'

မျက်နှာလေး ရှုံ့မဲ့လျက် မျက်ဝန်း သူ့ကို ထုရိုက်နေသ
လက်သီးဆုပ်လေးတွေမှာ အားက မပါပေ။

မွေ့ရာခင်းလေးထက်မှာ ညင်သာစွာချသိပ်ပေးလိုက်ပြီး မျ
လေးကို စိုးရိမ်စွာကြည့်နေမိသည်။ မျက်ဝန်းက တစ်ဖက်အ
ကပ်ပစ်လိုက်ပြီး သူ့ကိုမော့ကြည့်ကာ

'ဒီလိုစကားတွေ ပြောပြီးမှ မျက်ဝန်းအခန်းထဲကို ရှင်ဝင်လာ
ကောင်းသေးလား။ နောက် ဘယ်တော့မှ ရှင် မဝင်ရတော့ဘူး။ ရှ
မခေါ်တော့ဘူး၊ သွားပါ ထွက်သွား'

'အမှန်အတိုင်းပြောတာ ဘာဖြစ်သွားနိုင်သလဲ မျက်ဝန်း။ သိ
ပြီ ဆိုတော့လဲ ပိုပြီးပွင့်လင်းလိုက်တာ ကောင်းတယ်၊ မင်းကို
ချစ်တယ်။ လေးလေးနက်နက် မြတ်မြတ်နိုးနိုးချစ်တာ။ ဘယ်တော
ပြောင်းလဲသွားမှာမဟုတ်တဲ့အချစ်မျိုး။ ပြောလိုက်မိလို့ အပြစ်ရှိ





ခင် အဲဒီအပြစ် ကိုယ်ခံမယ်။ ဒါပေမယ့် ကိုယ့်ကိုမုန်းပြီး မင်း ထွက်
တော့ မရဘူး။ ကိုယ်က မင်းရဲ့အရိပ်ပဲ'

'ဟင့်အင်း... ဟင်အင်း... ရှင် သွား'

မွေ့ရာခင်းအစပ်ကို စောင်လိုဆွဲ၍ သူ့ဘက်က တစ်ခြမ်းလုံး
အောင် ကိုယ်မှာပတ်ထားပစ်လိုက်သည်။

အထူးသဖြင့် နားနှစ်ဖက်ကို ပိတ်ပစ်လိုက်ခြင်းဖြစ်၏။ ဘာကြောင့်
သိဘဲ မျက်ရည်တွေ နားသယ်စပ်ကြားထဲသို့ အားကောင်းစွာ
င်ကုန်ကြသည်။

တစ်ဖက်မျက်ဝန်းမှ နှာတံကိုဖြတ်၍လည်း ဒီဘက်ပါးပြင်သို့
ဆင်းကျလာကြ၏။ မျဉ်းမတ် ပါးစပ်ပိတ်ထားလိုက်သည်လား၊
ပြန်သွားပြီလားဆိုတာ မသိ။

မှုးဝေကျိန်းစပ်နေသော မျက်လုံးတွေက မျက်ရည်များဖြင့်
မ်စိုလူးရင်း အိပ်ပျော်ခြင်းသို့ ဘယ်လိုရောက်ရှိသွားခဲ့မှန်းမသိ။
က်ထဲမှာ အတူယှဉ်တွဲရပ်နေသော ချောမြတ်ဇင်နှင့်မျဉ်းမတ်အား
ဝန်း ဘာတွေနှင့် ပစ်ပေါက်နေမိမှန်းမသိ။

ချောမြတ်ဇင်သည် ဟားတိုက်ရယ်မောလျက် ပြန်မေးနေသေး
ည်။

'မင်းက သဝန်တိုနေတာလား'တဲ့။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

'ဟင်...'

အိပ်ရာကနိုးတော့ အလန့်တကြား ကျူးထလိုက်မိသည်။ ညက ကိုယ်မှာ ဖြစ်သလို ဆွဲတင်ပစ်ခဲ့သော မွေ့ရာခင်းက မွေ့ရာခင်းမဟုတ် တော့ဘဲ စောင်ဖြစ်နေသည်။

ဒီစောင် သူမ ထဆွဲခြုံခဲ့တာ မဟုတ်ဘူးဆိုတာ သေချာသည်။ ဒါဆို မျိုးမတ် သတိရလိုက်ကာ လက်တစ်ဖက်ထောက်မိလိုက်လျှင် လက်အောက်က တစ်စုံတစ်ခုကြောင့် ငုံ့ကြည့်လိုက်မိ၏။

စာရွက်ခေါက်လေးတစ်ခု။

ခွင့်လွှတ်ပါ။

မင်းရဲ့အလုပ် ကိုယ်ဆက်လုပ်လိုက်တယ်။

ဘာအကြောင်းနဲ့မှ မင်း ဒီနေ့ မထွက်ပါနဲ့တော့။

သော့တွေ ကိုယ် ယူသွားတယ်။

'အို... မပြစ်ဘူး'





မျက်ဝန်း အရှုံးမလေးလို အော်ကြီးဟစ်ကျယ်ပြေးကာ စောင်ခွာ ... သတိမရဘဲ အိမ်ရှေ့ခန်းကို ပြေးထွက်ခဲ့သည်။

စားပွဲခုံပေါ်မှာ ဒံပေါက်တစ်ထုပ်နှင့် အချိုရည်တစ်ဘူး။ ပြီးတော့ ...ဝန်းကြိုက်သည့် ဇပ်ချဉ်မရန်းပေါင်းရယ်၊ ကွတ်ကီးမုန့်ထုပ်တွေ ... စုံနေ၏။

စီထပ်ထားသည့် စာမူတွေကို စစ်ကြည့်လိုက်တော့ ညက ကျန် ...ခဲ့သည့်လက်စတွေ သူ အားလုံး အပြီးသတ်ပေးသွား၏။

စာရေးဆရာလက်ရေးတော်တော်များများကို လူတိုင်း မဖတ်နိုင် ... သူမတောင်မှ အတော်ကြိုးစားပြီး စီရသည်။

အမှားတွေ များသွားတုန်းက ဦးသိန်းဇော် ဆူတာလည်း ခံခဲ့ရ၏။

'မင်းကို တမင်တကာ အလုပ်ရအောင် အန်ကယ်က ဖွဲ့ပေးတာ။ ...ရေးဆရာမနဲ့ ရန်တိုက်ပေးသလို မလုပ်နဲ့နော်။ နောက်တစ်ခါ ...ရိုက်'တဲ့။

စိုးရိမ်စိတ်နှင့် သူ ရိုက်သွားတာတွေကို အသည်းအသန် လိုက် ...ကြည့်မိသည်။ အံ့ဩရလောက်အောင်ပဲ ဖြူးဖြောင့်နေလေသည်။

သူ ဒီလိုလည်း ရတာပဲလား။ ခဏလေး စိတ်ချမ်းသာသွားပြီးမှ ...တ်ခနဲဖြစ်သွားသည်။ စာမူတွေကို ချပစ်ခဲ့ကာ တံခါးဆီပြေးတော့ ... အပြင်ကနေ တကယ်သော့ခတ်သွား၏။

'မဖြစ်ဘူး၊ ဒီဟာတွေ ဒီညနေ အပ်ရမှာ။ မျိုးမတ် ရှင်ဟာလေ... ...ာက်'

တံခါးကို နှစ်ချက်သုံးချက် ထုပစ်လိုက်ပြီး ခေါင်းလည်းကုတ် ...သည်။ အကျဉ်းသားတစ်ယောက်လို ခြေဖျားလေးထောက်၍ အပြင် ... မျှော်ကြည့်မိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီလူ ဘယ်အချိန်ကျမှ ပြန်လာမှာလဲ'

စားပွဲဆီ ပြန်လှည့်လာတော့မှ စားပွဲစွန်းမှာ မြေဖြူနှင့်ရေးထား သည့်စာလုံးတွေကို သတိထားလိုက်မိသည်။

'၁၁း၂၀'

သူ ဆယ့်တစ်နာရီခွဲခါနီးမှ ဒါတွေပြီးတာပဲ။ အလုပ်ပြီးမှ ဒံပေါက် နှင့်စားစရာတွေ ထွက်ဝယ်၊ ပြီးတော့ ဒီမှာပြန်ထား၊ ပြီးမှ ပြန်ထွက် မျက်ဝန်း အဲဒီလောက်ထိ ပစ်စလက်ခတ် အိပ်ပျော်သွားခဲ့သလား သူ အထဲဝင်ပြီး စောင်ခြုံပေးတော့ သူမ ဘယ်လောက်ထိ အိပ်မောကျ နေခဲ့သလဲ။

နိုးလာတော့လည်း ညကလို စောင်းလျက်သားပဲပေမယ့် မျက်ဝန်း တွေးရင်း ရှက်သွားမိ၏။ နာရီကြည့်လိုက်တော့ ဆယ့်နှစ်နာရီ ခွဲပြီးရုံပဲ ရှိသေး၏။

ဒါဆို သူ ထွက်သွားတာနှင့် မျက်ဝန်း နိုးလာတာပဲဖြစ်မည်။ ဘယ်လိုလုပ်ရမလဲ၊ ဒံပေါက်ကိုမြင်တာနှင့် ဗိုက်ကဆာလာသည်။

ကိုယ့်ထမင်းကိုယ်ချက်စားလို့ ရပေမယ့် ဒီနေ့မနက်ပိုင်း မီးပျက် သည့်နေ့။ နေ့လည်နှစ်နာရီထိုးမှ မီးလာမည်။

ကိုယ့်ကို ချစ်တယ်လို့ပြောပြီးဖြစ်သော လူတစ်ယောက်က တွေး ထားတာကို မျိုချရမလား၊ မျိုမချချင်ရင်လည်း ရေတွေပြေးသောက် ပေတော့ မျက်ဝန်း။ အစာအိမ် ဗိုင်းရပ်စ်များက သောင်းသောင်းဖျ အော်နေကြသည်။

'ခင်ဗျားခေါင်းက မစားနဲ့လို့ ခိုင်းနေပေမယ့် ကျုပ်တို့က မနေနိုင် ဘူး။ အစားတွေကို ခေါင်းထဲထည့်ရမှာမဟုတ်ဘူးနော်၊ ကျုပ်တို့အိတ် ထဲ ထည့်ရမှာ။ ခင်ဗျားတာဝန် ခင်ဗျားကျေ'





ဗွိဗွိဗွမ်ဗွမ်အော်သံတွေကြောင့် မျက်ဝန်း ကိုယ့်ဘာသာတွေး၍ ပြုံးလိုက်မိသည်။ ဒံပေါက်ဖွင့်စားရင်လည်း သူ့မျက်ဝန်းတွေကို သတိရ မိသည်။

'သိသွားပြီဆိုတော့လဲ ဖွင့်လင်းလိုက်တာ ကောင်းတယ်၊ မင်းကို ကိုယ်ချစ်တယ်'

'အင့် အဟွတ် အဟွတ် အဟွတ်'

ကိုယ့်ရင်ဘတ် ကိုယ်ထုကာ အချိုရည် အမြန်သောက်လိုက်ရ သည်။

'မစဉ်းစားနဲ့ မိန်းမ၊ ဖြောင့်ဖြောင့်တန်းတန်း မျိုချ'

လေးလေးနက်နက်တွေ၊ မြတ်မြတ်နိုးနိုးတွေပါလာရင် နောက် ထပ်တစ်ခါဆို ရင်ဘတ်ထဲထိ ဝင်သီးလိမ့်မည်။

တစ်ယောက်တည်း သတိပေးနေရရင်း မျက်ဝန်း မျက်ရည်တွေ ဘာတွေလည်း ကျကုန်သည်။ မျက်နှာတစ်ပြင်လုံး နီရဲနေလေသည်။

အချစ်က ဘယ်လိုနေသလဲတော့ မသိ၊ လောလောဆယ် လမ်း ကြောင်းမှားကုန်တာ ကံကောင်းလို့ အသက်ရှုမှန်လာတာ။

သေချာပါသည်၊ အချစ်နှင့်မျက်ဝန်း ဘယ်လိုမှ သင့်မြတ်မှာ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

အလုပ်တွေ သွားအပ်ဖို့ သူ အချိန်မီ ပြန်ရောက်မလားလို့ တမျှော်မျှော် ဖြစ်နေခဲ့သည်။ ညနေ ငါးနာရီသာထိုးသွားသည် ကိုယ်တော်က ပေါ်မလာ။

မိုးတွေ ညိုမှောင်လာကာမှ တံခါးဖွင့်သံ ကြားလိုက်၏။ အကြိမ်ကြိမ်အခါခါ ဝင်ကြည့်တိုင်း မလာနိုင်ဖြစ်နေသည့်မီးက ကိုယ့်တစ်အိမ်တည်းပျက်တာလား၊ အားလုံး ပျက်နေတာလား ဘာမှမသိရတော့ ဒေါသတွေ တစ်ယောက်တည်းဖြစ်ရင်း အထဲဝင်လိုက်၊ အပြင်ထွက်လိုက်။

တံခါးဖွင့်သံကြားသည်နှင့် အပြေးတစ်ပိုင်း ထွက်ခဲ့သည်။ မျှဦးမတ်က ကြိုးရှည်နှင့်လွယ်အိတ်နက်ကို စလွယ်သိုင်းလွယ်လျက် လက်ထဲမှာ စားစရာတွေ စုပြုံဆွဲလာ၏။

'မီးမလာဘူး မဟုတ်လား'





'ဟုတ်တယ် မလာဘူး၊ ဘယ်ကပျက်နေမှန်းကိုမသိတာ။ ဘယ်မှလဲ ထွက်မေးလို့မရဘူး။ ခုထိလဲ ထမင်းမချက်ရဘူး။ နေပါဦး ရှင်တော်တော် ဦးနှောက်ကြီးတဲ့လူပါလား ဟင်'

'ဘာဖြစ်လို့လဲ'

မျှဦးမတ်က သော့တွဲကိုင်ကာ စားစရာတွေကို စားပွဲပေါ်မှာ လှမ်းတင်လိုက်ပြီး ခြေထောက် ပြန်ထွက်ဆေး၏။

'ဘာဖြစ်လို့လဲ'ဟု မေးပြီး ပြန်ထွက်သွားတော့ ပြောချလိုက်ဖို့ ငါးစပ်တစ်လုံးကြီး ပြင်ပြီးမှ သူ ပြန်တက်အလာကို စောင့်နေရသေးသည်။

'မျှဦးမတ် ရှင် မပြီးသေးဘူးလား၊ မိုးဖွားတွေ ကျနေပြီ'

'ပြီးပြီ'

တမင်တကာများ အပြောစောင့်နေသလား မသိ။ ခြေထောက်ဆေးနေလိုက်တာ လက်တွေကော၊ မျက်နှာ၊ လည်ပင်း အားလုံး စုံနေတာတောင် ခြေထောက်ကို နောက်ထပ် အောက်ကကျောက်ပြားနှင့်ပွတ်တိုက်ပြီး ရေလောင်းချနေသေးသည်။

ပြီးတော့မှ ပျဉ်ချောင်းရှည်ကြီးချပြီး လမ်းခင်းပေးထားတာကို မနင်းဘဲ ဘေးက ကျောက်တုံးကွဲကြီးပေါ် ခြေထောက်တစ်ဖက်ထောက်ပြီး အိမ်ဘက်ကို ခုန်ကူး၏။

'တော်သေးတယ် မိုးလွတ်သွားလို့'

ဟု သူ့ဟာသူ ပြောပြီး အိမ်ပေါ်တက်သည်။ မျက်ဝန်း ခါးထောက်စောင့်နေတာကို တစ်ချက်မှပြန်မကြည့်။

စောစောက 'ဘာဖြစ်လို့လည်း'ဟု မေးထားတာကို မေ့သွားပြီလားလား။



www.burmeseclassic.com

www.burmeseclassic.com



'ရှင် ဘာဖြစ်လို့ တံခါးပိတ်သွားရတာလဲ၊ မတော်တဆ အနီးအနားမှာ မီးတွေဘာတွေ ထလောင်ရင် လူကို သဂြိုဟ်ပြီးဖြစ်သွားအောင် ကြံစည်ခဲ့တာလား'

'မိုးတွင်းရောက်နေပြီကွာ၊ ဘယ်က မီးလောင်ဖို့ ရှိလို့လဲ။ ပြီးတော့ ထွက်သွားတုန်းက သုံးနာရီ၊ လေးနာရီလောက်ဆို ပြန်လာဖို့ စိတ်ကူးနဲ့ပေါ့။ ဟိုရောက်မှ အလုပ်ကိစ္စပေါ်လာတာနဲ့ သူငယ်ချင်းနဲ့ ပါသွားတာ'

'ရှင်ကတော့ သွားချင်ရာသွားပြီ လူကို တိရစ္ဆာန်တစ်ကောင်လို ထည့်ပိတ်ပစ်ခဲ့တာ။ အခု ဒီမှာ ပြီးနေတာတွေ မအပ်ရတော့ဘူး။ ဒီ ညနေ အပ်ဖို့ ပြောထားခဲ့တာ သိလား'

မျက်ဝန်း ငိုမတတ်ဖြစ်နေတာကို တစ်ချက်ပဲကြည့်ပြီး သူ မျက်နှာလွှဲ၏။

ခေါက်ဆွဲကြော်နှစ်ပွဲနှင့် ထမင်းဖြူထုပ်တွေကို စိတ်ပါတာလည်းမဟုတ်ဘဲ တစ်ထုပ်ချင်းနေရာချနေပြီးမှ ပြန်လှည့်၍…

'မသွားဖြစ်တော့လဲ နောက်ထပ် အလုပ်မပါလာတော့ဘူးပေါ့ကွာ။ ဒီည မင်း ဆက်နားလိုက်။ စီးရီးအတွက် နောက်လိုတဲ့ငွေ ကိုယ်ရှာမယ်။ ဘယ်သူ့ပိုက်ဆံပဲဖြစ်ဖြစ် ဒီစီးရီးမှာ မင်းက ထုတ်လုပ်တဲ့သူမှန်း အားလုံးသိနေကြတာပဲ'

'အို မလိုချင်ဘူးလို့ ရှင့်ကို ပြောပြီးပြီပဲ'

'မင်းတောင် အဲဒီလို မာနကြီးနိုင်ရင် ကိုယ်က ယောကျ်ား'

မျဉ်းမတ် သူမဘက်ကို လှည့်၍ ရင်ဆိုင်ရပ်လိုက်သည်။

'မင်းကို ကိုယ် ပြောပြီးပြီပဲ၊ ဒီကိစ္စကို ကိုယ် စိတ်ပါလွန်းလို့ စခဲ့တာမဟုတ်ဘူး။ ဒါပေမယ့် အဆုံးသတ်တဲ့အထိ အောင်အောင်မြင်





မြင် ဖြစ်သွားဖို့ ကတိပေးခဲ့တယ်။ အဲဒီ ပြီးဆုံးဖို့ထဲမှာ ကိုယ်ဝင်ပါမှ ဖြစ်မယ်ဆိုတာ မင်း မမေ့နဲ့'

'ရှင့် ဝင်ဖို့မှမလိုဘဲ၊ ရှင့်အလုပ်က သီချင်းဆိုဖို့'

'မင်းက သိပ်ချမ်းသာတဲ့ သူဌေးတစ်ယောက်ဆိုရင် ကိုယ် အဲဒီလို နေသွားမှာပါ'

မခံချင်စရာပြော၍ မျဉ်းမတ် လေ့ကားရှိရာ လှည့်ထွက်သွားသည်။

မျက်ဝန်းက နောက်က ပြေးလိုက်ပြီး ဘေးမှာရပ်သည်။

'ရှင်က မျက်ဝန်းမှာ ငွေမရှိဘဲ ထုတ်ဝေဖို့ကြိုးစားနေတာ ဆိုပြီး မာနကြီးပြတာလား မျဉ်းမတ်။ မျက်ဝန်းလိုအဆင့်လောက်ကို ကျေးဇူးတင်ရမှာ စိုးတာလား'

မျဉ်းမတ် ခြေစုံရပ်၍ မျက်ဝန်းမျက်နှာလေးကို ငုံ့ကြည့်သည်။ တော်တော်ပြောရခက်သည့် မိန်းကလေးပါလား။

ချစ်နေတာကို ချစ်နေပါတယ်ပြောလည်းမကြိုက်။ ဒီစကား ပြောဖြစ်ဖို့ချည်းပဲ သူမ မေးခွန်းတွေက ခြေဦးလှည့်ပေးနေတာကို မသိဘူးလား။

'မရဘူး၊ မျက်ဝန်း လက်မခံဘူး။ မျက်ဝန်း တတ်နိုင်သလောက်နဲ့ ဒီအလုပ်ကိုလုပ်ဖို့ စခဲ့ပြီးပြီ။ ရှင်က အဖျားကျမှ နှမ်းမဖြူးချင်ပါနဲ့။ တစ်ခုပဲ ရှင် စဉ်းစား၊ ပြည့်ပြည့်စုံစုံ ဝေဝေဆာဆာနဲ့ အဆိုတော်ဖြစ်ချင်တာမျိုးဆိုရင် အချိန်မရွေး ထွက်သွားလို့ရတယ်'

'မသွားနိုင်ဘူး၊ မင်းအနားကနေ တစ်ဖဝါးမှခွာဖို့ စိတ်မကူးဘူး။ အဲဒါကြောင့် ပြောနေတာ၊ ကိုယ်ရှိနေသားနဲ့ မင်း ဘာမှလုပ်စရာမလိုဘူး'



www.burmeseclassic.com

www.burmeseclassic.com



မျဉ်းမတ်က အော်သည်။ မိုးကလည်း သည်းပေမယ့် ခပ်စိပ်စိပ် ကျနေသည်မို့ စကားသံတွေက အပြင်ကို သိပ်မပေါက်ပါ။

'သူများကို မလုပ်ရဘူး၊ မကိုင်ရဘူး တားရအောင် ရှင်က ဘာမို့လို့လဲ။ မျက်ဝန်း ဆိုတဲ့ ကျွန်မက မှန်တယ်ထင်ရင် တစ်လောကလုံးကို ခါးစောင်းတင်ရဲတဲ့မိန်းမ။ ရတယ်၊ ရှင်ပြောတာကို မျက်ဝန်း သဘော တူတယ်။ ဆက်မလုပ်ဘူးဆိုရင် ရပ်လိုက်။ လုပ်မှာပဲဆိုရင် ရှင်ပါမှာပဲ ဆိုတာလေ။ အခု မလုပ်တော့ဘူး'

'ဘာ...'

'ရှင်နဲ့မျက်ဝန်း ဘာကြောင့်နဲ့မှ ပတ်သက်ဖို့မလိုဘူး။ ရှင်းတယ် နော်'

'မျက်ဝန်း'

မျက်ဝန်းက ပြတ်သည်။ မျက်နှာတည့်တည့်ကြည့်ပြောပြီး ချာခနဲ လှည့်သွား၏။

မျဉ်းမတ်က ကိုယ်ကို နောက်ပြန်ဆုတ်ကာ မျက်ဝန်း ရှေ့ ပိတ်ထားလိုက်ပြီး...

'ကိုယ်ပြောပြမယ်'

'မပြောနဲ့'

'မပြောလို့မရဘူး၊ မင်းနဲ့မပတ်သက်ဘဲလဲ ကိုယ် နေမှာမဟုတ် ဘူး။ အဲဒါကြောင့် နားထောင်'

'မထောင်ဘူး၊ မျဉ်းမတ် ရှင် ဖယ်နော်'

မျက်ဝန်းက လက်တပြင်ပြင်ဖြစ်လာ၏။ မျဉ်းမတ်က ခပ်မဲ့မဲ့ပြုံး၍ စိုက်ကြည့်သည်။

'ဘာလဲ မဖယ်ရင် တိုက်ခိုက်ထွက်တော့မလို့လား၊ မင်းလို ကိုယ်လို





ပညာမတတ်ပေမယ့် ကိုယ်က အနာခံပြီး ဖွတ်တရွတ် ဆွဲချုပ်မစ်ရှင် မင်း ဘာတတ်နိုင်မှာလဲ'

မျက်ဝန်း မျက်နှာပိုတင်းသွားသည်။ ဝေခွဲမရ ဖြစ်သွားပုံလည်း ပေါ်၏။ အရုပ်ချင်းကလည်းကွာသည်၊ ကိုယ်လုံးကိုယ်ထည်ချင်းက ဘာမှမဆိုင်။

ပြီးတော့ မတတ်ဘူးဆိုတာ ဟုတ်ချင်ဟုတ်မည်၊ ရောင်တိမ်းခုခံ တာလောက်တော့ မျဉ်းမတ် ရတာ သူမ မြင်ဖူးခဲ့၏။

မထိခိုက်အောင်ရှောင်ပြီး အတင်းချုပ်နှောင်ပစ်လိုက်လျှင် သူမ ဘယ်လိုလုပ်မလဲ။

'ကိုယ် အဲဒီလိုမလုပ်ချင်ဘူး။ ပြောတာကို အေးအေးဆေးဆေး နားထောင်ပါ။ ကိုယ်လဲ ကိုယ့်သိက္ခာနဲ့ကိုယ်နေမယ်၊ မင်းလဲ ဒီတိုင်း ဆက်နေသွားရုံပဲ။ ယောကျ်ားကယောကျ်ားအလုပ်လုပ်တာ ဘာဖြစ် လဲ။ မနက်ဖြန် ကိုယ် ငွေယူခဲ့မယ်။ ကြိုထုတ်တဲ့သဘောပေါ့။ အလုပ် ကတော့ သူတို့ခေါ်တဲ့အချိန် ထလိုက်သွားရမှာ။ အဲဒီငွေကို မင်း သဘောရှိတဲ့သဘောနဲ့ဖြစ်ဖြစ် ယူသုံး။ အခုလို မင်း အသေအလဲရှာဖို့ မလိုတော့ဘူး။ ဖြည်းဖြည်းမှဆပ်'

မျက်ဝန်း၏ တွန့်ကုပ်နေသည့်မျက်ခုံးလေးတွေ အနည်းငယ် ပြေကျသွားသည်၊ သေချာလားဆိုသော စူးစမ်းသည့်အကြည့်တွေနှင့် မော့ကြည့်လာ၏။

မျဉ်းမတ်က ပေါ့ပါးစွာပြုံးပြရင်း...

'အဲဒီလိုဆို ကျေနပ်တယ်မဟုတ်လား'

မျက်ဝန်းက မျက်လွှာလေးပြန်ချပြီး တစ်ဖက်လှည့်၏။

'ဘာအလုပ်လုပ်မှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



ဟု မျက်နှာမကြည့်ဘဲ မေးသည်။

'မသေချာဘူး၊ သူ ဖုန်းဆက်မှသိမှာ'

'ဟင် ဘာအလုပ်မှန်းမသိဘဲ ငွေထုတ်ပေးထားတယ် ဟုတ်လား၊ မျိုးမတ် ရှင် မဟုတ်ကဟုတ်ကတွေ လျှောက်လုပ်နေတာလား'

မျက်ဝန်း၏ စကားသံတွေ အကြည့်တွေထဲမှာ ဟိုတုန်းကလို ရင်းနှီးပူပင်မှုလေးတွေ ပြန်လည်ရောပါလာတာကို စူးစိုက်ကြည့်ပြီး မျိုးမတ်က ပြုံးလိုက်၏။

'မင်းနဲ့ဝေးသွားနိုင်တဲ့အလုပ်မျိုးဆို ကိုယ် လုပ်ပါ့မလား'

မျက်ဝန်း ပါးပြင်လေးတွေ အရောင်ပြောင်းသွား၏။ ပြီးတော့ သူ့ရှေ့ကနေ ထွက်သွားလေသည်။ မျိုးမတ်က သူမနောက်က ပြေး လိုက်လာပြီး...

'ည အလုပ်မရှိဘူးဆိုပြီး စောစောမအိပ်နဲ့ဦးနော်၊ ကိုယ် ဂစ်တာ တီးပြမယ်'





အခန်း (၂၈)

ထမင်းအတူစားဖြစ်ကြတော့ ကြက်သားဖတ်တွေကော၊ အသီးအရွက်တွေကော မျက်ဝန်းပန်းကန်ထဲကိုပဲ ရွေးထည့်ပေး၏။

'တော်ပါပြီ၊ ဒီမှာမကုန်တော့ဘူး'

'စားပါ၊ မင်းက အသားတွေ သိပ်မကြိုက်ဘူး မဟုတ်လား။ နှစ်ရက်လောက် မီးပျက်တယ်လို့ကြားတော့ ဒီထိပ်ရောက်နေကာမှ ကိုယ် ပြန်ဝယ်ထား။ ထမင်းစားချိန်ဆိုတော့ ဘာဝယ်ရမှန်းမသိတာနဲ့ သွယ်တာ ဝယ်ခဲ့တာလေ'

'တစ်ပွဲ ဘယ်လောက်ပေးခဲ့ရလဲ၊ မနက်ကလဲ ဒံပေါက်တွေ။ မီး နှစ်ရက်လောက်ပျက်မယ်ဆိုတာကော ရှင့်ကို ဘယ်သူပြောလဲ'

ထမင်း ပါးစပ်ထဲထည့်ကာနီးမှ မျိုးမတ်က ပြုံး၍ မျက်လွှာပင့်ကြည့်၏။

'တစ်ခုစီမေးလေ၊ ဘယ်လိုဖြေရမလဲ'

'ပထမဟာ အရင်ဖြေ'



www.burmeseclassic.com

www.burmeseclassic.com



မျဉ်းမတ်က ခေါင်းညိတ်လိုက်ပြီး စဉ်းစားသလို လုပ်နေသည် ပါးစပ်ထဲထည့်လိုက်ပြီးသည့် ထမင်းကို မျိုချလိုက်ပြီးမှ…

'တစ်ပွဲ ဘယ်လောက်လဲဆိုတာက မသိတော့ဘူး'

'ဟင် ရှင့်ပိုက်ဆံ မပေးခဲ့ရဘူးလား'

'ပေးတယ်လေ၊ စီးကရက်တစ်ဘူးရယ်၊ တစ်သျှူးနှစ်ထုပ်ရယ် ကိုယ် လက်ဖက်ရည်ထိုင်သောက်လိုက်သေးတယ်။ ခေါက်ဆွဲစော ရင်းနဲ့ ပျင်းလို့၊ ရေဆာတာနဲ့ ရေသန့်ဘူးလေးတစ်ဘူး မှာရတယ် အားလုံး စုပေါင်းပေးလိုက်တော့ ခေါက်ဆွဲဖိုး ဘယ်လောက်လဲ မေ တော့ဘူး။ ပြန်ပေးမလို့လား၊ နောက်တစ်ခါ ဝယ်ဖြစ်ရင် မေးခဲ့မယ်'

မျက်ဝန်းက မျက်စောင်းထိုး၏။ မျဉ်းမတ် မျက်လွှာချပစ်ရင်း ပြုံးသည်။

'ဒံပေါက်ကကော'

'ဒံပေါက်က လရောင် ဝယ်ပေးလိုက်တာ။ ကိုယ် ဒီနေ့ အပြ မထွက်တော့ဘူး ပြောလိုလေ။ မနက်က လရောင် လာတယ်'

'သြော်… သြော်'

ကွတ်ကီးတွေ၊ မရန်းပေါင်းတွေကော ပါတာပဲလားလို့ မျက်ဝန်း မမေးတော့ပါ။ ကျေးဇူးလည်းတင်သည်။ ရှက်စိတ်လေးလည်းဖြစ်မိ မပတ်သက်မဆက်ဆံချင်သလို နေခဲ့သော မျဉ်းမတ်၏ ဟိုအခေ ရှစ်ခေါက်ချိုးမျက်နှာကို သတိရလိုက်မိသည်။

ဟိုတုန်းက မျက်ဝန်းကပဲ သူ့ကို အတင်းလိုက်ခေါ်၊ ပြောချင်း ပြော၊ ခုတော့ သူက ချစ်နေသည်တဲ့။

'အဟွတ် အဟွတ်'

သီးပြန်ပါပြီ။ စားသောက်နေတုန်း စိတ်ကို နည်းနည်းလေ





ဘားရောက်ခံလို့မရတာ မျက်ဝန်းအကျင့်ပါပဲ။ ပါးစပ်ထဲမှာ အပြည့် ငုံပြီးမှ ဝါးတတ်သည့်အကျင့်ကြောင့် ခက်သည်။

'မျက်ဝန်း ရော့ ရေသောက်လိုက်'

မျဉ်းမတ်က ရေထခပ်သည်။ ရှက်ပါသည်ဆိုမှ ရှက်ပြီးရင်းရှက်ရ ပြန်သည်။

'ရရဲ့လား'

ချက်ချင်း ပြန်မထိုင်သေးဘဲ မျက်ဝန်း ရေသောက်တာကို သူက ခိမ်တကြီး ငုံကြည့်နေပြန်သည်။ ရေခွက်ချပြီး ခေါင်းညိတ်ပြလိုက်မှ သူ ပြန်ထိုင်ကာ…

'အဲဒီလို သီးတတ်ရင် အစပ်တွေမစားနဲ့'

ပြောပြောဆိုဆို ခေါက်ဆွဲကြော်က ပါလာသည့် အချဉ်ထုပ်ကို သူဘက် ဆွဲယူလိုက်၏။

'ဒီထဲမှာ အစပ်တွေပါတယ်။ သီးတော့ အစပ်တွေစားထားရင် ခံရတယ်ကွ။ ကိုယ် ဖြစ်ဖူးတယ်'

နှစ်ယောက်လုံး သိပ်မစားနိုင်ဘဲ ခေါက်ဆွဲက တစ်ထုပ်ပဲ ကုန် သည်။

'ညဥ့်နက်တော့ ဆာရင် ထစားပေါ့။ မိုးအေးတော့ ချက်ချင်း ဘာမှမဖြစ်လောက်ပါဘူး'

သိမ်းတော့လည်း အပြင်မှာ ပစ်ဖို့စွန့်ဖို့ကို သူ ဝိုင်းကူသည်။

အလုပ်စားပွဲမှာ မျက်ဝန်း ထိုင်တော့ မျဉ်းမတ်က ဂစ်တာဆွဲယူ သာ၏။

'အလုပ်တွေ ရှိနေတာပဲလား'

'ရှိတာပေါ့၊ မနေ့ညက အိပ်မှုန်စုံမွှားနဲ့ မှားတာတွေ ပြန်စင်ရအ



www.burmeseclassic.com

www.burmeseclassic.com



တကယ်က အလုပ်မရှိ အလုပ်ရှာတာပါ။ သူ သီချင်းဆိုတာ လည်း နားထောင်ချင်သည်။ ဒီတိုင်းကြီးလည်း ထိုင်နားမထောင်ချ

အစက ဘာပဲပြောရပြောရ ဘယ်လိုနေနေ စိတ်ထဲမှာ ဘာမှမ ခုကျတော့ သူက ချစ်တယ်လို့ပြောထားခဲ့သည်။ ကိုယ့်ဘက်က ဘ လိုပဲနေနေ သူ ပြုမူပြောဆိုသမျှကို ရိုးသားစွာ ခံယူလို့မရတော့။

'မျက်ဝန်း'

'ဟင်'

'ဘာသီချင်း နားထောင်မလဲ'

'ရှင်ကြိုက်တာ ဆိုပါ'

'ကိုယ့်စီးရီးထဲက အကြိုက်ဆုံးတစ်ပုဒ် ဆိုပြမယ်။ အဲဒီသီချ ရေးကတည်းက မင်းအတွက် ကိုယ် ရွယ်စူးခဲ့တာ'

မျက်ဝန်း စာရွက်တွေထဲကိုလိုက်ကြည့်ရင်း စာတွေကို မြင် လျက်နှင့် မဖတ်နိုင်ဘဲ ဖြစ်နေတော့သည်။ ရင်တွေတုန်ပြီး ဘယ် ကြီးဖြစ်မှန်းလည်းမသိ။

မျှဉ်းမတ်သည် ဟိုညတွေကလို ထိုင်တာမဟုတ်ဘဲ အခန်း ကို ကျောနဲ့ကပ်မှီ၍ မျက်ဝန်းကို ရှေ့ကနေ ထိုင်ကြည့်နေသလို ဂစ် ကို ပိုက်ထား၏။

တေးသွားလေးက စလာကတည်းက နားဝင်ချိုနေ၏။

××××နူးညံ့တဲ့နှလုံးသားနဲ့ကိုယ် ဖြစ်ခွင့်ရချိန်… ဒီအချိန် များ…

…မင်းအပြုံးကြောင့်… ကိုယ့်ဘဝ အားလုံး အချစ်ဖြင့်ပြီး

…အကြင်နာ ဒီမျက်ဝန်းလေးတွေ ပြာလဲ့လဲ့မှာ… ကိုယ့်အတွ ပေါ့…





…မင်း ဘယ်ချိန်များ အချစ်ကြောင့်နဲ့ တစ်ခါတစ်ရံညများ…

…ကြွေပါ… ဝေပါ… ကြင်နာချင်သော ကိုယ့်ရင်ခွင်ထဲ… ပန်း တစ်ပွင့်အဖြစ်…

…ကြွေဆင်းပေးလှည့်ပါ…

…ချစ်တဲ့သူ မျက်ဝန်းပြာ… ပြာလဲ့လဲ့ ချစ်မျက်ဝန်းလေး…

…ကိုယ့်အတွက်က ကောင်းကင်တစ်ခုပါပဲ…

…မင်းလေးဟာ ကိုယ့်ရဲ့ကောင်းကင်ပါ… မျက်ဝန်းပြာ…

'မျှဉ်းမတ်'

မျက်ဝန်း စာရွက်တွေ ကသောင်းကတင်း ချပစ်လိုက်တာလည်း မြင်သည်။ သူ့မျက်နှာသို့ ထိတ်လန့်ချောက်ချားစွာ ကြည့်လာတာကို လည်း စူးစိုက်ကြည့်နေခဲ့၏။ သီချင်းကို ဆုံးအောင်ဆိုပြီးမှ သံစဉ်တွေ ကြည့်ရင်း မေးဆတ်ထူးသည်။

'ရှင်… ရှင် မျက်ဝန်းနာမည်ကြီးကို ထည့်ဆိုထားတယ်'

သီချင်းဆုံးသွားတော့မှ မျှဉ်းမတ်က ဂစ်တာကြိုးတွေကို လက်နဲ့ ဆုပ်ပစ်လိုက်ပြီး

'မင်းအတွက်လို့ ကိုယ်ပြောထားသားပဲ။ ဒါပေမယ့် မင်းကိုဆိုထား မှန်း လူတိုင်း မသိပါဘူး။ မျက်ဝန်းအရောင်က တင်စားပြီး ဖွဲ့နွဲ့ကြတာ

'အို… ဘာဖြစ်ဖြစ် မျက်ဝန်း မကြိုက်ဘူး။ အလိုလိုကမှ လူတွေ က ရှင်နဲ့မျက်ဝန်းကို ဘာလိုလို ပြောနေကြတာ'

'အဲဒီတော့ ဘာဖြစ်လဲ၊ မကျေနပ်ရင် စီးရီးထွက်ပြီးတာနဲ့ လက် ထပ်မယ်'

'ရှင်… ရှင် ဘာပြောတယ်'



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်း ဆတ်ခနဲ ထရပ်၏။ မျိုးမတ်က ဂစ်တာကို ... ချထောင်ထားလိုက်၏။

'လူတွေပြောနေကြတာ မင်း သိတယ်ပေါ့'

'သိတယ်၊ ကိုယ် ရိုးသားရင်ပြီးတာပဲ ဆိုပြီး မျက်ဝန်းက ဂရုမစိုက်ခဲ့တာ'

မျိုးမတ်က လေးတွဲ့စွာ ထရပ်လိုက်ပြီး မျက်ဝန်းရှေ့ကို ... သည်။ ဒေါသနှင့် စူးစူးလက်လက်ဖြစ်နေသော မျက်ဝန်းပြာလေးတွေကို စီးမိုးကြည့်၏။

'သိပ်လှတဲ့ မိန်းကလေးတစ်ယောက်ဟာ အမူအရာ၊ အပြောအဆို၊ ရယ်တာပြုံးတာ အားလုံးက အရမ်းချစ်ဖို့ကောင်းနေတယ် ကိုယ် ဘယ်လောက်ထိ ရိုးသားပေးရမလဲ ပြောပါဦး'

'မသိဘူး၊ ရှင် အဲဒီမျက်လုံးနဲ့ မကြည့်ရင် ဘာမှမဖြစ်ဘူး။ ... လက်လွှတ်စပယ်လုပ်ချပစ်လိုက်တာ မျက်ဝန်း စိတ်ဆိုးတယ် သိလား သူငယ်ချင်းတွေမေးရင် ဘယ်လိုပြောရမလဲ'

'အဲဒါ ငါ့ချစ်သူလို့ ပြောလိုက်ပေါ့'

'ဘာ'

'မင်းကိုချစ်တယ်'

'ရှင်...'

'ကိုယ် လက်ထပ်မယ့်မိန်းမဟာ မင်းကလွဲပြီး တခြားတစ်ယောက် မဖြစ်နိုင်ဘူး'

'ရှင် ရူးနေပြီ'

မျက်ဝန်း မျက်နှာမထား့တတ်ဖြစ်လာကာ ရှောင်ထွက်ဖို့ ကြိုး...၏။ မျိုးမတ်က လက်မောင်းလေးတစ်ဖက်ကို ဖမ်းဆွဲထားကာ...





'ဟုတ်တယ်၊ ကိုယ် ရူးနေပြီ၊ ချစ်နေတာကို ရိုးသားချင်ယောင်ဆောင်ပြီး နေပေးရမှာ တကယ်ရူးသွားနိုင်တယ်'

ကိုင်ထားသည့်လက်ကို ဖယ်ချတာ မရဘဲ နောက်ထပ်တစ်ဖက်ကို ထပ်ကိုင်ပြီး ဆွဲယူလိုက်တော့ မျက်ဝန်း လိပ်ပြာလွင့်မတတ် ဖြစ်သွား၏။

တိုက်ခိုက် ကန်ကျောက်ပြီး တုံ့ပြန်ဖို့ စိတ်ကူးတွေလည်း ဘယ်ရောက်ကုန်မှန်းမသိ။

'မျက်ဝန်း'

'မျိုးမတ် ရှင် အဲဒီလို မစောင့်စည်းနိုင်တဲ့ ယောကျ်ားလားဟင်၊ မျက်ဝန်းက ရှင့်ကို အထင်ကြီးစိတ်နဲ့ ဆက်ဆံခဲ့တာ'

မျိုးမတ် လက်တစ်ဖက် ပြုတ်ကျသွားသ်။ ငုံ့မိုးကျလာသော မျက်နှာဟာ ရှေ့ဆက်မတိုးဘဲ ရပ်တန့်သွားလေသည်။

ပြီးတော့ ပခုံးမှာ ကိုင်ထားသည့်လက်က တဖြည်းဖြည်း လျှောကျကာ လက်ဖျားလေးကျမှ ဖျစ်ညှစ်ဆုပ်ကိုင်ပြီး...

'မင်း မကြည်ဖြူဘဲ ကိုယ် ဘာမှ မယူဘူး၊ ဒါပေမယ့် ချစ်နေခွင့်တော့ပေးပါ။ ရိုးသားဖို့ ထပ်မပြောဘူးဆိုရင်...'

'ဒါကတော့...'

မျက်ဝန်းက လက်ဖဝါးလေးကို ဆောင့်ရုန်းသည်။ မရတော့ မျက်နှာလေးမော့မလာတော့ဘဲ တစ်ဖက်လှည့်ပစ်၍...

'ရှင် အဲဒါတွေပြောပြောနေရင် မျက်ဝန်း ဘယ်လိုလုပ်နေရမလဲ'

'မနေတတ်အောင်ရှက်နေတဲ့ ချစ်သူကို ထိုင်ကြည့်နေရတာကို ... တစ်သက်မှာတစ်ခါ မမေ့နိုင်တဲ့ ရင်ခုန်ခြင်းတွေပဲ။ ကိုယ် မညာ... ဆယ်တန်းကျောင်းသားဘဝမှာ ရည်းစားထားခဲ့ဖူးတယ်။ ရည်းစား



www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့ကောင်က မင်းသားလိုဖြစ်နေတော့ သူများကို အားကျပြီး လိုက် ထားတာ၊ ရည်ရွယ်ချက် ဘာမှမရှိဘူး။ မတွေ့ရရင် မနေနိုင်တာတွေ သူ့အသံလေးကြားတာနဲ့ ပျော်နေတာ၊ မျက်နှာကိုမြင်လိုက်တာနဲ့ ရင်တွေခုန်တာ ကိုယ် ဘာမှ မဖြစ်ခဲ့ဖူးဘူး။ အဲဒီကောင်မလေး နောင် တစ်ယောက်တွဲတော့ သူငယ်ချင်းတွေရှေ့မှာ ရှက်သလိုလိုဖြစ်တာမျိုး ခံစားရတယ်။ အဲဒီ နောက်နေ့မှာ ပြတ်သွားတာပဲ'

ပြောရင်း သက်ပြင်းချကာ မျက်ဝန်းလက်ဖဝါးလေးကို ဖိဆုပ်ထား၏။

'ရေလှိုင်းဆိုတဲ့ နာမည်အတိုင်းပဲ သူ့အကျင့်ကို သိတော့ ရည်းစား ထားတာကို ဂုဏ်ယူစရာလို့ထင်ပြီး သူ့စီနီယာထဲ ပါခဲ့မိတဲ့ အဖြစ် အတွက် ယူကျုံးမရ ဖြစ်မိသေးတယ်။ ပြီးတော့ ဘာဆက်ဖြစ် သိလား'

မျက်ဝန်းက မော့ကြည့်လာ၏။ မျဉ်းမတ်က သဘောကျသည် ပြုံးကာ နေရာမှာ ပြန်ထိုင်လိုက်သည်။

မျက်ဝန်းလက်ကလေးကို ဆွဲယူ၍ သူ့ရှေ့ထိရောက်လာ မျက်နှာလေးကို မော့ငေးကာ...

'သူက ကိုယ့်မရီး ဖြစ်လာတယ်'

'ဟင်...'

'ဟုတ်တယ်၊ မျက်နှာပူစရာကြီးကွာ။ ပြီးတော့ အဲဒီတစ်ယောက် က ပါးစပ်ပေါ့တယ်။ သူ့အကြောင်း ကိုယ်က သိနေတော့ အစ်ကို တားလို့လဲမရတော့ဘူး။ ရင်ဆိုင်မိကြရင် သူ အပြောအဆို မဟုတ်တ နဲ့ မျက်နှာပူစရာတွေဖြစ်ကုန်မှာ'

'ရှင် ဝန်မခံရဲတာကော မဖြစ်နိုင်ဘူးလား။ ရင်မဆိုင်ရဲဘူး ဆိုတ မရီးသားတာပဲ'





'အစ်ကိုလဲ ဒီလိုပဲ ကိုယ့်ကို စွပ်စွဲခဲ့ဖူးတယ်။ ရည်းစားဖြစ်ဖူးတယ် ဆိုတဲ့ အမည်းစက်နဲ့ ကိုယ် ဘယ်လောက်ရှင်းရှင်း ရှုပ်မှာပဲ'

'သြော် လက်စသတ်တော့ ရှင် အသည်းကွဲပြီး ရန်ကုန် ရောက် လာတာကိုး'

'မျက်ဝန်း မရိပါနဲ့ကွာ၊ လွန်ခဲ့တဲ့ ခြောက်နှစ် ခုနစ်နှစ်က ကိစ္စတွေ ဘာမှလဲ စွဲလမ်းခဲ့တာ မရှိဘဲနဲ့ ဘာကိုခံစားရမှာလဲ။ မင်းနဲ့လက်ထပ် ပြီးရင် ကိုယ် ပြန်မှာ'

'ရှင့်ကို ဘယ်သူက လက်ထပ်မယ် ပြောလို့လဲ'

'ကိုယ့်ဘက်က သေချာပြီးတာကို ပြောတာ'

မျက်ဝန်းက တစ်ဖက်လှည့်ပြီးမဲ့တော့ မျဉ်းမတ်က ရယ်လိုက်၏။

'မဲ့လိုက်တာလား။ မင်း ကိုယ်ကလွဲပြီး ဘယ်ကောင်နဲ့မှ လက် ထပ်လို့မရအောင် လိုက်ရှုပ်ဖို့ အခွင့်အရေးတွေ ကိုယ့်မှာရှိတယ်၊ ပြောရမလား'

'ရှင်နော်'

'မပြောနဲ့ဆို မပြောပါဘူး၊ ကိုယ့်နားက ဘယ်မှမသွားသရွေ့ မင်း ရဲ့သဘောအတိုင်း ကိုယ်ပဲ...'

မျက်ဝန်းက မျက်စောင်းထိုး၏။ မျဉ်းမတ်က စူးစိုက်ကြည့်နေ ကာ...

'သိပ်လှတာပဲ'

ဟု တိုးတိုးလေး ပြော၏။ သူသည် မတ်တတ်ထရပ်လိုက်ကာ ထောင်ထားသည့် ဂစ်တာကို ကောက်ယူလိုက်သည်။

မျက်ဝန်း၏ ပခုံးလေးဘေးကနေ ကပ်ကပ်လေး ရှောင်ထွက် သွားရင်း...



www.burmeseclassic.com

www.burmeseclassic.com



'အိပ်တော့နော်'

လို့ ပြောသွားလေသည်။

ဆံပင်တွေကို သူ နိုးနမ်းသွားသည်ကို သိလိုက်၏။

တစ်ကိုယ်လုံး ရှိန်းဖိန်းပူထူကာ လက်ဖျားနှစ်ဖက်ဟာ ရေခဲတုံးတစ်တုံးကို ကြာမြင့်စွာ ကိုင်ထားပြီးမှ လွှတ်ချပစ်လိုက်သလိုမျိုး။

သူများ နိုးနမ်းသွားတာ တွေးမိပြီး...





အခန်း (၂၉)

'မျက်ဝန်း'

ခေါ်သံကြောင့် နောက်ကိုလှည့်ကြည့်လိုက်မိသည်။ ဘယ်သူ့ကိုမှ မတွေ့သောကြောင့် ပြန်လှည့်လိုက်တော့...

'မျက်ဝန်း ခဏ'

'ဟင်'

နောက်ထပ်ခေါ်သံက သေချာသွားသည်မို့ မျက်ဝန်း မျက်နှာကော၊ လူကော လှည့်လိုက်မိလေသည်။

ထိုအခါ လမ်းဘေးမှာ ကပ်ရပ်သွားသည့် ကားလေးထဲမှ ဦးသန်းအောင် ထွက်လာ၏။ စီးရီးထုတ်ဖို့ကိစ္စတွေမှာ သူပဲ အစစအရာရာ ကူညီပေးနေခဲ့တာဖြစ်သည်။

'ဦး ဘာဖြစ်လို့လဲဟင်'

ဦးသန်းအောင် ခပ်သွက်သွက်ထွက်လာတာမြင်တော့ မျက်ဝန်းကလည်း ကားဆီ ပြေးသွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



'မျက်ဝန်း ညည်း ဘာမှမသိဘူးလား'

'ဘာဖြစ်လို့လဲ၊ ဘာကိုလဲ ဦး'

'ညည်း အခု ဘယ်ကပြန်လာတာလဲ'

'ဦးဆီကိုပဲ သွားမလို့၊ အသေးစရိတ် ကျန်တာအတွက် လာပေး ရင်းနဲ့ အားလုံး တွက်ရအောင်လို့'

'အဲဒီပိုက်ဆံက ညည်းပိုက်ဆံလား၊ မျဉ်းမတ် ပေးတာလား'

'ရှင်...'

မျဉ်းမတ် ပေးတာပါလို့ မပြောရဲသဖြင့် မျက်ဝန်း ရုတ်တရက် ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ ဘာဖြစ်ဖြစ် သိပ်မကြောက်တတ်ပေ မယ့် အခုက မျဉ်းမတ်ဆီကငွေကို ချေးသည့်သဘောနှင့် ခဏယူထား ရသည့်အဖြစ်အား ချက်ချင်းကြီး ရှင်းသွားအောင် ဘယ်လိုပြောမလဲ။

ထို့ပြင် ဒီကိစ္စတွေကို ဦးသန်းအောင် ဘာဖြစ်လို့ စိတ်ဝင်တစား မေးတာလဲ၊ ဘာဖြစ်လို့ သိနေတာလဲ စသည့် မေးခွန်းတွေ ခေါင်းထဲ ရောက်လာ၏။

ဦးသန်းအောင်က မျက်ဝန်း မျက်နှာပျက်သွားတာကို စိုက်ကြည့် ကာ...

'ငါထင်တယ် အဲဒီငွေကြောင့်ပဲဆိုတာ။ ညည်းတို့နှစ်ယောက်ဟာ ဘာဖြစ်ဖြစ် မပွင့်လင်းဘူး။ လူငယ်တွေ အလုပ်လုပ်ချင်ကြတာကို ကို လူကြီးတွေက နားလည်တယ်။ လုပ်ငန်းရှင်ကြီးတွေမှမဟုတ်ကြသေး တာ မပြည့်စုံတာတွေက ရှိနေမှာပဲ။ အဲဒါကို တိုင်ပင်ရမှာပေါ့။ ငါတို့တွေ ဒီလောက်ပွင့်ပွင့်လင်းလင်း ပြောဆိုကူညီနေတာတောင် ညည်းတို့ ဒီလိုဖြစ်ကုန်ကြတာ'

'ဦး ဦး ဘာတွေပြောနေတာလဲဟင်၊ အခု ဘာဖြစ်လို့လဲ'





'ညည်းကို မျဉ်းမတ် ပိုက်ဆံပေးတာ ဟုတ်တယ်မဟုတ်လား'

'ဟုတ်'

'အဲဒီပိုက်ဆံတွေ သူ ဘယ်ကရတယ်လို့ ပြောလဲ'

မျက်ဝန်း ဘာမှမဖြေနိုင်တော့ပါ။ ဖြေဖို့မလိုသော်လည်း နားလည် လိုက်ပြီဖြစ်၏။ ငယ်ထိပ်ကို မိုးကြိုးပစ်ချခံလိုက်ရသလို မိုက်ခနဲ ဝုန်း ခနဲ ပေါက်ကွဲကုန်သည်။

မျဉ်းမတ် တစ်ခုခု လုပ်ပြီ။

'သူ... သူ... အခု...'

ဆက်မမေးရဲဘဲ တုန်ယင်သောစကားသံတို့က ဒီမှာတင် ရပ်၏။

'ညည်း ဘာမှမသိဘူးမဟုတ်လား။ ငါထင်သားပဲ၊ လာ ကားပေါ် တက် လမ်းကျမှ ပြောမယ်၊ မမီလိုက်ဘဲနေမှာစိုးလို့'

'ဟင်'

မျက်ဝန်း ကားပေါ်ကို ဘယ်လို ဘယ်ပုံစံ ရောက်သွားမှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၀)

အဖြူရောင်ရှော့ပင်နှံ တီရှပ်အဖြူလေးနှင့် အဖြူရောင် ခေါက် မြင့်ဖိနပ်လေးကို စီးထားသော မျက်ဝန်းသည် ကားပေါ်က ပြေးဆင်း ခြင်းနှင့် ဘူတာကြီးထဲကို အရောက်ပြေးခြင်းအား မရပ်မနား ဖြစ်ခေ ခဲ့၏။

ဆံပင်တွေ လွင့်ခါ၍ ဖြစ်ချင်တိုင်းဖြစ်၊ လွင့်ချင်တိုင်းလွင့်နေ မျက်ရည်တွေက တိတ်တိတ်လေးလျှောဆင်းကာ မေးဖျားမှာ ခဏ လေးပဲ ယိုးလေးခိုသည်။ ပြီးတော့ တဖြုတ်ဖြုတ် ကြွေဆင်းကုန်၏

'ဂျထားလမ်းဖောက်တဲ့ဆီကို လိုက်မယ်ဆိုပြီး ငွေကြိုယူလိုက် တာတဲ့။ အဝေးကြီးပဲဆိုတာတော့ သေချာတယ်။ အဲဒီဘက်မှာ ရော ဘယတွေလဲပေါတယ်။ အလုပ်က တကယ့်အလုပ်ကြမ်းပါကွာ။ ဒီ ကောင်လေး တော်တော်ကိုမိုက်တယ်။ ကိုယ်လဲ အင်ဂျင်နီယာဘွဲ့ ရပြီးသား။ ငါ့ကို လရောင် ဖုန်းဆက်ပြောတာ။ သူတားတာ မရဘူးတဲ့။ ဆယ့်ငါးရက်ပဲကြာမယ်လို့ ပြောသတဲ့။





အလုပ်ကြမ်းနဲ့ပဲလိုက်လိုက်၊ ပညာအဆင့်နဲ့ပဲဖြစ်ဖြစ် ဒီလောက် ကြမ်းတဲ့ခရီးကို လိုက်စရာလား။ ဒီမှာလဲ ရုံးကျတာနဲ့ လုပ်ငန်းတွေ စတော့မှာ၊ အားလုံး အဆင်သင့်ဖြစ်အောင် ငါတို့ ပြင်ထားကြတာပဲ။ အဲဒါကို လရောင်ကပြောတော့ ထုတ်ဝေခွင့်ရုံးမကျခင် ဒီတိုင်း ထိုင် နေချင်လို့တဲ့။ သူ့ကို မပူပါနဲ့တဲ့။ ညည်းကိုပဲ စောင့်ရှောက်ပေးပါတဲ့။ ညည်းအတွက်ပဲ သူ ပူတာတဲ့ ကဲ'

ဘာပူတာလဲ၊ ပြေးနေရင်း အင့်ခနဲ ရှိုက်လိုက်မိသည်။ ကားပေါ် မှာ ကားမောင်းနေရင်း ဦးသန်းအောင် သူ သိသမျှ အားလုံး ပြောပြခဲ့ သည်။ မျက်ဝန်းကိုကျတော့ မျဉ်းမတတ် ဘာမှမပြောခဲ့ပါ။

အလုပ်လုပ်ရမှာဆိုတာကို ခုလိုပဲ သွားရင်းပြန်ရင်း လုပ်လို့ရတဲ့ အလုပ်တစ်ခုခုလို့သာ မျက်ဝန်းက တွက်ထားခဲ့သည်။

အားလုံး ဘာကို အားထားနေကြတာလဲ၊ ဘာအတွက် ငိုင်းကြီးစား နေကြတာလဲ၊ ဒါကို သူ မသိဘူးတဲ့လား။

တကယ်ဆို စီးပွားရေးကို ခေါင်းစဉ်တပ်ထားခဲ့တာပဲရှိသည်။ မျက်ဝန်း ကြားသမျှ မြင်သမျှ သူ့မာနနဲ့ ဝါသနာကြားမှာ အခက်အခဲ တွေ ဖြစ်နေတာကို ကူညီချင်တာ သက်သက်ပါ။

ဒီထဲမှာ ဘာအညစ်အနွမ်းမှာ မပါခဲ့တာလည်း အခိုင်အမာပဲ ဖြစ် သည်။ တစ်ဖက်သား ကိုယ့်ရှေ့မှာ အပြောအဆို အနှိမ်အချ ခံနေရ သည်၊ စိတ်ဆင်းရဲနေရသည်ဆိုလျှင် ဘယ်သူပဲဖြစ်ဖြစ် အဆင်မပြေမှု ကြောင့် ဆင်းရဲနေရပြီဆို မျက်ဝန်း မနေနိုင်တာက ငယ်ကျင့်။ ပြီးတော့ သူ့အသံကိုကြားဖူးလိုက်တာနှင့် နှစ်သက်သွားခဲ့၏။

ဒီအသံ၊ ဒီလို အနုတ်အသိမ်းတို့ဟာ ရပ်ကွက်ထဲမှာ ဖြစ်သလို အော်ဟစ်ဆိုနေကြတဲ့အသံမျိုးတွေနှင့် ဘာမှမဆိုင်။ ဒီလူ အေးငြိမ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်သည်ဟု ကိုယ့်ဟာကိုယ် ယုံကြည့်၍ အားဖြည့်ခဲ့သည်။ သူ့ကျတော့ လူကို ဘာမှမပြော၊ မတိုင်ပင်ဘဲ အလုပ်ကြမ်းနှင့် ခရီးထွက်သွားဖြတဲ့ သူပေးခဲ့သည့်ငွေတွေ ကျောပိုးအိတ်ထဲမှာ ရှိနေသေးသည်။

'မျဉ်းမတ် မျဉ်းမတ် ရှင် နေဦး'

ဘူတာထဲမှာ ရုတ်ရုတ်သဲသဲတွေ ဖြစ်နေပြီ။ ခရီးသွားကြမည့် အလုပ်သမားအုပ်စုတွေက အများဆုံးပဲဖြစ်ကာ ထိုထဲမှာ မျဉ်းမတ်၏ မြင့်မားသောအရပ်က အများထဲမှာ ခေါင်းတစ်လုံးကြော့နေ၏။

ဘယ်ကကြည့်ကြည့် ထင်းနေသည်။ သူ ကြားကြားမကြားကြား မျက်ဝန်း လှမ်းအော်သည်။ မျဉ်းမတ်က မကြားပါ။

ကျောပိုးအိတ်နှင့်ပဲဖြစ်ကာ ဆံပင်တစ်ချက်နှစ်ချက် သပ်နေတာ တွေ့၏။ ပြီးတော့ ရထားဆီသို့ ခြေလှမ်းနေပြီ။

'ဟင့်အင်း မသွားရဘူး မျဉ်းမတ်'

မျက်ဝန်း ပြေးနှုန်းကို ပိုမြှင့်သည်။ တအားကျုံးခေါ်လိုက်တော့ မျဉ်းမတ် တုံ့ခနဲရပ်သွားတာတွေ့၏။

ထို့နောက် နောက်ကို အံ့သြဟန်နှင့် လှည့်ကြည့်လေသည်။

'မျဉ်းမတ်'

မျက်ဝန်း ထပ်ခေါ်သည်။ မျဉ်းမတ် မြင်သွား၏။ သူ လူတွေကို ရှောင်ရှားရင်း ခြေလှမ်းကျဲများနှင့်လျှောက်သည်။

'မျက်ဝန်း'

'မျဉ်းမတ် လူညစ်၊ ရှင် တော်တော် အသိဉာဏ်မရှိတဲ့လူ'

ရင်ဘတ်ချင်းပစ်ဆောင့်တော့မတတ် အရှိန်နှင့် ဝစ်ဝင်လာသည့် မျက်ဝန်းပခုံးလေးကို မျဉ်းမတ်က ဆီး၍ ထိန်းကိုင်ထားလိုက်သည်။

မျက်ဝန်းက ဖုတ်လိုက်ဖုတ်လိုက်ဖြစ်အောင် မောနေတာကို





မှန်းမသိ။ ပါးစပ်ထဲမှာ ရှိသမျှ အကုန်ပြောချကာ ဒိုလည်းဒိုသည်။ သူ့ရင်ဘတ်ကိုလည်း ထုနှက်ရိုက်ပုတ်၍

'ရှင့်မျက်နှာကြီးနဲ့ ဝေါလ်ရှိမှာ ကြော်ငြာတွေ ပြီးနေပြီလေ။ ကျောပူခေါင်းပူနဲ့ ရှင့်အသံတွေ ပျက်ကုန်ရင် ဘယ်လိုလုပ်မလဲ။ မျက်နှာမှာ ဒဏ်ရာဒဏ်ချက်တွေ ဖြစ်ကုန်မှာ မသိဘူးလား။ လူကို ဘာမပြောညာမပြောနဲ့ လုပ်သွားတာ ကောင်းသလား၊ ရော့... ပြန်ယူ သွား'

မျက်ဝန်းက ကျောပိုးအိတ်ကို ဖြုတ်ချ၍ မျဉ်းမတ်ရင်ခွင်ထဲ ပေါက်ထည့်လိုက်သည်။

'သူတို့ငွေတွေ အခု ပြန်ပေးလိုက်၊ ရှင် မျက်ဝန်းနဲ့ ပြန်လိုက်ခဲ့'

'ဟာ မရဘူး မျက်ဝန်း'

'ဘာလို့ မရရမှာလဲ၊ ဒီမှာ လုပ်ငန်းတွေ စထားပြီးမှ ရှင် ဘာအရှုံး တာလဲ၊ ကိုယ့်ဘက်က ပျက်ကွက်တာမို့လို့ နှစ်ဆပြန်လျော်ရမယ် ဆိုလဲ လျော်ပေးမယ်လို့ပြော၊ ပေးလိုက်လေ၊ သွားပေးလိုက် သွား'

'မျက်ဝန်းရယ် ရထားက ထွက်တော့မှာ၊ ဒါ ကလေးကစားစရာ ခဲ့တာမှမဟုတ်ခဲ့တာ။ နှစ်ဆ ပြန်လျော်ရမယ်ဆိုလဲ အခု မင်း လာတာ နှစ်ဆတောင် မကဘူး၊ ကိုယ့်ဆွဲကြိုး ရောင်းထားတဲ့ငွေလဲ တဲ့ဟာ'

'ဟင်...'

'ပြီးတော့ ကိုယ်က ငွေကို ကြိုယူထားခဲ့တာ ကလေးကလား လိုက်၊ အမ်းလိုက်နဲ့ ကောင်းမလား'

'ဩော် ဒါကျတော့ ကလေးကစားတာမဟုတ်ဘူးတဲ့။ မျက်ဝန်း ထားတဲ့ အလုပ်တွေကျတော့ ရှင်က ကလေးကလား လုပ်ခဲ့တာ ပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူး၊ ကိုယ်ပြောတာက...'

'မပြောနဲ့ မသိဘူး၊ သွားပေးဆိုပေး၊ မပေးဘူးလား ဘယ်သူ လူကြီး၊ မျက်ဝန်း သွားပေးမယ်'

'မျက်ဝန်း'

လူတွေ ရထားပေါ် ရောက်ကုန်ကြပြီ။ မျက်ဝန်းလက်ကို ထားရင်း မျဉ်းမတ်မျက်နှာ ရှုံ့မဲ့ညိုမှောင်နေလေသည်။

'ကိုယ် တောင်းပန်ပါတယ်ကွာ ပြန်ပါ၊ ဒီဆယ်ရက် ဆယ့်ငါး လောက်မှာ စီးရီးဖြန့်ဖို့ကိစ္စ မဖြစ်သေးပါဘူး။ ကိုယ် ဒီတိုင်းထိုင်မနေ တာ တကယ်ပါ။ ဒီရက်လောက်နဲ့ ရတဲ့ငွေလဲ မက်လောက်စရာ လက်ခံခဲ့တာ'

'အဲ့ဒါ အဆမတန်ပေးပြီး ရှင် သေအောင် ပင်ပန်းမှာ သိရဲ့လား မျဉ်းမတ် ရှင် နည်းနည်းမှကို အသိဉာဏ်မရှိတော့ဘူးလား'

'ဟုတ်တယ်၊ အသိဉာဏ်မရှိဘူးလို့ပဲ မှတ်လိုက်ပါ။ ကိုယ့်မျက် ထဲမှာ မင်း ညစဉ်ညတိုင်း ပင်ပန်းနေတာကိုပဲမြင်တယ်။ အဲဒီမြင်ကွင်း မမြင်ချင်ဘူး။ မင်း မပင်ပန်းဘဲ ကိုယ် ပင်ပန်းနေရင် ကျေနပ်တယ် ဒါပဲကွာ မင်း ပြန်တော့'

'မျဉ်းမတ် ရှင်...'

မျဉ်းမတ် သူမကို ကျောခိုင်းပစ်လိုက်သည်။ ကျောနောက်က ထုနှက်လိုက်လာတာကို သိသည်။ ဝတ်ထားသည့် ဂျာကင်အင်္ကျီ ဆုပ်ဆွဲဆောင့်ခါနေတာလည်း သိ၏။

မျက်ဝန်းသည် ရှိုက်ကြီးတငင် ငိုကြွေးကာ...

'ရှင့်ကို မုန်းတယ် သိလား၊ ရှင့်ကို ဘယ်တော့မှ ခွင့်မလွှတ် အဲဒီမာနတွေကို တစ်သက်လုံး ရှင် ထမ်းပိုးထားလိုက်'





မျက်ဝန်းရယ်။ သူ ရထားပေါ်တက်လိုက်ပြီးမှ ပြန်လှည့်ကြည့်မိ သည်။ မျက်ဝန်းသည် လူအချို့ ဝိုင်းကြည့်နေသည့်ကြားမှ ကလေး ငယ်တစ်ဦးလို မျက်ရည်ကို လက်ခုံတို့နှင့် ပွတ်တိုက်သုတ်နေ၏။

သူမဘေးသို့ ဦးသန်းအောင် ရောက်လာတာမြင်ရချိန်တွင် ရထား ကြီးက ဘီးလိမ့်ထွက်ခွာစပြု၏။

သူ ထွက်လာခဲ့စဉ်က မျက်ဝန်းကို စိတ်မချနိုင်သော ပူပင်မှု ကြောင့် ငါ မှားပြီလားဟု တွေးမိသေးသည်။

မျက်ဝန်း သူ့အပေါ် ဒီလောက်ထိ ပူပန်စွာ တားဆီးလိမ့်မည်ဟု လည်းမထင်၊ သူ့အတွက် မျက်ရည်တွေ ဒီလောက်ထိ ပုံအောလူးလိမ့် လာလိမ့်မည်လို့လည်း မတွေးမိခဲ့ပါ။

မျက်ဝန်း၏ မျက်ရည်တို့သည် စီးရီးမထုတ်ဖြစ်မှာစိုး၍ မဟုတ်။ သူ့ကို သွားခွင့်မပြုလိုခြင်းသက်သက်ပဲဆိုတာ နှလုံးသားက သိနေ သည်။

ဒါပေမယ် သူဟာ ယောကျ်ား။ သူ ဆုံးဖြတ်ချက်တစ်ခုကို ဒီ လောက် လျှော့ရိလျှော့ရဲ ပြောင်းလဲမပစ်နိုင်။ ဒီရက်ပိုင်း ဒီကာလလေး ငွေ ဒီလောက်လောက် လိုနေသည်။

ရနိုင်ဖို့ အခွင့်အရေးက မထင်မှတ်စွာ ဆက်သွယ်ခဲ့မိသည့် ဒီ လုပ်ငန်းပဲရှိသည်။ တွက်ကြည့်လိုက်တော့ ဒီရက်ပိုင်းကလေးမှာ သူ စွန့်စားဖို့အတွက် အခက်အခဲမရှိနိုင်ဆိုသော အဖြေက ထွက်လာ

ထို့ကြောင့် လုပ်မယ်လို့ ခေါင်းညိတ်ခဲ့သည်။ ငွေကို လက်ခံရယူ က ဝမ်းလည်းသာသည်။ ဆက်သွယ်ပေးခဲ့သူကိုကော ငွေထုတ် တဲ့ ဆောက်လုပ်ရေးမန်နေဂျာကိုကော ကျေးဇူးတင်လို့မဆုံး။



www.burmeseclassic.com

www.burmeseclassic.com



ခုချက်ချင်းပဲ မလိုက်တော့ပါဘူးလို့ ပြန်ပေးဖို့ရာ ကိုယ်ဟာ လူသာ ဆင်းရဲချင်ဆင်းရဲလိမ့်မည်၊ စိတ်ဓာတ်ဆင်းရဲမခံနိုင်ပါ။

ငိုရှိုက်ကျန်ရစ်ခဲ့သော မျက်ဝန်း၏ မျက်ရည်တို့က ပူလောင်ပြင်းပြစွာ နိုပ်စက်နေကြသည်။ အစက ဒီလိုမှန်းသိရင် မင်း ငိုရအောင် ကိုယ် မပြုခဲ့ပါဘူး မျက်ဝန်းရယ်။ ဒါပေမယ့် ကိုယ်ပဲ စခဲ့မိတာ ကိုယ် အဆုံးသတ်မှဖြစ်မယ်။

ဒါဟာ မာနပေမယ့် မင်းနဲ့ပြိုင်ဆိုင်လိုတဲ့မာန မဟုတ်ဘူး။

✧ အချစ်ဟာ မာန မဟုတ်ပါဘူး။
ဘယ်အချိန်၊ ဘယ်နေရာ၊ ဘယ်အကွက်ဖြစ်ဖြစ်
မာနက အရောင်ရင့်တယ်။
ဒါပေမယ့်...

✧ အချစ်အတွက်ဆို သူဟာ အဖြူထည်သက်သက်ပါ
မျဉ်းဖြောင့်တစ်ကြောင်းဟာ အချစ်ဆိုရင်...
မာနက ကောက်ကွေ့ကြောင်းတစ်ခုပေါ့။
အချစ်ကို မနကြီးနိုင်တဲ့လူတွေ မပျော်ကြပါဘူး။
တကယ်တော့...
အချစ်ဟာ ခွန်အားပါ။





အခန်း (၃၁)

မျက်ဝန်း ပြေးရပြန်ပါပြီ။

ကြောက်လန့်၍ စွန့်ခွာထွက်ပြေးရခြင်းမဟုတ်။ ဆင်းရဲဒုက္ခပူပန်ခြင်းများစွာဖြင့် ကျောပိုးအိတ်လေးလွယ်ပိုး၍ ပြေးပြီးရင်းပြေးနေရသော သူမဟာ မျက်ဝန်းပြာပဲ ဖြစ်ပါသည်။

ဆေးရုံကြီး၏ အရေးပေါ်ဆောင်ထိ တောက်လျှောက် ပြေးသွားခဲ့ရင်း မောဟိုက်နေသည့်ရင်ကိုဖွင့်ကာ နှုတ်ခမ်းလွှာတို့ကို ဟထားရသည်။

'အားလုံးပဲ နင့်ကို ရှာနေကြတာ ကြာပြီ။ ကိုယ်ရောင်ဖျောက်ကောင်းလိုက်တာ မျက်ဝန်းရယ်။ အခု အခြေအနေ တော်တော်ဆိုးနေပြီ'

မေမေ မေမေ ဘာမှမဖြစ်ဘူး။ ပြေး၍ မောနေသောအရှိန်ဖြင့် မျက်ရည်တို့က မျက်ဝန်းထဲမှာပဲ ဝေ့လျက် ပြိုဆင်းမလာခဲ့ပါ။

ဘယ်လိုမှ မထင်။ မယုံနိုင်ခြင်းကြောင့် ငိုဖို့တောင် မေ့နေမိသည်။ ရန်ကုန်ကို စွန့်ခွာသွားခဲ့ပြီး ထင်သလိုနေပစ်ခဲ့ကာ မကြာလှပေမယ့် လေးလနီးပါးလောက် ရှိပြီထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကာလလေးမှာ အပြောင်းအလဲတွေ အများကြီး ဖြစ်ခဲ့သည်တဲ့။

မေမေ ရောဂါ ထူနေခဲ့သည်။ ဦးတင်က ဖောက်ပြန်သည်။ မေမေက မျက်ဝန်းကို ရှာနေချိန်မှာ မျက်ဝန်းက မရှိ။

စည်းစိမ်ဥစ္စာနှင့် ပတ်သက်ပြီး ဦးတင်က ပြဿနာရှာသည်။ ထိုအခါ မေမေသည် မျိုသိပ်ထားခဲ့ရသမျှ ဦးတင် ဖောက်ပြန်နေတာတွေအားလုံးကို အကြီးအကျယ် အော်ပြောသဖြင့် ရန်ဖြစ်လိုက်ကြတာ မေမေ ဆေးရုံရောက်ခဲ့သည်တဲ့။

လူယုတ်မာကြီး။ မေမေ့ကို ဘယ်လောက်ထိ လက်လွန်ခြေလွန် ရိုက်နှက်ပစ်ခဲ့သလဲ။ မေမေတစ်ယောက်တည်း ဝမ်းနည်းနာကျင်စွာ ရှိနေချိန်မှာ မျက်ဝန်းကို တမ်းတနေလိမ့်မည်။

မျက်ဝန်းကတော့ မျဉ်းမတ်အပေါ် အပြုံးကြီးစွာနှင့် မေမေ့ကိုလည်း သတိမရ၊ သူမချစ်သောခင်ပွန်းသည်နှင့် မေမေ ပျော်မွေ့နေမှာပဲလို့ မျက်ဝန်း ထင်ထားခဲ့မိသည်။ ရောဂါသည်ဘဝကို ရောက်နေမည်။

ဒီလူကြီး ဒီလိုဖောက်ပြန်နေ၍ ဒီလိုတွေ ဖြစ်ကြသည်။ မျက်ဝန်း ဤသို့ဖြင့် ဘယ်တုန်းကမှ တွေးမကြည့်မိခဲ့။ ပူလည်းမပူခဲ့ဖူးပေ။ မထင်မှတ်သော ရုပ်ဆိုးကျည်းတန်လှသည့် ပြဿနာတို့သည် မျက်ဝန်း၏ ကျောနောက်မှာပဲဖြစ်ပျက်ခဲ့ကြ၏။ ဖြစ်သမျှကိုလည်း မျက်ဝန်းဟာ အားလုံးသိပြီးကြပြီး နောက်ကျမှ သိခဲ့ရသည်သာ။

အဲဒါကြောင့် မျက်ဝန်းပြောတာ၊ ဒီလူကြီးကို မေမေ ယုံခဲ့တာကမှားတာ မေမေရယ်။ မျက်ဝန်း ခလုတ်တစ်ချက်တိုက်၍ ဟပ်ထိုးလဲမလိုဖြစ်သွားလျှင် အခန်းတံခါးက ပွင့်သွား၏။

'ဟော မိန်းကလေးလား မျက်ဝန်းပြာဆိုတာ'





'ရှင် ဟုတ်... ဟုတ်ကဲ့'

'လာ မိန်းကလေး'

'ဟင် လာပြီလား'

အခန်းထဲမှာ လူတွေ မနည်းပါလား။

မော်လွန်း၍ မျက်ဝန်း၏ အမြင်အာရုံတွေ အခန်းထဲရောက်လာသည်အတောင်မှ ရုတ်တရက် မကြည်လင်ဘဲဖြစ်နေခဲ့သည်။

နောက်ကနေ တအားပြေးလိုက်လာရှာသော ကြွေရုပ်ခမျာ ခုချိန်ထိ သူမကို မမီသေးပါ။ တိုက်တိုက်ဆိုင်ဆိုင် ဆေးရုံကြီး၏ ဘေးဘက်က ကားမှတ်တိုင်တစ်ခုမှာ မျက်ဝန်းကို ကြွေရုပ် တွေ့လိုက်သည်။

ဘယ်လိုမှ ထင်မှတ်မထားဘဲ တွေ့လိုက်သဖြင့် ကားပေါ်က ဆင်းဖို့လုပ်တော့ ကားကထွက်သွားပြီ။ မှတ်တိုင်လွန်မှ ဆင်းပြီး ပြန်ပြေးလာတော့ မျက်ဝန်းက ရပ်နေဆဲ။

ရှာတုန်းက ဘယ်လိုမှမတွေ့၊ တွေ့တွေ့ချင်းပဲ ပြောပြလိုက်သည်နှင့် မျက်ဝန်း ဆေးရုံကြီးဆီကို ပြေးပါတော့သည်။ ထို့ကြောင့် ကြွေရုပ် ပြေးလိုက်ရသည့်အဖြစ်ပါ။

'မေမေ'

မျက်ဝန်း မေမေ့ဆီ ပြေးသွားမိသည်။ ထိုင်သူတချို့၊ ထရပ်နေသူတချို့နှင့် ဝိုင်းနေကြသည့်လူတွေက နောက်ဆုတ် ဘေးဖယ်ရင်း သွားကြ၏။

ဂျူတီကုတ်နှင့် ဆရာဝန်နှစ်ယောက်အပြင် သူနာပြုဆရာမလေးတွေလည်း ရှိကြ၏။ လူတွေ အားလုံးသည် များပြားစွာ ဝိုင်းဝန်းနေကြတာနှင့် တိတ်ဆိတ်ငြိမ်သက်နေကြသောအသွင်က ကြေကွဲဖွယ်ပင်။

မျက်ဝန်း နားလည်လိုက်ပါပြီ။ ရှုပ်ယှက်ခတ်နေသော ဆေးကိုက်



www.burmeseclassic.com

www.burmeseclassic.com



တွေ တိုးလိုးတန်းလန်းနှင့် မျက်လုံးတွေ မှိတ်ချထားသည့် မေ
သည် ဘာကိုမှ မှတ်မိနိုင်ဖွယ် မရှိတော့။

ဆံပင်တွေ ခေါင်းအုံးထက်မှာ ဖရိုဖရဲခွေကျလျက် နပျို့လှ
သော မေမေ့ရုပ်သွင်က ပျောက်ကွယ်လုလုဖြစ်နေခဲ့၏။

မျက်ခုံးပေါ်မှာ ဒဏ်ရာတစ်ချက်၊ ပါးရိုးထက်မှာ တစ်ချ
လည်ပင်းမှာ ရစ်သိုင်းထားသည့် ပတ်တီးကို မျက်ဝန်း စေ့စေ့မကြ
ရဲပါ။

'မေမေရယ် အဖြစ်ဆိုးလိုက်တာ'

မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် စီးသွယ်ကျရင်း ခုတင်ခေါင်း
ဘေးမှာ ဒူးထောက်လေးကျသွား၏။

မေမေ့လက်ကို သော်လည်းကောင်း၊ ကိုယ်ကိုပွေ့ဖက်ရန် သေ
လည်းကောင်း ဘယ်မှာမှ နေရာလွတ်မရှိ။ နေရာတိုင်းသည် ပတ်
ဖွေးဖွေး၊ ပိုက်တန်းလန်းနှင့်။

'မမလှ… မမလှသမီးလေး ရောက်နေပြီ'

ကိုဝင်းအောင်က ခါးကိုင်း၍ ဒေါ်မြလှနားနားနီးအောင် ကပ်ပြေ
သည်။

'မေမေ… မေမေ သမီး ရောက်ပြီ မေမေရဲ့၊ မျက်ဝန်းလေ

မျက်ဝန်းအသံက ရှိုက်သံများဖြင့် ပျောက်ကွယ်သွားလို
တုန်ခါရင်း ပြန်ပေါ်လာလိုက်။

'မေမေ'

ဒေါ်မြလှ မျက်ဝန်းတွေ တဖြည်းဖြည်း ပွင့်လာသည်။

'မေမေ သမီး ရောက်နေပြီ'

ပတ်တီးရှိနေသော ညာဘက်လက်ဖဝါးကို မျက်ဝန်း ဖွဖွ





ဆုပ်ကိုင်၍ အသံထပ်ပေးသည်။ ပြီးတော့ မေမေ့ပါနားထိ ရောက်
အောင် နှုတ်ခမ်းကို တိုးကပ်၍…

'မေမေ'

ဒေါ်မြလှ၏ မျက်ဝန်းတို့က စူးစိုက်မှုမပါဘဲ လှုပ်ရှားလာ၏။

ဘာသံလဲ၊ ဘယ်ကလဲ၊ ဘယ်သူလဲ ဆိုသော စူးစမ်းရှာဖွေဟန်က
မျက်မမြင်တစ်ယောက်၏ စူးစိုက်မှုများအတိုင်း။

'မေမေ'

မျက်ဝန်းက မေမေ့ရင်ဘတ်ပေါ် လက်ဖဝါးလေးကပ်၍ ရှိုက်ကြီး
တငင် ငိုချလိုက်မိ၏။ သို့သော် အသံမထွက်စေသော ဖိသိပ် မျိုသိပ်
ထားခြင်းကြောင့် မချိမဆံ့ ခံစားနေရရင်း…

'သ… သမီး…'

ဒေါ်မြလှလက်တို့ ကြွတက်လာသည်။ သမီးဟု နှုတ်ခမ်းလှုပ်ရုံ
မျှသာ မခေါ်လိုက်၏။ ထို့နောက် လက်သည် နဂိုနေရာသို့ ပြန်ကျသွား
ကာ စူးစမ်းရှာဖွေနေသော မျက်ဝန်းများက တစ်နေရာတည်းမှာပဲ
ငြိမ်သက်ရပ်တန့်သွားလျက်…

'မေမေ'

မျက်ဝန်း တအားကျုံးခေါ်သည်။ အသံတွေ ဘယ်လိုစူးရှထွက်
သွားခဲ့သည် မသိ။ သူမကတော့ ဘာဆိုဘာမှ မသိတော့ပါ။ မေမေ့
ကိုယ်ကို ဖက်လျက် မျက်ဝန်း သတိလစ်မေ့မြောသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၂)

'တကယ်ပါ ကျွန်မ တကယ်ကို မသိခဲ့လို့ပါ။ ပထမတစ်ခါက ရှင့်ကြောင့် ထွက်သွားတုန်းကလဲ ကျွန်မတို့ ဘယ်သူမှ မသိလိုက်ရဘူး။ ရှင့်ကို ဒေါသတွေဖြစ်ပြီး ပေါက်ကွဲနေတုန်းပဲ သိရတာ။ ပျောက်သွားတာ ဘယ်ကိုမှန်း မသိကြဘူး။ အခုကတော့ ပိုဆိုးပြီပေါ့။ သူ့အမေက ဆုံးသွားပြီ၊ နှလုံးသားဒဏ်ရာနှစ်ခုနဲ့သူကို တွေ့ဖို့ ပိုပြီး မလွယ်တော့ဘူး'

လရောင်က သူ့ကိုလှမ်းကြည့်သည်။ ဦးသန်းအောင်က ခေါင်းခါနေ၏။ ကြွေရုပ်တို့အိမ်ရှေ့မှာပဲ ရပ်ထားသည့် ကားပေါ်တွင် တီးဝိုင်းခေါင်းဆောင်နှင့် သီချင်းရေးဆရာတစ်ယောက်လည်း ပါသေး၏။

အားလုံးဟာ မျိုးမတ်၏ အောင်မြင်မှုအတွက် နောက်ထပ်တက်လှမ်းဖို့ ခွန်အားတွေအပြည့်နှင့် ကြိုးစားလိုကြသူတွေဖြစ်သည်။

မျိုးမတ်က ခေါင်းခါနေခဲ့သည်။ သူသည် အောင်မြင်မှုတွေ ရနေတာကို ဝမ်းသာလှိုက်လှဲဖြစ်ပုံလည်း မရှိ။

ထုတ်ဝေလိုသူတွေ ဝိုင်းဝိုင်းလည်လိုက်နေခဲ့သည့်အဖြစ်အတွက် ဂုဏ်ယူနေခြင်းလည်း မရှိဘဲ သူ့အတွက် အားလုံးဟာ အနှောင့်အယှက်တွေလို ဖြစ်နေသည်။





သီချင်းဆိုဖို့ ဘယ်သူပြောပြော ခေါင်းခါနေ၏။ 'မနှောင့်ယှက်ပါနဲ့၊ အေးဆေးနေပါရစေ'ဟု တောင်းပန်နေတာလည်း ရှိသေးသည်။

ဒီလူဟာ ထူးဆန်းလှသားပါလား။

ခပ်ဝေးဝေးက လူတွေကတော့ အံ့သြနေကြလေသည်။ မျိုးမတ်ဟာ မျက်ဝန်းပြာ ဆိုသော မိန်းကလေးတစ်ယောက်နောက်ကို တကောက်ကောက်လိုက်ရင်း အလွန်အဖိုးတန်သော သူ့ရဲ့အတွေးတွေ၊ စိတ်ကူးတွေ အကုန် သူမကို ရှာဖွေခြင်းမှာပဲ နှစ်မြှုပ်ထားခဲ့၏။

သူ့အတွက် အောင်မြင်မှုတွေကလည်း မလိုချင်ပါဘူးဆိုကာမှ အလျှံပယ်ဖြစ်နေသည်။ သီချင်းမဆိုတော့ပါဘူး ဆိုသော မျိုးမတ်သတင်းက သူများတွေထက် ပို၍ကြီးမားကျယ်ပြန့်လာခဲ့သည်။

သူဟာ တကယ်ပဲ ငြီးငွေ့စိတ်ပျက်စွာ ခေါင်းခါနေခဲ့တာပေမယ့် အမင်္ဂလာ လမ်းသစ်ထွင်ပြီး အောင်မြင်ဖို့ ကြိုးစားသည်ဟု ပြောတဲ့သူကပြော။

ဘယ်သူတွေ ဘာပြောပြော မျိုးမတ်ကတော့ သူ့ခေါင်းထဲမှာ မျက်ဝန်းပြာမှလွဲ၍ ဘာမှမရှိ။ သူ့ကို ကူညီခဲ့ကြသူတွေ အကုန်လုံးပဲ သီချင်းဆက်ဆိုဖို့ကို တိုက်တွန်းနေကြသည်၊ ကြိုးစားနေကြသည်။

နောက်ဆုံး ဒီမိန်းကလေးကိုတွေ့မှ သူ့ဆုံးဖြတ်ချက်တွေ ပြောင်းသွားမှာမို့ သူနှင့် အနီးစပ်ဆုံး လရောင်ကို ဆက်သွယ်ကြသည်။

လရောင်ကလည်း အိမ်ထောင်သည်ဖြစ်နေပြီမို့ သူ့မှာ မျိုးမတ်နောက် တကောက်ကောက် လိုက်မပေးနိုင်တော့ဘဲ ဖြစ်နေ၏။

ကြွေရုပ်ကို စုံစမ်းတော့လည်း ခရီးထွက်နေသည်ဆို၍ ခရီးထွက်တဲ့နောက် လိုက်ရသေးသည်။

သူတို့အုပ်စုတွေ ဖတ်ဖတ်မောနေကြပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ခရီးဝေးက လိုက်လာရပြီး ဘယ်သူမှ မနားရသေးပါ။

ကြေရုပ်ကလည်း အလွန်အားနာသည့် မျက်နှာလေးနှင့် တောင်းပန်ရှာသည်။ သူမပုံစံသည် လျှို့ဝှက်ထားတာမဟုတ်ဘဲ တကယ်ကို မသိတာမှန်းလည်း ပေါ်လွင်၏။

'ကျွန်မသာသိထားရင် ပြောပြလိုက်မှာပါ။ တကယ်ပါ'

'ဒါဆိုရင် မကြေရုပ်နဲ့ သူ မသွားခင်ထိ အတူရှိနေတယ်ဆိုတာတော့ ဟုတ်တယ်ပေါ့'

လရောင်မဲ့ ဝင်မေးသည်။ မျဉ်းမတ်သည် အံကြိတ်လျက် စင်း... ထားသော မျက်တောင်များတို့က နည်းနည်းလေးမှ လှုပ်ခတ်မသွား... ပေ။

'ဟုတ်ပါတယ်၊ သူ့အိမ်ကနေ ဘယ်ကိုပဲသွားသွား မျက်ဝန်း... ကျွန်မဆီမှာပဲနေတာပါ။ ကျွန်မဆီကနေမှ သွားချင်တဲ့ဆီသွားတာပါ... ဒါပေမယ့် အခုက သူ ဘာမှကို မပြောတာပါရှင်။ အရိပ်အမြွက်လေး... တောင် အကဲခတ်လို့ရအောင် မပြောခဲ့ဘူး'

'သူ့အမေနဲ့ ဟိုလူကြီး ဆိုတာကကော ကိစ္စတွေ ပြတ်ရဲ့လား...' လရောင် မေးတာကို ကြေရုပ်က သိသည်။

'ဦးတင်ရီ ဆိုတဲ့ လူကြီးလား'

'အင်း ဟုတ်တယ်'

'အန်တီလှက သူ့ကိုယ်သူ အနာခံပြီး ဒီလူကြီး ညစ်ပတ်တာ... ကို ပတ်ဝန်းကျင်သိအောင် ကြေညာသွားတာပါ။ သူက ဖောက်ပြန်... တဲ့အပြင် လူကို သေစေနိုင်တဲ့အထိ ကိုယ်ထိလက်ရောက် စော်ကား... တော့ လင်မယားဖြစ်ပေမယ့် ခံစားခွင့် ဘာမှမရတော့ဘူး။ သူ့လုပ်... အတွက် ဥပဒေကပေးတဲ့အပြစ် ခံသွားရတယ်။ အမွေတွေအား...





မျက်ဝန်းအတွက် မပွန်းမပဲ့ ကျန်ခဲ့ပါတယ်။ ရှေ့နေတွေနဲ့ သေချာလွှဲပေးခဲ့တယ်။ မျက်ဝန်း အချိန်မီ ရောက်မသွားခဲ့ပေမယ့် အန်တီလှတာတော့ စိတ်ချပြီးနေပါပြီ'

'ဪ... ဒါနဲ့တောင် အေးအေးဆေးဆေး နေနိုင်ရက်နဲ့ ဒီကလေး ခက်လိုက်တာ'

ဦးသန်းအောင် ခေါင်းတခါခါနှင့် ညည်းသည်။ ကြာလေ သေချာလေဖြစ်နေတာက နှစ်ယောက်စလုံးသည် အချစ်ကြောင့် နှစ်မွန်းနေကြခြင်းပဲဖြစ်လေသည်။

မျက်ဝန်းကလည်း ခွင့်မလွှတ်နိုင်။ ဒူးထောက်တောင်းတဲ့ လူကလည်း ထိုင်ရာမထ သဲကြီးမဲကြီး။

ဒီနှစ်ယောက် မဆုံမချင်း ဘယ်သူ့ဘက် ဆုံးဖြတ်ချက် ပီပြင်လာမှာမဟုတ်တာ သေချာပါသည်။

'စဉ်းစားပါဦး မကြေရုပ်ရယ်၊ သူ သွားနိုင်တဲ့ နီးစပ်တဲ့ တစ်ယောက်ယောက်ပေါ့'

လရောင်က ပြောတော့ ကြေရုပ်က မျဉ်းမတ်ကို မသက်မသာ လှမ်းကြည့်သည်။ စကားတစ်ခွန်းမှ မပြောတော့ဘဲ ပြုံးဆင်းကျသွားခဲ့သည့်မျက်နှာသည် စကားလုံးပေါင်းများစွာ ပြောနေတာထက် ဆိုး၏။ ကြေရုပ် စိတ်မချမ်းသာနိုင်ပါ။

'မျက်ဝန်းရယ် သိန်းနှစ်ဆယ်၊ သုံးဆယ် ရင်းနှီးမြှုပ်နှံထားခဲ့တာတွေကို နင် ဒီတိုင်းထားခဲ့တာ ငါဖြင့် အံ့ရော။ အခု စီးရီးတွက်နေပြီသိလား။ အရမ်းကို လူကြိုက်ကြတာ။ မျဉ်းမတ် အောင်မြင်တာများ တကယ်ကြောက်စရာကောင်းတယ်။ နင် အဆုံးမသတ်တာတွေကို ဘယ်သူတွေ ဆက်လုပ်သလဲ မသိဘူး။ သူ့ပုံနဲ့ ကြော်ငြာတွေလဲ



www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ အသံလဲကောင်း၊ ပြီးတော့ ကိုယ်ပိုင်ရေးသံစဉ်တွေ ဆိုတာက နာမည်ကြီးနေတာ'

မနာလိုဖြစ်လာမလား၊ အထင်ကြီးစိတ်လေးနှင့်များ စောင်းငဲ့ ကြည့်ဖော်ရလာမလား ဆိုပြီး သူမမှာ ပြောလိုက်ရတာ။ မျက်ဝန်းက ခေါင်းခါလက်ကာနှင့်…

'သူ့ဟာသူ ဘာပဲကြီးကြီး အထင်မကြီးပါဘူး၊ အထင်ကြီးတဲ့ လူတွေနဲ့ သူ ပျော်ပါစေ။ သိန်းနှစ်ဆယ်အစိတ်နဲ့ ငါ့ရဲ့စိတ်ချမ်းသာမှု လဲပစ်လိုက်ရတာ တန်ပါတယ်'တဲ့။

'မျက်ဝန်း ငါ့ကို ရှင်းရှင်းပြောစမ်းပါ၊ နင်နဲ့သူ ချစ်သူတွေ ဖြစ်သွားလို့လား'

'မဖြစ်ဘူး'

'မယုံချင်ဘူးဟာ တကယ်ပဲ၊ နင့်ပုံစံက အချစ်ကြီးလို့ အမျက်ကြီး နေသလိုပဲ'လို့ပြောတော့…

'ဘာပုံပဲပေါက်ပေါက် ငါ ရင်းနှီးခဲ့ရတာ ငါပဲသိတယ်'တဲ့။

ဘာလဲ နှလုံးသားလား၊ ငွေလား၊ မျက်ဝန်းစိတ်ကို သိ၍ မမေးရဲ ခဲ့ပါ။ မျဉ်းမတ် အခု ရောက်လာပြီ ပြောတော့…

'တို့ဘဝက သူနဲ့ပဲဆိုင်တယ်'တဲ့။





အခန်း (၃၃)

သူက ပြတ်သားစွာ ကျောခိုင်းထွက်သွားရက်ပေမယ့် ကိုယ်တော့ မသွားရက်ခဲ့ပါ။ မျက်ဝန်း၏ရယ်သံလေးတွေ ပဲ့တင်ကျန်ရစ်ခဲ့သော၊ မျက်ဝန်း၏ သွားလာနေထိုင်ခဲ့သည့် ပုံရိပ်လေးတွေ ရှိနေဆဲ ဖြစ် သော…

ဒီအိမ်၊ ဒီအခန်းလေးထဲမှာပဲ သူ နေခဲ့၏။

'မျဉ်းမတ်ရာ မင်းရဲ့သီချင်းတွေ နိုင်ငံကျော်နေပြီကွ၊ ကိုယ်နဲ့ သင့်တော်လျောက်ပတ်တဲ့နေရာမှာ နေပါ။ နေရာတိုင်းမှာ မင်းရဲ့ပုံကြီး တွေ ပြုံးပြုံးပြပြနဲ့၊ အဆိုတော်မျဉ်းမတ်က မြောက်ဥက္ကလာထဲက အလွန်ချောင်ကျ ဖွက်ထူတဲ့ အိမ်သေးသေးလေးထဲမှာဆိုတာ လူကြား သို့ကောင်း မကောင်းပါဘူး'

'ကောင်းကောင်း မကောင်းကောင်း'

'ဒီမှာပဲနေမယ် ဆိုရင်လဲ တစ်နေရာ အပိုင်ဝယ်ကွာ။ မင်း အက်ညှိုးထိုးသလိုဖြစ်စေမယ့်လူတွေ ဝိုင်းနေတာပဲဟာ။ ကိုယ့်ဘဝ အညွန့်ကို မချိုးပါနဲ့'

လရောင် ရောက်လာပြီး သူ့ကို ညည်းညူ နားချဖူး၏။ သူ သက်မခံခဲ့ပါ။

'ဒီဘဝကို ငါရောက်ချင်တာမဟုတ်ဘူး၊ သူက ရောက်စေချင်တာ။



www.burmeseclassic.com

www.burmeseclassic.com



သူမှမရှိတာ ဘာလုပ်မှာလဲ၊ စည်းစိမ်အဆောင်အယောင် ဆိုတာကို အစကတည်းက ဂရုမစိုက်လို့ ထားပစ်ခဲ့ပြီး ငါ ထွက်ခဲ့တာ။ ဘယ်အချိန် ဖြစ်ဖြစ် ငါ့အတွက် အဓိကက စိတ်ချမ်းသာဖို့ပဲ'

'ဒါပေမယ့်ကွာ အနုပညာသမားဆိုတာ ပရိသတ်က ပိုင်တယ်ကွ။ သာမန်လူတစ်ယောက်လို ကိုယ့်ဆန္ဒနဲ့ကိုယ် ဘာမှဆုံးဖြတ်လို့မရတော့ဘူး။ မင်းလဲ အနုပညာသမားစစ်စစ်ကြီးပဲ၊ မဆိုချင်ပေမယ့် ရေးနေချင်လို့ အားလုံးကိုထားခဲ့ပြီး ခွန့်ထွက်လာတာမဟုတ်လား။ အောင်မြင်ခဲ့တဲ့နောက်မှာ ပရိသတ်ကို လေးစားဖို့တော့ကောင်းတာပေါ့။ ပရိသတ်က မင်းရေးတာကိုကြိုက်တယ်၊ မင်းဆိုတာမှကောင်းတယ်လို့ ဖြစ်နေပြီ။ အဲဒီထဲမှာ မိန်းမငယ်လေးတွေ၊ အမျိုးသမီးတွေ အများကြီး ပါကြတယ်။ မင်းကို ခံစားပါ၊ သာယာပါလို့ ငါပြောတာမဟုတ်ဘူး။ ဒါပေမယ့် မင်းက မျက်ဝန်းပြာတစ်ယောက်အတွက်နဲ့ ဒီလူတွေကို ခေါက်သိမ်းဘေးဖယ်ထားလိုက်တာ မတရားပါဘူး'

'အဲဒါ မင်း မသိလို့ပါ လရောင်ရာ၊ ပရိသတ်ကို ပေးနိုင်တာက ငါ့ရဲ့ အနုပညာပဲ၊ နှလုံးသားမဟုတ်ဘူး၊ အချစ်ကို နှလုံးသားက ခံစားနိုင်းတာ၊ ခံစားနိုင်မှ သီကုံးဖွဲ့နွဲ့လို့ရတာ။ အချစ်ဆိုတာ ခွန်အားပဲ။ အခု ငါ့မှာ ခွန်အားမဲ့နေပြီ၊ ငါ့နှလုံးသားမှာ ဘာမှခံစားလို့ မရတော့ဘူး'

နောက်ထပ် ဘာမှလာမပြောနိုင်အောင် အခန်းတံခါးပိတ်ပြီး တံခါးလာခေါက်တာတောင် ထ,မဖွင့်ဘဲ နေပစ်လိုက်၏။

ကြာတောင်ကြာခဲ့ပါပြီ၊

စားသောက်စရာလေး လိုအပ်လာမှ ခဏတစ်ဖြုတ်ထွက်ဝယ်ပြီးတော့ တံခါးပိတ် ဂစ်တာတီး ဒါပါပဲ။

လရောင်ဆီကတစ်ဆင့် ရောက်လာသော အောင်ရုပ်ဆီက





သတင်းကလည်း 'ပြန်လာခဲပါ'တဲ့။ လရောင်နှင့် ဆက်သွယ်မိသွားသည်ဆိုတော့ သတင်းအားလုံးကို သိသွားပြီထင်ပါသည်။

'နောက်ထပ် လေလွင့်သွားရင် ဒီကောင် မလွယ်ဘူး'လို့ ပြောသွားသည်တဲ့။

မျဉ်းမတ် ဘာဖြစ်လို့ လေလွင့်ရမှာလဲ။

အချစ်အတွက် ခံစားချက်တွေ မရှိရဘူးလား။ ရင်ထဲမှာ ပူနေတာကို လက်ဖက်ရည်ဆိုင်ထိုင်ရင်း၊ မိန်းမလှလေးတွေ မိတ်ဆက် ခေါ်ပြောလာတာကို လက်ခံရယ်မောရင်း...

အဲဒီလို နည်းတွေနှင့် ပျော်ပျော်နေလိုက်လို့ ရသလား။ ပူတာကို ပူတယ်၊ ဆွေးတာကိုဆွေးတယ်ပေါ့၊ ဒါကို' လေလွင့်တယ်တဲ့လား။ ရင်ထဲမှာ ခံစားနေရတာက မျက်ဝန်း သူ့ကြောင့် ကျခဲ့ရှာသည့် မျက်ရည်တွေကို သူ သုတ်မပေးခဲ့နိုင်။

ကိုယ့်အတွက် တားဆီးတာကို သိလျက်နှင့် ဖွတ်ထွက်ခဲ့သည်။ ကိုယ့်ကြောင့် ငိုနေခဲ့တာကို မြင်လျက်နှင့် ကျောခိုင်းခဲ့၏။ တကယ်တော့ သူ့ဆုံးဖြတ်ချက် မှားသွားခဲ့ခြင်းသာ။

ဝန်ခံဖို့ တောင်းပန်ဖို့ သူ ပြန်လာတော့ မျက်ဝန်းက ထွက်သွားခဲ့ပြီ။ ချစ်တယ် မျက်ဝန်းရယ်၊ သူ မျက်ဝန်းရဲ့ အိပ်ရာနေရာလေးမှာ ပင်ဖြူတစ်ချပ်၊ ခေါင်းအုံးတစ်လုံးနှင့် စောင်မပါဘဲ လှိမ့်နေခဲ့၏။ ဘေးမှာ စီးကရက်တိုတွေ ပြန့်ကျဲနေ၏။

ဘာမှ သယ်ယူမသွားခဲ့သော မျက်ဝန်း၏အိပ်ရာ၊ အသုံးအဆောင်ပစ္စည်းတွေ အားလုံးက လက်ရာမပျက်ခဲ့ပေ။ ကွန်ပျူတာကို နေ့စဉ်ဖွင့်သုတ်၍ တမ်းတခဲ့ရတာ သူ မမောနိုင်။ သူ သိသည်။

မျက်ဝန်း ကျောပိုးအိတ်လေးတစ်လုံးနှင့် ထွက်သွားတာပါ။ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



မှားပါတယ်၊ အဲဒါ စေတနာအမှားပါ မျက်ဝန်းရယ်။ မင်းကိုချစ် ဆိုတာ နားလည်ပေးပါ။

'ဒေါက် ဒေါက်'

တံခါးခေါက်သံ ထွက်လာသည်။ သူ စီးကရက်မီးညှိနေရင်း ထောင်၍ပင် မကြည့်ပါ။

'မျှဉ်းမတ် ငါ့ညီ တံခါးဖွင့်ဦးကွ၊ မင်းကို သတင်းထူး ပြော ရှိလို့ပါ'

ဦးသန်းအောင်၏အသံ။ လရောင် မဟုတ်သည်မို့ နည်း တော့ အားနာသွားသည်။

'မျှဉ်းမတ် ဟေ့ တံခါးခဏဖွင့်ကွာ'

မျှဉ်းမတ် တံခါးထဖွင့်လိုက်တော့ ဦးသန်းအောင်နှင့်နော လရောင်...

လရောင်က သူ တွေ့ချင်တာမဟုတ်ဘူးဆိုတာကို သိသာ မျက်နှာငယ်ပစ်လိုက်၏။

တံခါးဖွင့်လိုက်သည်နှင့် လာပါ၊ ဝင်ပါ မပြောရသေးဘဲ ဦး အောင်က အထဲကို သူ့ဘာသာ ဝင်ထိုင်လေသည်။

နေ့စဉ် ထိတွေ့ကိုင်တွယ်နေသလို သန့်စင် လက်တော သော ကွန်ပျူတာနှင့်စားပွဲကို တစ်ချက်ကြည့်ပြီးမှ...

'မော်လမြိုင်မှာ အဆိုတော် "လင်းလင်းနေ"က Live လုပ်မယ်တဲ့။ သူက သူ့ဇာတိမှာ သူ့ရည်ရွယ်ချက်နဲ့ပေါ့ကွာ။ ကြီးအဆိုတော်တွေ အများကြီး လိုက်ကြမှာ'

'ကျွန်တော် မလိုက်ဘူး'

စကားမဆုံးသေးဘဲ ဖြတ်ပြောလိုက်သဖြင့် ဦးသန်းအောင်





ခေါ်မလည်ကြီး ဖြစ်သွားရှာသည်။

'ပြောတာကို နားထောင်လိုက်ပါဦး မင်းကလဲ၊ ဘယ်ပွဲမှာမှ မင်း လိုက်မဆိုတာ သိတယ်။ အကြောင်းရှိလို့ ပြောနေတာပေါ့'

လရောင်က စိတ်မရှည်သံနှင့် ဝင်ပြော၏။

မျှဉ်းမတ်က စားပွဲစွန်းမှာ တင်းပါနှင့်ကပ်မှီရပ်၍ လရောင်က ခုံတစ်လုံးဆွဲထိုင်သည်။ ဦးသန်းအောင်က လည်ချောင်းတစ်ချက် ရှင်း လိုက်ပြီးမှ...

'ငါ့သဘောကတော့ကွာ ဒီ Live Show ခွေမှာ မင်းရဲ့သီချင်း လက်ဆောင် ကြော်ငြာထည့်စေချင်တယ်။ လင်းလင်းနေကလဲ မင်းကို ပဲ မေးနေတာ။ သူ့ရဲ့လိုက်ဖ်ရှိုးမှာ မင်းပါရင် ပိုအဆင်ပြေတယ်တဲ့'

ဒီစကားကိုပဲ ထပ်ပြောဖို့ ပါးစပ်ပြင်လိုက်ပြီးမှ လရောင်မျက်လုံး ကြီးကို စွေကြည့်ပြီး မျှဉ်းမတ် ပါးစပ်ပြန်ပိတ်၏။

ဦးသန်းအောင် ဆက်ပြောနေသည်။

'ဒီပွဲကို မင်း လိုက်သင့်တယ်၊ မော်လမြိုင်က မင်းရဲ့ရပ်ရွာပဲလေ။ ပြီးတော့ မျက်ဝန်း မော်လမြိုင်မှာ ရှိတယ်ဆိုတဲ့ သတင်းလဲ ငါတို့ ရထားတယ်'

မျှဉ်းမတ် မျက်မှောင်ကြုတ်သွားသည်။ ခဏပဲဖြစ်ပြီး နှုတ်ခမ်း တွန့်ပြုံးလိုက်၏။ လရောင် ဒေါသထွက်သွားသည်။

'မျှဉ်းမတ် မင်းကို မျက်ဝန်းနဲ့မှားပြီး မြူဆွယ်နေတယ် မှတ်လို့ သား။ အန့်ကယ်တို့ တစ်ဖွဲ့လုံးကော၊ ငါတို့ကော မင်းကို စီးပွားဖြစ် ဆက်ဆံနေကြတာ မဟုတ်ဘူးနော်။ မင်းကို အောင်မြင်စေချင်တဲ့ စေတနာတွေလဲ ပါတယ်၊ ကရုဏာတွေလဲပါတယ်။ ပြီးတော့ မျက်ဝန်း နဲ့ ပြန်ပြီးနီးစပ်ဖို့အတွက် ငါတို့အားလုံး ဝိုင်းကြိုးစားနေကြတာ မင်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမ်းသာစေချင်လို့'

မဲ့ပြုံးတို့ ပျောက်ကွယ်သွားလျက် မျဉ်းမတ် အံကြိတ်သည်။ မနာခံနိုင်သော နှုတ်ခမ်းသားတို့ တင်းတင်းစေ့လျက် မျက်နှာလွှဲပစ်တာ တွေ့လျှင် ဦးသန်းအောင်က စိတ်မကောင်းဖြစ်သွား၏။

ပြောစရာစကား မရှိတော့ပါ။ မျက်ဝန်းနှင့်နွှယ်ပြီး ရှိုးပွဲကို လိုက်ပါစေချင်တာ အမှန်ပဲဖြစ်ပေမယ့် မဟုတ်ကဟုတ်က လာပြောပြီး မြူဆွယ်တာ မဟုတ်ခဲ့ပေ။

'သတင်းရတာကတော့ တကယ်ပါ၊ မင်း မယုံရင် နေလို့ရတယ်။ ငါတို့လဲ မျက်ဝန်းက မင်းရဲ့ဇာတိချက်မြှုပ်နေရာမှာ ရောက်နေတယ်ကြားတော့ မယုံနိုင်သလိုဖြစ်သွားတာပဲ။ ဒါပေမယ့် အခု မင်းတောင် မယုံဘူးမဟုတ်လား၊ မျက်ဝန်းက အဲဒီလို တမင်ဖန်တီးတာကော မဖြစ်နိုင်ဘူးလား'

မျဉ်းမတ် မျက်နှာပြန်လှည့်လာသည်။ မျက်ဝန်းများမှာ စိတ်ဝင်တစား စူးစမ်းခြင်းငွေ့ ပါလာ၏...

"တစ်ခုတော့ရှိတယ်ကွာ၊ မျက်ဝန်းကို ဈေးကြီးနားမှာ မြင်လိုက်တယ်ဆိုတဲ့စကားတစ်ခုပဲ ငါတို့ ရတာ။ ပြောတဲ့လူက မျက်ဝန်းကို မြင်ဖူးခြင်း မရင်းနှီးတဲ့သူ။ ဟုတ်ပါ့မလားလို့ ပြန်မေးလိုက်တော့ သူလဲ ဇဝေဇဝါ ဖြစ်သွားတယ်။ ပြောတုန်းကတော့ တို့တွေ အသည်းအသန်ရှာနေတာ မျက်ဝန်းမှန်းသိလိုက်ပြီး အားတက်သရောပဲ။ ဖြစ်နိုင်ချေကတော့ ရာနှုန်း နည်းတယ်။ လိုရာဆွဲတွေးရရင်တော့ ဖြစ်နိုင်ဖို့တွေ ရှိတယ်ပေါ့။ မင်းကို အာမခံချက်တော့ မပေးနိုင်ဘူး၊ စိတ်ဝင်စားရင် လိုက်ခဲ့ပါ'

'ကျွန်တော် ကိုယ့်အစီအစဉ်ကိုယ် သွားမယ်'

'ဟာ မျဉ်းမတ်၊ မင်း အဲဒါတော့ အန်ကယ်တို့ကို စော်ကားတာ





လရောင် စိတ်မကောင်းသံနှင့် ထပြော၏။

ဦးသန်းအောင်ကတော့ ခေါင်းငိုက်စိုက်နှင့်သာ။

'မင်းအတွက် ဒီသတင်းရတာနဲ့ ပြေးလာပြောတာ မင်းမို့ ပြောရက်တယ်။ ဘာဖြစ်လို့လဲ၊ သီချင်းဆိုဖို့ကလဲ မင်းအတွက် မဟုတ်ဘူးလား၊ မျက်ဝန်းကို တွေ့ရင်လဲ မင်းတို့ပဲ ပေါင်းကြမှာပါ'

'မဟုတ်ပါဘူး'

မျဉ်းမတ်က ခေါင်းခါ၍ ဦးသန်းအောင်ကို ငုံ့ကြည့်ကာ...

'သူ့ ထူထောင်ပေးလို့ စဖြစ်ခဲ့တဲ့ ဒီအလုပ်ကို သူနဲ့ပြန်ဆုံမှ သူ့ဆန္ဒအတိုင်းပဲ ဖြစ်စေချင်တာ၊ ကျွန်တော် သီချင်းမဆိုချင်လို့ပါ'

ဦးသန်းအောင် သက်ပြင်းရှည်ကြီးချလိုက်ပြီး ထရပ်လေသည်။ စားပွဲကို လက်ပြန်ထောက်၍ အနိုင်နိုင် ထရပ်လိုက်ရသည့်ပုံပါ။

'အေးပါ၊ မင်းမှ စိတ်မပါတာ တို့တွေ ဘယ်လောက်ပဲဖြစ်စေချင်နေလဲ အလကားပေါ့။ မင်းတို့ တွေ့ဆုံကြရပါစေကွာ'

ဦးသန်းအောင်သည် လရောင်ကိုပင် မခေါ်တော့ဘဲ ထထွက်သွား၏။ လရောင်လည်း ခေါင်းကုတ်ရှုံ့မဲ့၍ ပြန်ထွက်သွားလေသည်။ သူ့မှာလည်း ချစ်စခင်စ အိမ်ထောင်သည်ဘဝလေးကိုတောင် အေးအေးသာယာ မနေနိုင်ဘဲ ဒီသူငယ်ချင်းအတွက်ကို ဟိုပြေးရ၊ ဒီလိုက်ရ။

'ဦး...'

ဦးသန်းအောင် ခြံတံခါးနားရောက်မှ ပြန်လှည့်ကြည့်၏။

'ဘယ်နေ့သွားမှာလဲ၊ ကျွန်တော် လိုက်ခဲ့ပါ့မယ်'

လရောင်မျက်နှာကြီး ဝင်းထိန်သွား၏။

ဦးသန်းအောင် ကျေနပ်စွာ ခေါင်းညိတ်လျက်။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၄)

လင်းလင်းနေက အဆိုတော်သလောက် စကားပြောလည်း သွက်သည်။ သူမက သဘောလည်းကောင်းပါသည်။ အတူသွားကြသည့် တစ်လမ်းလုံး မျဉ်းမတ်ကို ဂရုစိုက်သည်။ မရင်းနှီးကြပေမယ့် တရင်းတနှီး ဆက်ဆံသည်။

သူ့မှာသာ မော်လမြိုင်ရောက်တာနှင့် မျက်ဝန်းကိုရှာဖို့ စိတ်ကူးတွေက နှောင့်နှေးကုန်ရသည်။

ပြီးတော့ လင်းလင်းနေသည် သူမ၏ရှိုးပွဲကို သူမပိုင်သော ပိတောက်ခြံကြီးထဲမှာပဲ ကျင်းပခဲ့ခြင်းဖြစ်သည်။

ကြိုတင်စီစဉ်ထားခြင်းကြောင့် အပြင်အဆင်အားလုံးက သေသပ် ခမ်းနားစွာ စောင့်ကြိုနေခဲ့သည်။ အဆိုတော်တွေကော၊ တီးဝိုင်းဆရာတွေအားလုံးအတွက် နေထိုင်စားသောက်ဖို့ ဘာမှလိုလေသေးမရှိပေ၊ အထူးသဖြင့် ပိတောက်ခြံကြီးက သာယာသည်။

ခြံ၏နောက်ဘက်မှာ စမ်းချောင်းငယ်လေး ဖန်တီးထားသည်က ပိုလှ၏။ အနုပညာသမားတိုင်း လင်းလင်းနေ၏စိတ်ကူးကို သဘောကျကြသည်။





ခြံထဲမှာ ဘယ်နေရာကြည့်ကြည့်၊ ဘယ်သွားသွား အလွန်လှပ သာယာနေ၏။

'ဒီ ပိတောက်ပင်တွေကလေ တမင်တကာ စိုက်ပျိုးထားတာ မဟုတ်ဘူး သိလား၊ ခြံကိုဝယ်ကတည်းကိုက အပင်ပေါက်လေးတွေ များကြီးပဲ ပါလာတာ။ ဘိုးဘိုးက ဒီခြံကို မွေးနေ့လက်ဆောင်အဖြစ် ပေးထားခဲ့ပေမယ့် လင်းမှ ဝါသနာမပါတာ။ အဲဒါကြောင့် ဘာ ...ဝင်နီးမှ မလုပ်ဖြစ်ဘဲ ပိတောက်ပင်တွေလဲ ကြီးချင်တိုင်း ကြီးခွင့် ...တယ်။ ဝင်ငွေမရှိဘဲ ခြံစောင့်နဲ့ ရှင်းလင်းဖို့ အလုပ်သမားစရိတ်က ...ဉ် မနည်းဘူး ကုန်နေရတယ်။

အစက အမှတ်တမဲ့ပဲ။ နောက်တော့ ခြံကို တစ်နှစ်ကို နှစ်ခေါက်၊ ...ခေါက်လာကြည့်ဖြစ်ရင်းနဲ့ သဘောကျလာတာနဲ့ ပိတောက်ခြံလို့ ...ည်ပေးခဲ့တယ်။

နောက်ဖေးက စမ်းချောင်းကလေးက သဘာဝ မဟုတ်ဘူး၊ ...င်ဘက်က အင်းကြီးထဲကနေ ဆွဲယူထားတာ။ ရေကြည်တွေ ...ာအောင်လဲ ကြိုးစားရတယ်'

အားလုံး သဘောကျနေကြတော့ လင်းလင်းနေက သူမခြံ ...င်းကို ပြောပြနေသည်။

'ပိတောက်တွေပွင့်ရင် မွှေးကြိုင်ဝါဝင်းနေမှာပဲနော်'

အဆိုတော် မြသက်လျှာက မေးတော့ သူမက ခေါင်းညိတ်သည်။

'အနုပညာလောကထဲ လုံးဝ ရောက်မသွားခင်ကတော့ ဒီထဲမှာ ...နှစ်ရောက်တိုင်း သူငယ်ချင်းတွေနဲ့ လာပြီး သီချင်းဆိုကြ ကကြနဲ့ပေါ့'

အားလုံးပဲ အလှအပ သာယာမှုများမှာ နှစ်မျော ပျော်ဝင်နေကြသည်။ မျဉ်းမတ်ကတော့ တစ်ယောက်တည်း လျှောက်သွားနေရင်း



www.burmeseclassic.com

www.burmeseclassic.com



အားလုံးနှင့် ဝေးနေ၏။ သူများတကာတွေ စမ်းချောင်းလေးဘေး သီချင်းဆိုကြ၊ အစမ်းဆိုကြ။

တချို့ကျတော့ အပြင်ကနေ ဝင်လာပြီး မိတ်ဆက်တဲ့ပရိတ်သ နှင့် ရယ်မောရင်းနှီးနေကြသည်။

အပြန်အလှန် လက်ဆောင်တွေ ပေးကြ၊ အမှတ်တရ စာတိုေ တွေရေး၊ လက်မှတ်တွေထိုး။ ရှိုးပွဲ မရောက်သေးခင်မှာပဲ ရတ် သဲသဲနှင့် စိုပြည်စည်ကားနေကြသည်။

သူ ဘယ်အနားကိုမှ မကပ်ဘဲ ခုတ်ဖြတ်လှဲထားပုံရသော တုံ ကြီးမားသည့် ပင်ရှည်ငုတ်တိုကြီးတစ်ခုနားမှာ ရပ်နေခဲ့မိသည်။

ဟိုးအဝေးဆီက မြစ်ကြောင်းပျပျကို လှမ်းမြင်နေရသည် တစ်ဖက်က ကမ်းခြေဆီကိုလည်း မျှော်ကြည့်ခွင့် ရနေ၏။ ဘယ် ကြည့်ကြည့် သာယာစရာအားလုံးဟာ သူ့အတွက်တော့ လွမ်း ဖွယ်တွေချည်းသာ။

'မျဉ်းမတ်'

နောက်ကခြေသံကြောင့် လှည့်ကြည့်လိုက်တော့ ဦးသန်းအေ နှင့် လင်းလင်းနေ့။

'ကိုမျဉ်းမတ်ကို ခေါ်လာမိတာ အားနာဖို့ကောင်းနေပြီ။ နား ဆောင်မှာလေ ကိုမျဉ်းမတ်နဲ့ တွေ့ချင်လို့တဲ့။ "စွယ်တော်"တေး သွင်းက ဒေါ်နွယ်နွယ်နဲ့ "ပုံရိပ်ရှင်"က သူဌေးညီအစ်ကိုကော'

လင်းလင်းနေက တကယ် အားနာနေသလိုပါ။ မျဉ်းမတ်နှင့် ပ သက်သော ခံစားချက်တချို့ကိုလည်း သိထားသဖြင့် လုပ်ငန်း သက်ဆိုင်သော ဆွေးနွေးမှုတွေကို မျဉ်းမတ် လက်ခံချင်မှာ မဟုတ်

'အေးကွာ လောကကြီးကိုက တစ်ခါတလေ တစ်ဖက်စောင်း





ကြီး ဖြစ်သွားသလိုပဲ။ လိုချင်တဲ့သူတွေ အာသာငမ်းငမ်းနဲ့ အသေအလဲ ကြိုးစားနေကြတာ မရကြဘူး။ မလိုချင်တဲ့သူကျမှ ရနေလိုက်တာ ရင်ခွင်ထဲထည့်ပေးမယ့်လူနဲ့ ကုန်းပိုးလိုက်ပို့ချင်တဲ့သူနဲ့ အုံ့သြစရာပဲ။ မင်းလိုအခွင့်အရေးမျိုးကို တခြားလူတွေ အရမ်းကို မျှော်လင့်ကြ တာပေါ့။ ဒါပေမယ့် မရကြပါဘူး'

မျဉ်းမတ်မျက်နှာက မျက်မှောင်ကြုတ် ဖြစ်နေသည်။

မလိုချင်ပါဘူး ဆိုတာမှာ သူ့ဘက်က ဘာ မာယာမှ မပါခဲ့ပါ။ ကိုယ် တကယ်လိုချင်နေတာကျတော့ ရခဲ့လို့လား။ ရင်ထဲမှာ ပူလောင် နေသည်။

သူတို့ ပြောနေကြသော ကံကောင်းခြင်းလက်ဆောင်တွေဟာ ကိုယ့်အတွက်တော့ သူမနှင့်အတူ မျက်နှာချင်းဆိုင် ရယ်မောနေရ ချိန်လေးထဲက တစ်နာရီလောက်တောင်မှ တန်ဖိုးရှိသည်မထင်။

ညဘက်မှာ ရှိုးပွဲစတော့ တစ်မြို့လုံးပဲ ဒီမှာလာပြီး တိုးကြိတ်နေ သလား ထင်ရလောက်အောင် ပရိသတ်တွေ အဆမတန် များပြားနေ ခဲ့သည်။

ထိုပရိသတ်တွေထဲမှာ 'မျဉ်းမတ်' ပါတယ်ဆို၊ 'သူ ဘယ်တော့ ဆိုမှာလဲ'ဟု မေးမြန်းသံတွေ ပါလာသည်။

'မျဉ်းမတ်ကို မျက်ဝန်းပြာည ဆိုပေးပါလို့' စသည့် တောင်းဆိုသံ တွေလည်း ကြားရ၏။ စီးရီးတစ်ခွေထုတ်ပြီး ဒီသီချင်းတွေပဲ ပျံ့နှံ့နေ ကာ နောက်ထပ် ဘာခွေမှလည်း ထပ်မထွက်။ လက်ရွေးစင် အကောင်း ဆုံးသီချင်းတွေထဲမှာလည်းမပါ။

ပရိသတ်က မျဉ်းမတ်ကို တောင့်တနေဆဲပါလား။ သူ့သီချင်း တွေကို တိပ်၊ စီဒီ၊ ဗီစီဒီ အားလုံး စုံအောင်ထုတ်ခဲ့ပြီးပြီ။ နောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



အသစ်ထွက်မလာခဲ့ပေ။

မိတ်ဆက်စာတွေကို ပြန်ပေးရသည့်မိတ်ဆွေတွေကတော့ 'သူ ဆိုမှာပါ။ စီစဉ်နေပါတယ်' စသဖြင့် အဆင်ပြေသလို ဖြေနေရ၏။

ခုကျတော့ ပရိသတ်နှင့် မျှဦးမတ် တိုက်ရိုက် တွေ့နေရပြီဖြစ်၏။ စီးပွားရေးအရ မျှဦးမတ်ကို တွေ့ချင်နေကြသည်။ တေးသံသွင်းပိုင်ရှင်တွေကလည်း ဒီပွဲမှာ မျှဦးမတ် ပါလာမှန်းသိလို့ လိုက်လာကြသည်။

သူ့ကိုချစ်သော ပရိသတ်တွေလည်း သီချင်း နောက်ဆပ်အသစ် မကြားရသော ဘာမှန်းမသိသည့် အကြောင်းတွေကို မေးကြမြန်းကြနှင့်။

သီချင်းဆိုပြီးတိုင်း နားသည့်နေရာကို သွားဖို့က မသွားနိုင်။ စင်ပေါ်မှာပဲ ကပ်သီးကပ်သပ် ထိုင်နေရရင်း ပရိသတ်ကိုကြည့်ရင်း ပီတိလည်းဖြစ်မိသည်။ ဝမ်းနည်းစိတ်ကလည်း တစ်ဖက်။

တကယ်ဆို ဒီအချိန်မျိုးမှာ မျက်ဝန်းသာ သူ့ဘေးမှာရှိလျှင်...

'ရှင် စာချုပ်မှာ လက်မှတ်ထိုးထားရမယ်၊ တော်ကြာ နာမည်ကြီး အဆိုတော်ဖြစ်လာရင် သူများတွေက ငွေလာပုံပေးမှာ၊ မျက်ဝန်းက ပေးနိုင်မှာမဟုတ်ဘူး'

'စာချုပ်ကတော့ အခိုင်အမာ ချုပ်ရမှာပဲ'တဲ့။

မြင်ကွင်းအားလုံး မျက်လုံးထဲမှာ ဘာမှမရှိတော့ဘဲ မျက်နှာလေး တစ်ခုတည်းပဲ ရှိတော့သည်။

မျှဦးမတ် ဂစ်တာကြိုးတွေကို ဆော့ရင်း ပြုံးလိုက်မိ၏။

ကိုယ့်သီချင်းတွေကို မင်းဆီမှာ အားလုံး လက်မှတ်ထိုးအပ်ခဲ့တဲ့ ညမှာပဲ ကိုယ့်ဘဝကိုပါ အပ်ခဲ့တာပါ။ မင်းမသိလို့ပါ မျက်ဝန်းရယ်၊ မင်းကို ကိုယ် အသက်လောက် တန်ဖိုးထားခဲ့တာ။ မြတ်မြတ်နိုးနိုး ချစ်ခဲ့တာ။





ကိုယ် သီချင်းဆိုဖြစ်ခဲ့တာလည်း မင်းအတွက်ပဲ။ မင်းမရှိတော့တဲ့ညတွေမှာ ကိုယ် သီချင်းတွေ အဓိပ္ပာယ်မဲ့ခဲ့ရတယ် မျက်ဝန်းရယ်။

'မျှဦးမတ် ဟိုမှာ ကြေညာနေပြီ'

အဆိုတော် မိုးမြင့်ကောင်းက လာ၍သတိပေးမှ သူ နေရာမှ ထဖြစ်၏။ သောင်းသောင်းဖျဖျ လက်ခြောက်အားပေးနေကြသော ပရိသတ်ကို ငေးကြည့်၍ လက်ပြ နှုတ်ဆက်မိသည်။ မြင်သာသော နေရာတွေဆီ ဝေ့ဝဲ၍ ချစ်သူကို လိုက်ရှာမိသေးသည်။

ပရိသတ်ကပေးသော အင်အားများဖြင့် ကြည်နူးစွာ ပြုံးဖြစ်ရင်း ချစ်သူကို တမ်းတရင်းနဲ့ သူ သီချင်းဆိုသည်။

ဒီသီချင်းဆုံးသည်နှင့် သူ့တာဝန် ပြီးဆုံးသွားပြီမို့ စင်မြင့်အောက်သို့ ဆင်းခဲ့သည်။ သူ့ရှေ့မှာ သည်းသည်းလှုပ် ဆီးကြိုနေသော ပရိသတ်၏အပြုံးတွေ၊ လက်တွေကို တုံ့ပြန်ဆုပ်ကိုင်ရင်း အမှတ်တရ ကဗျာလေးတွေရေး၊ လက်မှတ်ထိုး။

မျှဦးမတ် ဒီပရိသတ်ထဲမှာ ပြုံးရယ်နှုတ်ဆက်ရင်း မျက်ဝန်း ထောင့်မှာ အလွန်ရင်းနှီးနေခဲ့သော မျက်နှာတစ်ခုကို မြင်လိုက်ရသည်။

အောင်ရပ်...။ အနီနှင့်အပြာရောင်မီးသီးတွေ ဝေနေအောင်ထွန်း ထားသည့် ပိတောက်ပင်ကြီးအောက်မှာ လက်ပိုက်ရပ်နေသည်။

သူ့ကို စူးစိုက်ကြည့်နေ၏။ ပြီးတော့ ပြုံးနေသည့်မျက်နှာဟာ ဟိုတုန်းကလို မြင်လိုက်တိုင်း မကျေမနပ် ဆူပူကြိမ်းမောင်းချင်တာမျိုး မဟုတ်တော့သလိုပင်။

ထိုပြင် သူသာတော်သည်၊ သူပဲတတ်သည်ဟု လက်မထောင်၍ တော့တန်လို ချိုးနှိမ်ကြည့်ခဲ့ဖူးသည့် မျက်လုံးမျိုးတွေလည်းမဟုတ်။

မီးရောင်ကျနေသည့် အောင်ရပ်မျက်နှာပေါ်က အပြုံးက ကြည်



www.burmeseclassic.com

www.burmeseclassic.com



လင်လိုက်လှဲလျက်ရှိ၏။ သူ လှမ်းကြည့်လိုက်တော့ လက်မထောင်ပြီး လက်ခုပ်တီး၏။

ဟိုးတစ်ခါ မျက်ဝန်းနှင့်ကွဲကွာခဲ့စဉ်ကလည်း ပြန်လာခဲ့ဖို့ ခေါ်ခဲ့ဖူးသည်။ ပြန်ဖို့ သူ မစဉ်းစားခဲ့မိပေ။

ခုချိန်မှာ အောင်ရပ်၏အပြုံးနှင့် မကြားနိုင်သော အကွာအဝေးတစ်ခုက လက်ခုပ်တီးသံကြောင့် သူ့ရင်ထဲမှာ နွေးထွေးသောကြည်နူးမှုတွေ ခံစားလိုက်ရတာ ထူးဆန်းနေသလိုပါလား။

သူဟာ အောင်ရပ်ထံမှ ဤသို့သော နွေးထွေးစွာ အားပေးအထင်ကြီးမှုကို အလိုရှိနေခဲ့သည်လား၊ ဒါမှမဟုတ် ဒါဟာ သွေးသား သံယောဇဉ်ပဲလား။

ရင်ထဲမှာ တဒင်္ဂအတွင်း ချမ်းမြေ့သွားခဲ့တာကို ဘယ်လိုမှ မငြင်းနိုင်ပါ။ ပရိသတ်ထဲကနေ သူ တဖြည်းဖြည်း လမ်းပွင့်ထွက်လာတာကို အောင်ရပ်က ပီတိအပြုံးနှင့် စိတ်ရှည်လက်ရှည် စောင့်နေသည်။

'မျိုးမတ်'

သူ အနားရောက်သွားတော့ အောင်ရပ်က စ၍နှုတ်ဆက်သည်။ ပြီးတော့ သူ့လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်၍ ဖျစ်ညှစ်၏။ ထို့နောက် ပခုံးကနေ သိုင်းဖက်လိုက်သည်။

'ကွန်ဂရက်ကျူလေးရှင်း'

တစ်ယောက်ပခုံးပေါ် တစ်ယောက်၏မေးဖျား မေးတင်ဖက်ထားသည်နှင့် ချီးကျူးဂုဏ်ပြုစကားဆိုသည်။

'တကယ် ဝမ်းသာတယ်ကွာ၊ ငါ့ညီလေး ဆိုတဲ့ ဂျစ်ကန်ကန်ပေကပ်ကပ်နဲ့ကောင် ဒီလောက်ထိဖြစ်လာတာ အံ့လဲသြတယ်၊ ဝမ်းလဲသာတယ်။ လူဆိုတာ ဒီလိုပဲဖြစ်ရမယ်ကွ။ ကိုယ် ဝါသနာပါတာ ကိုယ်လုပ်မှာပဲဆိုတဲ့ သတ္တိရှိရင်လဲ လမ်းဘေးမှာ ဈေးရောင်းတာဖြစ်ပါစေ သူများထက် ပိုရမယ်၊ သူများထက် လျင်ရမယ်၊ ကိုယ့်ရဲ့စူးစိုက်မှုဟာ အောင်ကိုအောင်မြင်ရမယ်။ မင်း တော်တယ်ကွာ၊ ဘာဖြစ်လို့ သီချင်းဆက်မဆိုတာလဲ'





စကားကောင်းကောင်းပြောလို့ရအောင် ခြံကြီး၏ အဝင်ဝ ညာဘက်ဘေးကို လျှောက်ခဲ့ကြ၏။ အဖြူနှင့်အနက်ကွက်ကြီးတွေပါသော ဘောင်းဘီရှည်နှင့် စပို့ရှပ်အဖြူလည်ကပ်လက်တိုကို ဝတ်ထားသည့် မျိုးမတ်ပုံစံက ဆံပင်ရှည် ကုပ်ထောက်နှင့် လိုက်ဖက်နေ၏။

သူ့ထက်ပိုမြင့်သောအရပ်နှင့် မျိုးမတ်က ကိုယ်လုံးလည်း ပိုဖြောင့်သည်။ ဘာဝတ်ထားထား၊ ဘယ်ပုံစံနေနေ အစကတည်းက ကြည့်ကောင်းနေခဲ့တဲ့သူ။

ခုလို နာမည်ကျော် အဆိုတော်ဖြစ်လာတော့ ဘာမှ ပြောစရာမရှိတော့ပါ။ စောစောက သူ မြင်လိုက်ရတာ ပရိသတ်နှင့် မျိုးမတ်၏ မြင်ကွင်းကို သူ ကျေနပ်လို့မဆုံး။ ကိုယ့်ညီကို ပြန်ငဲ့ကြည့်ရင်းလည်း ပြုံးမိပြန်သည်။

'ပြောပါဦးကွာ သီချင်းမဆိုတာ ဘာဖြစ်လို့လဲ'

'မဆိုဖြစ်တာလဲ မဟုတ်ဘူး၊ ဆိုမယ်လို့လဲ စိတ်ကူးမထားဘူး။ သီချင်းဆိုဖို့ မဆိုဖို့ကို ကျွန်တော်တစ်ယောက်တည်း မဆုံးဖြတ်ချင်လို့'

'ဟား ဟား ဆန်းတယ်နော်၊ တစ်သက်လုံး ကိုယ့်ထင်ရာ လုပ်လာပြီးတော့'

မျိုးမတ်ကို လှည့်ကြည့်ရင်း အောင်ရပ်က ခေါင်းညိတ်နေ၏။

မျိုးမတ်ကတော့ ဘာမှမပြောပါ။ မှောင်ရိပ်ရှိနေသည့် မြေပြင်ဆီကိုပဲ ငုံ့ကြည့်၍ တစ်လှမ်းချင်းလျှောက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



'မျဉ်းမတ်'

ခေါ်ပြီး မျဉ်းမတ်ရှေ့ကနေ အောင်ရုပ် ပိတ်ရပ်လိုက်၏။

'မျက်ဝန်း ဆိုတဲ့ ကောင်မလေးနဲ့ မင်းရဲ့အကြောင်း လရောင် ဝါ့ကို အားလုံး ပြောပြတယ်'

'သိသားပဲ'

'မိန်းမတစ်ယောက်က ကိုယ့်အနာဂတ်ထက် အရေးကြီးသလား'

'ကြီးတယ်'

'မင်း အလကားကောင် ဖြစ်သွားမှာပေါ့ကွ'

'မတတ်နိုင်ဘူး'

မျဉ်းမတ်က ပခုံးတွန့်ရယ်ပြီး ကောင်းကင်ကို မော့ကြည့်၏။

'ခန္ဓာကိုယ်ကို စိတ်က မောင်းနှင်နေတာပါ။ ပတ်ဝန်းကျင်လေ ဘယ်အရုပ်မျက်နှာကပဲ တိုက်တိုက် ကျွန်တော် ဂရုမစိုက်ဘူး'

'သူက မတွေ့ချင်လို့ ထွက်သွားတာပဲ၊ မင်း သိပ်မနစ်နာလွန်းဘူး လား'

'အရှုံးအမြတ်တွက်ပြီး ချစ်ခဲ့တာမှမဟုတ်တာ၊ အခု ဒီကို ကျွန်တော် လိုက်ခဲ့တာ ကိုယ့်ရုပ်မြေမို့ လွမ်းလို့ လာလည်တာမဟုတ်ဘူး၊ သီချင်း ဆိုဖို့လဲ မဟုတ်ဘူး'

'မျက်ဝန်းပြာ ဆိုတဲ့ ကောင်မလေး ဒီမှာရှိနေတယ်ကြားလို့ မဟုတ်လား'

ဒီထိ သိနေတော့ မျဉ်းမတ် အံ့သြသွားမိတာ အမှန်ပင်။

ဒီအဖွဲ့နှင့်လိုက်ဖြစ်ဖို့ ကြိုးစားခဲ့တာပဲ ရှိသည်၊ လရောင် မလိုက် ခဲ့ပါ။ ကြို၍ ပြောပြထားတာလည်း မဖြစ်နိုင်။

အောင်ရုပ်နှင့် လရောင်ကြားမှာ အမြဲတမ်း ဆက်သွယ်နေ





လောက်အောင် ရင်းနှီးမှုမရှိ။

'မင်း အဲဒီကောင်မလေးကို တွေ့ရင် သူက သီချင်းဆိုပါဆိုမှ ဆိုမယပေါ့'

'ဒါက တွေ့မှ ဆုံးဖြတ်မယ့်ကိစ္စပါ'

'တွေ့မယ်လို့ကော ထင်လား'

'တွေ့တွေ့ မတွေ့တွေ့ မတွေ့မချင်း ကျွန်တော်က ရှာနေမှာပဲ။ ဒါမှမဟုတ် သူ ပြန်လာမယ့် တစ်နေ့နေ့...'

အောင်ရုပ်က ပိုင်နိုင်သည့်အပြုံးမျိုးနှင့် ခပ်မဲ့မဲ့ ရယ်သည်။

'မင်းဆီကို သူ ဘယ်တော့မှ ပြန်လာမှာ မဟုတ်ဘူး'

ပြောချလိုက်တော့ မျဉ်းမတ်မျက်နှာ တင်းခနဲဖြစ်သွားသည်။ မျှော်လင့်ချက်များစွာကို သယ်ပိုး၍ လာခဲ့ရတာက မျက်ဝန်း ဆိုသော မိန်းကလေး၏ မျက်နှာလေးတစ်ခုအတွက်ပဲ ဖြစ်သည်။

သူမသည်သာ သူ့ရဲ့အနာဂတ်ဖြစ်ပြီး သူ့ရဲ့ မျှော်လင့်ချက်၊ ပျော် ရွှင်ခြင်းအားလုံးကို ရိုက်ချိုးဖျက်ဆီးပစ်လိုက်သော ဒီစကားတစ်ခွန်း ကြောင့် သူ ဒီနေရာမှာပဲ ဗုန်းဗုန်းလဲသွားနိုင်သည် ဆိုတာကို မသိဘူးလား။

အောင်ရုပ်က ခဏအတွင်းမှာ အစိတ်စိတ်အမြွှာမြွှာပြိုကွဲသွား သော မျဉ်းမတ်မျက်နှာပေါ်က အရာအားလုံးကို မြင်လိုက်မှ အပြုံးတို့ ကို ကပျာကယာ ပြန်သိမ်းသည်။

သူ၏ဆိုလိုရင်း မှားသွားသည့်အဖြစ်အား ရှင်းပြဖို့ လက်ကာပြ လိုက်၏။

'မင်းကို စိတ်ပျက်အောင်ပြောတာမဟုတ်ဘူး၊ နားထောင်ဦး။ အဲ မင်းဆီ သူ ပြန်မလာမှာက သေချာတယ်။ ဒါပေမယ့် မင်းက သွားဖို့ရ တဲ့နည်း ရှိတယ်ကွာ၊ ဘယ်လိုလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်...'

ခုကျမှ အောင်ရပ်က ပိုင်နိုင်သောအပြုံးနှင့် နောက်ထပ် ခေါင်း ညိတ်ရယ်၍...

'စိတ်ဝင်စားသွားလား၊ မင်းကို ငါ ကူညီနိုင်ပါတယ်၊ ဒါပေမယ့်...'

အောင်ရပ်က စကားရပ်ပြီး သူ့ကိုကြည့်သည်။ မျဉ်းမတ်က စိုက် ကြည့်နေလျက် စကားတစ်လုံးမှ မပြောပါ။ သို့သော် သူ့မျက်လုံးတွေ ထဲမှာ စိတ်လှုပ်ရှားလွန်း၍ ကြောင်တက်တက် ငြိမ်သက်သွားခဲ့သည်။ မယုံရဲသေးသော စူးစိုက်မှုများဖြင့်...

'တကယ်ပြောတာ၊ သူရှိတဲ့နေရာ ငါသိတယ်။ ဒါပေမယ့် အခု တော့ သွားလို့မရဘူး'

အောင်ရပ်က ပြောပြီး သူ့ကို ကျောခိုင်းရပ်လိုက်၏။ မျဉ်းမတ်က လက်ကို ဖမ်းဆုပ်ကိုင်၍...

'အခုပဲ သွားချင်တယ်၊ ဘယ်မှာလဲ ကျွန်တော့်ကို ပြောပြပါ'

အောင်ရပ်က ခပ်ပြုံးပြုံး ပြန်လှည့်ကြည့်ကာ...

'ထင်သားပဲ'

ပြောလိုက်ပြီး ခြေဖျားကြွ ပခုံးတွန့်၏။

ပြီးတော့ သူ့ပခုံးကိုပဲ လှမ်းဖက်ကာ...

'အစ်ကိုတစ်ယောက်လုံးကို ပစ်ထားခဲ့တုန်းက ဒီလိုမဟုတ်သလို ပဲနော်'

မျဉ်းမတ် ခေါင်းငုံ့ရယ်၏။ ရင်ထဲမှာတော့ ပြောမိပါ၏။ တူလို့လား—





## အခန်း (၃၅)

'မျက်ဝန်းက ဘာဖြစ်လို့ စတိတ်ရှိုး လိုက်မကြည့်တာလဲဟင်။ တကယ့်နာမည်ကြီးအဆိုတော်တွေချည်းပဲ'

မမငြိမ်းကို အားနာစွာကြည့်မိသည်။ တမင်တကာ သူမကို လည် ပတ်ဖို့ အခွင့်အရေးရအောင် ကြိုးစားပေးနေသော မမငြိမ်းကို တကယ် အားနာမိတာဖြစ်သည်။

ပြီးတော့ မမငြိမ်းရဲ့ ယောက်မ ဆိုသည့် ရေလှိုင်း၊ သူမလည်း သဘောကောင်းပါသည်။

'သူက မမငြိမ်းရဲ့ယောက်မလေ၊ အစ်ကိုရဲ့ ညီမဝမ်းကွဲ ဆိုပါ တော့ မမ မော်လမြိုင်မှာ သူ့အစ်ကိုနဲ့ မိသားစုလေး ပျော်ပျော်ရွှင်ရွှင် နေခဲ့စဉ်က ရေလှိုင်းကလဲ မျက်ဝန်းလိုပဲ သိလား၊ သူ ကူညီခဲ့ပါတယ်။ အကိုက ကိုယ့်ဘဝ နိမ့်ပါးသွားတော့ သူများက ကောင်းကောင်းကြည့် ပဲ နှိမ်တယ်ထင်၊ ရိုးရိုးကြည့်လဲ စော်ကားတယ်ထင် ဖြစ်နေခဲ့တဲ့ အနေနဲ့ ရန်ကုန်ကို တက်လာခဲ့တာ'

ရေလှိုင်းနှင့် မိတ်ဆက်ပေးရင်း မျက်ဝန်းနှင့် မဆုံမိစဉ်ကာလ အချို့ကို မမငြိမ်းက ပြောပြခဲ့သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'အဖေမရှိတော့ရင် ကြည့်နေ၊ မအေကလဲ ယယ်ယယ်ရွယ်ရွယ် နောက်အိမ်ထောင်ပြုဦးမှာပဲ၊ ဒီကလေးတွေ ခွေးဖြစ်မှာ သေချာတယ်

ဆွေမျိုးတွေက သူတို့ကိုယ်တိုင်လည်း မကူညီကြဘဲ တစ်ဦး တစ်ယောက် နိမ့်ပါးပြီဆို ထင်ကြေးတွေပေးကြ၊ တစ်ဆိတ်ကို တစ်အိတ်လုပ် ကဲ့ရဲ့ကြ။

ဒါထက်ဆိုးတာက ကလေးတွေရဲ့အနာဂတ်ကို ချိုးဖဲ့ဖျက်ဆီး ကာ စကားလုံးတွေနှင့် နိမိတ်ဖတ် ကဲ့ရဲ့ကြခြင်းဖြစ်သည်။

မျက်နှာကြီးရာ ဟင်းဖတ်ပါ၊ မြေနိမ့်ရာလှံစိုက် ဆိုတာမျိုး။ မိဘ တိုင်း၏ ရင်ထဲမှာ ကိုယ်သာ ဘယ်ဘဝမျိုးရောက်နေပါစေ ကိုယ့်သား သမီးကိုတော့ အမြင့်ဆုံး၊ အကောင်းဆုံးသာ ဖြစ်စေချင်ကြသည် ကြိုးပမ်းခဲ့ကြသည်။

ချို့ပါ၊ နိမ့်ပါ၊ ကိုယ့်ကို ပြားအောင်ဖိလည်း သည်းခံနိုင်သည် သားသမီးကို မျက်လုံးစွေကြည့်တာတောင် မကြိုက်ချင်။

သူ့သူ့ကိုယ်ကိုယ် ကိုယ့်ဒါသားစုနှင့် ကိုယ့်ရင်သွေးကိုတော့ ချစ် ကြပါသည်။

စာနာစိတ်တော့ နည်းကြလေသည်။ မိခင်ချင်း ကိုယ်ချင်းမစာ မိန်းမသားချင်းပါလားဟု စာနာစိတ်နှင့် မတွေး။

ထိုအကြောင်းအခြင်းအရာများသည် မမငြိမ်းနှင့် မျက်ဝန်း ဆုံစည်းဖို့ ဖြစ်ခဲ့ခြင်းသာ။ မမငြိမ်း၏မာနကို မျက်ဝန်း သဘောကျ သည်။ ကလေးတွေအပေါ် မိခင်ကောင်းပီသစွာ အရိပ်မိုးပေးနိုင်ဖို့ ကြိုးစားချင်စိတ်ကို လေးစားခဲ့၏။

ထို့ကြောင့် သူငယ်ချင်းဖြစ်သူက ဆွေမျိုးမကင်းသောကြောင့် သာ ထောက်ပံ့နေရသည်။ သူမမှာလည်း ပင်ပန်းလှပြီဖြစ်ကြောင်း





ပြောတော့ ကလေးတွေကိုလည်း ချစ်နေမိပြီဖြစ်သည့် မျက်ဝန်းနှင့် မမငြိမ်း လက်တွဲဖြစ်ကြ၏။

'မမငြိမ်း မှုပ္ပနဲ့သိလား၊ မျက်ဝန်းက တစ်ဦးတည်းသောသမီး၊ မျက်ဝန်း ကူညီတာကို အားမနာနဲ့နော်။ မျက်ဝန်းက သူ့ထက် မြေ သည်တယ်။ မေမေကလဲ ဖေဖေဆုံးခါစက မမငြိမ်းလိုပဲ ဒုက္ခရောက် ခဲ့တာ'

ဟု ဖြစ်တာကတခြား၊ ပြောမိတော့တစ်မျိုး ဖြစ်ခဲ့သေးသည်။ အကယ်တော့ မမငြိမ်းလိုသာ မေမေ့မှာ မာနရှိခဲ့ရင်၊ သတ္တိတွေ ရှိခဲ့ရင် ဒီ ပတွေးနှင့်နေရမှာ မဟုတ်ဘူးဆိုသော ကြေကွဲစိတ်လေးက နှလုံး သားနုနုမှာ ခံစားနေရပါပြီ။

မေမေက မမငြိမ်းလို ကလေးနှစ်ယောက် လက်ဆွဲပြီး ဒုက္ခတွေ ပင်လယ်ဝေခဲ့ရတာ မဟုတ်၊ အခြေအနေချင်းက အများကြီး ကွာပါ သည်။

ထို့ကြောင့် မမငြိမ်းကို သူချစ်သည်၊ ကလေးတွေကိုလည်း သနား ၍ ချစ်ခဲ့မိသည်။ လေးစားမိခဲ့သောစိတ်ကြောင့် မမငြိမ်းတို့ မလုံမခြုံ သာနေခဲ့ရသော တဲကလေးကနေ အိမ်သန့်သန့်ကောင်းကောင်းလေး မှာ နေဖြစ်အောင် သူမ ကူညီခဲ့သည်။

နောက်ပိုင်းမှာ ကလေးတွေ ကျောင်းစရိတ်၊ စားဝတ်နေရေးက အစ မမငြိမ်းအတွက် မျက်ဝန်း အားလုံး ကူညီခဲ့၏။

မမငြိမ်း မော်လမြိုင် ပြန်ပြောင်းသွားတာလည်း မကြာသေးပါ။ အကြောင်းရင်းက ကလေးတွေအဖေ ဆုံးသွားပြီးမှ စွန့်ခွာထားခဲ့သော မြေနှင့် ခြံကလေးကို အမွေဆိုင်အဖြစ် ခွဲဝေယူကြမည် ဖြစ်သော ကြောင့်။



www.burmeseclassic.com

www.burmeseclassic.com



‘မမ ဒီခြံကလေးကို ဘယ်သူ့မှ မပေးနိုင်ဘူး။ အစ်ကို ခေါင်းချခဲ့တဲ့ အိမ်ကလေးကိုလဲ မဖျက်ဆီးနိုင်ဘူး။ ပြန်မှဖြစ်မှာ။ တကယ်ဆို ဒီခြံကို အစ်ကိုပဲ ပိုင်တာ၊ အစ်ကို့ကို အမေပေးထားခဲ့တာ သက်သေရှိတယ်’

အိမ်အတွက် ရင်ဆိုင်မယ်ဆိုပြီး ပြန်သွားခဲ့သည်။ တကယ်လည်း အိမ်ကော၊ ခြံကော မမငြိမ်းပဲ ပိုင်ဆိုင်ခွင့် ရသွားခဲ့၏။

ဒါပေမယ့် မမငြိမ်း ရန်ကုန် ပြန်မလာတော့ပါ။ မျက်ဝန်းကပဲ သွားတွေ့ခဲ့သည်။

ခြံကလေးထဲမှာ စားပင်၊ သီးပင်တွေ စိုက်၍ မမငြိမ်းက စက်ချုပ်နေပြီဖြစ်၏။ အပ်ချုပ်စက်နှစ်လုံးနှင့် မမငြိမ်း အဆင်ပြေသွားတာကို ကြည့်ကာ သူ ပြန်လာခဲ့သည်။ နောက်ထပ် ဦးတင်ရီကို ဓားနှင့်ထိုးမိစဉ်တုန်းက မေမေ နှင်ချတော့လည်း မမငြိမ်းဆီကိုပဲ ရောက်လာသည်။

ဘာပဲဖြစ်ဖြစ် ကိုယ့်ငွေ၊ ကိုယ့်ပစ္စည်းနှင့် လာနေတာ မှန်သော်လည်း ပတ်ဝန်းကျင်အမြင်က ဆင်းဆင်းရဲရဲ လုပ်ကိုင်စားသောက်နေရတဲ့ မုဆိုးမတစ်ယောက်အိမ်မှာ သူမက လာကပ်ပြီး ဒုက္ခပေးနေသလို ဖြစ်ရသည်။

ထို့ကြောင့် ရန်ကုန်ကိုပြန်လစ်ခဲ့ရသော အခေါက်မှာ မျဉ်းမတ်နှင့် သူမ ရထားပေါ်မှာ ဆုံစည်းခဲ့ခြင်း ဖြစ်လေသည်။

ထိုစဉ်က မမငြိမ်းကို အိမ်ကထွက်ခဲ့သည့်အဖြစ်ကိုလည်း မပြောဖြစ်ခဲ့ပါ။ ထုံးစံအတိုင်း တစ်ပတ်လောက်ပဲနေပြီး ကလေးတွေအတွက် ဝယ်ခြမ်းပေးခဲ့သည်။ အလည်လာသလိုပုံစံနှင့်ပဲ ပြန်လာခဲ့တာဖြစ်သည်။





တကယ်တော့ ပြန်လာခဲ့ပေမယ့် ရန်ကုန်မှာ ဘယ်မှာနေရမှန်းမသိ၊ အိမ်ကိုပြန်ဖို့လည်း စိတ်မကူးဘဲ စိတ်က လေလွင့်ဆင်းရဲနေရချိန်။

‘မှိုင်လိုက်တာ ညီမလေးရယ်’

‘ရှင်…’

မကြာသေးသောကာလများဆီ ပျံ့လွင့်သွားသောစိတ်တို့က မမငြိမ်းအသံကြောင့် ပစ္စုပ္ပန်တည့်တည့်သို့ ပြန်ရောက်လာခဲ့၏။

မမငြိမ်းက မျက်ဝန်းဘေးမှာ ဝင်ထိုင်လိုက်ကာ…

‘ညီမလေး အဲဒီလိုမှိုင်နေတာကို မမြင်ချင်လို့ စတိတ်ရှိုးသွားဖြစ်အောင် မမက စီစဉ်ပေးတာ။ ဘာလဲ ရေလှိုင်းတို့နဲ့ မသွားချင်တာလား၊ သူ့ယောကျ်ားကလဲ သဘောကောင်းပါတယ်’

‘မဟုတ်ပါဘူး မမငြိမ်းရယ်’

မျက်ဝန်း ညာလိုက်သည်။ စတိတ်ရှိုး သွားကြည့်ကြမည်ဆိုပြီး ပန်းရင့်ရောင် ဒူးကျဂါဝန်ခါးစည်းလေးနှင့် အပေါ်က အနက်ရောင်ဂျင်းလက်ပြတ်ခါးတိုလေးတောင် ထပ်ဝတ်ထားပြီးပြီ။

တကယ်သွားမယ်ဆိုတော့ မမငြိမ်းက မပါ။ အောင်ရပ် ဆိုသည့်လူနှင့် ရေလှိုင်းက မျက်ဝန်းနှင့်လည်း သိပ်ရင်းနှီးတာမဟုတ်။

မမငြိမ်းက မြို့ပေါ်မှာနေတာ မဟုတ်ပေ။ မျက်ဝန်းကတော့ ရောက်တာနှင့် အိတ်ချပြီး သွားလာဝယ်ခြမ်းရင်း နေရာစုံ လျှောက်သွားတာပဲဖြစ်၏။

ဒီတစ်ခေါက် မျက်ဝန်း ရောက်နေတာ ကြာပါပြီ။ ရေလှိုင်းတစ်ယောက် မမငြိမ်းဆီ ရောက်လာတော့ မျက်ဝန်းနှင့် မိတ်ဆက်ပေး၏။

‘သူက မျက်ဝန်းပြာ ဆိုတာလားဟင်’



www.burmeseclassic.com

www.burmeseclassic.com



ရေလှိုင်း ဆိုသော တစ်ယောက်သည် မမငြိမ်း ပြောထားလို့ ထင်ပါသည်။ မျက်ဝန်းကို အထူးတဆန်း အားမနာတမ်းကြည့်၏။ နှုတ်ခမ်းတွေတောင် ခပ်ဟဟဖြစ်သွားခဲ့တာ မျက်ဝန်းတောင် စိတ်ထဲမှာ တစ်မျိုးဖြစ်ခဲ့၏။

'မျက်ဝန်း သူက ရေလှိုင်းလေ၊ အစ်ကိုညီမဝမ်းကွဲပေါ့။ မမငြိမ်းကို သိပ်ချစ်တဲ့သူ'

ဟု မိတ်ဆက်ပေးတော့ မျက်ဝန်း ရယ်ပြတာတောင် သူက မရယ်နိုင်အားခဲ့ဘဲ…

'မျက်ဝန်းပြာ…'

ဟု ထပ်၍ ရေရွတ်လိုက်သေးသည်။ သူမပုံစံက မျက်ဝန်းကို တစ်နေရာရာမှာ သိထားခဲ့၍ စဉ်းစားပုံဖော်နေသလိုမျိုး။

နောက် မကြာခင်မှာပဲ လင်မယားနှစ်ယောက်လုံး ရောက်လာခဲ့သည်။ မမငြိမ်းကို အလည်လိုက်ခဲ့ပါလို့ ခေါ်နေကြ၏။

မျက်ဝန်း ပြန်မယ်ဆိုတော့ မမငြိမ်းကကော ရေလှိုင်းကကော မရမက တားသည်။ ရေလှိုင်းသည် မျက်ဝန်းကို ငယ်ပေါင်းကြီးဖော်လိုပဲ ဆက်ဆံ၏။

နောက်ဆုံး မမငြိမ်းကလည်း မျက်ဝန်းပြန်မယ်ဆို မလိုက်တော့ဘူး ဆိုတော့မှ သူမ ပါလာလာခဲ့ရခြင်းဖြစ်သည်။

စတိုတ်ရှိုးသွားဖို့ လက်မှတ်တွေ ရလာတော့လည်း ကလေးတစ်ယောက် သိပ်နေမကောင်း၍ မမငြိမ်းက မလိုက်နိုင်ပြန်။

ထို့ကြောင့် မျက်ဝန်း နေခဲ့ခြင်းဖြစ်၏။

အားလုံး စီစဉ်ပြင်ဆင်ပြီးနေမှ ကလေးက ဖျားသည်ဆိုတော့လည်း မတတ်နိုင်။





ပြီးတော့လည်း မျက်နှာစိမ်းအိမ်မှာ မျက်ဝန်းလည်း အပြင်တောင် သိပ်မထွက်ဖြစ်ခဲ့ပါ။

မိန်းကလေးမို့ ပြောစရာဖြစ်မှာစိုးသည်။ ရင်ထဲမှာ သောကတွေရှိနေ၍လည်း သွားလာလည်ပတ်ချင်စိတ် မဖြစ်မိ။ ခဏ တိတ်သွားပြီးမှ မမငြိမ်းက စကားပြန်စ၏။

'မမငြိမ်း သိတယ်၊ မမငြိမ်း မပါလို့ မသွားချင်တော့တာ မဟုတ်လား'

မျက်ဝန်း မငြင်းတော့သည်ကို ကြည့်၍ မမငြိမ်း စိတ်မကောင်းဖြစ်သွား၏။ မပြင်စဖူး ပန်းနုရောင် အသားကပ်ဂါဝန်ခါးစည်းလေးနှင့် နှုတ်ခမ်းမှာ ပန်းရောင်ဖျော့ဖျော့လေး ဆိုးထားသည့် မျက်နှာလေးကို ငေးကြည့်၏။

အပြင်ဆိုလည်း သွားချင် ထသွားတတ်ကာ လိုချင်ဝယ်ချင်ပြီဆိုသူ့မြင်ကောင်းကောင်းမကောင်းကောင်း တစ်ပွဲ့တစ်ပိုက်ကြီး ဝယ်ချလာတတ်သည့် မျက်ဝန်းပြာလေးသည် ဟိုတုန်းကဆို သွက်လက်ဖျတ်လတ်မြူးကြွ … ချစ်စရာကောင်းသည့် ကောင်မလေး။

ခုတော့ တခြားစီပါ။

နှစ်ယောက်လုံး ဒီမှာ ညှိသည်လာလုပ်နေကြရတော့ ပို၍အနေအထိုင် ပြောင်းလဲသွားခဲ့သည်။ ခါတိုင်းဆို မော်လမြိုင်ကို ညှိသည်လာလုပ်သည့် သူမကပဲ ဈေးဝယ်က ပြန်လာတိုင်း…

'မမငြိမ်း မသိဘူးလား၊ ဘယ်မှ ဘာဖြစ်သွားတာ၊ မမငြိမ်းက ဒီမြို့ကိုတောင် သေချာမသွားဖူးဘူးလား' စသဖြင့် သတင်းထူးတွေ ပြောလာတတ်ခဲ့သူ။

အခု စတိုတ်ရှိုးတစ်ခု ရှိနေတာတောင် သူမ မသိရှာပေ။ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက် နာမည်ကြီးတဲ့ ရှိုးပွဲလဲ။ ဘယ်အဆိုတော်တွေ ပါမလဲ၊ သူ
သိပုံမပေါ်။

'အင်း မသွားတာပဲ ကောင်းပါတယ် မမငြိမ်းရယ်'

သူမက တွေးနေတုန်း ရုတ်တရက် မျက်ဝန်း ထပြောလိုက်သည်
အံ့ဩသွားမိကာ...

'ဟင် ဘာဖြစ်လို့လဲ'

'စတိတ်ရှိုး ဆိုတော့ ဖျတ်ခနဲဆို စိတ်ကပါသွားတာ၊ မျက်ဝန်း
နားလဲမထောင်ချင်ပါဘူး'

မျက်ဝန်းမျက်နှာလေးက ညှိုးကျသွားသည့် ပန်းကလေးနှ
တူနေသည်။

'ဘာဖြစ်လို့လဲ မျက်ဝန်း၊ ငါ့ညီမမှာ ဇာတ်လမ်းတွေ ရှိနေ
မဟုတ်လား။ ဒီတစ်ခေါက် မျက်နှာမကောင်းတာ အမေ ဆုံးသွား
ကော နောက်ထပ် ဝေဒနာတစ်ခုကော ဒဏ်ရာနှစ်ခု ဖြစ်လာ
မဟုတ်လားဟင် ပြောစမ်း'

'ဟင့်အင်း ဒဏ်ရာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် သီချင်းတွေ
နားမထောင်ချင်ဘူး။ အရမ်းစိတ်ဝင်စားတဲ့ ဂီတလောကအကြော
တွေ၊ ဆိုသံတီးသံတွေ အားလုံးပဲ။ နားစွင့်ကြည့်မိပြီး ကြား
ကြောက်တယ်။ အရမ်းပဲ သိချင်နေသားနဲ့ မသိတာပဲကောင်းတယ်
တွေးမိပြန်ရော'

မမငြိမ်းက နှစ်မြို့က်စွာ ပြုံးလိုက်ပြီး စိုက်ကြည့်၏။

'ရေလှိုင်းရဲ့ မတ်ကလဲ ဂီတသမားတစ်ယောက်ပဲတဲ့ သိလ
ဟိုတုန်းကဆို ရေလှိုင်းက မမငြိမ်းကို ဘာမဆို လာပြောပြတယ်
ပင်တယ်။ သူ ငယ်ငယ်က ချစ်ခဲ့ဖူးတဲ့ တစ်ယောက်ဟာ အခု





လက်ထပ်တဲ့ယောကျ်ားရဲ့ညီ ဖြစ်နေတဲ့အကြောင်းလဲ ပြောခဲ့သေး
တယ်။ ချစ်ခဲ့တယ် ဆိုတာလဲ ညီမလေးရယ် ကိုးတန်းဆယ်တန်း
အရွယ်လေးတွေလေ။ သိတယ်မဟုတ်လား၊ အတန်းထဲမှာ စက္ကူစွန်
လေးတွေပေါ် စာရေးပစ်၊ ခေါင်းညိတ်ခေါင်းခါနဲ့ ရည်းစားဖြစ်ကြ၊
ပြီးတော့ ပြတ်ကြ ဒါပါပဲ။ သူတို့နှစ်ယောက် ထူးထူးဆန်းဆန်း လာဆုံ
ကြလို့ ပြောပြီးရယ်သေးတယ်။ ခုတော့လဲ သူငယ်ချင်းတွေပေါ့နော်။
အဲဒါ ကောင်လေးက မျက်နှာပူလို့ထင်တယ် ရန်ကုန်ကို ထွက်သွား
တယ်တဲ့။ ရေလှိုင်းက စိတ်မကောင်းဖြစ်နေတာ။ အဲဒီကောင်လေးတ
အခု နာမည်ကြီးအဆိုတော် ဖြစ်နေပြီတဲ့။ မိန်းမတောင် ရနေပြီလို့
ကြားတယ်။ အခု ရှိုးပွဲမှာ သူ ပါလာတယ်လေ။ အဲဒါကြောင့် သွားကြ
တာ'

မျက်ဝန်းကိုယ်လုံးလေး တဖြည်းဖြည်း တောင့်မတ်လာ၏။
ရေလှိုင်း ဟုတ်သည်၊ ဒီနာမည်ပါပဲ။ ငါ ဘာဖြစ်လို့ အစက မမှတ်မိခဲ့
တာလဲ။

ထည်ဝါခမ်းနားလှသော တိုက်ကြီးတစ်ခုလုံးကို ခုကျမှ ချောက်
ချားစွာ မော့ကြည့်မိ၏။ အောင်ရပ် ဆိုသည့် လူဟာ မျိုးမတ်ရဲ့ အစ်ကို
ပေါ့။

ဒါ... ဒါ မျိုးမတ်ရဲ့အိမ်၊ ဒီလောက်ထိ တိုက်တိုက်ဆိုင်ဆိုင်။
မျက်ဝန်း အေးခဲလာသည့် လက်ချောင်းလေးတွေကို တွေးဆုပ်ပစ်
လိုက်မိသည်။

'မျက်ဝန်းက သီချင်းတွေနဲ့ ပတ်သက်ပြီး ခံစားချက် ရှိနေတယ်
ဆိုလို့ ပြောပြတာ၊ ရေလှိုင်းတို့ ပြန်လာရင် အဲဒီကောင်လေး ပါလာမှာ
ထင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်...'

မျက်ဝန်း ဘယ်လိုမှ ဟန်မဆောင်နိုင်တော့ပေ။ ဆိုဖာကို လက်ထောက်ကာ *ထရပ်မိတော့မတတ် ဖြစ်သွား၏။*

'ဘာဖြစ်လို့လဲ၊ မျဉ်းမတ်ကို မျက်ဝန်းက သိလို့လား'

'မမငြိမ်း'

သေချာကြည့်လိုက်တာနှင့် မမငြိမ်း မျက်ဝန်းထဲက ရယ်မြူးရိပ်တွေကို မျက်ဝန်း မြင်လိုက်မိ၏။ မမငြိမ်း သိနေသည်။ သိလျက်နှင့် မသိသလိုပုံဖမ်းပြီး ပြောပြနေတာပဲ။ ဒါ ဘာအကြံနဲ့လဲ၊ ရင်ထဲမှာ ယောက်ယက်ခတ်သွား၏။

ဒါဆို အောင်ရုပ် ဆိုသည့်လူနှင့် ရေလှိုင်းကကော...

'မျက်ဝန်း'

လှုပ်လှုပ်ရှားရှား ထဖြစ်တော့မလို မျက်ဝန်းလက်မောင်းလေးကို မမငြိမ်းက ဆုပ်ကိုင်ထားလိုက်ကာ...

'ရေလှိုင်းကလဲ သူ့သူငယ်ချင်းကို သူ့အစ်ကိုနဲ့ ဒီမှာ စည်းစည်းလုံးလုံး ဝင်ထွက် နွေးထွေးစေချင်တယ်။ အောင်ရုပ်ကလဲ သူ့ညီလေး အသည်းကွဲဝေဒနာနဲ့ အလွှားအလိမ့် ဖြစ်နေတာကို ရန်ကုန်က လာတဲ့ သတင်းစကားတွေနဲ့ ကြားပြီး မမြင်ရက်ဘူးကွယ်။ အားလုံးရင်ထဲမှာ ဘာအညစ်အနွမ်းမှ မပါကြပါဘူး။ မျဉ်းမတ်က အခု ညီမလေးကို စောင့်ပြီး နောက်ထပ် စီးရီး လုံးဝ လက်မခံဘူးတဲ့။ သူ ညီမလေးကို သိပ်ချစ်တာ'

'အို မဟုတ်တာ၊ မျက်ဝန်းနဲ့သူ ဘာမှမဆိုင်ဘူး'

မမငြိမ်းက လက်မခံနိုင်သလို ခေါင်းခါပစ်လိုက်၏။

'ညီမလေးနဲ့ မျဉ်းမတ် ဘယ်လိုပတ်သက်ခဲ့၊ ရင်းနှီးခဲ့ကြသလဲ။





ချစ်သူဆိုတာ ဘာနဲ့တိုင်းတာပြီး သတ်မှတ်ကြတာလဲ။ ညီမလေးရယ် ချစ်ခဲ့ကြတဲ့ အခြေအနေတွေထဲမှာ ချစ်သူတိုင်းပဲ နင် ငါ့ကို ချစ်လားလို့ မေးဖြစ်ခဲ့ကြတာ မဟုတ်ပါဘူး။ တစ်ယောက်ကိုတစ်ယောက် နားလည်ပြီး ချစ်သွားကြတယ်။ ချစ်ပြီးကြမှ ဘယ်လောက်ထိ ချစ်တယ်ဆိုတာ ဖြစ်လာကြတာတွေ အများကြီးရှိတယ်။ ချစ်စကားတွေ လျှာအရိုးမရှိတိုင်း ပြောလို့ရတာပဲ မဟုတ်လား။ ရေလှိုင်း နောက်ထပ် ရောက်လာပြီး အကြောင်းစုံ ပြောပြတော့ မမငြိမ်း ညီမလေးကို အကဲခတ်မရခဲ့တာတွေ အားလုံးအတွက် နားလည်သွားခဲ့တယ်။ ငါ့ညီမ ကိုယ့်ကိုယ်ကို မသိပေမယ့် မမကတော့ သိတယ်၊ ညီမလေး သူ့ကို ချစ်နေပါတယ်'

'ဟာ မဟုတ်တာ'

မျက်ဝန်း ထရပ်ဖို့ ကြိုးစား၏။ မမငြိမ်းက လက်ကိုဆွဲရုံမက ပခုံးလေးကို သိုင်းဖက်ထားလိုက်၏။

'ဘယ်မှပြေးလို့မရတော့ဘူး။ မမငြိမ်းရဲ့စေတနာကို နားလည်ပါ။ သူပြောတာကို နားထောင်လိုက်ပါဦး၊ ညီမလေးတို့နှစ်ယောက် ဆွေးနွေးပြီးရင် ကြိုက်သလိုဆုံးဖြတ်'

'ဟင့်အင်း'

မျက်ဝန်း ခေါင်းခါနေဆဲမှာ ကားသံလေး ကြားလိုက်ရ၏။ နှစ်ယောက်စလုံး တိတ်ကျသွားကြသည်။

အို ရှက်စရာကောင်းလိုက်တာ။ မတွေ့ချင်လို့ ထွက်လာခဲ့ပြီးမှ ကိုယ်ဟာ သူ့အိမ်ပေါ်မှာတဲ့။

မျက်ဝန်း ဖွတ်အတင်း ရုန်းကန် ထရပ်လိုက်မိသည်။ ထိုစဉ် ဧည့်ခန်းတံခါးဝမှာ လူရိပ်တွေ ပေါ်လာ၏။

'မျက်ဝန်း'



www.burmeseclassic.com

www.burmeseclassic.com



မျဉ်းမတ်၏ ဟိုတုန်းကနဲ့ လုံးဝ ခြားနားသွားခဲ့သော ရှင်းသန့်ကြည်စင်နေသောရုပ်သွင်ကို မြင်လိုက်ရ၍ ရင်ထဲမှာ တင်းသွားသည်။

ကိုယ့်ဘဝတစ်ခုလုံး အားကိုးမဲ့ကာ သောကတွေနှင့် လုံးထွေးသတ်ပုတ်နေရချိန်မှာ သူကတော့ အောင်မြင်မှုတွေနှင့် လှလို့ပလို့ပေါ့။

မကျေနပ်တာက သူ ချောမောသန့်စင်နေတာကို သဝန်တိုတာလား။ ကိုယ့်ကိုယ်ကို အားငယ်သွားတာလား ဘာမှန်းမသိပါ။

မျဉ်းမတ်က သူမရှိရာကို လျှောက်ဝင်လာ၏။ သူ့နောက်က ပါလာကြသည့် အောင်ရပ်နှင့် ရေလှိုင်းသည် လှေကားကြီးကနေ တောက်လျှောက် အပေါ်သို့ တက်သွားကြ၏။

နောက်မှာ မမငြိမ်းလည်း မရှိတော့ပါ။

'မျက်ဝန်းရယ် မင်း နေနိုင်လိုက်တာ'

'ဖယ်'

မျက်ဝန်းက ရှောင်ထွက်ဖို့ ကြိုးစား၏။ မျဉ်းမတ်က လက်ကို လှမ်းဆွဲသည်။

'ရှင် ဖယ်နော် မျဉ်းမတ်၊ ရှင်နဲ့မျက်ဝန်း ဘာမှမဆိုင်ဘူး'

'ဘာဖြစ်လို့ မဆိုင်ရမှာလဲ၊ မျက်ဝန်း တော်ပါတော့ကွာ၊ ကိုယ်မှားခဲ့တယ်၊ မင်းလဲ မင်းထင်ရာတွေ လျှောက်လုပ်သွားတာပဲ။ ကျေပြီကျေနပ်တော့နော်'

မျဉ်းမတ်က ခွတ်ရှေ့တိုး၍ မျက်ဝန်းက နောက်ပြန်ဆုတ်သည်။

'ဘာတွေ လာပြောနေတာလဲ၊ အို... မကိုင်နဲ့'

ဘယ်လက်ကို လှမ်းဆွဲတော့ ပုတ်ချပစ်၏။ ညာလက်ကို ထပ်ဆွဲတော့ လက်ကို နောက်ပို့မစ်လိုက်ပြီး မျက်ဝန်းက ခြေတစ်လှမ်း ထပ်ဆုတ်၏။





'ရှင့်ကို ခွင့်မလွှတ်ဘူးလို့ မျက်ဝန်း ပြောခဲ့ပြီးသား။ ရှင့်ကြောင့် မျက်ဝန်းရဲ့ အိပ်မက်တွေ၊ အနာဂတ်တွေ အားလုံး...'

'ဘာမှမဖြစ်အောင် ကိုယ် ကြိုးစားခဲ့တယ်။ ကိုယ် အချိန်မီ ပြန်လာခဲ့တာပဲ။ မင်းက ချက်ချင်းကြီး ထင်ရာတွေလုပ်သွားတာ။ တကယ်ဆို မင်းအတွက် ကိုယ် ကြိုးစားတာ မင်းနားလည်ပေးဖို့ ကောင်းတာမဟုတ်ဘူးလား။ တော်ပြီကွာ၊ မင်းနဲ့ကိုယ် ရန်ထပ်မဖြစ်ချင်ဘူး'

'ဖြစ်ဖို့မှမလိုတာ။ ရှင်နဲ့မျက်ဝန်း ဘာမှမရှိတော့ဘူး။ အားလုံးပြီးသွားပြီ။ ရှင့်လောက် မာနကြီးတဲ့ယောကျ်ား မရှိဘူး။ ပြောမရဆိုမရ ကိုယ့်အတ္တကလွဲပြီး ဘာကိုမှ ဂရုမစိုက်တတ်တဲ့ ယောကျ်ားမျိုး ရှားပါတယ်။ တကယ်ပါ။ ရှင့်ကို ခေါင်းထဲကကော၊ ရင်ထဲကကော ထုတ်ပစ်လိုက်တာ ကြာပြီ'

မျဉ်းမတ်က ကျွတ်ခနဲ ခေါင်းခါ၏။ ဘောင်းဘီအိတ်ထဲ လက်တွေထည့်ထားပြီး မျက်နှာလွှဲနေသည်။

'ရှင့်အိမ်ပေါ် ရောက်နေတယ်ဆိုပြီး ဘဝင်မြင့်မသွားနဲ့ သိလား။ မျက်ဝန်းက တော်းအေမို့ ဘာမှဆက်စပ်မတွေးမိဘဲ ဒီလိုဖြစ်ခဲ့တာ'

မျဉ်းမတ်က ဖျတ်ခနဲ လှည့်ကြည့်သည်။ အံတစ်ချက်ကြိတ်ကာ နောက်ကို လှည့်ထွက်သွား၏။ ဘာလုပ်ဖို့မှန်း မျက်ဝန်း ရုတ်တရက် မသိလိုက်ပေ။

သူ ရှေ့တံခါးတွေကို ဆွဲပိတ်နေတော့မှာ...

'ရှင် ဘာလုပ်တာလဲ'

မျက်ဝန်း အတင်းပြေးသွားမိသည်။ဒီကနေ ညတွင်းချင်း ထွက်သွားဖို့ အတွေးက ခေါင်းထဲရောက်မလို့ဘဲ ရှိသေးသည်။

'ဒါ ရှင့်ပိုင်နက်မှန်း သိနေကာမှ မျက်ဝန်းက နေမယ်မှတ်လို့လား။ ဖွင့်... အခုဖွင့်'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်တော့မှ မဖွင့်ဘူး၊ မင်းပြောသလိုပဲ အချစ်က မာနကြီးတယ်။ မင်းအတွက် ငါ ပေးဆပ်နေခဲ့ရတဲ့ ခံစားချက်တွေ၊ ကြေကွဲမှုတွေအတွက် မင်း ပြန်ပေးရမယ်'

'ဘာပြောတယ်'

မျက်ဝန်း ဒေါသတွေ ပွက်ပွက်ဆူ၍ကျန်ခဲ့စဉ် မျဉ်းမတ်က သူမကို ကျော့ရှောင်၍ အထဲဝင်သွားပြီဖြစ်၏။

'မျဉ်းမတ် ရှင်… ရှင်နေဦး'

မျက်ဝန်း ပြေးလိုက်ပြီး နောက်ကနေ လှမ်းဆွဲသည်။

'ရှင် ဘာပြောသွားတာလဲ၊ စကားကို ရှင်းရှင်းပြော၊ နှစ်ယောက်စလုံး မှားခဲ့ကြတယ်လို့ပြောတယ်၊ အခု ရှင်က နစ်နာတယ် ဟုတ်လား'

'ဟုတ်တယ်'

မျဉ်းမတ်မျက်နှာက တည်တင်းနေ၏။ နောက်က တံခါးဆီ လက်လှမ်းတော့ မျက်ဝန်းက သူ့လက်ကို ရိုက်ပုတ်ချပစ်ကာ…

'ရှင့် အဲဒီလိုအကျင့်တွေကို မုန်းတာ သိလား။ အရှုံးမပေးချင်တာ၊ အနိုင်မပေးချင်တာ'

'မင်းကို ကိုယ် အနိုင်ကျင့်ခဲ့ဖူးလား'

တစ်ယောက်ကိုတစ်ယောက် စူးစိုက်ကြည့်လိုက်မိကြသည်။ သူမ၏ နုအိသော နှုတ်ခမ်းသားလေးများဆီသို့ စူးစူးရဲရဲ စိုက်ကြည့်လာ၍ မျက်ဝန်း မျက်နှာလွှဲပစ်လိုက်၏။

'ပြောလေ၊ မင်းရဲ့ဆန္ဒမပါဘဲ ကိုယ် ဘာယူခဲ့ဖူးသလဲ'

သူမ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ခံလိုက်ရသောအခါ မျက်ဝန်း ထိတ်လန့်ကာ နှုတ်ခမ်းလေးတွေ ပွင့်ဟသွား၏။

မျဉ်းမတ်သည် မျက်ဝန်း၏မေးဖျားလေးကို မော့ယူလိုက်ပြီး ငုံ့မိုးစိုက်ကြည့်ကာ…





'မင်း မသိချင်ယောင်ဆောင်နေပေမယ့် ဂီတလောကတစ်ခုလုံးပဲ မင်းကို စိတ်ဝင်စားနေကြတယ်'

မျဉ်းမတ် မျက်ဝန်းပါးကလေးတစ်ဖက်ကို ငုံ့နမ်း၏။

မျက်ဝန်း မျက်နှာလွှဲရှောင်ပစ်လိုက်တော့ လွဲသွားသည်။

'မျက်ဝန်းပြာ ဆိုတဲ့ ကျွန်တော့်ရဲ့ချစ်သူ ပြန်မလာမချင်း သူ ခွင့်ပြုမှ သီချင်းဆိုမယ်လို့ ကိုယ်ပြောခဲ့လို့ မင်းနဲ့ကိုယ့်ရဲ့ ပေါင်းစည်းခြင်းကို သူတို့ လိုလားကြတယ်။ ပေါင်းကြရပါစေလို့ ဆုတောင်းနေကြတယ်။ ကိုယ် ရင်ကွဲနေပြီ မျက်ဝန်းရယ်၊ ကျေနပ်ပါတော့နော်'

သူ နောက်ထပ် ပါးတစ်ဖက်ကို နမ်းလိုက်ပြန်သည်။

မျက်ဝန်းက ရှောင်ပစ်၏။ မျဉ်းမတ် မျက်နှာ တည်တင်းသွားသည်။

'မင်း ဘယ့်လိုပဲငြင်းငြင်း ရမယ်ထင်လို့လား မျက်ဝန်း။ ကိုယ့်အိမ်ပေါ်မှာမို့လို့ မဟုတ်ဘူး၊ မင်း ဘယ်မှာရှိရှိ သိတာနဲ့ ကိုယ်လိုက်လာမှာပဲ၊ မရမက သိမ်းပိုက်လက်ထပ်ရဖို့ ဖြစ်လာရင်လဲ ဘယ်သူ့မှ ဂရုမစိုက်ဘူး။ ကိုယ်က ပေးပြီးရင် ရအောင်ပြန်ယူတတ်တယ်'

မျဉ်းမတ်က မျက်ဝန်းမျက်နှာလေးနားမှာ ထိကပ်လာတော့ မတတ် ငုံ့မိုးပြောရင်း လက်တစ်ဖက်က သူမကျော်နောက် တံခါးလက်ကိုင်ဘုကို ဆုပ်ကိုင်လိုက်၏။ ကိုယ့်ခါးကြားထဲကနေ လက်လျှိုသွင်းလိုက်တော့ မျက်ဝန်း ထိတ်လန့်ကာ ကျောလေး ကော့သွားမိ၏။

'မရမက ယူတတ်တဲ့ ကိုယ့်ရဲ့မာနကို မင်း ဒီထက် ရိုက်ပုတ်နှိုးဆွဦးမယ်ဆိုရင် ဒီတံခါးကို တိုက်ဖွင့်လိုက်တော့မယ်'

'ဟင်…'

'ဒါ ကိုယ့်အိပ်ခန်း'



www.burmeseclassic.com

www.burmeseclassic.com



'အို...'

မျက်ဝန်း သူ့ရင်ဘတ်ကို တွန်းထားမိရင်း ဘာလုပ်ရမှန်းမသိ။ ရင်တွေ တဒိန်းဒိန်းခုန်နေလျက် မူးမိုက်ပြိုလဲတော့မတတ်ပါ။

'ကိုယ့်ကို ချစ်တယ် မဟုတ်လားဟင်'

'ဟင့်အင်း၊ မျဉ်းမတ်...နော်... ရှင်...'

သူ့မျက်နှာ ငုံ့မိုးကျလာသည်။ မျက်ဝန်း နောက်ထပ် မတိမ်းရှောင်ရဲတော့ဘဲ နှုတ်ခမ်းလေးကို ဖိကိုက်ကာ မျက်လုံးတွေကို မှိတ်ချပစ်လိုက်မိသည်။

သူမ တစ်ကိုယ်လုံးသည် မျဉ်းမတ် ရင်ခွင်ထဲသို့ ရောက်သွားခဲ့ပြီ။ အနမ်းမုဆိုးက ဒူးထောက်လည်စင်းပေးခဲ့တာကို ညာတာရမှန်းမသိ။

မှန်းလိုက်တာ...

မျက်တောင်ဖျားတို့မှာ စိုစွတ်လာသော ရှက်မျက်ရည်စလေးတွေကို သူသည် အနမ်းများဖြင့် ခြောက်သွေ့စေခဲ့ပြီး...

✧ ပင်လယ်မှာ မာယာရှိတယ်၊
ဒါပေမယ့်... သူ မဖြားယောင်းတတ်ပါဘူး။
ရာသီနဲ့သဘာဝကြားမှာ နူးညံ့၊ ကြမ်းတမ်းခြင်းတွေနဲ့
ပင်လယ်ဟာ ထာဝရ သစ္စာရှင်ပါ။
ဖွားဖက်တော် လှိုင်းတွေကလည်း ပြောကြတယ်၊
သူ့အကြောင်း ငါ အသိဆုံးပါ တဲ့။

ပရိသတ်အတွက် ထာဝရ

လရောင်ကျူးရင့်



BURMESE CLASSIC .com

www.burmeseclassic.com